ဦးသော်ဇင်





သောကာမင်းတရားကြီး၏

ကိုးတိုင်းကိုးပြည



# ဝိဝေါ်

ဦးဓသင်ရှင်

သိရှိမွှာသော ကာမဝင်းတရားကြီး၏

ကိုးတိုင်းကိုးဌာန

# ဗုဒ္ဓစမ္ပနိုင်ငံတော်

ဦးကောဝိဒ

၁၃၃၇-ခုနှစ်၊ ၁၉၇၆-ခုနှစ်
ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက်အမှတ် (၈၃၇၁)
ပထမအကြိမ် အုပ်ရေ ၂၅၀၀
ပန်းချီ ကျော်ကျော်
ပန်းချီ ဝဏ္ဏဟန်
ဘလောက် လွင်
မျက်နှာဖုံး စကားဝါ

သတ်မှတ်ဈေး ၁၀-ကျပ်

ပုံနှိပ်သူ ဒေါ်မြင့်မြင့် (မြဲ- ၀၁၈၃၅) ပုသိန် ပုံနှိပ်တိုက်၊
အမှတ် ၆၈၊ ၁၆၅လမ်း၊ တာမွေ၊ ရန်ကုန်မြို့က ရိုက်နှိပ်သည်။

ဦးဘိုးဟန် (မြဲ-၀၁၇၃) ယမုနာစာပေဖြန့်ချိရေး၊
အမှတ် ၆၈၊ ၁၆၅-လမ်း၊ တာမွေ၊ ရန်ကုန်မြို့က ထုတ်ဝေသည်။

**ဖြန့်ချိရေး ယမုနာစာပေ၊ ၆၈၊ ၁၆၅-လမ်း၊တာမွေ၊ရန်ကုန်မြို့။**

**( ဖုန်း- ၅၁၆၇၂ )**



သိရီဓမ္မာသောက မင်းတရားကြီး

သို့
ဦးသော်ဇင်

စပ်ကိုင်းတောင်

နေ့စွဲ ၅-၇-၇၅

စစ်ဆေးဝေဖန်ရန် စာမူ ပေးလိုက်သဖြင့် ဓမ္မနိုင်ငံတော်တည်ဆောက်ရာ၌ တတ်အားသမျှ ကူညီနိုင်စေရန် စာမူကို အစ–အဆုံး ဖတ်ပါသည်။ အထပ်ထပ် အခါခါ အပြန် အလှန် ဖတ်သည့်ပြင် ဆရာ ကိုးကားသော စာအုပ်များနှင့် အခြားစာအုပ်များကိုပင် သေချာစွာ ဖတ်ပြီး စစ်ဆေးပါသည်။ သို့ကြောင့် ဆရာ့ စာမူကို ပိုပြီး အားရ နှစ်သက် ပါသည်။ အကြောင်းကား အသောက မင်းကြီးနှင့် စပ်လျဉ်းသော အကြောင်း အရာတို့သည် ထိုထို စာအုပ်တို့ထက် ပြည့်စုံသောကြောင့် ဖြစ်ပါသည်။ ထိုထို စာအုပ်တို့ကို အလုံးစုံ အကုန်စုပေါင်း ဖတ်မှ သိရမည့် အကြောင်းအရာ အချက်အလက်တို့သည် ဤတွင် တခဲနက် ထွန်းလင်း တောက်ပ နေကြပါသည်။ မြစ်ကြီးငါးသွယ်, မြစ်ငယ် ငါးရာတို့မှ စီး ဆင်း သော ရေတို့သည် သမုဒြာ၌ ပေါင်းဆုံကြသကဲ့သို့ပင် ဖြစ်နေပါသည်။

ထို့ပြင် ဖတ်၍လည်း ကောင်းလှပါသည်၊ အရသာစုံသော စားပွဲကို စားသုံးရ သကဲ့သို့ ၎င်း, ဇာတ်ပွဲကို ကြည့်ရသကဲ့သို့၎င်း ဖြစ်ပါ သည်။ ကဗျာ၏အလှကိုကြည့်ရာမှ ဆောင်းပါး နှင့်သမိုင်း ပုံပြင်ရာဇဝင်တို့၏အရသာသက်ဝင် လာပါသည်။ တခါတရံ သုတေသနဒေသန္တရ ဗဟုသုတနှင့် ဓမ္မ၏ အနှစ်သာရ ထွက်ပေါ် လာပြီး အတွေးအမြင်ဒဿန၏ နက်ရှိုင်းခြင်း ကန္တာရကို တွေ့ရပြန်ပါသည်။ ယင်းသို့ပြည့်စုံ နိုင်လှပြီး ရသစုံသော စာမူကို ဝေဖန်ပါလျှင် ပိလောတိက ပရိဗိုဇ်က ဇာဏုသောဏိပုဏ္ဏား အား "ငါသည် ဘယ်သို့သောသူဖြစ်၍ ရဟန်း ဂေါတမ၏ ပညာစွမ်းကိုသိစွမ်းနိုင်မည်နည်း" ဟု ပြောကြားသကဲ့သို့ဖြစ်နေပါမည်။ စင်စစ် ဓမ္မနိုင်ငံတော်သည် နှလုံးမွေ့လျော် ပျော်ဖွယ် ကောင်းလှပါသဖြင့် ဘယ်သူမဆို နှစ်သက်မည် မှာ ယုံမှားဖွယ်မရှိပါ။

ဓမ္မနိုင်ငံတော်၏ မွေ့လျော်ဖွယ်ကို ထုတ် ဖော် ညွှန်ကြားသော ဆရာ့အား ဤစာဖြင့် ချီးကျူးပူဇော်လိုက်ပါသည်။

ဓမ္မပါလ (အနာဂါရိက)

ခေတ္တ-ရန်ကုန်မြို့။

# မာတိကာ

## နိဒါန်း

## သံဂီတိ


| | | |
|---|---|---|
| ၁။ | ပထမ သံဂါယနာ | ၁၇ |
| ၂။ | သံဂါယနာတင်ကြောင်း | ၁၉ |
| ၃။ | ကုသိနာရုံ | ၂၂ |
| ၄။ | ရာဇဂြိုဟ် | ၂၅ |
| ၅။ | အဇာတသတ် | ၂၇ |
| ၆။ | ဒုတိယ သံဂါယနာ | ၃၀ |
| ၇။ | အကပ္ပိယဝတ္ထု | ၃၂ |
| ၈။ | မဇ္ဈိမ မင်းဆက် | ၃၅ |
| ၉။ | ဝဇ္ဇီတိုင်း | ၃၇ |
| ၁၀။ | တတိယ သံဂါယနာ | ၃၉ |
| ၁၁။ | မောရိယ ဣတိဟာသ | ၄၂ |
| ၁၂။ | ဇာနက္က | ၄၆ |
| ၁၃။ | စန္ဒဂုတ် | ၅၂ |

## မာတိကာ


| | | |
|---|---|---|
| ၁၄။ | ဗိန္ဒုသာရ | ၆၁ |
| ၁၅။ | ပျားကုန်သည် | ၇၀ |
| ၁၆။ | နိဂြောဓ သာမဏေ | ၇၆ |
| ၁၇။ | ကမ္မဖလ | ၈၃ |
| ၁၈။ | ဓမ္မက္ခန္ဓာစေတီ | ၈၇ |
| ၁၉။ | ပါဋလိပုတ်ပြည် | ၉၃ |
| ၂၀။ | ညီတော်တိဿ | ၁၀၁ |
| ၂၁။ | သာသနာ့အမွေ | ၁၀၅ |
| ၂၂။ | အဓိကရုဏ်း | ၁၀၉ |
| ၂၃။ | တိတ္ထိရဇာတ် | ၁၁၃ |
| ၂၄။ | တဆယ့်ရှစ်ဂိုဏ်း | ၁၁၇ |
| ၂၅။ | သံဂီတိဆောင်ပုဒ် | ၁၂၁ |


### ဓမ္မဒူတ


| | | |
|---|---|---|
| ၂၆။ | ကိုးတိုင်းကိုးဌာန | ၁၂၄ |
| ၂၇။ | ကသ္မိရ-ဂန္ဓာရတိုင်း | ၁၃၀ |
| ၂၈။ | အာသိဝိသောပမသုတ် | ၁၃၅ |
| ၂၉။ | မဟိံသကတိုင်း | ၁၄၂ |
| ၃၀။ | ဒေဝဒူတသုတ် | ၁၄၇ |
| ၃၁။ | ဝနဝါသီတိုင်း | ၁၅၄ |
| ၃၂။ | အနမတဂ္ဂိယသုတ် | ၁၅၈ |
| ၃၃။ | အပရန္တတိုင်း | ၁၇၇ |
| ၃၄။ | အဂ္ဂိခန္ဓောပမသုတ် | ၁၈၁ |

## မာတိကာ


| | | |
|---|---|---|
| ၃၅။ | မဟာရဋ္ဌတိုင်း | ၁၈၇ |
| ၃၆။ | မဟာနာရဒဇာတ် | ၁၉၁ |
| ၃၇။ | ယောနကတိုင်း | ၂၀၃ |
| ၃၈။ | ကာဠကာရာမသုတ် | ၂၀၆ |
| ၃၉။ | ဟိမဝန္တာအရပ် | ၂၁၁ |
| ၄၀။ | ဓမ္မစက္ကပဝတ္တနသုတ် | ၂၁၄ |
| ၄၁။ | သုဝဏ္ဏဘူမိတိုင်း | ၂၂၂ |
| ၄၂။ | ဗြဟ္မဇာလသုတ် | ၂၂၈ |
| ၄၃။ | သီဟဠတိုင်း | ၂၄၄ |
| ၄၄။ | စူဠဟတ္ထိပဒေါပမသုတ် | ၂၄၇ |
| ၄၅။ | ဓမ္မဒူတဆောင်ပုဒ် | ၂၅၆ |


## သိလာလေခ


| | | |
|---|---|---|
| ၄၆။ | ကျောက်စာ | ၂၆၀ |
| ၄၇။ | ကျောက်ပြားငယ် ၅-ချပ် | ၂၆၆ |
| ၄၈။ | ကျောက်ပြား ၁၄-ချပ် | ၂၈၀ |
| ၄၉။ | ကလိင်္ဂကျောက်ပြား ၂-ချပ် | ၃၁၁ |
| ၅၀။ | ကျောက်တိုင် ၇-လုံး | ၃၁၉ |
| ၅၁။ | ကျောက်တိုင်ငယ် ၆-လုံး | ၃၃၆ |
| ၅၂။ | ကျောက်ဂူ ၆-ခု | ၃၄၂ |
| ၅၃။ | သိလာလေခဆောင်ပုဒ် | ၃၄၅ |


နိဂုံး

# နိဒါန်း

တောင်ကျွန်းမည်ခံ၊ ဖက်မစံသား
ပတ်ရံငါးရာ၊ ပတ်ကာလှည့်ဝိုက်
ထက်ဝန်းဆိုက်သည်၊ သောင်းထိုက်ချင့်ယူ
ဇမ္ဗူနိမိတ်၊ တင်ဟိတ်ခေါ်မှန်း
မြရောင်ကျွန်းကို၊ ပြဋ္ဌာန်းစိုးရည်
ဇာနည်ရန်တာ၊ ထိမ်ချာအကွတ်
ပန်းမှတ်မဉ္ဇူ၊ ပန်းတူနှိုင်းလျှော်
ရွှေစက်တော်ကို၊ ကော်ရော်တုံ့ဝပ်
ဦးနှိမ်ပျပ်လျက်....

နဝဒေး

# နိဒါန်း

စာပေ ကျမ်းဂန်တို့တွင် လွန်စွာကြီးကျယ် ခမ်းနားသော ကေရာဇ်ဘုရင်များ အကြောင်းကို ဖတ်ကြားမှတ်သားဘူးကြ ပါသည်။ ပါဠိစာပေ အလိုအားဖြင့် မန္ဓာတုစသော စကြာမင်းများ, သက္ကတစာပေ အလိုအားဖြင့် ရဃုစသော သမ္မတမင်းများသည် ကမ္ဘာလောက၌ အလွန် ကြာမြင့်စွာသော ရှေးသရောအခါက ပေါ်ပေါက် ခဲ့ဘူးသည်ဟု သိရပါသည်။ သို့သော်လည်း ထိုကေရာဇ် မင်းများ ကမ္ဘာ၌ ထင်ရှားရှိခဲ့ဘူးသည်ကို လက်ခံ ယုံကြည်သူတို့မှာ ထိုပါဠိသက္ကတ စာပေတို့၏ နယ်နိမိတ်အတွင်းမှာ ကျင်လည်နေကြသူများသာ ဖြစ်ကြ၏။ အခြားကမ္ဘာ့ ပညာရှိများကား ထိုထိုကေရာဇ်တို့ကို ထိုထိုစာပေတို့၏ အဆင်တန်ဆာအဖြစ်သာ ယူဆကြ၏။

ဥရောပ ရာဇဝင်ဆရာများ၊ အသိအမှတ် ပြုသော ကေရာဇ်ဘုရင်များမှာမူ အလက်ဇန္ဒာ၊ ဆီဇာ၊ နပိုလျံ၊ အသောက စသူတို့ဖြစ်ကြ၏။ ထိုတွင်လည်း အသောကသည်သာလျှင် ကေရာဇ်ဘုရင်တို့၏ အထွတ်၊ အထိပ်ဖြစ်ကြောင်းကို အင်္ဂလိပ်စာရေးဆရာ အိပ်၊ ဂျီ၊ ဝဲလ်ဆိုသူက ဤသို့ဖော်ကျူးခဲ့၏။

နဒီ ၊ ၁၃၊ ၁၀

"ကမ္ဘာ့ရာဇဝင်တွင် ထင်ပေါ် ကျော်ကြားသော ကေရာဇ်ဘုရင်များအနက် အသောက တဦးတည်းသာ ကြယ်တာရာအလား ထင်ရှားတောက်ပ၏။ သူ၏ အမည်ကို ဗော်လဂါမြစ်မှ ဂျပန်နိုင်ငံသို့တိုင်အောင် ယခုအထိ ရိုသေ မြတ်နိုးလျက်ပင်ရှိကြ၏။ တရုပ်, တိဗတ်, အိန္ဒိယ စသော နိုင်ငံအများအပြား၌ သူ၏ ကြီးကျယ်မြင့်မြတ်သော ဂုဏ်ဒြပ်တို့ကိုလေးလေးစားစား သိုမှီးသိမ်းဆည်းထားကြ၏။ ယခုခေတ်လူတို့သည် ကွန်စတန်တင် ဘုရင်နှင့် ရှာလမိုင်းဘုရင်ကြီးတို့ထက် အသောကကိုသာ လေးစားမြတ်နိုးစွာပြောကြားနေကြ၏"

ထင်ရှားကျော်ကြား လူသိများခြင်းမှာ နှစ်မျိုးနှစ်စားရှိ၏။ တမျိုးမှာအကောင်းဖြစ်၍ တမျိုးမှာအဆိုးဖြစ်၏။ လွန်စွာကောင်းမြတ်၍လည်း ထင်ရှားကျော်ကြား လူသိများ၏။ လွန်စွာဆိုးသွမ်း၍လည်း ထင်ရှားကျော်ကြား လူသိများ၏။ သို့ကြောင့် သူတို့အကြောင်းကို လူအများပြောကြားကြရာဝယ်ကောင်းမြတ်သော သူကိုကား လေးစားမြတ်နိုးစွာပြောကြားကြ၏။ လူဆိုး၊ သူသွမ်းကြီးများအကြောင်းကိုကား စက်ဆုတ်ရွံရှာ ခါးသီးစွာ ပြောကြားကြ၏။

လောကတွင် ကေရာဇ်ဘုရင် အများအပြားရှိသည့်အနက်မှ အသောက တဦးတည်းသာလျှင် အဘယ်ကြောင့် ကြယ်တာရာအလား ထင်ရှားတောက်ပနေပါသနည်း။ အဘယ်ကြောင့် သူ၏အမည်ကို ရိုသေမြတ်နိုး

ကြပါသနည်း။ အဘယ်ကြောင့်သူ၏ကြီးကျယ်ခြင်းတို့ကို လေးစားစွာ သိမ်းထားကြပါသနည်း။ အဘယ်ကြောင့် သူ၏အကြောင်းကို လေးစားမြတ်နိုးစွာ ပြောကြားနေကြပါသနည်း။

အထက်ကဖော်ပြခဲ့ပြီးသော ဝဲလ်၏စကားကိုအမှီပြုပြီး ဤမေးခွန်းများကို ထုတ်ဖော်လိုက်ခြင်းဖြစ်၏။ သူသည် အဘယ်ကြောင့် ယင်းသို့တိုင်ရောက် ချီးမြှောက်ပူဇော်လိုက်ပါသနည်း။ မည်သို့သော အထောက်အထားတို့ဖြင့် ပြောကြားခြင်းဖြစ်ပါသနည်း။ ခိုင်လုံသော အထောက်အထားကို ကောင်းစွာထင်ထင် တွေ့မြင်ရခြင်းမရှိဘဲနှင့် သူ၏စကားကို လက်ခံပါလျှင် ကလေးသဖွယ် လူမမယ်ကဲ့သို့ဖြစ်နေမည်။

အသောကသည် ကမ္ဘာ့လူသားများ၏ စီးပွားချမ်းသာအတွက် အလုပ်လုပ်ခဲ့၏။ သူ့တွင်အခြား ဘယ်အလုပ်မျှမရှိ၊ လောက၏ အစီးအပွားကို ဆောင်ရွက်ရန်သာရှိ၏။ ဤအတွက် ဘယ်အခါမျှ ဆုတ်နစ်ခြင်းမရှိကြောင်း ကျောက်စာရေး၍ ကြွေးကြော် ထား၏။ သူ၏ အလုပ်တို့ကို အချုပ်ဆိုရသော်-

(၁) သံဂီတိ။
(၂) ဓမ္မဒူတနှင့်
(၃) သိသာလေခတို့ပင်ဖြစ်မည်။

# နိဒါန်း

(၁) သံဂီတိ ဟူသည်မှာ မြတ်စွာဘုရားဟောကြားခဲ့သော တရားတို့ကို သံဂါယနာတင်ခြင်းပင်ဖြစ်၏။ အသောကသည် အရှင်မောဂ္ဂလိ ပုတ္တတိဿအမှူးရှိသော ရဟန္တာအရှင်မြတ်တို့ တတိယသံဂါယနာတင်ရာတွင် ဒါယကာခံယူကာ အားပေးကူညီခဲ့၏။

(၂) ဓမ္မဒူတ ဟူသည်မှာ တရားတမန်ဖြစ်၏။ ပါဠိစာပေတို့ အလိုအားဖြင့် ကိုးတိုင်း-ကိုးဌာနသို့ ဗုဒ္ဓသာသနာ ဖြန့်ချိရန် တရားတမန်များ စေလွှတ်ခဲ့၏။ အသောက၏ ကျောက်စာတို့မှာကား ထိုမှတပါးသော အရပ်ဒေသနိုင်ငံများသို့လည်း အသောကသည် တရားရေးဆိုင်ရာ အမတ်ကြီးတို့ဖြင့် ဗုဒ္ဓမြတ်စွာ သာသနာထွန်းလင်းတောက်ပစေခဲ့၏။

(၃) သိလာလေခ ဟူသည်မှာ ကျောက်စာဖြစ်၏။ ကျောက်စာ သက်သက်မှာ အသောက၏ ဆောင်ရွက်ချက်များ မဟုတ်ပါ။ သို့သော်လည်း သူ၏ ဆောင်ရွက်ချက်တို့မှာ ထိုကျောက်စာတို့တွင် ဖော်ပြထားသဖြင့် ယင်းကိုဥပစာအားဖြင့် လုပ်ငန်းတရပ်အနေဖြင့် သတ်မှတ်ဖော်ပြခြင်း ဖြစ်ပါသည်။

ဤသုံးရပ်ကို အသောက၏ ဒြဗ်ဟု သတ်မှတ်နိုင်ပါသည်။ အကြောင်းကား အကယ်၍ အသောက၏ သရုပ်ကို ဖော်ထုတ်ပါလျှင် ဤအချက် သုံးချက်ပါမှ ပြည့်စုံမည်ဖြစ်၏။ စင်စစ် ဤသုံးချက်ဖြင့်ပင်လျှင် အသောကသည် ဧကရာဇ် ဘုရင်တို့၏ အထွတ်အထိပ်သို့

ရောက်ခြင်းဖြစ်၏။ သူယင်းသို့ဖြစ်စေရန် ကြိုးစားအား ထုတ်ခြင်းတို့မှာလည်း တလောကလုံးကို ဓမ္မနိုင်ငံ တည် ထောင်ရန်ဖြစ်၏။

"ငါသည် အခြံအရံ အကျော်အစောကို တစုံ တရာ ကြီးကျယ်သည်ဟု မယူဆ၊ လူသားတို့ ယခုနှင့် နောင်အခါ ကြားနာသင့်သော 'တရားကို ကြားနာရ ၍ ကျင့်ဆောင်သင့်သော တရားကို ကျင့်ဆောင်ရန် အတွက်သာ အခြံအရံ၊ အကျော်အစောကို အလိုရှိခြင်း ဖြစ်သည်"ဟု အမှတ် (၁၀) ကျောက်ပြား၌ ဖော်ပြ ထား၏။ သူ၏ တရားဓမ္မဆိုသည်မှာလည်း ခက်ခက်ခဲခဲ နက်နက်နဲနဲကြီးများ မဟုတ်ပါ၊ မကောင်းမှုမှ ကင်း ရှင်းခြင်း၊ ကောင်းမှု ပွားများခြင်း၊ သနားကြင်နာ ခြင်း၊ ပေးလှူခြင်း၊ ဖြောင့်မတ်မှန်ကန်ခြင်း၊ သန့်ရှင်း ဖြူစင်ခြင်း (အမှတ် ၂ ကျောက်တိုင်)တို့သာဖြစ်၍ လွန် စွာ လွယ်ကူပေါ့ပါး၏။ သို့သော်လည်း အကျိုး တရား ကား ကြီးမားလှပါသည်။ လောကနိဗ္ဗာန်ဟုပင် ဆိုနိုင် ပါသည်။

လွန်စွာကြည်နူး ချမ်းမြေ့ဖွယ်၊ နှစ်သက်မြတ်နိုးဖွယ် ကောင်းလှပါသော သိရိဓမ္မာသောက မင်းတရားကြီး၏ ဓမ္မနိုင်ငံတော်ကို သူ၏ သံဂီတိ, ဓမ္မဒူတနှင့် သီလာလေခ တို့ဖြင့် ခင်းကျင်းပြီးတင်ပြထားပါသည်။ ယင်းသို့သော

# နိဒါန်း

လောကနိဗ္ဗာန် ဓမ္မနိုင်ငံတော်ကို တင်ပြရန် စီစဉ်ရာတွင် အကြံဉာဏ်ပေးခြင်း၊ စာအုပ် စာတန်းတို့ကို ရှာဖွေပေးခြင်းတို့ဖြင့် ဝိုင်းဝန်းကူညီကြသော ရန်ကုန်မြို့ ပေါက်စေတီကျောင်းတိုက် ဓမ္မာစရိယ အရှင်သုမိတ္တာဘိဝံသ၊ စာရေးဆရာကြီးဦးဘဝင်း၊ ယမုနာ ဦးဘိုးဟန်၊ မြန်မာ့အလင်း အယ်ဒီတာ ဦးကြည်ညွန့်နှင့် ဦးတင်အောင် (ရဲကြေးမုံ)တို့အား အထူးကျေးဇူးတင်ပါသည်။

သော်ဇင်

၂၉-၆-၇၅

# ပထမသံဂါယနာ

ဇေယျတု…………

မင်းချင်းလေ……..

ကုသိနာရုံ၊ ပန်းရဂုံဝယ်

ဘုံပြီသလက်၊ တည့်မှန်းရက်၌

ရှေ့စက်မပြန်၊ သုံးနိဗ္ဗာန်တွင်

နှစ်တန်ကူးမြောက်၊ လေးလရောက်ဝယ်

ထွန်းတောက်ကိုယ်ဝါ၊ မင်းဘဒ္ဒါနှင့်

ဗြဟ္မာအသွင်၊ လူကရှင်သည်

ဓုတင်တော့ရည်၊ သူ့ထက်မြတ်သား

ထေရ်ကဿပ၊ သာဝကတို့

ခခ ပဉ္စာ၊ ရဟန္တာနှင့်

ပြည့်ရှာဇဂြိုဟ်၊ နဂုရ်စိုးခြင်း

သိမ်ဝေပြင်းသည်၊ မင်းဇာတသတ်

သမုန်တ်ကို၊ ထေရ်မြတ်တစု

အမှီပြု၍၊ ငါးခုသာဝေယောင်
ပြည်ရန်အောင်ဝယ်၊ မြရောင်ဆိုင်းဆိုင်း
ညို့ညို့မှိုင်းသား၊ ခက်ကျိုင်းညွန့်ရှင်
စရည်းပင်နှင့်၊ ခေါ်တွင်ပဗ္ဗဟာ
ဝေဘာရဟု၊ သာလှရိပ်ချမ်း
ရဂုံဝှမ်းဝယ်၊ ကျွမ်းပုဒ်-ပဒ
ညှိုနှိုင်းဆ၍၊ ပထမသံဂါယနာ
တင်သောခါဝယ်၊ ကြယ်မာယာကြီး
လနှင့်နှိုင်းမှ၊ ပြီးစီးအောင်မြင်
ယင်းသဘင်ဝယ်၊ အရှင်အာနန်
ရှစ်ဆုပန်လျှင်၊ အရဟန်စစ်
တိုင်မြောက်ဖြစ်သည့်၊
ရှစ်ဆယ်ကျော်သက်တွင်တည့်လေး....
သူကောင်းဖော်ရွှေ မင်းချင်းတို့...........။

စာဆိုတော်ဦးယာ

## သံဃါယနာ တင်ကြောင်း

ကဝိမဏ္ဍန မေဒိနီကျမ်း ပဌမတွဲ ပကိဏ္ဏက ကဏ္ဍ၌ "အလောင်းမင်းတရားကြီးဘုရားမှ လေးဆက်မြောက် စေဥ္စကူးမင်းလက်ထက်တွင် စာဆိုတော် ဦးယာရေး ပထမ သံဃါယနာတင်အံချင်း" ဟု ဖော်ပြထားသော ကဗျာဖြစ်ပါသည်။ ယင်းသံဃါယနာတင် အကျချင်း၏ အဓိပ္ပါယ်အချုပ်ကို သာသနာလင်္ကာရစာတန်းမှ ကောက်နှုတ်ဖော်ပြပါမည်။

ဘုရား ပရိနိဗ္ဗာန် စံတော်မူ၍ ခုနှစ်ရက် လည်သောအခါ တထောင့်နှစ်ရာငါးဆယ်သော ရဟန်း၊ သံဃာနှင့်တကွ ပါဝါပြည်မှ ကုသိနာရုံပြည်သို့ အရှင်မဟာကဿပ ကြွလာလေသော် ခရီးအကြား၌ နိဗ္ဗာန်လားတော်မူသောအကြောင်းကို ကြား၍ ရဟန်း၊ သံဃာအပေါင်း ငိုကြွေးကြသည်တွင် ကြီးမှ ရဟန်းပြုသော သုဘဒ်ရဟန်းက "မငိုကြွေးကြလင့်၊ အဘယ် စိုးရိမ်ဖွယ်ရှိသနည်း၊ ဂေါတမ မရှိက ငါတို့ ကျင့်လိုရာကျင့်၊ ကြိုက်သမျှ ကျင့်ရတော့မည်တကား" ဟု ဆိုသောစကားကို ကြားလျှင် "ဤသူကဲ့သို့သောဝိသဘာဂဖြင့် သာသနာတော်မြတ်ကွယ်ပ

ရာသော အကြောင်းရှိချေသည်” ဟု အရှင်မဟာ တဿပကြီး မိန့်ဆိုတော်မူ၏။

ဓမ္မာသောက မင်းကြီးက ဤစကားကိုကြားလျှင် ဝမ်းမြောက်ဝမ်းသာ ရှိ၍ ပြုပြင်ထားသော အကြောင်းကြောင့် ဟု ကြားတော်မူ၍ မကျေနပ်သည့်အတွက် ကြီးပွားသော သာသနာတော် ဟုဆိုသည့် ဘဝရှည်ရှည်ပင် ကြီးပွားလာ၍ ဆန်းကြယ်တော်မူ၏။

တရားဟော ပွဲတော်၌ သင်ကြားတော်မူပြီးလျှင် သမ္မာသမ္ဗုဒ္ဓ ဘုရားရှင် ပွင့်တော်မူ၍ တရားတော်ထင်ရှားရှိသေး၏တကား။ တရားတော်မြတ် မြဲမြံစွာတည်အောင် သံဃာ ဘုန်းတော်ကြီးများ တင်သော် ဤသို့ယုတ် ကဲ့သို့သော ဝိသဘာဂတို့ဖြင့် သာသနာတော်မြတ် မကွယ်မပ တည်ထွန်းရာသည် မဟုတ်လော၊ သာသနာတော် မြတ် တည်ထွန်းအောင်ပြုလုပ်မည်ကို ရည်မှတ်၍ ကိုယ်တော် ဆပ်ပွါယ်တော်မူသော ဒုက္ကဋ်တော်ကို သနားတော်မူခြင်းစသည် ဖြင့် သမ္ဗုဒ္ဓဘုရား ငါ့ကိုချီးမြှင့်တော်မူသည် မဟုတ်လော” ဟု ဆင်ခြင်တော်မူပြီးလျှင် နိဗ္ဗာန်လားတော်မူသည့်နောက် သုံးလ

လွန်မြောက် လေးလသို့ ရောက်သောအခါ ဝါခေါင်လပြည့်ကျော် ငါးရက်နေ့ ရာဇဂြိုဟ်ပြည်စံရည်းပင်ရောက်သောလိုဏ်ဂူတော်၌ အဇာတသတ်မင်းကိုအမှီပြု၍ သံဃာတော်ငါးရာနှင့် တကွ ခုနစ်လပတ်လုံး ပထမသံဂါယနာတင်တော်မူ၏။

ဤပထမသံဂါယနာ၌ အရှင်မဟာကဿပ, အရှင်ဥပါလိ, အရှင်အာနန္ဒာ, အရှင်အနုရုဒ္ဓါ အစရှိသော ရဟန္တာကြီးငါးရာတို့ သံဂါယနာတင်၍ လက်မွန်ဦးစွာသာသနာပြုကြ၏။ အဇာတသတ်မင်းကား "အရှင်ဘုရားတို့ ဓမ္မစက်လည်း ဖြစ်ပါစေ၊ အကျွန်ုပ်အာဏာစက်လည်း ဖြစ်ပါစေအံ့၊ ဝံ့ဝံ့ရဲရဲ သံဂါယနာတင်ကြပါကုန်" ဟု တောင်းပန်ချီးမြှင့်သော လက်မွန် ရှေးဦးသာသနာပြုမင်းပေတည်း။

# ကုသိနာရုံ

မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုသော ကုသိနာရုံ ပြည်ကား မလ္လတိုင်းတွင် အပါအဝင်ဖြစ်၏။ ယင်းပြည်သည် ဂေါတမဘုရားအလောင်း မဟာသုဒဿန စကြာမင်း ဖြစ်စဉ်အခါက ကုသဝတီပြည် ဟူသော အမည်ဖြင့် ထင်ရှား၍ အရှေ့နှင့်အနောက် အလျား၁၂ယူဇနာ, တောင်နှင့်မြောက်အနံ၇ယူဇနာ ကျယ်ဝန်းကြောင်း သုတ်မဟာဝါ ပါဠိတော်၌ဆို၏။ ကုသဇာတ်၌ "ရှေးလွန်လေပြီးသောအခါ မလ္လတိုင်း ကုသဝတီပြည်၌ ဥက္ကာကရာဇ်မင်းသည် မင်းပြု၏။ ထိုမင်း၏သားတော် ကုသမင်းသည် မဒ္ဒရာဇ်တိုင်းသာဂလပြည့်ရှင် ဘုရင်မင်းကြီး၏သမီးတော် ပဘာဝတီကို ဆောင်ယူမင်းပြု၏" ဟု ဆို၏။ သုတ်သီလက္ခန် အဋ္ဌကထာ၌လည်း "အန္တရကပ်ဦးအစ မဟာသမ္မတမင်း၏သားတော် ရောဇ, ထိုမင်း၏သားတော်ဝရရောဇစသည်ဖြင့် ဆင်းသက်လာ၍ မဃဒေဝမင်းမှစ၍ ရှစ်သောင်း လေးထောင်ကုန်သော မင်းတို့လွန်ပြီးနောက် ဥက္ကာကရာဇ်မင်း သုံးဆက်ဖြစ်ဘူး၏" ဟု ဖွင့်ဆို၏။

ဂေါတမမြတ်စွာဘုရား လက်ထက်တော်၌ကား ဤကုသိနာရုံပြည်သည် မြို့သိန်မြို့ငယ်မျှသာဖြစ်၍ မြို့တော်ကြီးတို့၏ အရံ

အကာ မြို့ကလေးမျှသာဖြစ်၏။ သို့သော်လည်း မြတ်စွာဘုရား ပရိဗ္ဗာန်ဝင်စံရာ မဟာဆိပ်ကမ်းဖြစ်၍ အထူးသဖြင့် ကြီးကျယ် မြင့်မြတ်၏။ မြတ်စွာဘုရားသည် ဤကုသိနာရုံမြို့ကို အထူးပင် ချီးမွမ်းတော်မူခဲ့၏။ပရိနိဗ္ဗာန်စံတော်မူရာအင်ကြင်းဥယျာဉ်တော် ကို မြို့၏အနောက်တောင်ထောင့် အရပ်၌ရှိကြောင်း ဋီကာဆရာ ဖွင့်ဆို၏။ ယခုရှိနေပုံအခြေအနေကို ကြန္နိုယကြေးမုံ ကျမ်းကြီးမှ ကောက်နုတ်ဖော်ပြပါမည်။

ကုသိနာရုံသည် စတုရန်း ၂ မိုင်ခန့်လောက်သာ ရှိ၍ ဤ အခါ သမယတွင် 'ကာဆိယာ' ခေါ်သော မြို့ငယ်မှ အနောက် ဖက် တမိုင်ခွဲလောက်ရှိ 'ဗိရှန်ပုရ်' ရွာသည်ပင် ရှေးက ကုသိနာရုံ မြို့ဖြစ်ပေ၏။၎င်းမှ အနောက်ဖက် မိုင်ဝက်ခန့်ရှိ 'မာထကုဝရ်' ခေါ် သောနေရာသည် မဟာပရိနိဗ္ဗာန် စံဝင်တော်မူရာ မလ္လမင်း ဥယျာဉ်တော် အင်ကြင်းစုံတော ဖြစ်ပေ၏။ ၎င်းမာထကုဝရ်မှ အရှေ့ဖက် တမိုင်သာသာရှိ 'ရာမဘာရ်' သို့မဟုတ် 'ဒေဝီဆထန်' ခေါ်သော နေရာသည် မကုဋဗန္ဓန အမည်ရှိသော တေဇောဓာ ဓါတ်လောင်ရာ သင်းချိုင်းဘော်ကြီး ဖြစ်ပေ၏။ ဗိရှန်ပုရ် ရွာမှ အရှေ့ဖက်ရှိ မြောက်မှ တောင်ဖက်သို့ စီးဆင်းနေသောမြစ်ငယ် သည် ဟိရညဝတီမြစ် ဖြစ်ပေ၏။ ပါဝါပြည်သည် ယခုအခါမှာ 'ပဒရောက်နာ' ခေါ်သော စော်ဘွားမြို့ကလေးပင်ဖြစ်၏။ ၎င်းမြို့ သည် ကုသိနာရုံပြည်မှ အရှေ့မြောက် တာလမ်းအတိုင်း ၁၂ မိုင် လောက်တွင် ရှိနေ၏။ ပဒရောက်နာမြို့၌ကား အုတ်အဆောက်အဦ ပျက်ထဲမှ ကျောက်စာဖက် ဆိုင်ရာကဘုရားရုပ်ထု ဆင်းထုများစွာ ရရှိ၍ ဆိုင်ရာဆိုင်ရာပြတိုက်၌ ထည့်သွင်း ဖေါ်ပြလျက်ထားပေ၏။

ကကုဓ ဖြစ်သည်ကား ထို ပဒရောက်နာမြို့နှင့် ကာဆိယာ မြို့၏ အကြားရှိ 'ဗောဓိ' သို့မဟုတ် 'ဗန္ဓိနာလာ' ခေါ်သော မြစ်သည် ပင်လျှင်ဖြစ်၏။

မလ္လတိုင်း၏ နယ်နိမိတ်မှာ 'ဂိုရခပုရ်' မြို့မှ အရှေ့ဖက် ချပရာ နယ်ရှိ 'ဆာရန်' စီရင်စု အနီးအပါးတိုင်အောင် ရှိနေ၏။ ထို့ကြောင့် ထိုစီရင်စု၏ အတွင်းရှိ မြို့ရွာ ဒေသများကို မလ္လတိုင်း ဟု မှတ်ယူအပ်၏။

# ရာဇဂြိုဟ်

အရှင်မဟာကဿပ အမှူးရှိသော ရဟန္တာ ငါးရာတို့ ပထမ သံဂါယနာ တင်ကြသည်မှာ ရာဇဂြိုဟ်ပြည်တွင်ဖြစ်၏။ ယင်းပြည် သည် မဂဓတိုင်းအဝင် အပါဖြစ်သော မဂဓတိုင်း၏ မြို့တော် ပင်တည်း။ ယင်းမြို့သည် မြတ်စွာဘုရားလက်ထက် ကျောင်း၊ ဒါ ယကာ ဗိမ္ဗိသာရမင်းကြီး ပိုင်ဆိုင်ရာ နိုင်ငံတော်၏ မြို့တော် ဖြစ်၍ မြို့၏ အရှေ့တောင်ဖက်၌ ဝေဠုဝန် ကျောင်းတော်ကြီး ရှိ၏။ အရှေ့မြောက်ဖက်၌ ဂိဇ္ဈကုဋ် တောင်နှင့် ဆရာ ဇီဝက ဆောက်လုပ် လှူဒါန်းသော အမ္ဗဝန် ကျောင်းတော်ကြီး ရှိ၏။ မြို့၏ ပတ်ဝန်းကျင်သုံးယူဇနာ အတွင်း၌ ၁၈ ရပ်သော ကျောင်း တိုက်ကြီးများ ခြံရံလျက် အရှေ့တောင် အရပ်၌ အရှင်မဟာ ကဿပအဓိဋ္ဌာန်ပြု၍ ၇ပြည်ထောင်မင်းတို့ရရှိသောဓာတ်တော်တို့ ကိုတပေါင်းတည်းပြု၍အဇာတသတ်မင်းတည်ထားသော ဓာတုနိ ဓာနစေတီတော်ကြီး ရှိ၏။ယင်းမြို့ကို ပဏ္ဍဝတောင်, ဣသိဂိလိ တောင်,ဝေဘာရတောင်, ဝေပုလ္လတောင်နှင့် ဂိဇ္ဈကုဋ်တောင် ဟူ သောတောင်ငါးလုံး ခြံရံနေ၍ဂိရိဗ္ဗဇမြို့ဟုလည်း ခေါ်ကြ၏၊ ထို တောင်ငါးလုံးတို့တွင် ဝေဘာရတောင်၌ အလျား ၂၄ တောင်, အနံ ၁၄ တောင်ခန့်ရှိသော လိုဏ်ဂူတခုရှိ၏။ ထိုလိုဏ်ဂူကို ပထမ

သံဂါယနာတင်သော စရည်းပင် ရောက်ရာ လိုဏ်ဂူဟူ၍ ခေါ်ကြ၏။ အချို့ကမူ ဟိန္ဒူတို့၏ လိုဏ်ဂူသာဖြစ်သည်ဟု ဆိုကြ၏။

ရာဇဂြိုဟ်ဟူသည်ကား ရာဇဂဟဟူသော ပါဠိမှ ဆင်းသက်လာသော ပါဠိသက် ဝေါဟာရ ဖြစ်၏။ ယင်းမြို့၏ ရှေ့အမည်တို့မှာ ဂိရိဗ္ဗဇ, ဝသုမတီနှင့် ပါဠလိပုတ္တတို့ ဖြစ်၏။ အခုအခါ ရာဇဂိရိ, ပဋ္ဌနာဟု ခေါ်ကြ၏။ ရှေးက အရံမြို့မှာ နာလန္ဒာ ဖြစ်၏။ မဂဓတိုင်း၏ တည်ရာမှာ ဗိဟာရ်နယ် မြောက်ပိုင်း မြောက်ဖက်၌ ပဋ္ဌနာ, အလယ်၌ ဂယာဒိ စတြိုက်, တောင်ဖက်၌ ဟာဇာရိဘာဂ ဒိစတြိုက်များဖြစ်၏။

# အဇာတသတ်

အဇာတော ၀ ရညောသတ္တုတိ အဇာတသတ္တု၊
အဇာတော၀=မဖွားမီကပင်လျှင်
ရညော=အဖမင်းကြီး၏
သတ္တု=ရန်သူတည်း၊
ဣတိ=ထို့ကြောင့်
အဇာတသတ္တု=အဇာတသတ်မည်၏။

ထိုအဇာတသတ်မင်း၏ အမိဖြစ်သော ဝေဒေဟီမိဖုရားသည် ထိုမင်းသား ပဋိသန္ဓေနေလေသော် မင်းကြီး၏ လက်ရုံးသွေးကို သောက်ချင်သော ချင်ခြင်းဖြစ်ခဲ့ရကား မင်းကြီးအား မကြားဝံ့သည်ဖြစ်၍ ကြုံလှီညှိုးငယ်စွာဖြစ်လျှင်းခဲ့၏။ မင်းကြီးလည်း ထိုအကြောင်းကိုမေး၍ သိတော်မူလတ်သော် ဆေးသမားတို့ကို ခေါ်စေ၍ မင်းကြီး၏ လကျာလက်ရုံးကို ဖေါက်စေပြီးသော် ရွှေခွက်ယဉ်ထည့်၍ ရေဖြင့်ဖျော်၍ မိဖုရားကို သောက်စေ၏။ မိဖုရားလည်း ထိုသို့သောက်ပြီးမှ ချင်ခြင်းပျောက်လေ၏။ ထိုကို ကြား၍ နိမိတ်ဖတ်သောသူတို့သည် "ဤမင်းသား ကြီးလတ်သော် အဖကို သတ်လတ္တံ့သည်၊ မဖွားမီကပင်လျှင် အဖ၏ ရန်သူတည်း" ဟု ဖတ်ကုန်၏။ ထို့ကြောင့်အဇာတသတ်တွင်၏။

ဝေဒေဟီ မိဖုရားလည်း "ငါ့သင်မင်းကြီး၏ ရန်သူတည်း ဖြစ်လတ်မူကား ဤမင်းသားကိုမထားကောင်းပြီ၊ ဖျောက်အံ့" ဟု ကြံ၏။ ထိုအကြောင်းကို မင်းကြီးသိတော်မူ၏။ သား၏ ချစ်ခြင်းဖြင့် အလွန်ပြင်းစွာရကား မသတ်ရက် ဖြစ်တော်မူ၏။ ကြီးသော အရွယ်သို့ ရောက်လေသော် အိမ်ရှေ့အရာပေး၏။ ဒေဝဒတ်နှင့် တိုင်ပင်၍ အဖကိုသတ်၍ မင်းပြု၏။ နောက်ပြီး ရတနာသုံးပါး၌ မတုန်လှုပ်သော ကြည်ညိုခြင်းဖြင့် သာသန ဒါယကာဖြစ်၏။

ဤသို့ ဘုန်းတန်းခိုးကြီးစွာသော ဆင်ငါးစီးအားကိုးဆောင် သော တိဟိပဋိသန္ဓေဖြစ်သော မင်းသားသည် ဘဗ္ဗ ပုဂ္ဂိုလ် ဖြစ်လျက် မဂ်-ဖိုလ်ချမ်းသာသို့မရောက်ဘဲ ထိုသို့သောကုသိုလ်ကံ သည် အပရာပရိယ ဝေဒနီယကံသာ ဖြစ်၍ ပိတုဃာတကကံ ကြောင့် လောဟကုမ္ဘီငရဲ၌ခံရလေသတတ်။

ဝေဒေဟီ မိဖုရားကား ကောသလမင်းကြီး၏နှမ, မဟာ ကောသလမင်းကြီး၏သမီးတည်း။ ဗိမ္ဗိသာရမင်းကြီးကား မြတ် စွာဘုရားအောက် ၅နှစ်ငယ်၏။ ၁၅နှစ်က မင်းဖြစ်၏။ နန်း သက် ၅၂နှစ်, အသက်၆၇နှစ်တွင် အနိစ္စရောက်၏။ ဘုရား မြတ်စွာ အသက်တော် ၇၂နှစ်ပြည့်၏။ အဇာတသတ်မင်းဖြစ်၍ ၈နှစ်တွင် သက်တော် ၈၀ ပြည့်၍ ပရိနိဗ္ဗာန်ယူတော်မူ၏။ ပရိ နိဗ္ဗာန်မယူမီက ၈နှစ်,ယူပြီး ၂၄နှစ်ကိုပေါင်း၍ အဇာတသတ် ၃၂မင်းပြု၏။

အဇာတသတ်မင်းကား ဘုရားမြတ်စွာကို ၈နှစ်လျှင် ဆည်း ကပ်လိုက်ရ၏။ ပုထုဇ္ဇန်တွင်ဘုရားမြတ်စွာကို ချစ်မြတ်နိုးခြင်း

ဖြစ်သည်ကား အဇာတသတ်မင်းနှင့်တူသည်မရှိ၊ ထိုသို့ဖြစ်လျှင်းမှုလည်း ဒေဝဒတ်စကားကိုနာ၍ မွေးသောအဖကို ပြစ်မှားမိ၍ မျက်မှောက်လည်း ချမ်းသာစွာအိပ်ရသည်မရှိ၊ မျက်စိမှိတ်ခဲ့က အစင်းတရာသောလှံဖြင့် ထိုးမိလေသကဲ့သို့ ကြောက်ကြိမ်ဖွယ်လျှင် ဟစ်ကြွေးကြော်၍ တဖျပ်ဖျပ်လန့်၏။ မအိပ်ရ၍ကြောက်၍သာနေရသောဟူ၏။

အမိ-အဖကိုပြစ်မှားသောသူသည် အဝီစိ၌ခံရမြဲ ဖြစ်လျှင်းမှုလည်းမြတ်စွာဘုရားကို ချစ်မြတ်နိုးခြင်းပြင်းသောကြောင့် အဝီစိငရဲ၌ မခံရဘဲလောဟကုမ္ဘီငရဲ၌ အနှစ်၆ခြောက်သောင်းတိုင်တိုင်ခံပြီးမှလွတ်၍ ဝိဇိတသေနမည်သော ပစ္စေကဗုဒ္ဓါဖြစ်လတ္တံ့သည်ဟူ၏။ ထို့နောက်၄ဆက် အဖသတ်မင်းတို့သည်ကား အဝီစိ၌နှင့်နှင့်ခံရလေကုန်၏။

ဤအဇာတသတ်မင်း၏ အကြောင်းအရာ အတ္ထုပ္ပတ္တိကား ပါရာဇိကဏ်အဋ္ဌကထာနိဿျမှ ရွှေဥမင်ဆရာတော်၏ မှတ်ချက်များဖြစ်၏။ သံဂါယနာဟူသည်ကားပေါင်း၍ အညီရွတ်ညှိခြင်းပင်ဖြစ်၏။ ဤသံဂါယနာမှာ ရဟန္တာငါးရာတို့ ရွတ်ညှိကြသောကြောင့် ပဥ္စသတိကဟူရင်း၊ မဟာထေရ်တို့ ရွတ်ညှိကြသောကြောင့် ထေရ်ကာဟူ၍ရင်း ခေါ်ဝေါ်ကြ၏။ (ပထမနှင့် ဒုတိယသံဂါယနာတို့မှာအဖြည့် အပို့မျှသာဖြစ်၍ ယင်းတို့ကို သာမန်မျှသာ ဖော်ပြသွားမည်ဖြစ်ပါသည်။)

## ဒုတိယသံဂါယနာ

မင်းချင်းလေ............
တိုင်းမဂဓိုရ်၊ ရာဇဂြိုဟ်ဝယ်
ထိုဇာတာသတ်၊ နွယ်မပြတ်သား
သည်းပွတ်မြေးမြစ်၊ မင်းအဖြစ်ကို
ညှစ်ပစ်သတ်လု၊ ငါးဆက်ပြုမှ
သုသုနာဂါ၊ သာသနာကို
ဝေသာလီမည်၊ ချက်မြှုပ်ပြည်သို့
ရွှမ်းဇည်ကျူးရင့်၊ ချီလေပင့်သော်
နှစ်မြင့်ငြိမ်ဆိမ်၊ နန်းရွှေအိမ်ဝယ်
ဇည်းစိမ်စံပြီး၊ နတ်ဘုံမှူးသော်
သားကြီးရတနာ၊ ကာလာသောက
ရိပ်ဖြူသရှင့်၊ ဘုရှ့သာသနာ
နှစ်တရာသည်၊ ကြိုဟ်လှာပြန်လျှင်

ထိုဘုရင်ကို၊ အရှင် ယသ

တူကွမကွာ၊ ခုနစ်ရာတည့်

ရဟန္တာစု၊ တိုင်ပင်ပြု၍

ဝါလုကာရုံ၊ ကမ္ဗည်းခံသည့်

သာစံထပ်ထပ်၊ နက်သန်ရပ်ဝယ်

မဏ္ဍပ်ကြီးစွာ၊ သုဓမ္မာသို့

ရတနာကိုးသွယ်၊ မွမ်းမံချယ်သား

ပန်းနွယ်ခြူးစိုပ်၊ သဘင်ရိပ်၌

စက်အိပ်နည်းဘိ၊ ထေရ်မှုနိုတို့

ဒုတိယသံဂါယနာ၊ တင်သောခါသည်

ရှစ်မာသတိုင်တိုင်တည့်လေ.......

သူကောင်းဖော်ရွှေ မင်းချင်းတို့...........

စာဆိုတော် ဦးယာ

## အကပ္ပိယဝတ္ထု

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူပြီးနောက် နှစ်ပေါင်း တရာရှိလေသော် ဝေသာလီပြည်၌ ဝဇ္ဇီတိုင်းသား ရဟန်းများ သည် မြတ်စွာဘုရားတား မြစ် ပိတ်ပင်တော်မူသော အကပ္ပိယ ဝတ္ထုဆယ်ပါးတို့ကိုပြကြ၏။ ယင်းဆယ်ပါးတို့မှာ အောက်ပါ အတိုင်းဖြစ်၏။

၁။ သားချို၌ ဆားကို သိုမှီး၍ ဆားမရှိသော ဆွမ်းနှင့် တကွ စားခြင်းသည် အပ်၏။ (သန္နိဓိ ဖြစ်လျက် မဖြစ်ဟူ၍ ယူသည်။)

၂။ အရိပ်သက်နှစ်သစ်လွန်၍ နေလွဲပြီးသော် ဆွမ်းစားခြင်း သည် အပ်၏။ (ဝိကာလဘောဇန မဖြစ်ဟု ယူသည်။)

၃။ ရွာတပါးသို့ သွားအံ့ဟူ၍ ပဝါရိပ်သင့်သော ရဟန်း သည် အတိရိပ် ဝိနည်းကံ မပြုဘဲ ဆွမ်းစားခြင်းသည် အပ်၏။

၄။ တသိမ်တည်း၌ နေသော ရဟန်းတို့၏ အထူးထူးသော ကျောင်းတို့၌ အသီး အသီး ဥပုသ်ကံကို ပြုခြင်းသည် အပ်၏၊

၅။ မလာသေးသော ရဟန်းတို့၏ လာသောအခါ၌ အလိုကို ယူအံ့ဟူ၍ ထိုရဟန်းတို့ မလာမီက ဝဂ်ဖြစ်သော သံဃာသည်

ကံကိုပြုလင့်၍ နောက်မှ အလိုကို ယူခြင်းသည် အပ်၏။(တသိမ်တည်း နေသော်လည်း ဝဂ်မဖြစ်ဟု ယူသည်။)

၆။ ဆရာဥပဇ္ဈာယ်တို့၏ အလေ့အကျက်သည် အပ်၏။ (ဤကား အပ်သော အလေ့အကျက်လည်းရှိ၏။ မအပ်သောအလေ့အကျက်လည်းရှိ၏၊ အလေ့ အကျက် အကုန်ယူသောကြောင့် ပျက်သည်၊)

၇။ နို့ရည် အဖြစ်ကိုလည်း စွန့်ပြီးသော နို့ဓမ်း အဖြစ်သို့လည်း မရောက်သေးသော နို့ကို ဘုဉ်းပေး၍ ပဝါရိပ်သင့်သော ရဟန်းသည် အတိရိပ် ဝိနည်းကံ မပြုဘဲ ဘုဉ်းပေးခြင်းသည် အပ်၏။

၈။ ရင့်သော သေအဖြစ်သို့ မရောက်သေးသော သေနုကို သောက်ရန်အပ်၏။

၉။ အဆာမရှိသော နိသိဒိုင်သည် အပ်၏။

၁၀။ ရွှေငွေသည် အပ်၏။

ဝဇ္ဇီတိုင်းသား ရဟန်းများသည် ရဟန်းတို့အား မအပ်သောယင်း အကပ္ပိယဝတ္ထု ဆယ်ပါးတို့ကို အပ်၏ဟု ဝေသာလီပြည်၌ပြကြ၏။ ထိုအကြောင်းကို အရှင်ယသ ကြားသိ တွေ့မြင်ရသောအခါ တသန်း နှစ်သိန်းသော ရဟန်းတို့ စည်းဝေးပြီး ထိုအကပ္ပိယဝတ္ထု ဆယ်ပါးတို့ကို ဆုံးဖြတ်ကြ၏၊ ထိုနောက် ထိုရဟန်းတို့အတွင်းမှ ရဟန်းခုနစ်ရာကို ရွေးကောက်ပြီး ဝေသာလီပြည် ဝါလိကာရုံကျောင်း၌ ကာလာသောကမင်း၏ အကူအညီဖြင့် ရှစ်လတိုင်တိုင် ဒုတိယ သံဂါယနာ တင်တော်မူကြ၏။ ယင်းသံဂါ

ယာနာမှာ ရဟန်းတော် ခုနစ်ရာတိတိပါဝင်သောကြောင့် သတ္တသတ္တတိကဟူ၍လည်း ခေါ်ဝေါ်ကြ၏။

ပါရာဇိကဏ် အဋ္ဌကထာ၌ ဤဒုတိယ သံဂါယနာကို ဝေသာလီပြည် ကူဋာဂါရသာလာတွင် ပြုလုပ်ကြသည်ဟု ဆို၏။ ယင်းသည် ဝါလိကာရုံကျောင်းတိုက် အတွင်းက စရပ်ပင်ဖြစ်မည်ထင်ပါသည်။ ဤ ဒုတိယ သံဂါယနာကား ဘုရားမြတ်စွာ လွန်တော်မူ၍ သာသနာတော် အနှစ်တရာပြည့်၌ ဖြစ်၏။ မြတ်စွာဘုရား လွန်တော်မူပြီးနောက် အဇာတသတ်မင်း ၂၄ နှစ် မင်းပြု၏။ ထို့နောက် သူ၏သားတော် ဥဒယဘဒြ ၁၆ နှစ် မင်းပြု၏။ ထို့နောက် သူ၏သားတော် အနုရုဒ္ဓနှင့် သူ၏ သားတော် မုဏ္ဍ ၈ နှစ် မင်းပြု၏။ ထို့နောက် မုဏ္ဍ၏သားတော် နာဂဒါသမင်း ၂၄ နှစ် မင်းပြုသည်တွင် "ဤမင်းမျိုးကား အဖသတ် မင်းမျိုးတည်း"ဟု ပြည်သူအလုံး ညီ၍ ဝေသာလီ လိစ္ဆဝီ မင်းမျိုးဖြစ်သော သုသုနာဂ အမတ်ကို မင်းမြှောက်ကြ၏။ ဤတွင် အဇာတသတ် မျိုးပြတ်၍ သုသုနာဂမင်း ၁၈ နှစ် မင်းပြု၏။ ထို့နောက် သူ၏သားတော် ကာလာသောကမင်း ၂၈ နှစ်မင်းပြု၏။ ကာလာသောက မင်းဖြစ်၍ ၁၀ နှစ် အရောက်တွင် သာသနာတော် အနှစ်တရာပြည့်၏။

# မဥ္ဇူမမင်း အဆက်

ဇေယတု–မှတ်စု နှံသင့်ညွှန်
မြတ်ပွန်ဇိနာ၊ ယွှပ်သကျ
ပြောင်းကြွ ပြည်နိဗ္ဗာန်၊


(၁) နှစ်ဆယ့် လေးမှတ်-ဇာတသဟ်
မင်းမြတ် စည်းစိမ်မှန်၊
(၂) ခါလွှန်-ဥဒယ ....(၂၄)
(၃) လနေ–နုရုဒ္ဓါ ....(၄၀)
(၄) လေလာ–မုဏ္ဍ ....(၄၄)
(၅) ဝေရ-နာဂဒါ ...(၄၈)
(၆) တိက္ကာ-သုသု ....(၇၂)
(၇) နောန–ကာလာသော ....(၉၀)
(၈) ဥညြရ–သားတကျိပ် ....(၁၁၈)
(၉) အိမ်လုံးနှိပ်–နန်ကိုးဦး ....(၁၄၀)
(၁၀) အသ်ာကူး-စန္ဒာဂုတ် ....(၁၆၂)
(၁၁) အရသုတ်–ဗိန္ဒုသာ ....(၁၈၆)
(၁၂) ကြာအလှု–သောကမင်း ....(၂၁၄)
ကြာဖြူအင်း–မင်းရိုးသုဦး... (၂၅၁)

ထုံးနည်းမှတ်ယူရာ။

သမန္တ စက္ကုဒ္ဒီပနီကျမ်း၌ မုံရွေး ဇေတဝန်ဆရာတော်ဖွဲ့ဆိုသော မဇ္ဈိမဒေသ မင်းဆက် လင်္ကာဆောင်ပုဒ် ဖြစ်၏။ ဤဆောင်ပုဒ်မှာ ဤစာအုပ်တွင် လွန်စွာ အရေးကြီးလှပါသဖြင့် အပြည့်အစုံပင် ဖေါ်ပြထားခြင်း ဖြစ်ပါသည်။ ဤနှစ်တို့မှာ မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုသောနှစ်မှ စတင်ရေတွက်သော သာသနာနှစ်တို့ ဖြစ်၏။ ယင်းသာသနာတော် တနှစ်ကို ယခုခေတ် အနောက်နိုင်ငံမှ တွက်ကိန်းနှစ်နှင့် နှိုင်းယှဉ်ပါသော် ခရစ်တော်နှစ်မတိုင်မီ ဘီစီ ၅၄၄ ခုနှစ်နှင့်ညီမျှ၏။ အချို့သော သုတေသနပညာရှင်တို့က မူမြတ်စွာဘုရားပရိနိဗ္ဗာန် ပြုသောနှစ်မှာ ဘီစီ၄၈၃ ဖြစ်သည်ဟုဆိုကြ၏။ သို့သော်လည်း ဘီစီ ၅၄၄ ကိုသာ အများမှတ်သားကြ၏။ ဆိုလိုသည်မှာ မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုသည်မှာ ခရစ်တော်မပေါ်မီ ၅၄၄ နှစ်က ဖြစ်၏ဟူသတည်း။

# ဝဇ္ဇီတိုင်း

ဒုတိယသံဂါယနာတင်ရာ ဝဇ္ဇီတိုင်း ဝေသာလီပြည်၏ အကြောင်းကို ဗုဒ္ဓသာသနိက ပဌဝီဝင်ကျမ်းကြီးမှ ကောက်နှုတ်ဖော်ပြပါမည်။

တိုင်းအမည်-ဝဇ္ဇီတိုင်း

ရှေးမြို့တော်ဟောင်းအမည်—ဝေသာလီ

ယခုမြို့အမည်-ဗေဆာရ,ဗသာဃ

တည်ရာဌာနကား-ဗိဟာရနယ်မြောက်ပိုင်း,ဆပရာနယ် မဟီမြစ်, ချပ္ပရား, အရော်, မုဇးဖရ ပုရ(မုဇက်ဖရပုရ) ဒရဘင်္ဂါနယ် အနောက်ပိုင်းနှင့် စမ္ပာရနစီရင်စုများဖြစ်သည်။

ဝဇ္ဇီတိုင်း၏ အကျယ်- အဝန်းကား ဟူယိုင်ဆင်ကျမ်း၏ အလိုအားဖြင့် 'လီ' ပေါင်းငါးထောင်ရှိ၍ မြို့တော်၏ အကျယ်အဝန်းမှာ 'လီ' ပေါင်းခုနှစ်ဆယ်မျှသာရှိကြောင်းကို သိရ၏။ ထိုပြင်မြို့တော်မှ အရှေ့တောင်ထောင့် နှစ်မိုင်ခွဲလောက်တွင် ဒုတိယသံဂါယနာတင်ကျောင်းတော်ရှိ၏။

ယခုအခါရှိနေပုံမှာ ဝဇ္ဇီတိုင်းသည်မြောက်ဖက်တောင်ခြေရင်းမှ တောင်ဖက်ဂင်္ဂါမြစ်ကမ်းပါးတိုင်အောင်ရှိ၏။ အနောက်ဖက်၌

ဂင်္ဂါကျက်မြစ်မှအရှေ့ဖက်မဟာနဒီမြစ်အတွင်းရှိ ယခုအခါ မုဇဖွရ် ပုရ်စီရင်စုနယ်များဖြစ်၏၊ မိုင်ပေါင်း၁၀၀ခန့် ကျယ်ဝန်း၏။ ရှေး ဟောင်းဝေသာလီမြို့တော်သည်ကား မုဇဖွရ်ပုရ်စီရင်စု၌ ဗနိယာ ဗဆာရ်သို့မဟုတ် ရာဂျာဗိဆာလကာ ဂဟာရ်ခေါ်သောမြို့ဟောင်း ပင်ဖြစ်၏။

မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်အခါက ဝေသာလီ ပြည်တွင် အနာဂရောဂါဘေး၊ တော်မွတ်ခေါင်းပါးခြင်း ဘေးနှင့် ဘီလူးဘေးဟူသော ဘေးကြီးသုံးပါးဆိုက်ရောက်၍ ရတနသုတ် ပရိတ်တော်ကို ဟောကြားတားမြစ် ခဲ့ရဘူးသည်။ မြတ်စွာ ဘုရားပရိနိဗ္ဗာန် စံလွန်တော်မူကာနီးတွင်လည်း ဝေသာလီပြည်ကို ဆင်၏ကြည့်ခြင်းမျိုးဖြင့် လှည့်ကြည့်ပြီး "ရဟန်းတို့ ဝေသာလီ ပြည်ကို ယခုငါ၏ကြည့်ခြင်းမှာ နောက်ဆုံးဖြစ်သည်"ဟု မိန့် ကြားတော်မူခဲ့၏။

# တတိယသံဂါယနာ

မင်းချင်းလေ....
ဝဋ္ဋိတိုင်းချာ၊ပြည်ဝေသာဝယ်
ကာလာမင်းနောက်၊ ဆယ့်ကိုးယောက်တွင်
မင်းမြောက်စိမ့်ရန်၊ ပုဏ္ဏားဖန်သည်
စန္ဒဂုတ်မြေး၊ ဗိန္ဒုသွေးဟု
ဘုန်းကျေးဇူးဟုန်၊ မြေမိုးတုန်မျှ
ရှေးကုန်သည်ဖြစ်၊ ဘဝဇာတ်က
ပျားနှစ်ရသာ၊ ကုသိုလ်ပါသည့်
ဓမ္မာသောက၊ နရိန္ဒလျှင်
မဇ္ဈျဘူမိ၊ ပါဋလိဝယ်
ဆယ်ဒီသာလုံး၊ အာဏာကျုံးသား
ပေါင်းရုံးများစွာ၊ ဇာပုပ္ဖာတွင်
မဟာမောဂ္ဂလိ ပုတ္တာ၊ ထေရ်တိဿတို့
ဓမ္မမင်းအား၊ နိမန်ကြား၍
လက်သားအရဟန်၊ တထောင်မှန်နှင့်
ဝိမာန်ရတနာ၊ ကျယ်ဝန်းစွာသည့်
သောကာရာမ၊ ရွှေကျောင်းလှထက်
တတိယသံဂါယနာ၊ အာဏာဖော်ပြ
တင်ကုန်ကြသည်၊ သုံးလယုတ် တနှစ်တည့်လေ-
သူကောင်းဖော်ရွှေ မင်းချင်းတို့....

စာဆိုတော်ဦးယာ

# တတိယသံဂါယနာ

မြတ်စွာဘုရား ပရိနိဗ္ဗာန် ပြုပြီးနောက် နှစ်ပေါင်း၂၃၅ နှစ်သို့ရောက်သောအခါ အရှင်မဟာမောဂ္ဂလိပုတ္တတိဿ အမှူးရှိသော ရဟန္တာတထောင်တို့သည်ဓမ္မာသောက မင်းကြီးအား ပန်ကြားပြီးလျှင် ပါဋလိပုတ်ပြည် အသောကာရုံ ကျောင်း၌ ကိုးလတိုင်တိုင် တတိယသံဂါယနာတင်ကြသည်ဟု ဆိုလိုရင်း ဖြစ်၏။ ဤစာအုပ်၏ ပဓာနအချုပ်-အချာမှာ ဤသံဂါယနာ ဖြစ်၏။ ဤသံဂါယနာတွင် ပါဝင်သောအခြခံ အချက်အလက် တို့ကိုပင် ဖွင့်ဆိုသွားမည်ဖြစ်ပါသည်။

ဒုတိယသံဂါယနာတင်ပြီးနောက် ၁၈ နှစ် လွန်မြောက်သော အခါ ကာလာသောကမင်း အနိစ္စရောက်၍ သူ၏သားတော် ဘဒ္ဒသေနမင်းပြု၏။ ကာလာသောကမင်း၌ သားတော်တကျိပ် ရှိ၏။ ထိုဘကျိပ်တို့သည် အစဉ်အတိုင်း မင်းပြုကြ၏။ ထိုတွင် နောက်ဆုံးပဉ္စမကမင်းကို ခိုးမှူးကြီးနန္ဒာသတ်ပြီး ဥဂ္ဂသေန ဟူသောအမည်ကိုခံ၍ မင်းပြု၏။ ထိုမင်းကံကုန်လေသော် ထို မင်း၏ညီ ရှစ်ယောက်တို့သည် အစဉ်အတိုင်း ၂၂ နှစ်မင်းပြု ကြ၏။ သာသနာသက္ကရာဇ်၁၆၂နှစ် ရှိသောအခါ နောက်ဆုံး ဖြစ်သော ဓနနန္ဒမင်းကိုပယ်၍ သာကီဝင်အနွယ်ဖြစ်သော စန္ဒ

ဂုတ်ကို ဇာနက္ကပုဏ္ဏားမင်းမြှောက်၍ မင်းအဖြစ်သို့ရောက်၏။ ဇာနက္ကပုဏ္ဏားဟူသည်မှာ နာမည်ကျော် နိတိဆရာကြီး စာဏက္ကျ ပင်တည်း။

စန္ဒဂုတ်မင်းကြီး၏သားတော်မှာ ဗိန္ဒုသာရဖြစ်၍ အသောက သည် စန္ဒဂုတ်၏မြေး, ဗိန္ဒုသာရမင်း၏ သားတော် ဖြစ်၏။ သို့ကြောင့် ပဓာနဇာတ်ဆောင်ဖြစ်သော အသောကမင်းကြီး၏ အကြောင်းကို ကောင်းစွာသိရန်အတွက် သူ၏ဘိုးတော်ဖြစ်သော စန္ဒဂုတ်မင်းကြီးနှင့် ခမည်းတော်ဖြစ်သော ဗိန္ဒုသာရမင်းကြီး တို့ဖြင့် ရှေးဦးစွာပြည်တည်ဘို့လိုပါသည်။ ထိုမင်းတို့၏အကြောင်း အရာ အတ္ထုပ္ပတ္တိကို မှတ်တမ်းတင်သော စာပေတို့မှာ ပါဠိနှင့် ပါဠိမှတပါးသော စာပေတို့ဖြစ်ကြ၏။ ပါဠိဘာသာ စာပေတို့ မှာ ဒီပဝင်, မဟာဝင်, သမန္တပါသာဒိကာနှင့် ကထာဝတ္ထု အဋ္ဌကထာတို့ဖြစ်၏။ အစဉ်-အလာ ရှေးမြန်မာပညာရှိ အဆက် ဆက်တို့သည် ထိုကျမ်းစာတို့တွင် ဖွင့်ဆိုသော အချက်တို့ကိုသာ အလေးအနက်ထားပြီး ဟောကြားကြ၏။ ပါဠိမှ တပါးသော စာပေတို့မှာ တရုပ်,အင်္ဂလိပ်နှင့်ဟိန္ဒီစသော ဘာသာတို့ဖြစ်၏။ ယင်းတို့၏ ဖွင့်ဆိုချက်တို့မှာ အများအားဖြင့် ကိုယ်တွေ့မျက် မြင် အထောက်အထားများပေါ် အမှီပြုကြသည်။ ယခုခေတ် သုတေသီတို့ကား ယင်းအချက်တို့ကို ပိုပြီး အလေးအနက်ပြုကြ သည်။ ဤတွင်ကား ထိုအယူအဆနှစ်မျိုးလုံးကိုပင် ပေါင်းရုံး ဖော်ပြသွားမည် ဖြစ်ပါသည်။ ရှေးဦးစွာ ထိုမင်းဆက်တို့၏ အကြောင်းကို ပေါင်းရုံး၍ ဣန္ဒိယခေြးမှု ကျမ်းကြီးမှ ကောက် နှုတ်ဖော်ပြပါမည်။

## မောရိယ ဇာတိဟာသ

စန္ဒဂုတ်မင်းကြီးသည် ခရစ်တော် သက္ကရာဇ်မပေါ်မီ နှစ်ပေါင်း ၃၂၂ ခုနှစ်မှ ၂၉၈ ခုနှစ်အထိ နန်းစံတော်မူခဲ့၏။ ခမည်းတော် စန္ဒာဂုတ်မင်းကြီး ၂၄နှစ် နန်းစံပြီးနောက် အနိစ္စ ရောက်ခဲ့သော် သားတော်ဗိန္ဒုသာရ မင်းဖြစ်တော်မူ၏။ ဗိန္ဒုသာရ မင်းကြီးသည် ခရစ်တော်မပေါ်မီ နှစ်ပေါင်း၂၉၈နှစ်မှ ၂၇၂နှစ်တိုင်အောင် ထီးနန်းအုပ်ချုပ်တော်မူခဲ့၏။ ဗိန္ဒုသာရ မင်းကြီး နန်းသက် ၂၆ နှစ်စေ့၍ နတ်ရွာစံပြီး လတ်သော် သားတော် သိရိဓမ္မာ သောက မင်းကြီးသည် ခရစ်တော် မပေါ်မီ နှစ်ပေါင်း ၂၇၂ နှစ်မှ ၂၃၂ သို့ ကျအောင် ပြည်အလုံးကို သိမ်းယူ၍ မင်းပြု လေ၏၊ အသောကမင်းကြီး နန်းသက် ၄၀-ပြည့်မြောက်၍ နတ်ရွာစံ ကံတော်ကုန်ခဲ့လေသော် သားတော်ကုနာလသည် ခရစ်တော် မပေါ်မီနှစ်ပေါင်း ၂၃၂-နှစ်မှ ၂၂၄-ခုနှစ်သို့ ကျအောင်မင်းပြုခဲ့လေ၏။ သားတော် ကုနာလ မင်းပြုကြောင်းကို ဝါယုပုရာဏ် ကျမ်းဂန်၌ ပါရှိ၏။

ဗိသျုဏု ပုရာဏ်၌ကား သုယသ သည်ပင်လျှင် နန်းရကြောင်းလာရှိ၏၊ ဤနေရာမှာ ဂျာယဆဝါလခေါ်သော ပညာ

ရှိ၏ အယူ၀ါဒအတိုင်းပင် ပညာရှိ အားလုံးတို့က သုယသသည် ပင်လျှင် ကုနာလဟူသော ဘွဲ့တံဆိပ်ကို ရရှိ၏ဟု ဆိုးဖြတ်ကြ၏။ ကုနာလမင်းနန်းသက်ကား ၈-နှစ်မျှသာရှိ၏။

ကုနာလမင်း အနိစ္စရောက်ခဲ့သော် သားတော်ဒသရထမင်းသားသည် ခရစ်တော် မပေါ်မီ နှစ်ပေါင်း ၂၂၄-ခု နှစ်မှ ၂၁၆ ခု နှစ်တိုင်အောင် နိုင်ငံတော် အားလုံးကို အုပ်ချုပ်၍ မင်းပြုကြောင်းကို ဗြဟ္မဒတ္တပုရာဏ် ကျမ်း၌ လာရှိ၏။ သို့သော် ၎င်းပုရာဏ်၌ကား ဗန္ဓုပါလိတ အမည်ပင် ပါရှိငြားသော်လည်း ထိုဗန္ဓု ပါလိတ သည်ပင်လျှင် ဒသရထ မင်း၏ ဘွဲ့တံဆိပ်ဖြစ်ကြောင်း ညွှန်ပြ၏။

ဒသရထမင်း ထီးနန်းကို ရရှိငြားသော်လည်း တိုင်းပြည်အုပ်ချုပ်ရေး၌ ညီတော်ဆံပြတ်(သံပတိ)လက်ထဲမှာသာ ရှိနေ၏၊ ထို့ကြောင့် ညီတော် ဆံပြတ်ကိုပင် ဗန္ဓုပါလိတ ဟူ၍ ခေါ်ဆိုစမှတ်ပြုကြ၏။

ဒသရထမင်းသည် နန်းသက် ၈ နှစ်စေ၍ ကံကုန်ခဲ့သော် ဆံပြတ်သည်ပင်လျှင်ခရစ်တော်မပေါ်မီ ၂၁၆-ခုနှစ်မှ ၂၀၇-ခုနှစ်တိုင်အောင် တိုင်းပြည် အုပ်ချုပ် မင်းလုပ်၏။ ဆံပြတ် မင်းကို ဣန္ဒပါလိတမင်းဟုလည်း ခေါ်ဆိုကြ၏။ ဆံပြတ် မင်း၏ နန်းသက်ကား ၉ နှစ်မျှသာရှိ၏။

ဆံပြတ်မင်း နတ်ရွာစံလေသော် သားတော်သျှာလိသျှုက (သာလိသုက)မင်းသားသည် ခရစ်တော် မပေါ်မီ နှစ်ပေါင်း ၂၀၇-ခုနှစ်မှ၊ ၂၀၆-ခုနှစ်တိုင်အောင်မင်းပြု၏။ ၎င်းမင်းသည် နန်း၏ စည်းစိမ်ကို တနှစ်မျှသာခံစားရ၏။

သျှာလိသျှုကမင်း အနိစ္စရောက်လတ်သော် သားတော် ဒေဝ ဝရဟ မင်းသားသည် ခရစ်တော် မပေါ်မီ နှစ်ပေါင်း ၂၀၆-ခုနှစ်မှ ၁၉၉-ခုနှစ်အထိ ခမည်းတော်၏ အမွေကို ဆက်ခံ၏။ ထိုမင်း၏ အမည်ကို ပုရာဏ်ကျမ်း၌ ဒေဝဓရဟ သောမ ဓရဟ,သောမဝ့ရဟ့စသည်ဖြင့် များစွာလာရှိ၏။

ဒေဝ ဝရဟမင်းသည် နန်းသက် ၇ နှစ်စေ့၍ကံကုန် ခဲ့သော် သားတော် သျှတဓနုသျှ (သတဓနုသ) မင်းသား သည် ခရစ်တော် မပေါ်ခင် နှစ်ပေါင်း ၁၉၉ နှစ်မှ နှစ်ပေါင်း ၁၉၁-နှစ်တိုင်အောင်မင်းပြု၏။ ဤမင်း၏လက်ထက်မှာမောရိယ မင်းတို့၏ နိုင်ငံတော်များသည် များစွာလွတ်ထွက်လျက် အသီး အခြားဖြစ်ကြ၏၊ ၎င်းမင်း၏ နန်းသက်ကား ၈ နှစ် မျှသာ ရှိ၏။

သျှတဓနုသျှမင်း နတ်ရွာ စံပြီးသော်ညီတော် ဗြိဟဒြထ မင်းသည်ခရစ်တော်မပေါ်မီနှစ်ပေါင်း ၁၉၁--ခုနှစ်မှ၁၈၄-ခုနှစ် တိုင်အောင် မင်းပြု၏။ဗြိဟဒြထမင်းသည် မောရိယ မင်းတို့တွင် နောက်ဆုံးမင်း ဖြစ်၏။ ဤမင်း၏ နောက် မောရိယ အဆက် အနွယ်ပြတ်၏။ ဗြိဟဒြသမင်း၏ နန်းသက်ကား ၇-နှစ်မျှသာ ရှိ၏။

မောရိယ အနွယ်ဝင် အသောကမင်းကြီး နောက် ၇- ဆက်မြောက်ဖြစ်သော ဗြိဟဒြထမင်း၏စစ်သူကြီး ပုသျှယ မိတြ သည် မိမိ၏သခင်ဖြစ်သူ ဗြိဟဒြထမင်းကို ခရစ်တော် မပေါ်မီ ၁၈၄-ခုနှစ်မှာ မဂဓတိုင်းက သျှက တိသျှာလိ စစ်သားတို့၏ အကူအညီဖြင့် သတ်ပြီးလျှင် မိမိကိုယ်တိုင် နန်းတက်၏။ မိမိ၏ အနွယ်ကိုလည်းသျှုံဂဝံသီဟုတွင်စေ၏၊

ဤရာဇဝင် အကျယ်ကို သိလိုလျှင် မောက်ရယဆာမြာဂျယ ဣတိဟာဆ်ခေါ်သောဟိန္ဒူရာဇဝင်မှာကြည့်ရှုကြပါကုန်။

ဤစာအုပ်နှင့် ပတ်သက်သော မင်းတို့မှာ စန္ဒဂုတ်၊ ဗိန္ဒုသာရနှင့် အသောကာ ဟူသော မင်းသုံးပါးသာ ဖြစ်၏။ ဆက်လက်၍ ဤမင်းသုံးပါးတို့၏ အကြောင်း တို့ကိုသာဖော်ပြပါမည်၊ သို့သော်လည်း ဤတွင် မောရိယ မင်းဆက်ကို အစမှ အဆုံးတိုင်အောင် အကျဉ်းချုပ်ပြီး ဖော်ပြ လိုက်ပါသည်၊ အကြောင်းကား မြန်မာပညာရှိတို့သည်အများအားဖြင့်မောရိယ မင်းဆက်တို့တွင် ထိုမင်းသုံးပါးကိုသာ မြွက်ကြားလေ့ ရှိကြ၏။ ထိုမှတပါးသော မင်းတို့ကိုကား ဖွင့်ဆိုသူမရှိကြသဖြင့်ဗဟုသုတ အဖြစ် ဖော်ထုတ်လိုက်ခြင်းဖြစ်ပါသည်။ တတိယသံဂါယနာတင် အဏ်ချင်း၌ ပါဝင်သော အကြောင်း အရာတို့ကိုမူ ရှေ့တွင် အကျယ်ဖော်ပြသွားပါမည်။

၂၂ ၇

# ဇာနက္က

တက္ကသိုလ်ပြည်၌ ဇာနက္ကမည်သော ပုဏ္ဏားသည် ဗေဒ သုံးပုံကိုလည်း တတ်၏။ ဆေးဝါးမန္တရားကိုလည်းတတ်၏။ အထူး ထူးသော ပရိယာယ်ဝေစုစ်တို့၌ရင်း၊ ဥပါယ်တမျဉ်တို့၌ရင်း လိမ္မာ ၏။ ဥာဏ်ပဋိဘာန်လည်းထက်မြက်၏။ အထူးထူးသော ထုံးပုံ နိဒါန်းတို့၌ ကျွမ်းကျင်လိမ္မာ၏။ ထီးဖြူဆောင်းထိုက်သော ဘုန်း ကျက်သရေ ရှိပေသည့်သူဟုလည်း ထင်ရှား၏။ အဖမရှိသည့် နောက် အမိကို လုပ်ကျွေးပေသည့် သူဟုလည်း လူအများကြည် ညို၏။

တရံသောအခါ မိခင်ပုဏ္ဏေးမသည် သား၏မင်းဖြစ်လတ္တံ့ သော ကျော်စောခြင်းကိုကြားသော် လွန်စွာ ငိုကြွေး၏။ ဇာနက္က ပုဏ္ဏားလည်း "မိခင် ဘယ့်ကြောင့် ငိုသနည်း" ဟု မေး၏။

"ချစ်သား သင်ကား ထီးဖြူဆောင်းထိုက်သော ဘုန်း ကျက်သရေရှိ၏။ နောင်မင်းဖြစ်လတ္တံ့။ မင်းတို့ မည်သည်ကား တစုံ တယောက်သောသူ၌ ချစ်မြတ်နိုးခြင်း ရှိတတ်၏။ ထိုအခါ ငါ့အား ချစ်မြတ်နိုးခြင်း ကင်းလတ္တံ့" ဟုအောက်မေ့၍ ငိုသည် ဟု ပြော၏။

ပုဏ္ဏားကလည်း "မိခင် ငါ့၌ မင်းဖြစ်ထိုက်သော ဘုန်းကျက်သရေသည် အဘယ်၌ တည်သနည်း"ဟု မေး၏။

"ခြစ်သား အစွယ်တို့၌ တည်သည်" ဟု ဆိုသော်....

"မိခင်ကို လုပ်ကျွေးရခြင်းသည်သာလျှင် အကျိုးရှိလှ၏" ဟု ဆို၍ အစွယ်တို့ကို ချိုးပစ်ပြီးလျှင် မိခင်ကို လုပ်ကျွေးလျက်နေ၏။

ဤဂုဏ်ကျေးဇူးတို့ကြောင့်လည်း လူအလုံးချီးမွမ်းကြ၏။ ထိုပုဏ္ဏားသည် သွားကျိုးခြင်းကြောင့်သာ မဟုတ်သေး၊ ရှေးကပင်ကိုယ်သဏ္ဍာန်၏ မလှခြင်း၊ ခြေကောက်ခြင်း ဟူသော အပြစ်တို့နှင့်လည်း ပြည့်စုံ၏။

တနေ့သ၌ ထိုပုဏ္ဏားသည်ဥစ္စာရှာဖွေရန် လှည့်လည်သဖြင့် ပါဋလိပုတ်ပြည်သို့ ရောက်လေ၏။ ထိုအခါ ကုံကြိုက်သည်ကား ဓနနန္ဒမင်းသည် ဥစ္စာကို ဆည်းပူးမြှုပ်နှံပြီး၍ တဖန် အလှူပေးလိုသဖြင့် နန်းတွင်း၌ အလှူဘင်းကုပ် ဆောက်စေ၍ ပုဏ္ဏားတို့ကို ပင့်ဖိတ်ကာ အလှူကြီး ပြုလုပ်နေခြင်းဖြစ်၏။ ဇာနက္ကလည်း အလှူတင်းကုပ်သို့ ဝင်၍ ပုဏ္ဏားကြီးတို့ နေရာ၌ နေ၏။

ဓနနန္ဒမင်းသည်မင်္ဂလာဆင်တော်ကိုစီး၍ ထွက်လာသဖြင့် ပုဏ္ဏားတို့၏ အထက်ကနေသော ဇာနက္က ပုဏ္ဏားကို မြင်လျှင် စိတ်မကြည် မလင်ဖြစ်ရကား "ဤပုဏ္ဏားကို ဤနေရာမှ နှင်ထုတ်ပစ်လိုက်"ဟု မင်းချင်းတယောက်ကို စေ၏။

အလှူစီမံသော အမတ်တို့က နှင်ရန် မသင့်ကြောင်း လျှောက်ပါသော်လည်း မင်းကြီး မကြိုက်လွန်းသည် ဖြစ်၍ နှင်ထုတ်ချေဟု အဖန်ဖန်ဆို၏။

မင်းစေသော လုလင်တို့လည်း မနှင်ဝံ့၍ ပုဏ္ဏား၏ အနီး၌ ထိုင်၍ "ပေးလှူသည့် ဒါယကာ မနှစ်သက်ဘဲလျက် ပစ္စည်းကို စုံမက်၍ နေမှားကြ၏၊ ပစ္စည်း၌ တပ်မက်သော တဏှာသည် အလွန်စက်ဆုပ်ဖွယ်ရှိ၏"ဟု တဏှာကိုသာ လျှင် အပြစ်တင်ကြ၏။

ပုဏ္ဏားလည်း မင်းချင်းတို့၏ စကားကို ကြားလျှင် "ငါ့အား ရည်မှတ်၍ ဤသူတို့ ဆိုလာချေသည်"ဟု သိသဖြင့် ရှက်ရကား နေရာမှထ၍ ထွက်ခဲ့၏။ တံခါးဝသို့ ရောက်လျှင် စလွယ်ကြိုးတို့ကိုလည်း အထုံးအထုံးဖြတ်၍ မိမိကိုင်ဆောင်သော ကရားကို တံခါးတိုင်၌ ပုတ်ခွဲပြီးသော် "မြေပြင်အလုံး၌ ဓနနန္ဒမင်း၏ အစီးအပွားမဲ့ကိုသာ ဖြစ်စေသော"ဟု ကျိန်ဆဲ၍ထွက်ခဲ့၏။

ထိုအကြောင်းကို မင်းကြီးသိသော် "မိအောင်ဖမ်း၍ သတ်လေ"ဟု စေလိုက်၏၊ ပုဏ္ဏားလည်း အဝတ်မဆီး အချည်းနီးသော အာဇီဝက အသွင်ကို ယူ၍ ပြေးလျက် နန်းတော်အရံအတွင်း၌ပင် ပုန်း၍နေ၏၊ မင်းချင်း ယောကျ်ားတို့လည်း လိုက်၍ မမြင်ကြသဖြင့် မတွေ့ကြောင်းကို လျှောက်ကြားကြ၏။

ဓနနန္ဒမင်း၌လည်း ပဗ္ဗတမည်သောသားတော် တယောက် သာရှိ၏။ ထိုသားတော်ကိုလည်း နန်းတွင်း၌ ရေကန်တူး၍ ထိုရေကန်၏ အပေါ် အိမ်ငယ်ဖြင့် အခြားသို့ မထွက်ရဘဲ ကျဉ်းကြပ် လုံခြုံစွာ ထား၏။

ပုဏ္ဏားလည်း မင်းသားရှိရာသို့ အပြင်မှ ဥမင်တူး၍ ဝင်ပြီးသော် သွေးဆောင်ခေါ်၏။ ပဗ္ဗတမင်းသားလည်း ပုဏ္ဏားကို ယုံကြည်သဖြင့် သုံးစားရန် ရိက္ခာဘဏ္ဍာနှင့် တကွ ထွက်၍ လိုက်၏။

ပုဏ္ဏားလည်း မင်းသားနှင့် တကွ ဝိန္ဓယာဝတီ မည်သော တောကြီး၌ သွားနေ၍ ရဲမက်တို့အား ဖြည့်တင်း စရာ ဥစ္စာ ပစ္စည်းတို့ကို စုရုံး၏။ ကုဋေရှစ်ဆယ်မျှလောက် ရွှေငွေတို့ကို တော အုပ်၌ မြှုပ်ထားပြီး ပဗ္ဗတ မင်းသားမှ တပါး ထီးဖြူဆောင်း ထိုက်သော ဘုန်းပညာရှိသော သူကို ရှာပြန်သော် မောရိယမင်း မျိုးမှ စန္ဒဂုတ္တမည်သော မင်းသားကို တွေ့ရလေ၏။

ဇာနက္ကဟူသည်မှာ ကမ္ဘာကျော်နီတိ ဆရာကြီးစာဏကျ ဖြစ်၏။ သူ၏အခြားအမည်တခုမှာ ကောဋိလျဖြစ်၏။ ဟိန္ဒီ အဘိဓာန်တို့တွင် "စာဏကျသည် ရာဇနီတိ၏ ထင်ရှားသော ဆရာတပါးဖြစ်၍ မောရိယ သမ္မတစန္ဒဂုတ်၏ အမတ်ကြီးဖြစ်၏။ သူ၏အခြား အမည်တခုမှာ ကောဋိလျဖြစ်၏"ဟု ဖွင့်ဆိုကြ၏။ မြန်မာနိုင်ငံတွင်လွန်စွာ ထင်ရှားသော စာဏကျနီတိမှာထိုဆရာ ကြီး၏ ရာဇနီတိပင် ဖြစ်၏။ စန္ဒဂုတ်သည် သူ၏ ညွှန်ကြား သွန်သင်မှုဖြင့်မောရိယနိုင်ငံကို တည်ထောင်နိုင်ခြင်းဖြစ်၏။

အဆိပ်မှ အမြိုက်ဆေးကို ယူရာ၏။ အမှိုက်ပုံထဲမှ ရွှေကိုယူရာ၏။ အမျိုးယုတ်သူမှလည်း မြတ်သောအတတ် ပညာကိုယူရာ၏။ သူဆင်းရဲအမျိုးမှလည်း မိန်းမရတနာကို ယူရာ၏။

မျက်ကွယ်၌ အကျိုးမဲ့ကို ပြုပြီး မျက်မှောက်၌ ပီယဝါစာ ပြောတတ်သူကို ရှောင်ကြဉ်ရာ၏။ အပေါ်ယံ နို့ရည်ဆမ်းထားသော အဆိပ်အိုးကဲ့သို့ ထိုလူမျိုးကို ရှောင်ရာ၏။

တကြိမ် ဆန့်ကျင်ဘက် ပြုဘူးသော မိတ်ဆွေကို တဖန်ပြန်ပြီး စေ့စပ်ရန် အလိုရှိသူသည် အဆာထိုရှိ မြင်းမ ကိုယ်ဝန် ယူသကဲ့သို့ သေမင်းကို ခေါ်ယူသည် မည်၏။

ချစ်ကျွမ်း မဝင် ဆင့်ပါလျှင် မိတ်ဆွေကိုသော် လည်း ချစ်ကျွမ်းမဝင်ရာ ဝါ-မယုံ ကြည်ရာ၊ အမျက် ထွက်သော မိတ်ဆွေသည် တခါတရံ လျှို့ဝှက်ချက်တို့ကို ဖော်တတ်၏။

ဘယ်သူသည် ဘယ်သူ၏ မိတ်ဆွေလည်း မဟုတ်၊ ရန်သူလည်းမဟုတ်၊ အကြောင်းအား လျော်စွာမိတ်ဆွေ ဖြစ်၏၊ ထို့အတူရန်သူဖြစ်၏။

အမျိုးအတွက် ဥစ္စာကို စွန့်ရာ၏၊ ကျေးရွာ အတွက် အမျိုးကို စွန့်ရာ၏၊ဇနပုဒ်အဘွက် ကျေးရွာကို စွန့်ရာ၏၊ ကိုယ့်အကျိုးအတွက် မြေကြီးကိုစွန့်ရာ၏။

ကျေးဇူးပြုကာ စည်းရုံးထားသော ရန်သူဖြင့် ရန်သူကို ထုတ်ပယ်ရာ၏၊ လက်တွင်းက ဆူးဖြင့် ခြေ၌ စူးသော ဆူးကို ထုတ်ပယ်သကဲ့သို့တည်း။

ဆရာစာဏကျ၏ သွန်သင် ချက်တို့ကား ဤသို့ စသည် ဖြစ်၏။ သူသည်စာဏကျဟူသောအမည်ဖြင့် ယင်းနီတိကိုစီရင်၍ ကောဋိလျဟူသော အမည်ဖြင့် အတ္ထ သတ္ထ ကျမ်းကို စီရင်ခဲ့၏၊ အတ္ထသတ္ထဟူသည်မှာ စီးပွါးရေးကျမ်းဖြစ်၏။ ယင်းကျမ်းကြီးမှာ သမိုင်းတွင် လွန်စွာထင်ရှားလျက် ပျောက်ဆုံး နေခဲ့ရာ နှစ်များ

မကြာမီကမှ ပြန်လည်တွေ့ရှိရ၍ နှစ်ပိုင်း အတွင်းမှာပင် ကမ္ဘာ့ဘာသာ အရပ်ရပ်တို့ဖြင့် ဘာသာ ပြန်ကြသည်၊ လူတို့သည် စန္ဒဂုတ်၏ မောရိယနိုင်ငံကို စိတ်ဝင်စားကြသည့် အတိုင်း ယင်းနိုင်ငံကြီးကို ပန္နက် ရိုက်ပေးသော အတ္တသတ္တ ကျမ်းကိုလည်း စိတ်ဝင်စားကြခြင်းဖြစ်၏၊ သူ၏ဝါဒမှာ ဦးပုည၏“ဘုရားအကြိုက်၊တရားလိုက်၏၊ လူ၌ အရေး ညံ့ချေမည်” ဟူသော စကားကဲ့သို့ပင် အောင်မြင်ရေးသည် ပဓာန ဖြစ်၏။

# စန္ဒဂုတ်

မြတ်စွာဘုရားထင်ရှားရှိတော်မူစဉ် ဝိဋ္ဋူဒဘသည် သကျသာကီတို့ကို ဖျက်ဆီးသောအခါ အချို့သောသကျတို့သည် ဟိမဝန္တာ၏အစပ်တောအုပ်၌ မြို့ရွာတည်ထောင်၍နေကြ၏။ ထိုအရပ်မှာ ဥဒေါင်းသံ၊ ကြိုးကြာသံတို့ဖြင့် နှစ်လိုမွေ့လျော်ဖွယ်ရှိသဖြင့် မောရိယမြို့ဟုတွင်၏။ ဟိန္ဒီစာပေတို့တွင်မူ ဟိမဝန္တာ၏ မောရတောင်ထွတ်အနီး၌ ရှိသောကြောင့် မောရိယတွင်ကြောင်းဖွင့်ဆိုကြ၏။

ထိုမောရိယမြို့၌ မင်းပြုသောမင်း၏ မိဖုရားသည် ကိုယ်ဝန်ရှိသောအခါ ပြည်နီးချင်းမင်းတပါးစစ်ပြုပြန်ကာ မောရိယမင်းကိုသတ်၍ မင်းအဖြစ်ကိုယူ၏။ ထိုအခါ မိဖုရားကြီးသည် ကိုယ်ဝန်စောင့်လို၍ မောင်းမတို့နှင့်တကွ မထင်ရှားသော အသွင်ဖြင့် မြို့မှထွက်ခဲ့၍ ပါဋလိပုတ်ပြည်သို့လာခဲ့သော် မြို့၏ အနီးရွာကြီးတခု၌ သားကိုဖွားမြင်၏။ ပင်ပန်းဆင်းရဲသော အခိုက်ဖြစ်၍ သားကိုမမွေးမြူလိုရကား သူငယ်ကို အိုးသစ်၌ ထည့်သွင်း၍ နွားခြံဝ၌ထားခဲ့၏။

နတ်တို့စောင့်မရကားစန္ဒမည်သော နွားလားဥသဘသည် တပါးသောနွားတို့မထွက်မီထွက်လာ၍ ကောင်းစွာစောင့်နေ၏။

နွားထိန်းသော ယောကျ်ားလည်း သတိုးသားကို မြင်သော် ချစ်ခင်စွာယူ၍ မွေးမြူ၏။ စန္ဒ နွားလား စောင့်သည်ကို အကြောင်းပြု၍ သူငယ်ကို'စန္ဒဂုတ္တ'ဟု ခေါ်ဝေါ်၏။

စန္ဒဂုတ္တသည်နွားကျောင်းသား အရွယ်ရှိသောအခါနွားထိန်းသမား၏ အဆွေဖြစ်သော မုဆိုးတယောက်က သားကဲ့သို့ချစ်ခင်လှသောကြောင့် နွားထိန်းထံမှတောင်းယူပြီး မိမိအိမ်၌ မွေးမြူထား၏။

စန္ဒဂုတ္တသည် မုဆိုးရွာ၌ နေ၍ သူငယ်တို့နှင့်ကစားကြသောအခါ မိမိသည်မင်းပြု၍ အခြားသူငယ်တို့ကို အိမ်ရှေ့မင်းအရာ, မှူးမတ်အရာတို့၌ထား၍ အချို့သော သူငယ်တို့ကို မင်းချင်းယောကျ်ားပြုစေ၍ အချို့သော သူငယ်တို့ကို ခိုးသူစသည်ပြုစေ၏။ ခိုးသူတယောက်ကိုမိ၍ မိမိထံ ဆက်လာသော် တရားစီရင်သော အမတ်တို့ကိုအပ်စေ၏။ တရားသူကြီး တို့က ပြစ်ရှိ-ပြစ်မဲ့ စစ်ဆေးပြီးလျှင် မင်းမှာလျှောက်လာကြ၏။

ထိုသို့သောအကြောင်းကို ဇာနက္က ပုဏ္ဏား ကြားသိတွေ့မြင်လေသော် "ဤသူငယ်သည် အံ့ဖွယ်သူရဲဖြစ်၏တကား" ဟု အားရဝမ်းသာဖြစ်လျက် မုဆိုးအား အသပြာတထောင်ပေး၍ "ဤသူငယ်ကို ငါဝေဒသင်အံ့" ဟု ဆို၍ ယူမွေး၏။ မိမိထံသို့ရောက်လျှင် တသိန်းတန် ရွှေတန်ဆာပြုလုပ်၍ နဝရတ်ကြိုးနှင့်သီပြီးလျှင် လည်၌ဆင်စေ၏။ ပဗ္ဗတသတိုးသားကိုလည်း ထိုနည်းပင်ဆင်၏။

မင်းသားနှစ်ပါးတို့လည်း ရှည်လျားစွာ ပုဏ္ဏား၏လက်၌ကြီး၍ အရွယ်ရောက်ပြီးသော် အသီးသီးအိပ်မက်မြင်ကြသဖြင့်

မိမိတို့၏ အိပ်မက်ကိုဆရာပုဏ္ဏားအား ပြန်ကြားသော် "ပဗ္ဗတကား မင်းမဖြစ်, စန္ဒဂုတ္တကား မင်းဖြစ်မည်"ဟု သိ၏။ သို့သော်လည်း မင်းသားတို့အား မည်သို့မျှမကြား, ဆိတ်ဆိတ်သာနေ၏။

တရံသောအခါ တခုသောတောခန်း၀၌ အိပ်ကြစေ၍ ဇာနက္ကပုဏ္ဏားသည် ရှေးဦးစွာနိုး၍ ပဗ္ဗတသတိုးသားကိုနိုးပြီးလက်၌ သန်လျက်ကိုထည့်၍ "စန္ဒဂုတ်၏ လည်တွင် ဆင်ထားသော တန်ဆာကြိုးကို မဖြေမချွတ် မဖြတ်ဘဲရအောင်ယူချေ" ဟု စေ၏။ ပဗ္ဗတလည်း ယူအံ့ဟုသွားသော် မဖြေမချွတ် မဖြတ်ဘဲကို မရသာဟုပြန်ခဲ့၏။

အခါတပါး၌ ထို့အတူ တော၌ အိပ်ကြပြန်သော် စန္ဒဂုတ္တကို "ပဗ္ဗတလည်၌ ဆင်သောတန်ဆာကို မဖြေမချွတ် မဖြတ်ဘဲရအောင်ယူချေ" ဟု စေပြန်၏။ စန္ဒဂုတ္တသည်း သန်လျက်ကိုင်ကာသွား၍ ပဗ္ဗတသတိုးသား အိပ်ရာအနီး၌ ထိုင်ပြီးသော် "ဤရွှေတန်ဆာကို မဖြေမချွတ် မဖြတ်ဘဲရအောင်ကိုကား ချင်း၏လည်ကိုဖြတ်မှသာ ရရာသည်"ဟု ကြံ၍ သန်လျက်ဖြင့် ပဗ္ဗတလည်ကိုဖြတ်၍ တန်ဆာကိုယူခဲ့၏။

ဆရာပုဏ္ဏားလည်း ဤအခြင်းအရာကိုမြင်သော် "ပညာရှိပေစွ၊ ရဲစွမ်းရှိပေစွ" ဟု ချီးမွမ်းလျက်ဆိတ်ဆိတ်နေ၏။ စန္ဒဂုတ္တလည်း အရွယ်သို့ရောက်သော် ဝေဒအဘတ်ကိုရင်း၊ ဆင်စီးမြင်းစီးစသော အဘတ်မျိုးတို့ကိုရင်း၊ သင်ကြား၍ အပြီးတိုင်တတ်မြောက်၏။ လုပ်ရည်ကြံရည်နှင့်လည်းပြည့်စုံ၏။

ထိုအခါ ဆရာဇာနက္က ပုဏ္ဏားက မိမိမြှုပ်ထားသော ရွှေငွေဥစ္စာတို့ကို ဆောင်နှင်း၍ ပြည်ကိုလုပ်ကြံရန် ဗိုလ်ပါကို

စုရုံးစေ၏၊ စန္ဒဂုတ္တလည်း တံစိုးပဏ္ဏာဖြင့် ရဲမက်ဗိုလ်ပါတို့ကို ပေါင်းသင်း၍ ဓနနန္ဒမင်းအား စစ်ပြု၏။ အစွန်အဖျားမြို့ရွာတို့ကတဆင့်စီး၍ တိုက်ဖျက်လေသောကြောင့် စန္ဒဂုတ္တ၏ ရဲမက်တို့ တပ်ပျက်စီး၏။

ထိုအခါ မင်းချင်းတို့ကို စနည်း- တဘောင်နားစေသော် မုံ့သည်မတယောက်သည် မုံ့လုပ်ရာ၌ သားငယ်ကို မုံ့တခုပေး၏။ သားငယ်သည် မုံ့ကိုအလယ်ကထွင်း၍စားရာ မစားနိုင်ဘဲ ချီတုံချတုံ ဖြစ်နေ၏။ ထိုအခါ အမေက "နင်မုံ့စားသည်မှာ စန္ဒဂုတ်မင်း ပြည်ထဲရေးကို လုပ်ကြံသည်နှင့် တူဘကား" ဟုဆို၏။

စနည်းနားသူတို့သည် ထိုစကားကိုစန္ဒဂုတ်နှင့် ဇာနက္ကအား ပြန်ကြားလေသော် "ဤအရေးဟုတ်လှပေသည်" ဟု တဖန် ဗိုလ်ပါတို့ကို စုရုံးပြန်၍ ပြည်စွန်၊ပြည်နားမှစ၍ တစ၊တစသိမ်းပြီးလျှင် ပုပ္ဖပုရပြည် ဓနနန္ဒ မင်းကြီးအား စစ်ပြု သဖြင့် မင်းအဖြစ်ကိုရ၏။

သို့သော် ဇာနက္ကပုဏ္ဏားသည် စန္ဒဂုတ်အား အဘိသိက်မသွန်းစေဘဲ ဓနနန္ဒမင်းခဲယဉ်းစွာ ဥစ္စာမြှုပ်နှံရာကို သိသောတံငါကြီးအား မင်းမြှောက်၏။ ထိုတံငါကြီးသည် မင်းဖြစ်သောအခါ ထိုဥစ္စာတို့ကို အကြွင်းအကျန်မရှိအောင် ဖော်ယူ၏။ ဖော်ပြီးသောအခါ ဇာနက္ကသည် တံငါမင်းကို ဖယ်ရှားပြီး စန္ဒဂုတ်အား ရာဇာဘိသေက ဘိသိက်ကိုခံစေ၍ ရာဇဓမ္မကို ကျင့်စေ၏။

ဤသည် တို့ကား ပါဠိ စာပေတို့တွင် ဖော်ပြသော ဇာတ်ကဝင်မင်း၏ အကြောင်းအရာ အတ္ထုပ္ပတ္တိဖြစ်၏။ ယခုခေတ် အင်္ဂလိပ်, ဟိန္ဒီဘာသာတို့၌ ဖော်ပြသောအကြောင်းအရာကိုမူ ဟိန္ဒီဘာသာ အိန္ဒိယ ဂ္ဂဟိဟာသမှကောက်နုတ် ပြန်ဆိုဖော်ပြပါမည်။

အိန္ဒိယနိုင်ငံသို့ ရှေးဦးစွာ ရောက်လာသော နိုင်ငံခြားသားမှာဂရိတ်တို့ဖြစ်၏။ခရစ်မပေါ်မီ ဘီစီ၃၂၇ခုနှစ်တွင် ဂရိတ်ပြည့်ရှင် ဘုရင်အလက်ဇန္ဒာသည် ဂရိတ်စစ်သည် ဗိုလ်ပါအလုံးအရင်းနှင့် အိန္ဒိယနိုင်ငံ အနောက်ဖက်ရှိ ဟိန္ဒူကုသျတောင်ကို ဖြတ်ကျော်ပြီး ပန်ဂျပ်ပြည်နယ်တွင်းသို့ ကျူးကျော်ဝင်ရောက်လာ၏။ ထိုအခါ အိန္ဒိယနိုင်ငံမှာ ဝါး အစည်း ပြေသကဲ့သို့ အစိတ်စိတ်အမွှာမွှာ ကွဲပြားပြီး သူတလူငါတမင်း အချင်းချင်းရန်စောင်လျက်ရှိကြရာ ရန်သူကိုစုပေါင်း တိုက်ခိုက်နိုင်စွမ်းမရှိကြ၊ ထိုတွင် သူ့ကျွန်အဖြစ်မခံလိုသော "ပေါရသ" အမည်ရှိသော မင်းသည် ဇေလမ်မြစ်ကမ်းပါးမှနေ၍ ရဲရင့်ပြင်းထန်စွာ ခုခံတွန်းလှန်၏။ စစ်မြေပြင်တွင် ပေါရသ၏ ဆင်သည် နောက်သို့ ဆုတ်ပြေးပြီးနောက် အဖမ်းခံရပြီး သူ၏သားတော်လည်း တိုက်ပွဲ၌ကျဆုံးသွား၏။

ထိုမှတပါး သံဃာလာ အဆက်အနွယ်ဖြစ်သော မဟာရာဇာနှစ်ဦးသည် အလက်ဇန္ဒာကို ရာဗိမြစ်ကမ်းမှ တားဆီး တွန်းလှန်ပစ်ရန် သဘောတူကြ၏။ သူတို့အချင်းချင်း မဟာမိတ်ခိုင်မြဲစေရန်အတွက်လည်း သူတို့၏ သားသမီးများကို အပြန် အလှန် ထိမ်းမြားဆက်စပ်ထားကြ၏။ သို့သော်လည်း ဘယ်သူ စစ်သေနာ

ပတိ ပြုလုပ်မည်နည်း ဟူသော ပြဿနာကြောင့် အလက်ဇန္ဒာ သည် လွယ်ကူစွာ ရှေ့သို့ဆက်ပြီး တက်နိုင်ခဲ့၏။

ဗျာသမြစ်သို့ ရောက်သောအခါ ဂရိတ်စစ်သည် ဗိုလ်ပါ တို့မှာ ခြေကုန်လက်ပန်းကျနေကြသဖြင့် ရှေ့သို့ ဆက်လက်ပြီး မချီတက်လိုကြဘဲ တွန့်ဆုတ်နေကြ၏။ အလက်ဇန္ဒာက အိန္ဒိယ နိုင်ငံမှ ရွှေငွေရတနာတို့ကို ရစေမည်ဟု ကတိပေးကာ အားပေး တိုက်တွန်းသော်လည်း ဆက်လက်ချီတက်ရန် ငြင်းဆန်နေကြ၏၊ ဤအတွင်းမှာ မုတ်သုံတွင် စစ်ပွဲအပြင်းအထန် ဖြစ်ကာ အများ အပြား ဒဏ်ရာရပြီး ကျဆုံးလေသဖြင့် အလက်ဇန္ဒာသည် ဆုတ် ခွာရန် ဆုံးဖြတ်လိုက်၏။ သို့သော်လည်း သူသည် အိန္ဒိယနိုင်ငံ အနောက်မြောက်ဖက် နယ်များအတွင်း မိမိတိုက်ခိုက်အောင်မြင် ခဲ့သော တိုင်းသေးပြည်ငယ် ခုနစ်သွယ်တို့ကို မြို့စားနယ်စားများ ခန့်ထားခဲ့သေး၏။

ထိုစဉ်တွင် အိန္ဒိယနိုင်ငံ၏ အတွင်းကျသော တိုင်းပြည် များအနက် မဂဓတိုင်းတွင် ဆတ္တာသည်၏ သားက 'မဟာပဒမ' ဟူသော ဘွဲ့တံဆိပ် နာမံကို ခံယူကာ မင်းလုပ်ပြီး အုပ်ချုပ်နေ ၏။ ထိုမင်း၏ အကြောင်းကား မဂဓတိုင်း ရှင်ဘုရင် နန္ဒ၏ မိဖုရားကြီးသည် ဆတ္တာသည်နှင့် ဖေါက်ပြားပြီး နန္ဒမင်းကြီး အား လုပ်ကြံကာ ဆတ္တာသည်ကို မင်းမြှောက်၏။ မဟာပဒမ သည် ယင်းဆတ္တာသည်မင်းနှင့် ရသော သားဖြစ်၏။ ထိုအခါ နန္ဒ မင်းမျိုးမှ ဖွားမြင်သော စန္ဒဂုတ်သည် ဆတ္တာသည်သား၏ ဘေး ရန်ကို ကြောက်၍ ရှောင်တိမ်းနေရ၏။

တနေ့သ၌ စန္ဒဂုတ်မင်းသားသည် မောပန်းသဖြင့် တော အတွင်းက သစ်ပင်ကြီးတပင်အောက်တွင် အိပ်နေ၏။ ထိုအခါ ခြင်္သေ့တစီးသည် သူ၏ အနားရောက်လာပြီး သူ၏ကိုယ်ကို လျှာဖြင့်ယက်နေ၏။ မင်းသားနိုးသောအခါ ခြင်္သေ့သည် သူ၏ အပါးမှ ထွက်ခွါသွားသည်ကို မြင်လိုက်ရ၏။ ထိုအခါ စန္ဒဂုတ်သည် လွန်စွာ အားရရွှင်လန်းလျက် အမှန်မုချ ငါ မင်းဖြစ်မည်ဟု အဓိဋ္ဌာန်ပြုလိုက်၏။

ဂရိတ်ရာဇဝင်ဆရာကြီး ပလူတပ်ကမူ စန္ဒဂုတ်သည် ဆတ္တာသည်၏သား ဘေးရန်ကို ရှောင်တိမ်းရင်း အိန္ဒိယနိုင်ငံ အနောက်မြောက်ဖက်သို့ ရောက်သွားပြီး ဂရိတ်ဘုရင် အလက်ဇန္ဒာနှင့် တွေ့ဆုံကာ အကူအညီ တောင်းကြောင်း ဖေါ်ပြ၏။ သို့သော်လည်း တစုံတရာ အကျိုးဖြစ်သည်ကို မတွေ့ရပါ။

စန္ဒဂုတ်သည် နီတိဆရာကြီးစာဏကျနှင့် တွေ့ဆုံ တိုင်ပင်ကာ လက်နက်ဗိုလ်ပါ စုဆောင်းပြီး မဂဓတိုင်းကို စတင် တိုက်ခိုက်၏။ အကြောင်းကား မဂဓတိုင်းတွင် အုပ်ချုပ်နေသော ဆတ္တာသည်၏ သားကို ပြည်သူတို့ မကြည် မဖြူ ဖြစ်နေကြ၏။ သို့ကြောင့် အလွယ်နှင့် ရလိမ့်မည်ဟု ယူဆ၏။ ယူဆသည့်အတိုင်းပင် စန္ဒဂုတ်သည် ဘီစီ ၃၂၃ ခုနှစ်တွင် မဂဓတိုင်း အလုံးကို သိမ်းကြုံးအုပ်ချုပ် မင်းလုပ်နိုင်ခဲ့၏။ ထိုနှစ်တွင် ဂရိတ်ဘုရင် အလက်ဇန္ဒာသည် ဗာဝိုလုံမြို့၌ ကွယ်လွန်ခဲ့လေပြီ။

အလက်ဇန္ဒာ ကွယ်လွန်ပြီးနောက်လည်း အိန္ဒိယနိုင်ငံ အနောက်မြောက်ဖက် နယ်များတွင် ဂရိတ် လူမျိုးများ မင်းမှု လျက်ပင် ရှိကြသေး၏။ စန္ဒဂုတ်သည် မဂဓတိုင်းကို အုပ်ချုပ်ပြီး

နောက် ထိုဂရိတ်တို့ကိုလည်း တိုက်ခိုက်ပြီး မောင်းထုတ်လိုက်၏။ သို့ဖြင့် သူပိုင်ဆိုင်သော နယ်မြေမှာအရှေ့ဖက် ဘင်္ဂလားပင်လယ်မှ အနောက်ဖက် အာရေဗျပင်လယ်သို့ရင်း, မြောက်ဖက် ဟိမဝန္တာတောင်မှ တောင်ဖက် နမ္မဒါမြစ်သို့ရင်း ကျယ်ဝန်းသွား၏။

ဘီစီ ၃၀၅ ခုနှစ်သို့ ရောက်သောအခါ အလက်ဇန္ဒာ၏ အမွေကို ဆက်ခံသော ဂရိတ်ဘုရင် ဆေလျူကသည် ဂရိတ်စစ်သည် ဗိုလ်ပါများနှင့် တကွ အိန္ဒိယနိုင်ငံ အနောက်မြောက်ဖက်ရှိ ပြည်နယ်များကို ပြန်လည် တိုက်ခိုက် သိမ်းပိုက်ရန် ပန်ဂျပ်ပြည် ဣန္ဒုမြစ်ကို ဖြတ်ကျော်ချီတက်လာပြန်၏။ ထိုအခါစန္ဒဂုတ်၏ အင်အားမှာ လွန်စွာ ကြီးမားနေသဖြင့် ဂရိတ်တို့မှာ အလူးအလဲ ခံလိုက်ကြရ၏။ ဂရိတ်ဘုရင် ဆေလျူကသည် စစ်ပြေငြိမ်းရန်အတွက် စန္ဒဂုတ်အား သမီးကညာ ဆက်ပြီးလျှင် မိမိတိုက်ခိုက် အောင်မြင်လာခဲ့သော ဘလူးချိစတန်ပြည်, အာဖဂန် နိစတန်ပြည် စသည်တို့ပါ ပေးအပ်လိုက်ရ၏။ စန္ဒဂုတ်ကလည်း ထိုဂရိတ်ဘုရင်အား ဆင်အစီးငါးရာ မေတ္တာလက်ဆောင် အဖြစ်ပြန်ပေး၏။

ထို့နောက် ဂရိတ်ဘုရင် ဆေလျူကသည် မေဂါထနိဇ် အမည်ရှိသော ပညာရှိတဦးကို ပါဋလိပုတ်ပြည်သို့ သံတမန်အဖြစ် ခန့်အပ်စေလွှတ်၏။ ထိုသံအမတ်ကြီးသည် အိန္ဒိယနိုင်ငံတွင် မိမိတွေ့ကြုံခဲ့ရသော အကြောင်းအရာတို့ကို ရေးမှတ်ခဲ့သဖြင့် နောက်နှောင်း လူတို့အတွက် များစွာပင် အသုံးဝင်၏။ ထိုမှတ်တမ်းအရ ထိုစဉ်အခါက ; ပါဋလိပုတ်နေပြည်တော်ကြီးမှာ လွန်စွာကြီးလှသဖြင့် ယုံကြည်ရန်ပင်ခက်၏။ သို့သော်လည်း ယခုအခါ ကျောက်

စာ၅ာနမှ တူးဖေါ်ရရှိသော သက်သေခံ အထောက်အထား များက ထိုမှတ်တမ်းကို ထောက်ခံနေကြ၏။

ပါဋလိပုတ်ပြည်သည် မြတ်စွာဘုရား သက်တော်ထင်ရှား ရှိစဉ်က အဇာတသတ်မင်း ဝဇ္ဇီတိုင်း ဝေသာလီပြည်ကို တိုက်ရန် အကြံရှိ၍ ခံတပ်မြို့ အဖြစ်အသုံးပြုခဲ့ဘူး၏။ ယင်းမြို့ကို ပုပ္ဖပုရ, ကုသုမပုရ, သိရိနဂရ ဟုလည်း ခေါ်ကြ၏။ ယခုအခါ ပဋ္ဋနာ ဟုခေါ်ကြ၏။

# ဗိန္ဒုသာရ

စန္ဒဂုတ်မင်းကြီးသည်နန်းစံ၂၄-နှစ်သာသနာ သက္ကရာဇ် ၁၈၆-ခုနှစ်တွင် အနိစ္စရောက်၍ သားတော် ဗိန္ဒုသာရမင်း ဖြစ်၏။ ဗိန္ဒုသာရမင်း၏ မယ်တော်ကား မထင်ရှား၊ မောရိယ ပြည်မှ မယ်တော်နှင့်အတူ ပုပ္ဖပုရ ပြည်သို့ ရောက်လာသော ဦးရီးတော်၏သမီးရင်းဖြစ်သည်ဟုဆို၏။ စန္ဒဂုတ် မင်းကြီးသည် ထိုမင်းသမီးကို မိဖုရား မြှောက်၏။ ထိုမိဖုရားမှ သားတော် ဗိန္ဒုသာရကို ဖွားမြင်ခြင်းဖြစ်၏။

ဗိန္ဒုသာရ မင်းကြီးကား ရာဇဝင်တွင် ထင်ရှား ကျော် ကြားခြင်းမရှိလှပါ၊ အကြောင်းကားလွန်စွာ ဘုန်းတန်ခိုးအာနု ဘော်ကြီးမားသော ခမည်းတော် စန္ဒဂုတ်မင်းကြီးနှင့်ထို့ ထက် သာလွန်ထင်ရှားသော သားသော် အသောကတို့၏ အလယ်တွင် ညှပ်နေ၍ဖြစ်၏။ သို့သော်လည်း သူသည် ခမည်းတော် စန္ဒဂုတ် မင်းကြီး ထူထောင်ခဲ့သော မောရိယနိုင်ငံတော်ကြီးကို ကောင်း စွာ ထိန်းသိမ်းထားနိုင်ရုံမျှမက ထိုနိုင်ငံတော်၏ တောင်ဘက်ရှိ နယ်များကိုချဲ့ထွင်နိုင်ခဲ့၏။

ဘီစီ ၂၇၀-ပြည့်တွင် ဂရိတ် ဘုရင် ဆေလျူကု ကွယ်လွန်၍ သူ၏သားတော် အန္တိက ဆက်ခံ၏။ ထိုအခါ

အန္တိကမင်းသည် ဒိမာကမည်သော ပညာရှိ တဦးကို သံတမန် အဖြစ်ဖြင့် ပါဋလိပုတ်သို့ စေလွှတ်ခဲ့၏။ ထို့အတူ အီဂျစ်နိုင်ငံကလည်းသံတမန်ဆက်သွယ်ခဲ့သည်။ ပါဋလိပုတ်ပြည်နှင့် ထိုနိုင်ငံများ အချင်းချင်း ဆက်သွယ်သောစာများ ယခုတိုင် ထင်ရှားရှိလျက် ထိုခေတ်က အခြေအနေတို့ကို ယခု လူတို့ လေ့လာနိုင်ခွင့်ရနေကြ၏။

ဗိန္ဒုသာရ မင်းကြီးမှာ မိဖုရားပေါင်း ၁၆-ပါးရှိ၍ ယင်းတို့မှ သားတော်ပေါင်း ၁၀၁-ပါး ထွန်းကား၏။ ထိုတွင် အကြီးဆုံး သားတော်မှာ သုမနအမည်ရှိသော မင်းသားကြီး ဖြစ်၏။ သို့သော်လည်း သူ၏ မယ်တော်ကား မထင်ရှား၊ အကြောင်းကား ထိုမင်းသားကြီးနှင့် ပတ်သက်၍ ရာဇဝင်တွင် ထင်ရှားသော အချက်အလက် မရှိသောကြောင့်ပင် ဖြစ်၏။ ဗိန္ဒုသာရ မင်းကြီး၏ သားတော် ၁၀၁-ပါးတို့တွင် အဆိုပါ သုမနမင်းသားကြီး၊ အသောကနှင့် တိဿ မင်းသား သုံးပါး အမည်သာသိရ၏။ ကြွင်းကျန်သော မင်းသားများနှင့် သူတို့၏ မယ်တော်များကို မည်သည့် စာပေ သမိုင်းတွင်မှ ဖော်ပြခြင်း မရှိကြ။ အသောကနှင့် တိဿမင်းသား၏မယ်တော်မှာစမ္ပာပြည်မှ ဗြာဟ္မဏတဦး၏ သမီးကညာ သုဘဒ္ဒနာဂီ ဖြစ်၏။ သူ့ကိုဓမ္မာဟူ၍လည်း ခေါ်ကြ၏။ သို့ကြောင့် သူ၏ သားတော်အကြီးဖြစ်သော အသောကကို မယ်တော်၏ အမည်နှင့် တွဲဖက်ပြီး ဓမ္မာသောကဟု ခေါ်ကြခြင်း ဖြစ်၏။ ဓမ္မာ၏ အသောကဟု ဆိုလိုခြင်းဖြစ်၏၊ ဤအကြောင်းနှင့် ပတ်သက်၍ ပါရာဇိကဏ်

အင္ဂုတ္တိုရ် နိဿျမှ ရွှေဥမင်ဆရာတော်၏ မှတ်ချက်ကို ကောက်နှုတ်ဖော်ပြပါဦးမည်။

ခမည်းတော် ဗိန္ဒုသာရ မင်းကြီး၏ သားတော်တို့ကား တရာ့တယောက်လျှင်ရှိ၏။ မောရိယပြည်၌ သာကီဝင်မင်းသမီး ဖြစ်သော ဓမ္မာဒေဝီ မိဖုရား၏ သားတော်တို့ကား အသောက တိဿဟူ၍ မင်းသား နှစ်ယောက်ရှိ၏။ ကြွင်းသော ညီတော် ကိုးကျိပ် ကိုးယောက် တို့ကား အမိပြားသည် ချည်းတည်း၊ ထိုအသောကမင်းသား ပဋိသန္ဓေနေသောအခါလျှင် ဓမ္မာဒေဝီ မိဖုရားအား ချင်ခြင်းငါးပါးဖြစ်သတည်း-

၁။ ။ခြေတဖက်ဖြင့် လဝန်းကို နင်း၍ ခြေဘဖက်ဖြင့် နေဝန်းကို နင်းချင်သည်လည်းတပါး။

၂။ ။ကောင်းကင်ထက်ကြယ်များကို စားချင်သည်သည်းတပါး။

၃။ ။ကောင်းကင်ကို မြေးသော တိမ်ပြာကို စားချင်သည်လည်းတပါး။

၄။ ။မြေထဲ၌ ကျစ်သော တီတို့ကို စားချင် သည်လည်း တပါး။

၅။ ။မြေပေါ် ရောက်သော သစ်ပင်တို့ကို စားချင်သည်လည်းတပါး။

ဤချင်ခြင်းငါးပါးဖြစ်သတည်း၊ ဗိန္ဒုသာရမင်းကြီးကား ထိုသို့သော ချင်ခြင်းတို့ကို ဥပါယ် တမည်တို့ဖြင့် ငြိမ်းကြောင်း ပြု၍ ငြိမ်းစေ၏။

မိဖုရား ဆရာ စရဏာဇီဝကကား အတတ်ပညာ အလိမ္မာနှင့် ပြည့်စုံသည်ဖြစ်၍မိဖုရားကို မှတ်စိမ့်သော့ငှာ ဆိုပေသတတ်။

"ဒါယိကာမ မိဖုရား ဖွား လတ် သော အခါ ယောကျ်ားဖွါးအံ့၊ မင်းလည်း ဖြစ်အံ့၊ မင်းဖြစ်တုံသော်လည်း နေဝန်းလဝန်းကို နင်းချင်သည်ကား ဇမ္ဗူဒီပါ ကျွန်းအပြင်၌ နေ-လသဖွယ် ထွန်းတောက်ပသော တရား့ တယောက်သော မင်းတို့ကို နှိပ်နင်းနိုင်သော မင်းဖြစ်လတ္တံ့သောနိမိတ်တည်း။ ကောင်းကင်ထက်ကြယ်တို့ကို စားချင် သည်ကား တဖသားချင်း ဖြစ်သော ညီတော်နောင်တော် မင်းသားတို့ကို သတ်လတ္တံ့သော နိမိတ်တည်း၊ တိမ်ပြာကို စားချင်သည်ကား ကောင်းကင်နှင့်တူသော သာသနာတော်၏ တိမ်နှင့်တူသော အညစ်အကြေး ဖြစ်သော မိစ္ဆာဒိဋ္ဌိတို့ကို ဖျောက်နိုင် အံ့သော နိမိတ်တည်း။ မြေထဲ၌ကျစ်သော တီကိုစားချင့်သည်ကား တယူဇနာတိုင်အောင် မြေကြီး၏ အထဲ၌ အာဏာစက် နှံ့လေရာသော နိမိတ်တည်း။ သစ်ပင်တို့ကို စားချင်သည်ကား အထက်ကောင်းကင်သို့လည်းတယူဇနာတိုင်အောင် အာဏာစက် နှံ့လတ်ရာသော နိမိတ်တည်း"။

ဤသို့ ပညာရှိသော မိဖုရား၏ ဆရာ စရဏာ ဇီဝက ဆိုပေ၏။ မိဖုရားလည်းထိုစကားကို ကြားသော် ရွှေပေ၌ရေး၍ ထားစေ၏။ "ဤသို့ ဆိုတိုင်း ဖြစ်သော အခါလျှင် ရတနာအတိ တန်ဆာဆင်သော ရွှေထမ်းစင်ဖြင့် ဆရာရှိရာ တင်လာစေ၍ ပူဇော်သက္ကာပြုအံ့" ဟူ၍ဆိုလိုက်၏။

မိဖုရားလည်း နေ့-ရက် စေ့လတ်သော် ဓမ္မာသောက မင်းသားကို ဖွါး၏။ တင်ထက် နေနိုင်သောအခါ ခမည်းတော် ဗိန္ဒုသာရ မင်းကြီး၏ တင်ထက်၌ နေစေ၍ ကစားစေ၏။ မင်းကြီးလက်တွင် ခရုသင်း လကျာ်ရစ်ကိုင်၍ နေစဉ် သတို့သားကား ကျင်သွားတည့်၏။ မင်းကြီးလည်း ခရုသင်းဖြင့် ကျင်ရည်ကို သတို့သား၏ ဦးထိပ်၌ သွန်းဘိ၏။ မိဖုရားလည်း ဆရာပညာရှိကို မေး၏။ ဆရာပညာရှိလည်း ယခုကပင် သားတော်ကို ကောင်းသောအဘိသိက် သွန်းသည်မည်၏။ မချွတ်လျှင် တကျွန်းလုံးကို အဘိသိက်ခံ၍ အစိုးရသော မင်းဖြစ်လတ္တံ့”ဟု ဆိုပေ၏။

ဗိန္ဒုသာရ မင်းကြီးကား သားတော် ဓမ္မာသောက မင်းသားအား အဝန္တိတိုင်း၌ ရာဇဌာနီဖြစ်သော ဥဇ္ဇေနီပြည်ကို ပေးသတတ်။ အခါတပါး “မောင့်ကြေးမှာနေလေ”ဟု လွှတ်ပေရကား ယူဇနာ တရာရှိသော ဥဇ္ဇေနီပြည်သို့ သွားလေသော် ခရီးအလတ် ယူဇနာ ငါးဆယ်ရှိသော အရပ်၌ ဝိဋ္ဍဒူပဘေးကြောင့် သာကီဝင်မင်းတို့ နေသော ဝေဒိသကပြည်သို့ ရောက်လေသော် ဝေဒိသက သူဌေးသမီး ဝေဒိသကဒေဝီကို ယူခဲ့၍ ဥဇ္ဇေနီပြည်၌ မင်း၏ စည်းစိမ်ချမ်းသာကို ခံစားလျက် မင်းပြု၏။

အခါတပါးသားတော် မဟိန္ဒမင်းသားကိုဖွား၏။ ဖဝါးခြေဖြင့် သွားတတ်လေပြီးသော် သမီးတော် သံဃမိတ္တာမင်းသမီးကို ဖွား၏။

ခမည်းတော် ဗိန္ဒုသာရမင်းကြီး သည်းစွာ နာသော အဖြစ်ကို ကြားရကား ဥဇ္ဇေနီပြည်မှ အလျင် ချီတက်ပြီးသော်

သား မယားတို့ကို ဝေဒိသကမြို့တွင် ထားခဲ့၍ ပါဋလိပုတ်ပြည်သို့ လျင်စွာ ရောက်လေရကား ခမည်းတော်ကို လုပ်ကျွေးခစားခြင်းပြု၍ ခမည်းတော်လွန်ခဲ့သော် ပြည်အလုံးကို လက်နက်မှု၍ မင်းပြုလေ၏။

ထိုအကြောင်းကိုကြား၍ နောင်တော် သုမန မင်းသားကား ကိုးကျိပ်ရှစ်ယောက်သော ညီတို့နှင့်တကွ သမုဒ္ဒရာ တံပိုးလှိုင်းဃရက်ကဲ့သို့ စစ်ကြီးစီရင်၍ ကပ်လေ၏။ အသောက မင်းကြီးကား စစ်မြေအရပ်သို့ ဝင်၍ နှိမ်နင်းလေရကား နောင်တော် သုမနမင်းကို ဖမ်း၍ သတ်စေ၏။

ဗိန္ဒုသာရမင်းကြီးသည် နန်းသက် စည်းစိမ် ၁၀ နှစ်၊ သာသနာသက္ကရာဇ် ၂၁၄ ခုနှစ်တွင် အနိစ္စရောက်၏ဟု မဟာဝင်၌ ဆို၏။ ထို့ပြင်လည်း ယင်းမဟာဝင်၌ "သိရိဓမ္မာသောကမင်းကြီးကား မိမိနှင့် တမိ တဖတည်း ဖြစ်သော ညီတော်တိဿကိုထား၍ တဖသားချင်းဖြစ်သော နောင်တော် ကိုးကျိပ်ကိုးယောက်ကို ဖျောက်၍ လေးနှစ်တိုင်တိုင် ဘိသိက်မခံဘဲ ပြည်ထဲရေးကိုသာ သုတ်သင် စီရင်လျက် သက္ကရာဇ် ၂၁၈ ခုရောက်သောအခါမှ ရာဇာဘိသေကကို ခံတော်မူ၏။ ညီတော် တိဿကုမာရကိုလည်း အိမ်ရှေ့ပေးတော်မူ၏" ဟု ဖွင့်ဆို၏။

ဗိန္ဒုသာရမင်းကြီး၏ နန်းစံသောနှစ်အဆိုအမိန့်တို့ကွဲပြားနေကြ၏။ ထိုတွင်သမန္တစက္ခုဒီပနီနှင့် ဝုန္ဒိယကြေးမုံ တို့မှာ နီးစပ်၏။ ထို့ပြင် အသောကမင်းသား နောင်တော်များကို သတ်ပစ်သည် ဆိုသောစကားကိုလည်း စဉ်းစားသင့်ပါသည်။ အရေးပါအရာရောက်သောသူ၏ ရန်သူမှာ သုမနမင်းသားကြီးသာဖြစ်၏။

သို့ကြောင့် ထိုမင်းသားကို ဖမ်းဆီးသတ်ဖြတ်ခြင်းကို နိုင်ငံရေးအရ ဆိုဖွယ်မရှိလှပေ။ နောင်တော် ၉၉ ဦးလုံးကို သတ်ဖြတ်ခြင်းမှာ ရက်စက်လွန်းရာ ရောက်၏၊ နိုင်ငံရေးတွင် ဤအဖြစ်မျိုးရှိတတ်သော်လည်း အသောကအတွက် ခြွင်းချက်ထားသင့်ပါသည်။ သူသည် လူသားများလည်းဖြစ်လျက် သွေးချင်း သားချင်းများဖြစ်သော နောင်တော်များကို မဆိုထားဘိ သားငှက်စသော တိရစ္ဆာန်များကိုပင် ကြင်နာထောက်ထား သနားညှာတာတတ်သူဖြစ်၏။ ထို့ပြင် လောဘဇောတိုက်၍ အများကိုပြုမိလျှင်လည်း အများကို ဝန်ခံတတ်သူဖြစ်၏။ ထိုအဖြစ်တို့ကို သူ၏ကျောက်စာများတွင် တွေ့နိုင်၏။ သို့ရာတွင် သူ၏ နောင်တော်များအား သတ်မိမှားခြင်းကို တစုံတရာ မတွေ့ရပေ၊ သားချင်းတို့အား ချီးမြှောက်ထောက်ပံ့ခြင်းတို့ကိုသာ တွေ့ရ၏။

အသောက၏သမိုင်းတွင်အရေးအကြီးဆုံး အထောက် အထားတို့မှာ သူရေးထိုးခဲ့သော ကျောက်စာတို့ဖြစ်၏။ သို့သော်လည်းအသောက၏ အကြောင်းအရာ အတ္ထုပ္ပတ္တိကို ပါဠိဘာသာဖြင့် မှတ်တမ်းတင်ကြသော ဒီပဝံ, မဟာဝံစသော သီဟိုဠ်စာပေတို့မှာ ထိုကျောက်စာများ အကြောင်း တစွန်း တစမျှ ဖော်ပြခြင်း မရှိကြပေ။ ထိုပါဠိ စာပေတို့ ဖြစ်ပေါ်ခြင်းမှာ ထို ကျောက် စာ များ အောက် နှစ် ပေါင်း ၆၀၀-လောက် နောက်ကျ၏။ ထိုစဉ်အခါက ထိုကျောက်စာတို့မှာ မြေအောက်မှာပင် နေကြသဖြင့် ပါဠိဆရာတို့သည် အသောက၏ အကြောင်းကို 'အနုပုဗ္ဗိကထာ' ခေါ် အစဉ်စကားဖြင့် ဖွင့်ဆိုကြ

ရ၏။ သို့ကြောင့် ယင်းအဖွင့်တို့ကို အဖြစ်မှန် ကျောက်စာတို့ဖြင့် နိုင်းယှဉ်ဘို့ လိုပါမည်။ မှားယွင်းမှုမည်သည် မည်သည့် မှားယွင်းမှုမျိုးမျှ မကောင်းပါ၊ သို့သော်သည်း အပြစ်ကျူးလွန်သူကို အပြစ်မဲ့ဟု မှားယွင်း ဆုံးဖြတ်ခြင်းထက် အပြစ်မဲ့သူကို အပြစ်ရှိဟု မှားယွင်းဆုံဖြတ်ခြင်းမျိုးက ပို၍ ဆိုးရွားပါသည်။ သို့ကြောင့် အသောကမင်း နောင်တော်များကို သတ်ပစ်သည် ဆိုသော စကားကို စဉ်းစား သင့်ခြင်းဖြစ်၏၊ သီဟိုဠ်ပါဠိဆရာတို့သည် ဝိန္ဒုသာရ ဟူသော အမည်ကိုလည်း ဇာတ်လမ်းဖြင့် မှတ်တမ်းတင်ကြပါသည်။

ဇာနက္ကပုဏ္ဏားလည်း စန္ဒဂုတ်မင်းအား စားတော်၌ ဆေးထည့်သော် အန္တရာယ် မပြုနိုင် စိမ့်သောငှာ စားတော်ဟူသမျှတို့၌ အနည်းငယ်အဆိပ်ရော၍ စားစေ၏။ တရံသောအခါ ထိုမိဖုရား၌ ရင့်ပြီးသော ကိုယ်ဝန်ရှိလျက် ရှေ့ခုနစ်ရက်ဆောက်လျှင် သားဖွားအံ့သောအခါတွင် မင်းကြီးစားတော်ခေါ်ရာ၌ တလုတ်မျှကို ယူ၍ ခံတွင်းသို့ သွင်းမျို၏။ မင်းကြီးလည်း "ထွေးလော့ ထွေးလော့"ဟုဆိုပါသော်လည်း မထွေးဘဲ မျို၍ လည်ချောင်းသို့ ဝင်လေ၏။ ဝင်ကြောင်းကိုသိလျှင် မိဖုရား၏လည်ကို သံလျက်ဖြင့်ခုတ်ဖြတ်၍ ဝမ်းမှ သားကို အမြွေးနှင့် တကွ ထုတ်၍ ဆိတ်မဝမ်းတွင်း ထည့်၏။ တနေ့လျှင် ဆိတ်မတကောင်လဲ၍ သားတော်ကိုအောင်းစေလျက် နေ့ရက်စေ့သော အခါမှ နို့ထိမ်းတို့ကို မွေးစေ၏။ မင်းသား၏ ကိုယ်သည် ဆိတ်မွေးတို့ဖြင့် ထိရကားအရေလွှာပါးတို့သည် အပိမ့်ပေါက်သောကြောင့် ထိုမင်းသားအား ဝိန္ဒုသာရဟူသော အမည်ကို မှည့်၏။

ယင်း စကားသည်လည်း အနုပုဗ္ဗိကထာပင် ဖြစ်မည်၊ ခိုင်လုံသော အခြား အထောက်အထားကို မတွေ့ရပါ၊ ဟုတ် မဟုတ်၊ မှန် မမှန်ကို ကျွမ်းကျင်သော ဆရာဝန်ကြီးများသာ ဆုံးဖြတ်နိုင်မည်။ ထိုမှတပါး စန္ဒဂုတ်မင်းကြီး သေကာနီးမှာ ရုတ်တရက် မသေနိုင်ဘဲ ဖုတ်ဝင်သည့် အကြောင်းကို ဖွင့်ဆိုကြပြန်၏။ ထိုစကားသည်လည်း ရှေ့နားက ဆိုခဲ့သော စကားနှင့် ဆက်စပ်ပြီး စဉ်းစားဖွယ်ဖြစ်၏။ ရှေ့နားက ဆိုခဲ့သော စကားမှာ "စန္ဒဂုတ်မင်းသည် မင်းအဖြစ်သို့ ရောက်လျှင် မိမိသိမြင်ဘူးသော ဆေးမန္တန်၌ လိမ္မာလှသော ပဏ္ဍိယတပ္ပမည်သော ရသေ့ကို ပင့်ခေါ်စေ၍ ထိုရသေ့အား အရာ အထူး ပေးပြီး လျှင် "သင်သည် ငါ၏ နိုင်ငံကို ရန်သူတို့ မကြံနိုင်စိမ့်သောငှါ အရံ အကာ စီရင်လော" ဟု ဆို၏။ ပဏ္ဍိယတပ္ပရသေ့လည်း ခိုးသား စသော ဘေးရန်မရှိ စိမ့်သောငှါ အထူးထူးသော အင်းမန္တန် ယန္တရားတို့ကို စီရင်လေ၏" ဟူသတည်း။

စန္ဒဂုတ်မင်းကြီးမှာ ဆရာကောင်း သမားကောင်းရှိနေပါလျက် ဖုတ်ဝင်ရသည်မှာ မလျှော်ကန်လှပါ၊ သေကာနီးအချိန်မှာ ထိုဆရာမရှိတော့၊ ထိုဆရာမွေးမြူထားသော သတ္တဝါကြီးများက စန္ဒဂုတ်မင်းကြီးအား ပူးဝင်ခြင်းဖြစ်သည်ဟု ဆိုလျှင်ကား ရှေ့နောက် ဆက်စပ်မိမည်၊ သို့သော်လည်း အခြား ခိုင်လုံသော အထောက်အထားလည်းမရှိသဖြင့် ဤသို့သော စကားစဉ်ကို မှတ်တမ်းမတင်ခြင်းသာကောင်း၏၊ တင်သဖြင့်လည်းအကျိုးကျေးဇူး မရှိသည့်ပြင် မောရိယနိုင်ငံတော်ကြီးကို တည်ထောင်တော် မူသောမင်းကြီး၏ ဂုဏ်သိက္ခာပင် ဆုတ်ယုတ်နိုင်သေး၏။

# ပျားကုန်သည်

ဘာဏီယသံဂါယနာတင်အဏ်ချင်းတွင် အသောကမင်းကို ဖွဲ့ဆိုရာ၌ "ရှေးကုန်သည်ဖြစ်၊ဘဝဇာတ်က၊ပျားနှစ်ရသာ၊ကုသိုလ်ပါ၍" ဟုပါရှိ၏။ ယင်းသည် အသောကမင်း၏ အတိတ်ဘဝက အဖြစ် အပျက်တခု ဖြစ်၏။ တိုဇာတ်လမ်းမှာ ယခု ပစ္စုပ္ပန်ဘဝတွင် အသောကမင်း၏ အတ္ထုပ္ပတ္တိနိဒါန်းသဖွယ်ဖြစ်နေပါ၍ ပါရာဇိကဏ် အဋ္ဌကထာ နိဿျမှ မှတ်ချက်ကို အပြည့်အစုံပင် ကောက်နှုတ်ဖော်ပြပါမည်။

ရှေးသောအခါ၌ ပျားကုန်သည် ညီအကို သုံးယောက် ဖြစ်သတတ်၊ အကိုနှစ်ယောက်ကား တောမှာ ပျားဆောင်ချေ၍ ညီငယ်ကားနေ၍ရောင်းလင့်၏။

ထိုအခါ ဂန္ဓမာဒန တောင်၌ နေသော အရှင်ပစ္စေကဗုဒ္ဓါတပါး လေအနာရှိ၍ ပျားရည်ခံအံ့သောငှာ အရှင်ပစ္စေကဗုဒ္ဓါတပါး ဗာရာဏသီပြည်သို့ဝင်လေ၏။

အိုးထိန်းကျွန်မ သတို့သမီးတယောက် ရေခပ်အံ့သောငှာ ဆိပ်သို့ သွားလေသော် ဝမ်းမြောက်ဝမ်းသာ သဒ္ဓါကြည်ညိုစွာ

ဖြစ်၍ "ဤမည်သောအရပ်၌ ပျားကုန်သည်တို့ နေကုန်၏"ဟု လက်ညွှန်၍ကြားလိုက်ပေ၏။

အရှင်ပစ္စေကဗုဒ္ဓါလည်း ပျားကုန်သည်ရှိရာ အရပ်သို့ သွား၍ ရပ်တော်မူလေ၏။ ပျားကုန်သည် လုလင်လည်းအရှင် ပစ္စေကဗုဒ္ဓါရပ်သည်ကို မြင်လတ်သော် အလွန် ဝမ်းမြောက် ဝမ်းသာဖြစ်၍ လာကြောင်းကိုမေး၏။ အရှင်ပစ္စေကဗုဒ္ဓါလည်း ဆိုတော်မူပေ၏။ လုသင်လည်း သပိတ်တော်ကို ယူပြီးသော် အထက်သို့လည်း စုံ့စုံ့-ဖြိုးဖြိုး အောက်သို့လည်း မြေ၌ ယိုစိမ့် အောင် ထည့်၍လှူပြီးသော် "ဤသို့ အရှင်ပစ္စေကဗုဒ္ဓါအား အထက်သို့လည်း စုံ့စုံ့-ဖြိုးဖြိုး တက်အောင်, အောက်သို့လည်း ယိုစီးအောင် ပျားရည်လှူရသော အကျိုးအားဖြင့် ဤဇမ္ဗူဒိပ် ကျွန်း၌ နေခင်သောအခါ ကေရာဇ်မင်း ဖြစ်၍ အထက်ကောင်း ကင်သို့လည်း တယူဇနာ, အောက်မြေကြီးထဲသို့လည်း တယူဇနာ အာဏာစက်နှံ့နိုင်သောမင်းဖြစ်ချင်သော"ဟု ဆုတောင်း၏။

အရှင်ပစ္စေကဗုဒ္ဓါလည်း "ဒါယကာ တောင်းသောဆု ပြည့်စေသော"ဟုအနုမောဒနာပြု၍ သွားတော်မူလေ၏။

ပျားကုန်သည်တို့ရှိရာ ညွှန်လိုက်သော သတို့သမီးလည်း အရှင်ပစ္စေကဗုဒ္ဓါကို မေးလင့်၏။ အရှင်ပစ္စေကဗုဒ္ဓါလည်း ပျားရည် ရခဲ့သော အကြောင်း ကိုလည်း ပြန်ပေ၏။ လုလင် ဆုတောင်းသော အချင်းအရာကို မေးသောကြောင့် ပြန်တော် မူ၏။သတို့သမီးလည်းအလွန်ကြည်ညိုစွာဖြစ်၍ ဝတ်သောပုဆိုးကို လှူပြီးသော် "အရှင် ပစ္စေကဗုဒ္ဓါအား ဤပုဆိုး လှူရသော

အကျိုးအားဖြင့် နောင်သော အခါ ထိုလုလင် မင်းဖြစ်မူကား ကျွန်ုပ်လည်းထိုမင်း၏မိဖုရားလျှင်ဖြစ်ချင်၏”ဟု ဆုတောင်း၏။

အရှင်ပစ္စေကဗုဒ္ဓါလည်း ‘ဒါယိကာမ တောင်းတိုင်းပြည့်စေသော’ ဟု အနုမောဒနာပြုပြီးသော် ဂန္ဓမာဒန တောင်သို့ သွားတော်မူလေ၍ အရှင်ပစ္စေက ဗုဒ္ဓါတပါးအား ဆေးပြုလေ၏။

လုလင်လည်း ညီအကိုနှစ်ယောက်တောမှ လာလတ်သော် အကိုတို့စိတ်ကြည်စေကုန်၏။ ‘ငါ့အဘို့ အကိုတို့အဘို့ကို ပစ္စေကဗုဒ္ဓါ၏ သပိတ်တော်ကို ပြည့်စေလျက်လှူလိုက်၏’ဟု ပြန်ပေ၏။

အကိုအကြီးကား အမျက်လို၍ “ဒွန်းစဏ္ဍားတို့ကား ဖန်ရည်စွန်းသော ပုဆိုးကို ဝတ်ကုန်သည်ချည်း။ ပျားကိုခံ၍ သွားလေသောသူကား ဒွန်းစဏ္ဍားဖြစ်သည်တမုံ့” ဟု ဆိုဘိ၏။

အကိုလတ်လည်း အမျက်လို၍ “နင့်ပစ္စေကဗုဒ္ဓါကို ကိုင်၍ သမုဒ္ဒရာတဖက်သို့ ပစ်ရှာလေလော့”ဟု ဆိုဘိ၏။

နောက်ပြီး ညီဆိုသော အလှူ၏အကျိုးနှင့် စပ်သော စကားကိုကြားလတ်ပြီးသော် ဝမ်းမြောက်ဝမ်းသာ ဖြစ်ကုန်၏။

ထိုကုန်သည် သုံးယောက်တို့တွင် ညီအငယ်ကား ဓမ္မာသောကမင်းကြီးဖြစ်လာ၏။ အိုးထိန်း ကျွန်မ သတို့သမီးကား အသန္ဓိမိတ္တာမိဖုံရားဖြစ်၍ ကရဝိတ်ငှက်မင်း၏ အသံကို ကြားကာမျှတည်း ဘုရားမြတ်စွာ အသံတော်၌ အာရုံပြု၍ မရက်-မစက် မြတ်နိုး-တနာ ရှိသေစွာလျက် အသင့်အားဖြင့်နှလုံးသွင်း မိလေရကား ကိုယ်လုပ်ခုနစ်ရာနှင့်တကွ အကျွတ်တတန် သောတာပန်အဖြစ်သို့ရောက်လျှင်လေ၏။ ထိုမိဖုံရားကား ကောင်းခြင်း

ငါးပါးတို့ဖြင့် အလှန် တင့်တယ်ရကား ရိုးဆစ် နိမ့်မြင့်ကိုမျှ မထင်ရှ် အသန္ဓိမိတ္တာဟုတွင်သည်ဟူ၏။

"နင့် ပစ္စေကဗုဒ္ဓါကို သမုဒ္ဒရာဘဖက်သို့ ပစ်ရှာလေ လော့" ဟု ဆိုမိသော အကိုလတ်ကား သမုဒ္ဒရာဘဖက် သိန်း သိုင်္ဃကျွန်း၌ တန်းခိုး အာနုဘော်ကြီးစွာသော ဒေဝါနံ ပိယ တိဿ မင်းကြီးဖြစ်လာ၏။

အကိုအကြီးကား "နင့် ပစ္စေကဗုဒ္ဓါ ဒွန်းစဏ္ဍားဖြစ်မည် တမုံ့" ဟု ဆိုမိပေရကား ဒွန်းစဏ္ဍားရွာ၌ဖွားသော နိဂြောဓ သာမဏေဖြစ်လာသတည်း။

အသောကမင်း၏ မင်းသားဘဝက မိဖုရားမှာ ဝေဒိ ဿကဒေဝီဖြစ်၏။ ထိုမိဖုရားသည်သားတော် မဟိန္ဒနှင့် သမီး တော် သံဃမိတ္တာကို ဖွားမြင်ခဲ့၏။ အသောကမင်းသား မင်း အဖြစ်သို့ရောက်သောအခါ ဝေဒိဿကဒေဝီသည် သားနှင့်သမီး ကိုသာ ပါဋ္ဋလိပုတ်ပြည်သို့ စေလွှတ်လိုက်ပြီး ကိုယ်တိုင်ကား ဝေဒိဿကပြည်တွင် မိဘများနှင့် နေရစ်၏။ အကြောင်းကား အသောကမင်းသည် အသန္ဓိမိတ္တာကို မိဖုရားကြီးအရာ မြှောက် စားထားသောကြောင့်ဖြစ်၏။ အသောကမင်းကြီးတွင်ဝေဒိဿက ဒေဝီနှင့်အသန္ဓိမိတ္တာမှတပါး အခြားသော မိဖုရားများလည်း ရှိသေး၏။

ထိုမိဖုရားများရှိကြောင်းကို သူ၏ ကျောက်စာများတွင် တွေ့နိုင်၏။ ပါဠိစာပေတို့တွင်ကား ထိုမိဖုရား နှစ်ပါးကိုသာ သာမညဖေါ်ပြကြ၏။ မိဖုရားကြီးအသန္ဓိမိတ္တာမှာမူ အတိတ်

အကြောင်းသာထင်ရှား၍ အရေးကြီးသော ပစ္စုပ္ပန်အကြောင်းမှာ မထင်မရှားဖြစ်နေ၏။

အသောကသည် မင်းဖြစ်သောအခါ မယားကြီးဖြစ်သော ဝေဒိဿကဒေဝီကို မိဖုရားမမြှောက်ရုံသာမက, သူ၏ သားနှင့်သမီးကိုလည်း ထီးမွေနန်းရုံဆက်ခံခွင့် မပေးသည့်ပြင် ရဟန်းပြုစေပြီး သာသနာ့အမွေခံလုပ်သည်မှာ လောကီကြောင်းအနေဖြင့်ကား မကောင်းလှပါ၊ ထိုမှတပါးသော သားတော်နှင့်သမီးတော်တို့ကိုပါ ရဟန်းပြုစေပါလျှင် အလွန်ကောင်းမည်။ အသန္ဓိမိတ္တာမှာ သောတာပန်ဖြစ်နေပြီဖြစ်၍ ရဟန်းပြုစေရန် ခက်လှမည်မဟုတ်ပါ၊ သူ့ကိုပါရဟန်းစေပြုလျှင် သား သမီးနှင့်မယားကိုပါ ရဟန်းပြုစေသော မင်းကြီးအဖြစ်နှင့် ရှင်ပြု ရဟန်းခံတရားမှာ အထောက်အထားပြုနိုင်မည်။ အသောကကျောက်စာတို့၌ကား ထိုအကြောင်းအရာတို့သည် အရေးတကြီးပါဝင်ခြင်းမရှိကြပါ၊ သို့သော်လည်း ပါဠိစာပေ အစီအစဉ်မှာ ပျားကုန်သည် ညီအကိုသုံးဦးသည် ဗုဒ္ဓသာသနာအတွက် ပန္နက်သဖွယ်များဖြစ်ကြ၏။

အကိုကြီး နိဂြောဓသာမဏေသည် အသောကမင်းကို ဗုဒ္ဓသာသနာတွင်းသို့ ရောက်အောင် သွေးဆောင်ခေါ်ယူ၏။ အကိုလတ် သီဟိုဠ်မင်းသည် အသောကမင်းဖြန့်ချိသော ဗုဒ္ဓသာသနာကို အရှေ့အာရှ တောင်ပိုင်းတွင် ပြန့်နှံ့စေခဲ့၏။ ပျားကုန်သည် ဇာတ်လမ်းဖြစ်ပေါ်ခြင်း၏ မူရင်းကို ထိုမှတပါး အခြားတွင် မတွေ့မမြင်ရသော်သည်း ထိုသူသုံးဦးတို့၏ စွမ်းဆောင်မှုကြောင့် ကမ္ဘာပေါ်တွင် ဗုဒ္ဓသာသနာ ထွန်းလင်း

တောက်ပနေသည်မှာ အထင်အရှားပင်ဖြစ်၏။ အချို့သော အနုပုဗ္ဗိကထာတို့မှာ ဒဏ္ဍာရီဆန်သော်လည်း အဖြစ်မှန် ပေါ်တွင် တည်ရှိနေတတ်၍ ယင်းတို့ကိုလျစ်လျူရှု၍ မဖြစ်ပါ။ ပဲ့တင်သံ၏သဘောမျိုးပင်ဖြစ်၏။ ပဲ့တင်သံမှာ ပကတိအသံ မဟုတ်သော်လည်း မူလအသံနှင့် ဆက်စပ်နေ၏။ ထို့အတူ အနုပုဗ္ဗိကထာတို့လည်း အဖြစ်မှန်နှင့် ဆက်စပ်နေတတ်ကြ၏။

# နိဂြောဓသာမဏေ

အသောကမင်းသားသည် သုမနအမျိုးရှိသော နောင်တော် ၉၉ ယောက်တို့ကိုဖျောက်ဖျက်ပစ်လိုက်၏။ ထိုအကြောင်းကို သုမနမင်းသားကြီး၏ မိဖုရားသုမနဒေဝီ ကြားလေလျှင် ကိုယ်ဝန်အရင့်အမာနှင့်တကွ မထင်ရှားသောအသွင်ဖြင့်ပြေး၏။ မနီးမဝေးဒွန်းစဏ္ဍားရွာသို့ရောက်လျှင် ထိုရွာ၏အနီး ပညောင်ပင်ကြီး၌ စောင့်သောနတ်က သုမနဒေဝီအား "ဤသို့လာလော့" ဟု ခေါ်၏။ မိဖုရားချဉ်းကပ်လေလျှင် ဇရပ်တခုကို ဖန်ဆင်း၍ နေစေ၏။

သုမနဒေဝီလည်းဇရပ်သို့ ရောက်သော နေ့၌ပင်လျှင် သတို့သားကို ဖွားမြင်၏။ ထိုသားအား ပညောင်ပင်စောင့်နတ် မသည်ကိုအကြောင်းပြု၍ နိဂြောဓလုသင်ဟု သမုတ်၏။ နိဂြောဓ ဟူသည် ပညောင်ပင်ကိုဆိုလိုသည်။

ဒွန်းစဏ္ဍားအကြီးလည်း ထိုမိဖုရားကို မြင်သည့်နေ့မှစ၍ မိမိ၏အရှင့်သမီးကဲ့သို့ မှတ်လျက်လုပ်ကျွေးပြုစု၏။

နိဂြောဓသတို့သား ခုနှစ်နှစ်အရွယ် ရောက်လတ်သော် မဟာဝရုဏမည်သော ရဟန္တာသည် သူငယ်၏ရဟန္တာ ဖြစ်အံ့

သော အကြောင်းကိုမြင်၍ သုမနဒေဝီအားတရားစကားဟော ကြားဆုံးမပြီးလျှင် သတို့သားကိုယူ၍ ရဟန်းပြုစေ၏။ နိဂြောဓ လုလင်လည်း ဦးခေါင်းရိတ်စဉ်ပင် တစပဉ္စက ကမ္မဋ္ဌာန်းကို ဆရာရဟန်းသင်ကြားသဖြင့် သင်ခုန်းထား၏အဆုံး၌ပင် ရဟန္တာ အဖြစ်သို့ရောက်လေ၏။

တစပဉ္စက ကမ္မဋ္ဌာန်းဟူသည်မှာ အခရလျှင် ငါးခု မြောက် ဖြစ်သော ကမ္မဋ္ဌာန်းဖြစ်၏။ (၁) ကေသာ-ဆံပင်၊ (၂) လောမာ-အမွေး၊ (၃) နခါ-ခြေသည်း- လက်သည်း၊ (၄) ဒန္တာ-သွား၊ (၅) တစော-အရေ၊ ယင်းငါးပါးကိုပင် တစပဉ္စက ကမ္မဋ္ဌာန်းဟုခေါ်၏။ "သင်၏ကိုယ်၌ရှိသောအရာတို့ သည် အဘယ်သည်တို့နည်း။ သင်သည်ဘယ်အရာကိုငါဟု ယူဆ နေသနည်း။ဆံပင်, အမွေး, ခြေသည်း, လက်သည်း, သွား,"အရေ တို့ကိုပင် ငါဟုယူဆနေ၏။ သင်၏ငါမှာ ယင်းတို့ပင် မဟုတ် ပါလား" ဟု သင်ကြားပေးခြင်းဖြစ်၏။

တနေ့သ၌ နိဂြောဓသာမဏေသည် နံနက်အခါ ဆရာ တို့၌ ပြုထိုက်သောဝတ်ကိုပြုခဲ့ပြီး၍ သပိတ်သင်္ကန်း ပြင်ဆင် လျက် မယ်တော်အိမ်သို့ဆွမ်းခံအံ့သောငှာ မြို့၏တောင်မျက်နှာ မှ ဝင်လာ၍ အရှေ့မျက်နှာသို့ ရှေးရှုသွား၏။ မယ်တော်၏ အိမ်ကား မြို့၏အရှေ့မျက်နှာ၌ရှိ၏။

ထိုအခါ အသောက မင်းလည်း လေသာနံရံတံခါး၀၌ ရပ်၍ အရှေ့ အရပ်သို့ မျှော်နေစဉ်မင်းရင်ပြင်သို့ ဖြတ်သန်း၍ လာသော နိဂြောဓသာမဏေကိုမြင်လျှင် ဤသို့ဆင်ခြင်၏။

"မြင်မြင်သမျှသောလူအပေါင်းကား မတည်ကြည်သော နှလုံးရှိ၏။တုန်လှုပ်လျှပ်ပေါ်သောဣန္ဒြေလည်းရှိ၏။ ကျော့ကွင်း၌မိသော သမင်ကဲ့သို့ငှင်း။ ကျီး၏မျက်နှာကဲ့သို့ငှင်းရှိ၏။ ဤနန်းရင်ပြင်ဖြင့် သွားသော သူငယ် မူကား အလွန် တည်ကြည်သော ဣန္ဒြေရှိ၏။ ရှေ့သို့တက်ခြင်း, နောက်သို့ဆုတ်ခြင်း, တူရူကြည့်ခြင်း,တစောင်း ကြည့်ခြင်းတို့သည် မရှိပေ၊ လက်ခြေတို့၏ကွေးခြင်း,ဆန့်ခြင်းစသောအမူအရာသည်သိမ်မွေ့စွတကား၊ဤသူငယ်၏ကိုယ်တွင်း၌မြတ်သောတရားရှိငပရာ၏"။

ဤသို့ ကြံပြီးလျှင် မင်းကြီးသည်သာမဏေကို အားကြီးသော မြတ်နိုး ခြင်းရှိသည်ဖြစ်၍ "မြန်စွာ လိုက်၍ ပင့်ချေ"ဟု အမတ်တို့ကိုစေ၏။

သာမဏေသည် ပြကတေ့သော လာခြင်းဖြင့်သာလာ၍ မင်းအိမ်သို့ တက်မိ လေသော် "သင်နှင့် လျော်သော နေရာ၌ နေလော့"ဟုမင်းကြီးမိန့်တော်မူ၏။

သာမဏေလည်း ထီးဖြူ အုပ်သော ရာဇပလ္လင်ထက်သို့ တက်အံ့သောအခြင်းအရာကိုပြုလျက်မင်းကြီး၏ လက်သို့သပိတ်ကို ကမ်း၏။

မင်းကြီးလည်း ထိုအခြင်းအရာကို မြင်လျှင်"ဤရှင်သာမဏေငယ်သည် ယနေ့ငါ၏အိမ်တော်အလုံး၌ အရှင်ဖြစ်လတ္တံ့" ဟုကြံ၍သပိတ်တော်ကိုလှမ်း၏။

"သာမဏေ သင်၏ အမျိုးအနွယ်ကား အဘယ် သူ၏ အမျိုးအနွယ်နည်း"

"ငါ၏အမျိုးအနွယ်ကား သဗ္ဗညုဘုရား၏အနွယ်တည်း"

"ဘယ်သူ၏ အဆုံးအမကိုခံသနည်း"
"ထိုဘုရားရှင် အဆုံးအမကိုခံသင့်ပါသည်"
"သင်၏အယူကား အဘယ်သို့ယူသနည်း"
"ငါ၏အယူလည်း ဘုရားသခင်တို့ ပျော်စံရာ နိဗ္ဗာန်ကို အာရုံပြုသည်"
"သင်တို့ဆရာ မြတ်စွာဘုရား၏ အဆုံးအမကို သိလျှင် ငါ့အားကြားပါ"

ထိုအခါသာမဏေသည်ဓမ္မပဒပါဠိတော်၌ မြတ်စွာဘုရားဟောကြားတော်မူသောအပ္ပမာဒဝဂ်ကိုဟောကြားတော်မူ၏။

မမေ့-မလျော့ ခြင်းသည် မသေ ခြင်း၏ အကြောင်းတည်း၊ မေ့လျော့ခြင်းသည် သေခြင်း၏ အကြောင်းတည်း။ မမေ့-မလျော့သော သူတို့သည် သေသည် မမည်ကုန်၊ မေ့လျော့ သူတို့သည် သေသည် မည်ကုန်၏။

မမေ့ မလျော့သော ပညာရှိ တို့သည် ဤသို့ အထူးအခြားကိုသိ၍မမေ့ မလျော့သော သတိတရား၌ ရွှင်လန်းဝမ်းမြောက်ကုန်လျက် အရိယာတို့၏ကျက်စားရာ၌ မွေ့လျော်ကြ၏။

ထိုပညာရှိတို့သည် ရှို့မြှိုက် ကြပြီးလျှင် အမြဲမပြတ် လုံ့လပြုကြ၍ မတွန့်မဆုတ် အားထုတ်ကြလျက် ယောဂကုန်ရာ အတုမဲ့နိဗ္ဗာန်သို့ရောက်ကြ၏။

ထကြွလုံ့လရှိသူ၊ သတိရှိသူ၊ ကံသုံးပါး စင်ကြယ်သူ၊ စူးစမ်း၍ပြုလေ့ရှိသူ၊ စောင့်စည်းသူ၊ တရားသဖြင့်

အသက်မွေးသူ့ မမေ့လျော့သူအား အခြံအရံအကျော် အစောတိုးပွါး၏။

ထကြွ လုံ့လနှင့် ၎င်း၊ မမေ့ မလျော့ခြင်းနှင့် ၎င်း၊ စောင့်စည်း ခြင်းနှင့်၎င်း၊ ဆုံးမ ခြင်းနှင့်၎င်း၊ ပြည့်စုံသောပညာရှိသည် သမုဒြာ၌ မှုခိုရာကျွန်း ပြုလုပ်ရာ၏။ယင်းကျွန်းကိုရေယဉ်မဖျက်ဆီးနိုင်။

ပညာမဲ့၍ မိုက်သောသူတို့သည်မေ့လျော့မှုကို အားထုတ်ကြ၏။ ပညာရှိကား မမေ့ မလျော့ခြင်းကို အမြတ်ဆုံးဥစ္စာကဲ့သို့ စောင့်ရှောက်၏။

ထို့ကြောင့်မေ့လျော့မှုကို အားမထုတ်ကြလင့်၊ ကာမတို့၌မွေ့လျော်မှုဟုဆိုအပ်သော တဏှာနှင့်အကျွမ်းဝင်မှုကို အားမထုတ် ကြလင့်၊ အဘယ်ကြောင့်ဆိုသော် စျာန်ဖြင့် ရှု့မြိုက်တတ်သူသည် မြတ်သော ချမ်းသာသို့ ရောက်နိုင်သောကြောင့်တည်း။

ပညာရှိသည် မေ့လျော့ မှုကို မမေ့ မလျော့မှုဖြင့် ပယ်ဖျောက်၏။ စိုးရိမ်မှု ကင်းသူသည် ပညာပြာသာဒ်ထက် တက်၍စိုးရိမ်သူတို့ကိုကြည့်ရှု၏။ တောင်ထိပ်ပေါ်ကလူသည် မြေပြင်က လူတို့ကိုကြည့်ရှုသကဲ့သို့ ပင်တည်း။

လျင်မြန်သော မြင်းသည် ခွန်အား နည်းသော မြင်းကို ချန်ထား၍သွားသကဲ့ မေ့လျော့သူ အပေါင်းတို့တွင် မမေ့ မလျော့သော ပညာရှိသည် ချန်ထား၍

သွား၏။ နိုးကြားခြင်းမရှိသူတို့တွင် နိုးကြားသူသည်စွန့်၍ သွား၏။

မာဃလုလင်သည် မမေ့ မလျော့ ခြင်းကြောင့် နတ်တို့၏ အထွတ်အထိပ်သို့ရောက်၏။ မမေ့ မလျော့ ခြင်းကို ချီးမွမ်းကုန်၏။ မေ့လျော့ခြင်းကိုအခါ ခပ်သိမ်း ကဲ့ရဲ့အပ်၏။

မီးသည် ကြီးငယ်မရှောင် လောင်စာ ဟူသမျှကို လောင်ကျွမ်းသကဲ့သို့ မမေ့ မလျော့မှု၌ မွေ့လျော်၍ မေ့လျော့မှု၌ဘေးဟုရှုလေ့ရှိသောရဟန်းသည်ကြီးငယ် မဟူ သံယောဇဉ် အားလုံးကို လောင်ကျွမ်း စေလျက် သွား၏။

မမေ့လျော့မှု၌ မွေ့လျော်၍ မေ့လျော့မှု၌ ဘေးဟု ရှုလေ့ရှိသောရဟန်းသည် ဆုတ်ယုတ်ရန်မထိုက်၊ နိဗ္ဗာန်၏ အနီး၌သာ ဖြစ်၏။

အသောကမင်းကြီးလည်းနိဂြောဓ သာမဏေအား ပုထုဇဉ်တို့၏ ကြည်ညိုခြင်းထက် လွန်စွာ သဒ္ဓါကြည်ညိုတော်မူ၏၊ သာမဏေလည်း ပရိသတ်နှင့်တကွ မင်းကြီးအား သရဏဂုံ သုံးပါးနှင့် ငါးပါးသီလ၌ တည်စေ၏။ မင်းကြီးလည်း သံဃာတို့ နေစိမ့်သောငှါ အသောကာရာမ အမည်ရှိသော ကျောင်းကို ဆောက်စေ၍ ရဟန်းသံဃာတို့အား ဆွမ်းဝတ်နှင့်တကွ နေ့စဉ် လှူတော်မူ၏။

ပါဠိစာပေတို့၏ အဆိုအမိန့်တို့မှ ကောက်နုတ် ဖော်ပြခြင်းတို့ ဖြစ်ပါသည်။ သို့သော်လည်း အလုံးစုံ အကုန် မဟုတ်ပါ၊ ယခုခေတ်အနေဖြင့် ယုံကြည်နိုင်ရန် ခက်ခဲသော အကြောင်းအရာတို့နှင့် မင်းနှင့် သံဃာတို့၏ ဂုဏ်သိက္ခာကို ထိခိုက်စေနိုင်သည့် အချို့သောအချက်တို့ကို ချန်လှပ်ထားခဲ့ပါသည်၊ ယင်းအစား စာရှုသူတို့ ဗဟုသုတပွားစေရန် ပါဠိစာပေတို့၌ မှုပ်ထားခဲ့သော ဓမ္မပဒတရားကို ပြည့်စုံစွာပင် ဟောကြားပေးလိုက်ပါသည်။

ဓမ္မပဒ ပါဠိတော်တွင် မြတ်စွာဘုရား ဟောကြားသော အပ္ပမာဒဘာဂ မှာ ၁၂ ပုဒ်ရှိ၏၊ မြတ်စွာဘုရားသည် ယင်းတရားတို့ကို တစုံ တယောက်သောသူအား အလုံးစုံ အကုန်းစုပုံ၍ ဟောကြားသည် မဟုတ်ပါ၊ တိုက်ဆိုင်သူတဦးကို တပုဒ်သာ ဟောကြားခဲ့၏။ သို့သော်လည်း တပုဒ် တပုဒ်ကို အသီးသီး လူပေါင်း အများအပြား ကြားနာရပြီး အများအပြား တရား သိမြင်သွားကြ၏။ နိဂြောဓ သာမဏေကား အသောကမင်းအား ၁၂ ပုဒ်လုံးပင် ဟောကြားပေ၏။ သို့ဖြင့် သူလည်း တရား သိမြင်သွား၏။

# ကမ္မဖလ

သိရိမမွာသောကမင်းလည်း ရှေးကောင်းမှု၏ အာနုဘော်ဘိသိက်၏ အနုဘော်ကြောင့် ဇမ္ဗူဒီပါကျွန်းပေါ်၌ တယောက်ထည်းသော မင်းအဖြစ်သို့ ရောက်တော်မူ၏။ အောက်မြေထဲကိုလည်းတယူဇနာထွင်း၍ ကောင်းကင်ကိုလည်း တယူဇနာတက်၍ အာဏာစက်တော်နှံ့၏။

အနဝတတ် အိုင်မှ တနေ့ရှစ်ထမ်းသော ရေတို့ကို နတ်တို့သည် နေ့တိုင်း ပို့ဆက်လာကုန်၏။ ထိုရေအိုး ၁၆ လုံးတို့တွင် ရေအိုးရှစ်လုံးတို့ကို သံဃာတော်တို့အား ကပ်လှူ၏။ ရေအိုး ၂ လုံးတို့ကို ပိဋကတ်သုံးပုံဆောင်သော ရဟန်းတို့အား လှူတော်မူ၏။ ရေအိုး ၂ လုံးတို့ကို အသန္ဓိမိတ္တာ မိဖုရားကြီးအား ပေးတော်မူသည်၊ ရေအိုး ၂ လုံးတို့ကို ကိုယ်တော်သုံးဆောင်သည်။

ထိုမှတပါး ဟိမဝန္တာတောမှ နူးညံ့သိမ်မွေ့စွာသော အရသာနှင့်ပြည့်စုံသော နာဂလတာ မည်သော ကွမ်းရိုးဒန်ပူတို့ကိုရင်း, ဆေးဖြင့်ပြီးသော ရှိရှားသီးတို့ကိုရင်း, နတ်တို့ ပို့ဆက်လာကုန်၏။

ထိုမှတပါး အနံ့အရသာနှင့်ပြည့်စုံသော သရက်သီးမှည့်တို့ကို၎င်း၊ ဆဒ္ဒန်အိုင်၏ အနီး၌ ဖြစ်သော ပဒေသာပင်မှ အဆင်းငါးပါးရှိသော ဝတ်စရာ ရုံစရာ အထည်တို့ကို၎င်း၊ လိမ်းကျံစရာ နံ့သာပြောင်း နံ့သာမှုန့်တို့ကို၎င်း၊ ချည်ဖြင့်ယက်သော မုလေးပွင့်ကဲ့သို့ နူးညံ့သိမ်မွေ့သော အပေါ်ရုံ ပုဆိုးတို့ကို၎င်း နတ်တို့သည် ပို့ဆက်သကုန်၏။

မြတ်သောသူတို့အား ထိုက်သော မျက်စဉ်းတို့ကိုလည်း နဂါးတို့သည် ဆက်သကုန်၏။

ဆဒ္ဒန်အိုင်၏ အနီး၌ဖြစ်သော သလေးစပါးတို့ကိုလည်း ကျေးသား၊ ငုံး၊ ခါစသော ငှက်တို့သည် ချီဆောင်၍ လှည်းကိုးထောင်တိုင်တိုင် ဆက်လာကုန်၏။ ထိုသို့ ကျေးငှက်တို့ဆောင်လာသော စပါးတို့ကို ညဉ့်အခါ၌ ရှဉ့်၊ ကြွက်၊ မြွေစသော သတ္တဝါတို့သည် ဆန်အလုံးမပျက်စေဘဲ ဖွဲနု၊ ဖွဲကြမ်းကိုသာ နွာ၍ ပေးကုန်၏။ ထိုဆန်ဖြင့် အရိယာ သံဃာတို့အားလည်း လုပ်ကျွေး၏။ မင်း၊ မိဖုရား၊ မောင်းမမိဿံ၊ ခြွေရံ၊ မှူးမတ်တို့ကိုလည်း ရိက္ခာစားနပ် ပေးတော်မူ၏။

ထိုမှတပါးလည်း ပျားကြီး၊ ပျားငယ်တို့ နီးရာ၊ နီးရာ အရပ်၌ အသလက်မရှိဘဲ လဘို့တို့ဖြင့်သာ စွဲလာကုန်၏။

တော၌ နေသော ဝံ၊ မျောက်စသော သတ္တဝါတို့သည် ပန်းပဲဖိုသို့ ဝင်၍ နေညဉ့်မပြတ် တူပေကိုင်၍ ခတ်ပုတ်ရကုန်၏။

ကရဝိက်ငှက်တို့သည်လည်း နန်းတော်ထက် ဝန်းကျင်မှ သာယာသော အသံဖြင့် ကျူးရင့်လာကုန်၏။

ဤသို့ ဘုန်းတန်ခိုး အာနုဘော်နှင့် ပြည့်စုံသော တက်သစ်စ နေမင်းသဖွယ် ဖြစ်သော သိရီဓမ္မာသောကမင်းကြီးသည် အစဉ်အဆက်မှီကုန်သော မှူးမတ်တို့၏ စကားဖြင့် ဘုရားသခင်၏ အသွင် အပြင်ကို မြင်လိုရကား ဘုရားလေးဆူကို မှီလိုက်သော ဝိဝဋ္ဋဋ္ဌာယီ တကပ်ပတ်လုံး အသက်ရှည်သော ကာဠနာဂါးကို ခေါ်၍ ရွှေခြေကျဉ်းအဖွဲ့ကို သမုဒ္ဒြာထဲသို့ ချလိုက်၏။ ထိုခြေကျဉ်းသည် ကာဠနာဂါးမင်းနေရာသို့ ရောက်လေသော် [illegible] နာဂါး နေရာလည်း မြေအောက် တယူဇနာ သတွင်း၌ဖြစ်၍ မင်း၏နိုင်ငံတော်ဖြစ်သောကြောင့် မနေဝံ့ရကား လျှင်လျှားစွာ လာရလေ၏။

သိရီဓမ္မာသောကမင်းကြီးလည်း ကာဠနာဂါးမင်း ရောက်သောအခါ ထီးဖြူမိုးကာသော ရတနာ ပလ္လင်ထက် နေစေ၍ ကျက်သရေရှိသော ရေပန်း, ကြည်းပန်းတို့ဖြင့်၎င်း, ရွှေပန်း-ငွေပန်း, ပေါက်ပေါက်ပန်းတို့ဖြင့်၎င်း, ပူဇော်၍ ရှုပျော်ဖွယ်သော ကချေသည်အပေါင်းတို့ကို ခြံရံစေလျက် နာဂါးမင်းအား ဤသို့ ဆို၏။

"ဘုရားရှင်ကို သင်၏ကိုယ်တိုင်မြင်ဘူးရသည်၊ ငါမူကား မမြ ဘူးရ၊ ထိုဘုရားသဏ္ဌာန်ကို ဖန်ဆင်း၍ ငါ့အားပြပါလော့" ဟုဆို၏။

နာဂါးမင်းလည်း "အရှင်မင်းကြီး ဘုရားသခင်၏သဏ္ဌာန်ကို ကျွန်ုပ်ဖန်ဆင်း၍ ဘယ်မှာတူနိုင်အံ့နည်း၊ မပြစွမ်းနိုင်ပါ" ဟု ဆို၏။

မင်းကြီးကလည်း "ပြိုပြင်စွာ မပြနိုင်သော်လည်း တစိတ်တဒေသမျှပင် ပြပါလော့"ဟု ဆိုလျှင် ကာဠနာဂါးလည်း ကကုသန်, ကောဏာဂုံ, ကဿပ, ဂေါတမ ဟူသော ဘုရားလေးဆူတို့၏ အသွင်တော်ကို ပြပေ၏၊ မင်းကြီးလည်း ထိုသို့သော အဆင်းတော်ကို ရှုလျက် ခုနစ်ရက်ပါတ်လုံး မျက်စိဖြင့် ပူဇော်ခြင်းကို ပြုတော်မူ၏။

မေကၡန္ဒာစေတီ

တသောင်းရှစ်ပြန်၊ လေးထောင်လွန်သား
ယုဂန်လျှည့်သွား၊ လရထားနှင့်
နတ်သားနိုးကြ၊ သောကာလဝယ်
သောကစမ္ဗာ၊ ၎ါပနာသား
သစ္စာဥာဏ်ပေါင်း၊ မရှုတောင်းသည်
ညီနှောင်း နှောင်စော-မြတ်မုဋ္ဌော။

နတ်ရှင်နှောင်

## ဓမ္မက္ခန္ဓာ စေတီ

တနေ့သ၌ မင်းကြီးသည် အသောကာ ရာမကျောင်းသို့ သွား၍ ခြောက်သောင်းမျှလောက်သော ရဟန်းတို့ကို စည်းဝေးစေပြီးလျှင် အလှူကြီးပေး၍ ပစ္စည်းလေးပါးတို့ဖြင့် ဖိတ်၏။ ဤသို့လည်း မေးလျှောက်၏။

"အရှင်ဘုရားတို့ ဘုရားသခင် ဟောတော်မူသော တရားတော်ကား အဘယ်မျှရှိသနည်း" ဟုလျှောက်၏၊

ရဟန္တာမြတ်တို့လည်း "ဓမ္မ ဝိနယအားဖြင့် နှစ်ပါး, ပိဋကတ်အားဖြင့် သုံးပါး, နိကာယ်အားဖြင့် ငါးပါး,အင်္ဂါအားဖြင့် ကိုးပါး,ဓမ္မက္ခန္ဓာအားဖြင့်ရှစ်သောင်းလေးထောင်ရှိ၏" ဟုဖြေ၏။

မင်းကြီးလည်း တရားတော်၌ အလွန်ကြည်ညိုစွာ ရှိရကား တပါး-တပါးသော ဓမ္မက္ခန္ဓာကို ရည်၍ စေတီတဆူ-တဆူ တည်တော်မူလိုသော အကြံရှိတော်မူသည် ဖြစ်၍ ဘုရားသခင်၏ သရီရဓါတ်တော်တို့ကို တောင့်တ၏။

သံဃာတော်တို့လည်း "ရာဇဂြိုဟ်ပြည်၌ အဇာတသတ်မင်း ခဲယဉ်းစွာ မြှုပ်ထား၍ ကိုးကွယ်တော်မူသော သရီရဓါတ်တော် ခုနစ်စရွတ်တို့ကို မင်းကြီးပင့်၍ စေတီ တည်လတ္တံ့" ဟု မိန့်တော်မူကုန်၏။

မင်းကြီးလည်း ဝမ်းမြောက်တော်မူလှ၍ "ဓါတ်တော်ထားရာကို သိသောသူသည် အသပြာထောင်ထုပ်ကိုယူလေ"ဟူ၍ ဆင်တွင်တင်၍ မြို့ထက်ဝန်းကျင်ကို လည်ရ၏။

မည်သူမျှ သိသူဟူ၍မပေါ်ထွက်ကုန်၊ ရက်လည်သောနေ့၌ ရဟန်းမိန်းမတယောက်သည် သိကြောင်းကိုဆို၏။ မင်းကြီးလည်း ထိုရဟန်းမိန်းမကိုပင့်၍ မေး၏။ ရဟန်းမိန်းမကလည်း "ငါခုနစ်နှစ်အရွယ် သာမဏေအခါက ဆရာနှင့် ဆီမီးပန်းနံ့သာတင်၍ လိုက်ဘူးသည်။ ငါ့ဆရာ ရဟန်းမနှင့် ဤနိမ့်သောမြေအဘို့တွင် နံ့သာပန်းပူဇော်၍ ရှိခိုးဘူးသည်" ဟု ပြောပြ၏။

သိရိဓမ္မာသောက မင်းကြီးလည်း ရဟန်းမိန်းမပြောပြ၍ စေတီကိုသိလျှင် မိမိ၏မျုးမတ်ပရိသတ်နှင့်တကွ သွားလေ၍ ဓါတ်တော်ရှိရာသို့ ရောက်သောအခါ များစွာသော ပူဇော်သက္ကာရကိုပြု၍ တူးဖော်စေသည်ရှိသော် ကျောက်အင်္ဂတေအမိုးကိုမြင်၍ ထုတ်ငင်ရလေ၏။

ထိုနောက် အုတ်ကျွတ်အမိုး, ထို့နောက် သံအမိုး, ထို့နောက် ကြေးဖြူအမိုး, ထို့နောက်ကြေးနီအမိုး, ထို့နောက် သလွဲဖြူအမိုး၊ ထို့နောက် သလွဲမည်းအမိုးတို့ကိုလည်း အစဉ်အတိုင်းထုတ်ယူစေ၍ အမိုးကုန်လျှင် အလုံးစုံ ရတနာအတိပြီးသောပြဿဒ်၏တံတိုင်းခုနှစ်ထပ်အတွင်း ဝယ်ဝင်းဝင်းညီးသောခေါင်းလှိုင်သံလျက်ကိုစွဲငင်၍ အသက်ရှိသောသူကဲ့သို့ ပြေးသွားကာနေသောယန္တရား စက်ရုပ်တို့ကို မင်းနှင့်တကွသော သူအ

ပေါင်းတို့မြင်လျှင် ရင်သပ်လက်တီး ချီးမွမ်းအံ့သြ ကုန်လျက် တစိုက်မက်မက်ကြည့်မျှော်လျက်သာနေကုန်၏။

ထို့နောက်မှ မင်းကြီးသည် ဤသို့အကြံရ၏။ အထက်က စီရင်တတ်သူမရှိဘဲ အဇာတသတ်မင်းသည် ဤယန္တရားကို မထားနိုင်လေရာ တတ်သော အဆက်အနွယ်ကို ရှာဦးအံ့” ဟု အသပြာတထောင်ထုပ်ကို ဆင်ကျောက်ကုန်းထက်တင်၍“အကြင်သူသည် ယန္တရားစက်ကို ဖျက်နိုင်တုံအံ့၊ ထိုသူသည် ဤအသပြာကိုယူလော့”ဟု ကြွေးကြော်၍ ရာဇဂြိုဟ်ပြည်၌ လှည့်စေ၏။

ထိုအခါ အထက်ရေမတိုင်းကလာ၍ စေတီကိုစီရင်ခဲ့သော ဆရာ၏သားမြေးတို့ကြားလေသော် ငွေထုပ်ကိုသိမ်းယူပြီးလျှင် မင်းကြီးအထံသို့သွားလေ၏။

မင်းကြီးလည်း ထိုသူတို့ကိုတွေ့လျှင် ဝမ်းမြောက်ဝမ်းသာ အသပြာတထောင်ပေး၍ ယန္တရားစက်ကို ဖျက်စေ၏။ ထို့နောက်မှ မြေကိုတူး၍ တံတိုင်းခုနစ်ထပ်ကို အစဉ်အတိုင်းဖယ်ရှားလျက် ရဟန်း၊ သံဃာ ပါသမျှသော မှူးမတ်ပရိသတ်နှင့်တကွ ဓါတ်တော်ပြသာဒ်ကို လကျ်ာရစ်သုံးကြိမ်လှည့်၍ဖူးမျှော်လေလျှင် ရှင်မဟာကဿပမိဋ္ဌာန်၍ ထွန်းခဲ့သောဆီမီးလေးတိုင်၌ မီးမသေသေးသည်ကိုမြင်၍ အလွန်အံ့သြလျက် ပြသာဒ်တွင်းသို့ဝင်၍ ရွှေအတိလုပ်သောမြင်းရုပ်ကို ယန္တရားအကြည်ဖြင့် ဖွင့်သော် မြင်း၏ဝမ်းတွင်း၌ကား ဝရဇိန်ကဲ့သို့ထွန်းတောက်လျက်တည်သော ဓါတ်တော်အစုကို မင်းကြီးမြင်လေလျှင် ရှင်ကြည်လှစွာသော စိတ်တော်ရှိသည်ဖြစ်၍ ခုနှစ်ရက်ပတ်လုံး ကခြင်းသီခြင်း၊ တီးမှုတ်ခြင်းတို့ဖြင့် ပူဇော်ချီးမြှောက်ပြီးမှ ပြသာဒ်နှင့်

တကွ မြင်းရုပ်ကိုထုတ်၍ ကောင်းစွာသုတ်သင်ဆင်ယင်ပြီးသော် တံခွန်ကုက္ကား မုလေးပွားတို့ဖြင့် စည်လည်လျက် မြို့တွင်းသို့ ဝင်၍ ပြဿဒ်ဦးကင်းထက်၌ ထားတော်မူ၏။

ယင်းသို့ယူပြီးမှ မိမိပြည်သို့ ပြန်ခဲ့ပြီးသော် သရီရဓါတ်တော်ကို ဇမ္ဗူဒိပ်ကျွန်းအလုံး၌ အနှံ့ကိုးကွယ် စေခြင်းငှာ ရှစ်သောင်း၊ လေးထောင်သောမြို့ နိုင်ငံတို့၌ တမြို့လျှင် စေတီတဆူ၊ တဆူတည်စေဟု ၉၆ ကုဋေသောအသပြာတို့ကို အမတ်တို့အား အပ်၍ စေတီတည်စေ၏။ ကျောင်းလည်းတဆောင် တဆောင်စီဆောက်လေ၏။

မင်းကြီးလည်း ထိုကျောင်းစေတီတို့ကို လုပ်စေမည့်အခါ တန်ခိုးအာနုဘော်ကြီးသော ဣန္ဒဂုတ္တ အမည်ရှိသော ရဟန္တာမြတ်ကိုတောင်းပန်၏။ ထိုအရှင်လည်း မိမိ၏တန်ခိုးစွမ်းအင်ဖြင့် စောင်မ၍ သုံးနှစ်ရှိလျှင် အလုံးစုံသော ကျောင်းစေတီတို့ ပြီးကုန်၏။

ထိုစေတီတို့ တည်သောအခါ လကို ရာဟု ဖမ်းသည့်နေ့ တပြိုင်နက်တည်ကုန်၏။ လကို ရာဟုဖမ်းသောနေ့ တပြိုင်နက် ပြီးကုန်၏။ ပြီးကြောင်းကို ရှစ်သောင်းလေးထောင်သောမင်းတို့ သည် ကမ္ဗည်းစာနှင့်တပြိုင်တည်း ရောက်လာကြလေ၏။ တဘို့ သော ဓါတ်တော်ကို ပါဋလိပုတ်ပြည်မြစ်နားဝယ် တကောသခွဲ အရပ်ကို လက်ဝါးပြင်ကဲ့သို့ ညီညွတ်စေရန် အထူးထူးသော ရတနာတို့ဖြင့် တန်ဆာဆင်လျက် မဟာစေတီ တည်လေ၏။ မြန်မာနိုင်ငံအတွင်းရှိ စေတီအတော်များများလည်း ထိုစဉ်က အသောကမင်းကြီးနှင့် ဆက်စပ်နေသည်ဟု ယုံကြည်ကြ၏။

ကသောင်းရှစ်မည်၊ လေးထောင်တည်ကို

ရစ်လည်လှည့်ပတ်၊ လပြဿဒ်နှင့်

ရန်နုတ်နိုးခိုက်၊ သောစဉ်ကြိုက်ဝယ်

ထိန့်ရိုက်သပြေ၊ အာကာမှသား

သရေမှူ၊ သောကရွှေမှောက်

တည်ခဲ့မြောက်သည်....,......

ကျောက်ဆောက်လျှံမြောင်- မိတည်းနောင်။

နတ်ရှင်နောင်

# ပါဋလိပုတ်ပြည်

အသောကမင်းကြီးနှင့် ပတ်သက်သော အချက်အလက်တို့ကို စာပေကျမ်းဂန်တို့တွင် ဖွင့်ဆိုကြသည့်အတိုင်း သင့်လျော်သော အဆို-အမိန့်တို့ကို ရွေးချယ်ပြီး ကောက်နုတ်ဖော်ပြခဲ့ပါသည်။ ယခုအခါယင်းတို့နှင့် တွဲဘက်လေ့လာ နိုင်စေရန် ကိုယ်တွေ့ မှတ်တမ်းတို့ကို ကောက်နုတ် ဖော်ပြပါဦးမည်။ အသောကမင်းကြီးနှင့် ပတ်သက်၍ ပမာဏ ပြုလောက်သော ကိုယ်တွေ့မှတ်တမ်းမှာ နှစ်စောင်ရှိပါသည်။ တစောင်မှာ ဂရိတ်သံအမတ်ကြီး မေဂါထနိဇ၏မှတ်တမ်းဖြစ်၍ နောက်တစောင်မှာ တရုပ်ဗုဒ္ဓရဟန်းတော် ဖာဟီယန်၏ မှတ်တမ်းဖြစ်၏။ ထိုတွင် မေဂါထနိဇမှာ အသောကမင်းကြီး အသက်ထင်ရှား ရှိစဉ်က ရောက်သော မျက်မှောက်သံတမန်ဖြစ်၏။ သူ၏ မှတ်တမ်းကား ဤသို့တည်း။

> မောရိယ အင်ပါယာနိုင်ငံ၏ ဗဟိုထီးနန်းစိုက်ရာ ပါဋလိပုတ် နေပြည်တော်ကို လူတဆယ် ပါဝင်သော ကော်မီရှင်အဖွဲ့က အုပ်ချုပ်၏။ ထိုတွင် လူငါးဦးစီ ပါဝင်သော ဘုတ်အဖွဲ့ခြောက်ခုခွဲ၍ ဖွဲ့စည်း၏။ ပထမ

ဘုတ်အဖွဲ့သည် စက်မှုလက်မှုလုပ်ငန်းတို့ကို စီမံအုပ်ချုပ်၏။ ဒုတိယ ဘုတ်အဖွဲ့သည် နိုင်ငံခြားသားတို့နှင့် စပ်လျဉ်းသော အရေးအရာတို့ကို စီမံခန့်ခွဲစောင့်ရှောက်၏။ တတိယဘုတ်အဖွဲ့သည် အခွန်အတုတ် စည်းကြပ်ရေးနှင့် သန်းခေါင်စာရင်းကို ကိုင်တွယ်၏။ စတုတ္ထဘုတ်အဖွဲ့သည် ကုန်သန်းရောင်းဝယ်ရေးနှင့် အလေးတင်းတောင်း, အတိုင်းအတာတို့ကို စီစစ်အုပ်ချုပ်၏။ ပဥ္စမဘုတ်အဖွဲ့သည် သွင်းကုန်ထုတ်ကုန် ပစ္စည်းများရောင်းဝယ်ရေးတို့ကို စီမံအုပ်ချုပ်၏။ ဆဋ္ဌမဘုတ်အဖွဲ့သည် ကုန်ပစ္စည်းများရောင်းဝယ်ရာတွင် စည်းကြပ်ရသောအခွန်ကို ကောက်ခံ၏။

အင်ပါယာအတွင်းရှိ အခြားသော မြို့များနယ်ပယ်စသည်တို့၌လည်း အုပ်ချုပ်ပုံမှာ ထို့အတူပင် စနစ်တကျရှိ၍ ကောင်းမွန်လှ၏။ တနေရာမှ အခြားတနေရာသို့ ကူးသန်းသွားလာနိုင်စေရန် ကုန်းလမ်း, ရေလမ်း ဖေါက်လုပ်ထား၏။ ပါဋလိပုတ် နေပြည်တော်မှ တက္ကသိုလ်ပြည်သို့အရောက် ဖေါက်လုပ်ထားသော လမ်းမကြီးသည် ပိုင်တထောင်ခန့်ရှည်လျား၍ လမ်းဘေးတလျှောက်မှာ အရိပ်အာဝါသရသော သစ်ပင်များစီတန်း စိုက်ပျိုးထား၏။ အကြား-အကြား၌ စရပ်၊ တန်ဆောင်းနှင့် ရေတွင်းရေကန်များ တူးထား၏။ လယ်ယာစိုက်ပျိုးရေး အတွက်လည်း ဆည်မြောင်း အများအပြား ပြုလုပ်ထား၏။

စစ်ဘက်မှာလည်း အလွန်ကြီးကျယ်၍ လူသုံးဆယ်ပါဝင်သော စစ်ဌာနချုပ်က အုပ်ချုပ်၏။ ထိုတွင် ဌာနပေါင်းခြောက်ခုရှိ၍ ပထမဌာနသည် ရေကြောင်းဘက်ဆိုင်ရာ ဖြစ်၍ မြစ်ချောင်းတို့၌ သွားလာသော လှေသင်္ဘောမှစ၍ ပင်လယ်ကူးသင်္ဘောများအထိ အုပ်ချုပ်ရ၏။ ဒုတိယဌာနသည် စစ်သည်ဗိုလ်ပါတို့အတွက် ရိက္ခာများကို စီမံအုပ်ချုပ်ရ၏။ တတိယဌာနသည် ခြေလျင်တပ်။ စတုတ္ထဌာနသည်မြင်းတပ်။ ပဉ္စမဌာနသည် ရထားတပ်နှင့် ဆဋ္ဌမဌာနသည် ဆင်တပ်များကို အသီးသီး စီမံအုပ်ချုပ်ရ၏။

စစ်ရထားကို မြင်းနှစ်ကောင် သို့မဟုတ် လေးကောင်ဆွဲ၏။ စစ်ချီတက်သောအခါမှာ မြင်းများ အနားရစေရန် နွားဖြင့် ရထားတို့ကိုဆွဲ၏။ ဆင်များသည် စစ်တိုက်ရာတွင် အရေးအကြီးဆုံး ဖြစ်၏။ ဆင်တစီးလျှင် ဆင်ဦးစီးအပြင် စစ်သည်သုံးယောက်စီ စီး၍တိုက်လေ့ရှိ၏။ ခြေလျင်တပ်သားတို့သည် လေးမြားကို စွဲကိုင်ကြ၏။ လေးသည်စွဲကိုင်သူ၏ အရပ်နှင့်အညီအမျှ ဖြစ်လျက် မြားမှာ အလျားသုံးကိုက်ခန့်ရှည်သဖြင့် အလွန်ကြောက်ဘွယ်ကောင်းသော လက်နက်ဖြစ်၏။ စစ်သည်တို့သည် နွားရေဖြင့်ကျက်သော ဒိုင်းရှည်များကို ကိုင်ဆောင်ကြ၏။ အချို့သောခြေလျင် တပ်သားတို့သည် လှံတိုများကို စွဲကိုင်ကြ၏။ စစ်သည်ရဲမက် ဟူသမျှမှာ အသွားသုံးတောင်ခန့်ရှိသော ဓားလွယ်များကို အသီး

သီး ကိုယ်စီကိုင်ဆောင်ကြ၏။ မြင်းစီးတပ်သားတို့သည်
လှံရှည်နှစ်ချောင်းနှင့် ဒိုင်းတိုတခုစီ ကိုင်ဆောင်ကြ၏။

ဤသို့ စသည်ဖြင့် ဂရိတ် သံအမတ်ကြီး မေဂါထနိဇ သည် မိမိ၏ ကိုယ်တွေ့ ပါဋလိပုတ်နေပြည်တော်နှင့် စပ်လျဉ်းသော အချက်အလက် အချို့ကို မှတ်တမ်းတင်ခဲ့၏၊ ဆက်လက်၍ တရုပ်ဗုဒ္ဓရဟန်းတော် ဖာဟီယန်၏ ခရီးသွား မှတ်တမ်းမှ အသောကမင်းကြီး၏ ပါဋလိပုဒ်နေပြည်တော်နှင့် ပတ်သက်သမျှ အချို့ကို ကောက်နှုတ်ဖေါ်ပြပါဦးမည်။ ရဟန်းတော် ဖာဟီယန်ကား သာသနာသက္ကရာဇ်ရှစ်ရာကျော် ကိုးရာအတွင်း တရုပ်ပြည်မှ ဂိုဘီသဲကန္တာရကြီးနှင့် ဘိုလာတာ တောင်တန်းကြီးတို့ကို စွန့်စားဖြတ်သန်းပြီး အိန္ဒိယ တခွင် ၁၅ နှစ်တိုင်မျှ လှည့်လည်ပြီး မှတ်တမ်းရေးခြင်းဖြစ်၏။

ရဟန်းတော် ဖာဟီယန်တို့သည် မြစ်ကို ဖြတ်ကူးပြီးလျှင် တောင်ဖက်သို့ တယူဇနာမျှ ဆက်လက်သွားကြသောအခါ ရှေ့အခါက အသောကမင်းကြီး စိုးစံခဲ့သော မဂဓတိုင်း ပါဋလိပုတ်နေပြည်တော်သို့ ရောက်ကြ၏၊ ထိုမြို့တော်အတွင်းမှာ ထူးထွေဆန်းပြား ခမ်းနားတင့်တယ်သော အခန်းပေါင်း များစွာတို့ဖြင့် တန်ဆာဆင်သော အသောကမင်းကြီး၏ နန်းတော်ကို တွေ့မြင်ကြရ၏။ ယင်းနန်းတော်ကြီးသည်။ လူတို့ ပြုလုပ်သော အရာ တစုံတခုမျှ မပါ၊ နတ်တို့သည် ခိုင်မာလှစွာသော ကျောက်တို့ဖြင့် ဖန်ဆင်း တည်ဆောက်ထားခြင်းဖြစ်၏။

ထိုတွင် ဆန်းကျယ် လှစွာသော ခြူးပန်း ခြူးနွယ် အသွယ်သွယ်နှင့် အံ့သြဖွယ်ရှုမခမ်းသော ရုပ်တု၊ ရုပ်လုံး အမျိုးမျိုးတို့ဖြင့် တင့်တယ်လှသော နံရံများ၊ တံခါးများ မှာဝင့်ကြွားနေ၏။

အသောကမင်းကြီး၏ ညီတော် အငယ်ဆုံးမှာ အရိယာ သူတော်စင်ဖြစ်၍ ဂိဇ္ဈကုဋ်တောင်၌ နေ၏။ မင်းကြီးသည် ညီတော်ကို သဒ္ဓါကြည်ညိုလှသဖြင့် နန်းတော်အတွင်းမှာပင် အလိုဆန္ဒရှိသလို ချမ်းသာစွာ နေပါမည့်အကြောင်း လျှောက်ကြား တောင်းပန်၏။ သို့သော်လည်း ညီတော်က ဆိတ်ငြိမ်ရာ ဂိဇ္ဈကုဋ်တောင်မှာပင် မွေ့လျော်နှစ်သက်ကြောင်း ပြန်ကြား၏။ ထိုအခါ မင်းကြီးက မြို့တော်အတွင်းမှာ တောင်ကြီးတခုပြု လုပ်ပေးပါမည် ဟု လျှောက်ကြားပြီးနောက် ဗလိနတ်စာကျွေးပွဲ စီရင်ပြီး၊ နတ်များကို ဖိတ်ခေါ်၏။

အို နတ်များ အပေါင်းတို့ ငါသည် သင်တို့အတွက် နက်ဖြန်ခါ ဗလိ နတ်စာကျွေးပွဲ ပြုလုပ်ပါမည်။ သင်တို့ ကြွလာကြပါကုန်၊ သို့သော်လည်း သင်တို့အတွက် နေရာ အခက်အခဲရှိနေပါသဖြင့် သင်တို့ လာကြသောအခါ မိမိတို့ နေထိုင်ရန် ယူဆောင်လာကြပါကုန်လော။

နောက်တနေ့မနက်တွင် နတ်တို့သည် ခြေလှမ်းပေါင်း ၄၊ ၅ လှမ်းခန့် စတုရန်း အကျယ် အဝန်းရှိ၍

စတုရန်း ၆ မျက်နှာကွက် အညီအမျှ ရှိသော ကျောက်တုံးကြီး တခုစီ ယူဆောင်လာကြ၏။ ဗလိပွဲပြီးသောအခါ မင်းကြီးသည် ထိုနတ်တို့အား တောင်ကြီး ဖန်ဆင်းပြုလုပ်စေပြီး တောင်ခြေ၌ ကျောက်တုံးတို့ဖြင့် အလျားပေ ၃၀, အနံပေ ၂၀, အမြင့် ၁၀ ပေကျော် ရှိကျောက်အခန်းကြီးတခုကို ပြုလုပ်စေ၏။

ပါဋလိပုတ်ပြည်ရှိ လူကြီး လူကောင်းတို့သည် မြို့တော်အတွင်းမှာ အခလွတ်ဆေးရုံများ ဆောက်လုပ်လှူဒါန်းကြ၍ ဆင်းရဲနွမ်းပါးသူများ, မိဘ မရှိသူများ, မုဆိုးမများနှင့် မစွမ်းမသန်သူများ ဤဆေးရုံသို့ လာ၍ ဆေးကုသခံယူကြ၏။ သမားတော် တဦးသည် ရောဂါသည်တို့ကို အမြဲစောင့်ရှောက်၍ ဆေးဝါးကုသပြီး သင့်လျော်သော အစာ အာဟာရကိုသည်း ကျွေးမွေး၏။

အသောကမင်းကြီးသည်စေတီပေါင်းရှစ်သောင်းလေးထောင်ကို တည်ထား ကိုးကွယ်ရန်အတွက် ရှေးဟောင်းစေတီ ခုနှစ်ဆူကို တူးဖော်ပြီး ရှေးဦးစွာ မြို့၏ တောင်ဖက် ၃ လီကျော် အကွာ၌ စေတီတဆူတည်၏၊ ထိုစေတီ၏ ရှေ့မှာ မြတ်စွာဘုရား၏ ခြေတော်ရာတဆူ တဆူရှိ၍ အပေါ်၌ မြောက်ဖက်သို့ မျက်နှာမူ၍ တန်ဆောင်းကြီးတခု ဆောက်လုပ်ထား၏။ စေတီ၏ တောင်ဖက်၌ လုံးပတ် ၁၄ ပေ, ၁၅ ပေခန့်ရှိ၍ ပေ ၃၀ ကျော်မြင့်သော ကျောက်စာတိုင်ကြီး တခုရှိ၏၊ ယင်းကျောက်စာတိုင်၌ အောက်ပါစာကို ရေးထုထား၏။

အသောကမင်းသည် လူနေအိမ်ခြေရှိသော ရပ်ကွက်များကို အရပ်လေးမျက်နှာ၌ရှိသော ရဟန်းတို့အား လှူဒါန်းပြီးနောက် လှူပြီးသော ရပ်ကွက်များကို တဖန်ပြန်၍ ငွေဖြင့် ဝယ်ယူ၏။ အသောကမင်းသည် ယင်းသို့ သုံးကြိမ်တိုင်တိုင်ပြုလုပ်ခဲ့၏။

စေတီတော်၏ မြောက်ဖက် ခြေလှမ်းပေါင်းသုံးလေးရာခန့်အကွာ၌ အသောကမင်းကြီးတည်ထောင်သည့် နိလီခေါ်သော မြို့ဟောင်းတခုရှိ၏။ ယင်းမြို့၏ အလယ်၌လည်း အမြင့်ပေပေါင်း ၃၀ ကျော်ရှိသော ကျောက်စာတိုင်ကြီးတခုရှိ၏။ ထိုတိုင်၏ ထိပ်ဖျား၌ ကျောက်သားအတိပြီးသော ခြင်္သေ့ရုပ်ကြီးရှိ၍ ရေးထုထားသောစာမှာ ခုနှစ်သက္ကရာဇ်နှင့် တကွ နိလီမြို့၏ မူရင်းအကြောင်းအရာများ ပါရှိ၏။

ဤသို့ စသည်ဖြင့် တရုတ်အမျိုးသား ဗုဒ္ဓရဟန်းတော် ဖာဟီယန်သည် သူ၏မှတ်တမ်းတွင် ပါဠိသိပုတ်ပြည် အကြောင်းကို ကိုယ်တွေ့ရေးသားထား၏။ ဂရိတ်မှတ်တမ်းရေးသူ မေဂါထနိဇမှာ နိုင်ငံရေးဖြင့် အိန္ဒိယပြည်သို့ ရောက်ခြင်းဖြစ်၍ တရုတ်ရဟန်းတော် ဖာဟီယန်ကား ဘာသာရေးအတွက် သက်သက်ဖြစ်၏။ သို့ကြောင့် သူတို့နှစ်ဦး၏ အမြင်နှင့် သုံးသပ်ချက် ကွာခြားခြင်းဖြစ်၏။ ဤတွင် မိမိတို့အတွက်မှာ ပါဠိစာပေတို့၏ ဖွင့်ဆိုချက်များနှင့် သူတို့၏ မှတ်တမ်းတို့ကို နှိုင်းယှဉ် သုံးသပ်ရန် ဖြစ်ပါသည်။

ဗြိန္ဒိယကြေးမုံ ကျမ်းကြီး၌ကား "ပါဋလိပုတ် ပြည်၌ ပဋ္ဌနာစိတိဘူတာ၏ တံတားအရှေ့ဖက် ခြေလှမ်း ၂၀ လောက်တွင် မီးရထားလမ်းနှင့် ကပ်လျက် စေတီကြီးတဆူရှိ၏။ ယင်းစေတီကို မုဆလမန်တို့က အထက်အဘို့ကို ဖြိုဖျက်ပြီးလျှင် မိမိတို့ ဌာပနာတိုက်ပြုလုပ်ထားကြ၏။ ပဋ္ဌနာဂုလဂျာဗာဂ် ဘူတာမှ နောက်ဖက် တမိုင်ကျော်လောက်တွင် ကုမ္ဘရာဟာရီအမည်ရှိသော ရပ်ကွက်တခုရှိ၏။ ထိုရပ်ကွက်၏သရက်ဥယျာဉ်တောကို ကျောက်စာဝန်တို့ တူးဖေါ်ကြရာ အဆောက်အဦပျက်နှင့်တကွ အသောက ကျောက်စာတိုင်တခုပေါ်ထွက်လာ၏။ ထိုအရပ်ကို အချို့က အသောကရာမကိုက်, အချို့က အသောကမင်းကြီး၏ မြို့သစ်ဟု ပြောကြ၏" ဟု ဖေါ်ပြ၏။

## ညီတော် တိဿ

အသောကမင်းကြီးသည် သံဃာများနေရန် အသောကာ ရာမကျောင်းကို ဆောက်လုပ်စေပြီး သံဃာတို့အား နေ့စဉ် ဆွမ်း ဝတ်ပြုတော်မူ၏။ မင်းကြီးသည်သံဃာများအား ပေးလှူသည်မှာ သာမညမဟုတ်၊ အထူးဝိသေသအားဖြင့် အထွတ် အမြတ်ပေး လှူခြင်းဖြစ်၏။ ယင်းသို့လျှင် ဂရုတစိုက် ပေးလှူခြင်းနှင့် စပ် လျဉ်း၍ အရေးကြီးသော ကိစ္စတရပ်ဖြစ်ပေါ်ခဲ့သည်။ ယင်းကိစ္စ သည် အဆိုပါ ပျားကုန်သည် ဝတ္ထုကဲ့သို့ပင် အသောကမင်းကြီး ၏ သာသနာပြု လုပ်ငန်းတို့နှင့် တစ်ခနက် ဆက်စပ်သွား၏။

အသောကမင်းကြီး အဘိသိက်ခံ၍ လေးနှစ်မြောက်သော အခါ ဖြစ်၏။

တနေ့တွင် မင်းကြီး၏ ညီရင်း အိမ်ရှေ့ ဥပရာဇာတိဿ အမည်ရှိသော မင်းသားသည် တောကစားရန် တောသို့သွား၏။ ထိုတွင် အချင်းချင်းပျော်ပါးမြူးတူးနေကြသော သား သမင်တို့ ကို တွေ့မြင်၍ ဤသို့ အကြံဖြစ်၏။

"မြက်, သစ်ရွက်ကို စားရကုန်သော သမင်တို့လျက် အမှု ကိစ္စမရှိ, မိမိတို့အလျောက် နေရသဖြင့် ပျော်ပါးမြူးတူးကြသေး

၏။ သိမ်မွေ့သော အစာကို စား၊သုံးကာ သိမ်မွေ့သော အိပ်ရာ နေရာ၌ နေကြရသော ရဟန်းတို့မူကား အဘယ်မှာမမြူးတူးဘဲ နေအံ့နည်း” ဟု ကြံ၏။

တိဿမင်းသားသည် ထိုသို့ကြံ၍ တောကစားရာမှ ပြန်လာသော် နောင်တော်မင်းကြီးအား ထိုအကြောင်းကို လျှောက်ကြား၏။

မင်းကြီးလည်း “ညီတော်အိမ်ရှေ့မင်းသည် အရာမဟုတ်သည်ကို ကြံဘိ၏တကား” ဟု မသက်မသာရှိတော်မူ၍ ထိုအကြံကို ဥပါယ်တမျဉ်ဖြင့် သိစေလို၍ တနေ့သ၌ တစုံတခုသော အကြောင်းဖြင့် အမျက်လိုသကဲ့သို့ပြု၍ “အမောင်သည် ခုနစ်ရက်လည်အောင် မင်းပြုဘိလော့၊ ခုနစ်ရက်လွန်လျှင် သင့်ကိုငါသတ်တော့အံ့” ဟုချောက်ခြိမ်း၍ အကြောင်းကို သိစေ၏။

အိမ်ရှေ့မင်းလည်း ခုနစ်ရက်လွန်သော နေ့၌ “နောင်တော်သည် ငါ့ကို သတ်လတ္တံ့” ဟု မစား မသောက်ဘဲ ချောက်ချားနေသောကြောင့် ခေါင်းပါးသော ကိုယ်ရှိသည်ဖြစ်၍နေ၏။ ခုနစ်ရက်စေ့သောအခါ မင်းကြီးသည် အိမ်ရှေ့မင်းကို ခေါ်၍ “ညီတော် သင်သည် အဘယ်ကြောင့် ခေါင်းပါး ညစ်ညူးသော ကိုယ် ရှိသနည်း” ဟု မေးတော်မူ၏။

“အရှင်မင်းကြီး သေဘေးကို ကြောက်သောကြောင့် ဖြစ်ပါသည်” ဟု လျှောက်၏။

“ညီတော် သင်သည် သေအံ့သော နေ့ရက်ကို မြင်ရပါလျက် မမြူးတူးနိုင်ဘဲ ရှိ၏။ ရဟန်းတော်အရှင်မြတ်တို့မှာကား

အာနာပါနနှင့် စပ်သော သေခြင်းတရားကို နေ့ညဥ့်ရှုကုန်လျက် အဘယ်မှာ မြူးတူးနိုင်အံ့နည်း”ဟု မိန့်တော်မူ၏။

အိမ်ရှေ့မင်းလည်း ထိုနေ့မှစ၍ သာသနာတော်၌ အလွန်ကြည်ညို၏။

တနေ့သ၌ တောကစားသွားလေသော် ဆင်ပြောင်တစီးသည် အင်ကြင်းခက်ကို ကိုင်၍ အရှင်ယောနက မဟာဓမ္မရက္ခိတထေရ်အား ယပ်လေခတ်ပေးသည်ကို တွေ့မြင်ရ၏။ တိရစ္ဆာန်ပင်လျှင် သံဃာတို့အား ကြည်ညိုဘိတကားဟု စဉ်းစားမိ၏။ ထို့နောက် ထိုအရှင်သည် အသောကာရာမကျောင်း၏အနီး ရေကန်၏ အနား၌ ရပ်လျက် သင်္ကန်းကို ကောင်းကင်၌ ဆွဲ၍ ရေချိုးရန်ဆင်း၏။

ထိုမဟာထေရ်၏ တန်ခိုး အာနုဘော်ကို မြင်၍ အိမ်ရှေ့မင်းသည် အတိုင်းထက်အလွန် ကြည်ညိုခြင်းဖြစ်၏။ ယနေ့ပင် ရဟန်းပြုတော့အံ့ဟု နေပြည်တော်သို့ ပြန်၍ မင်းအား ခွင့်တောင်း၏။

မင်းကြီးလည်း မြတ်နိုးတော်မူသော နှလုံးတော်ရှိသည်ဖြစ်၍ အထူးထူးသော တောင်းပန်ခြင်းဖြင့် တောင်းပန်၏။ သို့သော်လည်း မတတ်နိုင်သည်ဖြစ်၍ အသောကာရာမသို့ သွားသော ခရီးကို တန်ဆာဆင်စေ၍ အထူးထူးသော ချပ်တန်းဆာ, မိန်ညို, မောက်တို မောက်လူ ဆင်ယင်သောစစ်သည် အပေါင်းခြံရံစေ၍ ကျောင်းသို့ ဆောင်လေ၏။

အိမ်ရှေ့မင်းလည်း အခြွေအရံများနှင့် တကွ အရှင်

ယောနက မဟာဓမ္မရက္ခိတထေရ်မြတ်ထံ၌ ရဟန်းပြု၏။ အခြား သူများလည်း လိုက်၍ ရဟန်းပြုကြ၏။

အသောကမင်းကြီး၏ တူတော် အဂ္ဂိဗြဟ္မာအမည်ရှိသော မင်းသားကိုလည်း သမီးတော် သံဃမိတ္တာနှင့် ထိမ်းမြား၍ သား တော်သုမနမင်းကို ရသဖြင့် ဃရာဝါသမှ ငြီးငွေ့ရကား အိမ်ရှေ့မင်း ရဟန်းပြုပြီးဟုကြားလျှင် မင်း၏ အထံသို့ သွား၍ "ကျွန်ုပ် ရဟန်းပြုပါရစေ" ဟု တောင်းပန်၏။ မင်းကြီးလည်း ခွင့်ပေးတော်မူ၍ ထိုနေ့ ရဟန်းပြုလေ၏။

## သာသနာ့ အမွေ

တရံသောအခါ အသောက မင်းကြီးသည် စစ်အင်္ဂါ လေးပါးခြံရံလျက် အသောကာရာမကျောင်းတိုက်သို့ ထွက်တော်မူ၍ သံဃာတို့၏အလယ်၌နေပြီးလျှင် "အရှင်ဘုရားတို့ ဘုရားသခင်၏ သာသနာတော်၌ အဘယ်သူသည် ကျွန်ုပ်ကဲ့သို့ ကြီးကျယ်စွာ သေဒ္ဓပရိစ္စာဂဖြင့် ချီးမြှောက် ဘူးပါသနည်း။ အဘယ်သို့ စွန့်ကြဲခြင်းသည် ကြီးမြတ်ပါသနည်း" ဟု လျှောက်၏။

ထိုအခါ သံဃာတော်တို့က အရှင် မောဂ္ဂလိပုတ္တတိဿ ထေရ်အား ဖြေတော်မူပါဟု တိုက်တွန်းကြ၏။ အရှင်မြတ်လည်း "တကာမင်းကြီး ငါတို့ဆရာမြတ်စွာဘုရား သက်တော်ထင်ရှားရှိသည်မှစ၍ ယခုကာလတိုင်အောင် ဘုရားသာသနာ၌ တကာတော်မင်းကြီး၏ စွန့်ကြဲခြင်းသည်သာလျှင် သာလွန်ကြီးမြတ်သတည်း" ဟု မိန့်တော်မူ၏။

မင်းကြီးလည်း အလွန်ဝမ်းမြောက်လှ၍ "အရှင်ဘုရား ကျွန်ုပ်သည် ဤမျှလောက် ဒါနကိုပြုသဖြင့် သာသနာတော်၏ အမွေကိုခံရအံ့လော" ဟု လျှောက်၏။

အရှင်လည်း "မင်းကြီး ဤသို့ပစ္စည်းကိုစွန့်ကြဲကာမျှဖြင့် သာသနာ၏အမွေခံ မဖြစ်သေးချေ။ ဤမြေမှသည် ဗြဟ္မာ့ပြည်တိုင်အောင် ပစ္စည်းလေးပါးကို စုပုံ၍ လှူငြားသော်လည်း ဘုရားရှင်၏ သာသနာ့အမွေခံ မဖြစ်ချေသေး" ဟု မိန့်တော်မူ၏။

"အရှင်ဘုရား အဘယ်သို့သော ကောင်းမှုကိုပြုမှ သာသနာ့အမွေကိုခံရမည်နည်း"

"တကာ့မင်းကြီး မိမိရင်၌ဖြစ်သော သား၊ သမီးတို့ကို ရဟန်းပြုစေခြင်းသည်သာလျှင် သာသနာတော်၏ အမွေခံ ဖြစ်သတည်း"

မင်းကြီးလည်း ငါသည်ဤမျှလောက်သော အလှူကြီးကို ပေးပါလျက် သာသနာတော်၏ အမွေကိုမခံရသေး၊ သာသနာတော်၏ အမွေခံဖြစ်ရအောင် အဘယ်သို့ ပြုရအံ့နည်းဟု အောက်မေ့လျက် ထိုမှ ဤမှကြည့်သော် သားတော်မဟိန္ဒကိုမြင်၍ "ချစ်သားမဟိန္ဒ သင်သည် ရဟန်းပြုရန် စွမ်းနိုင်ပါအံ့သော" ဟု မေး၏။

မင်းသားလည်း ရွှင်လန်းဝမ်းမြောက်စွာ "အရှင်မင်းမြတ် ကျွန်ုပ်ရဟန်း ပြုနိုင်ပါ၏။ ကျွန်ုပ်ကို ရဟန်းပြု၍ သာသနာ့အမွေ ခံတော်မူပါ" ဟု လျှောက်၏။

သမီးတော် သံဃမိတ္တာလည်း အပါးတော်တွင်ရှိသဖြင့် "ချစ်သမီး သင်လည်း ရဟန်းပြုနိုင်ပါအံ့လော"ဟု မေး၏။

မင်းသမီးကလည်း "ကျွန်ုပ်၏ခင်ပွန်းအဂ္ဂိဗြဟ္မာမင်းသား

ရဟန်းပြုသည်မှစ၍ ကျွန်ုပ်လည်း ရဟန်းအဖြစ်ကို တောင့်တလျက်နေပါသည်" ဟု လျှောက်၏။

မင်းကြီးလည်း အလွန်ရွှင်လန်းဝမ်းသာစွာဖြင့် ရဟန်းသံဃာတို့အား "အရှင်ဘုရားတို့ ဤသတိုးသားငယ်၊ သမီးငယ်တို့ကို ရဟန်းပြု၍ ကျွန်ုပ်အား သာသနာတော်၏အမွေကို ခံရပါစေ"ဟု လျှောက်၏။

သံဃာတော်တို့လည်း မဟိန္ဒ မင်းသားအား အရှင်မောဂ္ဂလိပုတ္တတိဿထေရ်ကို ဥပဇ္ဈာယ်ပြု၍ မဟာဒေဝထေရ်သည် သရဏဂုံဒသသီလပေး၍ မဇ္ဈန္တိကထေရ်က အနုသာသနာပြု၍ ပဉ္စင်းခံလေ၏။

သံဃမိတ္တာ မင်းသမီးကား အသက် ၁၈နှစ်သာဖြစ်၍ ပဉ္စင်းမခံဘဲ သာမဏေပြု၏။ ဥပဇ္ဈာယ်ဆရာကား ဓမ္မပါလီထေရီတည်း၊ သရဏဂုံဒသသီလပေးသော ဆရာကား အာယုပါလီထေရီတည်း။

ဤသို့သားတော်,သမီးတော်တို့ကို ရဟန်းပြုသောအခါ မင်းကြီးဘိသိက်ခံ၍ ၆နှစ်မြောက်,သက္ကရာဇ် ၂၂၅ ခုတည်း။

ဗုဒ္ဓဘာသာဝင်မြန်မာတို့သည် ယင်းသို့လျှင် အသောကမင်းကြီး သားနှင့်သမီးကို ရဟန်းပြုစေကာ သာသနာ့အမွေခံယူသည်ကို အထောက်အထားပြုပြီး သား·သမီးကို ရှင်ရဟန်းပြုပေးလေ့ရှိကြ၏။ ဗုဒ္ဓဘာသာမြန်မာမှန်က ရှင်မပြုဘူးသူ မရှိသလောက်ပင် အားလုံးလိုလိုပင် ရှင်ရဟန်းပြုဘူးကြ၏။ ယင်းအမှုသည် အစဉ်အလာတခုကဲ့သို့ပင် ဖြစ်နေ၏။ စင်စစ်မှာမူ ကိုယ်တိုင်က ယုံယုံကြည်ကြည်နှင့်ပြုလိုမှ ပြုပေးခြင်းသည်သာ

အကျိုးရှိမည်ဖြစ်၏။ အစဉ်အလာကို အထိမ်းအမှတ် အနေဖြင့် စတိပြုခြင်းမျိုးမှာ အကျိုးရှိလှမည်မဟုတ်ပါ၊ အကယ်၍ပြုပါလျှင်လည်း ဗုဒ္ဓဘာသာဆိုင်ရာ ယဉ်ကျေးမှုဗဟုသုတ ရမ်းအောင် တလကိုးသတင်းနေ စေပြီး သင်ကြားပေးစေသင့်၏။ ယခုအခါ မြန်မာတို့မှာ ဗုဒ္ဓဘာသာဟုဆိုသော်လည်း ဗုဒ္ဓဘာသာနှင့်ဆိုင်ရာ ယဉ်ကျေးမှုဗဟုသုတ လွန်စွာနည်းပါးနေကြရာ ယင်းလိုကွက်ကို ရှင်ပြုခြင်းဖြင့်ဖြည့်စွက်နိုင်ပါသည်။

## အဓိကရုဏ်း

ဤသို့ဘုရားသာသနာတော်၌ ပြန့်ပြောစွာသော လာဘသက္ကာရဖြစ်လတ်သော် တိတ္ထိတို့သည် စားရာမဲ့-ဝတ်ရာမဲ့ ဖြစ်ကုန်ရကား ရဟန်းခွင်သို့ခိုဝင်လာကြ၍ ရဟန်းပြုကြပြီးလျှင် မိမိတို့၏ အယူဝါဒကိုထင်ရှားပြလျက် အဓမ္မကိုဓမ္မဟုပြဆိုကုန်၏။ ရဟန်းကောင်းတို့က လက်မခံသော် မိမိတို့အလိုလို ဦးပြည်းပြု၍ ဖန်ရည်စွန်းသော အဝတ်တို့ကို ဝတ်ကုန်လျက် ထိုထိုသော ကျောင်းတို့သို့လည်း၍ ဥပုသ်- ပဝါရဏာ၌ဝင်ကုန်၏။ ရဟန်းကောင်းတို့ကလည်း ထိုရဟန်းတို့နှင့်အတူ ဘက္ကဥပုဘ်-ပဝါရဏာ မပြုကြကုန်၊ ထိုအခါ မဟာမောဂ္ဂလိ ပုတ္တတိဿထေရ်သည် အဓိကရုဏ်းကြီးစွာ ဖြစ်လတ္တံ့သည်ကိုမြင်၍ အရှင်မဟိန္ဒအား သံဃာအပေါင်းကို အပ်ခဲ့ပြီးသော် မိမိသည် အဟောဂင်္ဂါ အမည်ရှိသော တောင်သို့ကြွ၍ နေတော်မူ၏။

ရဟန်းခွင်သို့ ဝင်လာကြသော တိတ္ထိ တို့သည်လည်း ပိဋကတ်တော်ကို မသင်-မကြား၊ မိမိတို့၏အလေ့အကျင့် အားလျော်စွာကျင့်၍ အချို့ကား မီးကိုလုပ်ကျွေးကုန်သည်။ အချို့ကား ပဉ္စာတပအကျင့်ကို ကျင့်ကုန်သည်။ အချို့ကားနေကို၊

အတုလိုက်၍ ကျင့်သည်။ အချို့ကား တရားမဟုတ်သည်ကို တရားကျွမ်းဝန်ပြုလုပ်ကုန်သည်။

ရဟန်း သံဃာတို့အား ထိုတိတ္ထိတို့နှင့်အတူတကွ ဥပုသ် ပဝါရဏာစသော ကံကြီးကံငယ်ကို မပြုကြကုန်၊ အသောကာရုံ ကျောင်း၌ ခုနှစ်နှစ်ပတ်လုံး ဥပုသ်ပဝါရဏာပြုခြင်းမှ ကင်းကုန်၏။

ရဟန်း သံဃာတို့သည် တလလျှင်နှစ်ကြိမ် လပြည့်နှင့် လကွယ်နေ့တို့၌ သိမ်ထဲတွင်ညီညွတ်စွာစုပေါင်းပြီး ဥပုသ်ပြုကြရ၏။ ဥပုသ်ပြုသည်မှာ မြတ်စွာဘုရားပညတ်တော် မူသော ဝိနည်းသိက္ခာပုဒ်တို့ကို ရွတ်ဆိုကြားနာကြခြင်းဖြစ်၏။ ထို့ပြင် တနှစ်လျှင်တကြိမ်၊ သီတင်းဝါလကျွတ်သောအခါ ထို့အတူ ပဝါရဏာပြုကြရ၏။ ပဝါရဏာပြုသည်မှာ အပြစ်ကို တွေ့မြင် ကြားသိပါက သွန်သင်ဆုံးမပါရန် အချင်းချင်းဘိတ်ကြားခြင်း ဖြစ်၏။ သို့သော်လည်း စင်ကြယ်သောသံဃာသာ ယင်းသို့သော အမှုကိုပြုရပါသည်။ သံဃာမစင်ကြယ်ပါလျှင် မပြုနိုင်ပါ။ သံဃာမစင်ကြယ်ပါလျှင် သိမ်တွင်း၌ မည်သို့သော သံဃအမှု ကိုမျှ ပြုခွင့်မရှိပါ။

ထိုအကြောင်းကို မင်းကြီးကြားသိလေသော် အမတ်တ ယောက်ကိုခေါ်၍ "အချင်းအမတ် ကျောင်းတော်သို့ သွား၍ အဓိကရုဏ်းကို ငြိမ်းအောင် စီရင်ချေ။ သံဃာတော်တို့အား အညီ-အညွတ် ဥပုသ်ပြုစေလော့" ဟု စေလိုက်၏။

အမတ်လည်း အကြောင်းကိုမင်းကြီးအားပြန်၍ စေ့စုံ စွာ မလျှောက်ဝံ့သောကြောင့် အမတ်တယောက်ကို "ရဟန်း

တို့ အမိကရုဏ်းကို ဘယ်သို့ငြိမ်းအောင် စီရင်ရအံ့နည်း” ဟု မေး၏။

ထိုအမတ်ကလည်း “အဆွေ ပစ္စန္တရာဇ်မှို့ရှာ၁ကို ငြိမ်းစေလိုသော် ခိုးသားဓားပြတို့ကို သတ်ရကုန်၏။ မင်း၏အာဏာကို မခံ့ညားသူအားပယ်ရှားရ၏။ ထို့အတူ ဥပုသ်ပြုဆို၍မပြုသော ရဟန်းတို့ကို သတ်စေလိုသတည်း” ဟု ပြောပြ၏။

စေသော အမတ်လည်း ထိုစကားကို ဟုတ်မှန်၏ဟု နှလုံးသွင်း၍ ကျောင်းသို့သွားပြီးလျှင် သံဃာတို့ကို “အညီ-အညွတ် ဥပုသ်ပြုကုန်လော့” ဟုဆို၏။

ရဟန်းကောင်းတို့က “တတ္ထိတို့နှင့်အတူတကွငါတို့ ဥပုသ် မပြုကုန်” ဟု ဆိုကြ၏။

ထိုအခါ သံဃာကြီးမှစ၍ အစဉ်အတိုင်းလျှင် သံလျက်ဖြင့် ဦးခေါင်းကိုဖြတ်ဘိ၏။ ထိုသို့သတ်သည်ကို အိမ်ရှေ့မင်းဖြစ်ဘူးသော တိဿထေရ်မြင်လျှင် အမတ်နှင့်နီးစွာသော နေရာ၌ နေတော်မူ၏။

အမတ်လည်း ဤရဟန်းကား မင်း၏ညီ ဖြစ်ပေသည်ဟု မှတ်ဝံ့ရကား မင်းကြီးအား မြန်စွာ နားတော်လျှောက်၏။

မင်းကြီးလည်း ထိုစကားကိုကြားလျှင် ဘဝင်လှိုက်ခုန်လျက် “ဟယ်အမတ်မိုက် သင့်ကို ရဟန်းတို့ကိုသတ်ချေဟု ငါ မစေဘဲလျက် အဘယ်ကြောင့် သင်သတ်ဘိသနည်း” ဟု ဆိုပြီး ချက်ချင်း ကျောင်းတော်သို့ သွား၏။

“အရှင်ဘုရားတို့ ဤအမတ်သည် ကျွန်ုပ်မစေဘဲလျက်

ဤသို့သော အမှုကိုပြု၏။ ထိုမကောင်းမှုသည် ဘယ်သူ့အား ဖြစ်ရာသနည်း” ဟု မေးလျှောက်၏။

အချို့သောရဟန်းတို့က မင်းကြီးအားသာ မကောင်းမှု ဖြစ်ရာသည် ဖြေဆိုကြ၏။ အချို့ကလည်း အမတ်အားသာ မကောင်းမှုဖြစ်ရာသည်ဟုဖြေဆို၏။ အချို့ကလည်း မင်းကြီးနှင့် အမတ်နှစ်ဦးလုံးပင် မကောင်းမှုဖြစ်သည်ဟု ဖြေဆို၏။ မင်းကြီး သည် ထိုရဟန်းတော်တို့၏ဖြေဆိုချက်တို့ကို အလေးအနက် နှစ်သက်ခြင်းမရှိသဖြင့် အဟောဂင်္ဂါတောင်တွင် သီတင်းသုံးနေ သော အရှင်မောဂ္ဂလိပုတ္တတိဿထေရ်ထံသို့ အမတ်တို့ကိုစေလွှတ် ကာ ပင့်လေ၏။

# တိတ္တိရဇာတ်

အရှင်မောဂ္ဂလိပုတ္တတိဿထေရ် ကြွရောက်လာသောအခါ "တကာမင်းကြီး ဤအမတ်သည် သံဃာတို့အား နှိပ်စက်သတ်ဖြတ်စေသတည်းဟု သင်စိတ်ရှိသလော" ဟု မေး၏။

"အရှင်ဘုရား ကျွန်ုပ်စိတ် မရှိပါ" ဟု မင်းကြီးက လျှောက်ကြား၏။

"မင်းကြီးသေစေလိုသောစိတ်မရှိက သင်၌ မကောင်းမှုမရှိ၊ ဤအကြောင်းကို ဘိုရားသခင် ဟောကြားတော်မူသော တိတ္တိရဇာတ်ဖြင့် သိနိုင်၏" ဟု မိန့်ကြားပြီးလျှင် ထိုဇာတ်ကို ဟောကြားတော်မူ၏။

ရှေးလွန်လေ ပြီးသောအခါ ဘုရား အလောင်းသည် ရသေ့-ရဟန်းပြု၍ တောအုပ်တခု၌နေ၏။

ပစ္စန္တတရွာ၌ မုဆိုးတယောက်သည် ခါတိန်ညင်ကိုမွေး၍ လိမ္မာစွာ သင်ကြားပြီးလျှင် တောသို့သွားကာ သင့်ရာ၌ ခါတိန်ညင်ကိုထား၍ အပါး၌ ညှတ်ကွင်းတို့ကိုထောင်၏။

ခါတိန်ညင် တွန်ကျူးသောအသံကိုကြား၍ ခါအများတို့လာလျှင် ညှတ်ကွင်း၌မိကြ၏။ မုဆိုးသည် ခါတို့ကိုဘမ်း၍ ရောင်းချကာ အသက်မွေး၏။

ခါတိမ်ညင်သည်- "ငါ့ကို အကြောင်းပြု၍ ငါ၏အမျိုး ခါတို့သည် ပျက်စီးကုန်၏" ဟု ကြံပြီးလျှင် "ငါ့အား အပြစ် ရှိသည်" ဟု အယူရှိ၍ မာန့်တဲနေ၏။ ထိုအခါ မုဆိုးသည် ဦးခေါင်းကို ဝါးခြမ်းစိတ်ဖြင့်ရိုက်၍ နာသောကြောင့် တွန်ရ ပြန်၏။

တနေ့သ၌မုဆိုးသည် ခါတိန်ညင်ကို ပိုက်လျက် တော၌ နေသော ရသေ့ကျောင်းသို့ ရောက်လေလျှင် ခါအိမ်ကို ကျောင်းဝ၌ထား၍ သဲပေါ်၌အိပ်နေ၏။

ထိုအခါ ခါတိန်ညင်က အရှင်ရသေ့အား "အရှင် ရသေ့ ကျွန်ုပ်၏တွန်သံကိုကြားသဖြင့် တော၌ရှိသော ခါအ ပေါင်းတို့သည်လာကြ၍ မုဆိုး၏ညွတ်ကွင်း၌မိပြီး အသတ်ခံကြ ရပါသည်။ ဤမကောင်းမှုကံကို အကျွန်ုပ်ခံရ လတ္တံ့လော" ဟု မေးလျှောက်၏။

ရသေ့ကလည်း "ခါတိန်ညင် သင်သည် ရောက်လာသော ခါတို့ကို သေစေလိုသောစိတ်ရှိသလော" ဟု မေး၏။

"အရှင်ဘုရား ကျွန်ုပ်သေစေလိုသောစိတ်မရှိပါ။ တွန်မြဲ တိုင်းဖြစ်၍သာ တွန်ပါသည်" ဟု လျှောက်၏။

"ခါတိန်ညင်သင်သည် သေစေလိုသောစိတ်မရှိက သင့် အား မကောင်းမှုမရှိ၊ စိတ်စေတနာနှင့်တကွ ပြုသော သူအား သာလျှင် မကောင်းမှုအကျိုးဖြစ်၏။ ခါတိန်ညင်သိမြင် လိမ္မာ သော ပညာရှိတို့သည် စေတနာကိုသာလျှင် ကံဟုဆိုကုန်၏။ ကိုယ်နှုတ်နှလုံး သုံးပါး၌ဖြစ်သော အမှုအရာတို့သည် စေတနာ သာလျှင် အကြောင်းရင်းဖြစ်၏" ဟု ဖြေကြား၏။

"မင်းကြီး- ဤတိတ္တိရဇာတ် ဥပဒေကို သက်သေထား သဖြင့် သတ်စေလိုသောစိတ်မရှိသော် မင်းကြီးအား ဒေရဟန္တ ဃာတက ပါဏာတိပါတကံမရှိဟု မှတ်တော်မူ" ဟု ဟောကြား တော်မူ၏။

မင်းကြီးလည်း အလွန်ဝမ်းသာလျက် သက်သာယနကင်း၍ ထိုအရှင်၏ထံရင်းတွင်ပင် ခုနစ်ရက်ပတ်လုံး ဘုရားအဆုံးအမ ဖြစ်သော အယူဝါဒကို သင်ကြားလေ့လာ၏။ တတ်မြောက် သောအခါ အသောကာရာမ ကျောင်းသို့လာ၍ သံဃာတော် တို့ကို တူရာ-တူရာ စည်းဝေးစေပြီးလျှင် တသင်း-တသင်းကို စစ်ဆေး၍ "အရှင်ရဟန်းတို့ မြတ်စွာဘုရားသည် အဘယ်အယူ ရှိသနည်း" ဟု မေး၏။

အချို့ကလည်း သဿတဝါဒရှိပါသည်ဟု ပြော၏။
အချို့ကလည်း ဧကစ္စသဿတဝါဒ ရှိပါသည်ဟုပြော၏။
အချို့ကလည်း အမရာဝိက္ခေပဝါဒရှိပါသည်ဟုပြော၏။
အချို့ကလည်း အဓိစ္စသမုပ္ပန္နဝါဒ,
အချို့ကလည်း သညီဝါဒ, နေဝသညီ နာသညီဝါဒ,
ဥစ္ဆေဒဝါဒ၊ဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒ ရှိပါသည်ဟု ပြော၏။

အသောကမင်းကြီးလည်း ဗုဒ္ဓအယူဝါဒကို သိမြင်တတ် မြောက်ပြီးဖြစ်၍ "ဤသူတို့ကား ဘုရားတပည့်အစစ် မဟုတ်၊ တိတ္ထိတို့သာတည်း"ဟု သိ၍ ဝတ်ဖြူစည်း၍ လူပြုစေပြီးသော် ကျောင်းကြီးမှ နှင်ထုတ်ကုန်၏။

ထို့နောက်မှ တခုသောရဟန်းတို့ကို ပင့်ခေါ်ပြီးလျှင် "အရှင်ဘုရားတို့ဘုရားသခင်သည်ဘယ်သို့အယူဝါဒရှိပါသနည်း" ဟု မေးလျှောက်ပြန်၏။

"တကာတော် မင်းကြီး ဘုရားမြတ်စွာကား ကမ္မဝါဒီ ဝိဘဇ္ဇဝါဒီတည်း" ဖြေဆိုလျှင် "အရှင်ဘုရား ဟုတ်မှန်ပေပြီ၊ ယခုအခါ သာသနာတော် သန့်ရှင်းစင်ကြယ်ပါပြီ၊ ဥပုသ်-ပဝါရဏာပြုပါကုန်လော" ဟု လျှောက်ကြား၍ သံဃာတော်များကို စည်းဝေးစေပြီးလျှင် တညီ-တညွတ်ဘည်း ဥပုသ်ပြုကြကုန်၏။

# တဆယ့်ရှစ်ဂိုဏ်း

ပထမ သံဂါယနာတင်ရခြင်း အကြောင်းရင်းမှာ သုဘဒ္ဒ အမည်ရှိသော ရဟန်းကြီး၏ စကားကြောင့် ဖြစ်၏။ ဒုတိယ သံဂါယနာတင်ရခြင်းအကြောင်းရင်းမှာ ဝဇ္ဇီတိုင်းသား ရဟန်း များ၏ အကပ္ပိယ ဝတ္ထုဆယ်ပါးကြောင့် ဖြစ်၏။ တတိယ သံဂါယနာတင်ရခြင်း အကြောင်းရင်းမှာ သံဃာများ အတွင်း တွင် တိတ္ထိများ ရောနှောနေခြင်းကြောင့် ဖြစ်သည်ဟု သာမန် အားဖြင့် ယူဆနိုင်ပါသည်။ ထိုတိတ္ထိတို့သည် ဆိုခဲ့သည့် အတိုင်း စားဝတ်နေရေး ချောင်လည်၍ သာသနာတွင်းသို့ ဝင်လာသူများ လည်း ရှိမည်။ ထို့ပြင်ဗုဒ္ဓဓမ္မနှင့် စပ်လျဉ်းပြီး အယူအဆမတူမျှ သူတို့လည်းရှိမည်။ ထိုတွင် အရေးကြီးသည်မှာ ဗုဒ္ဓဓမ္မ၌ အယူအဆ ကွဲပြားခြင်းသာ ဖြစ်၏။ သဿတ ဝါဒ စသည်တို့မှာ ဗုဒ္ဓဓမ္မ နှင့် မည်သို့မျှ ဆက်စပ်ခြင်း မရှိ၊ ဗြာဟ္မဏဝါဒ သက်သက်ဖြစ် ၏။ သူတို့ကိုယ်တိုင်ကလည်း မိမိတို့၏ ဝါဒကို အသီးသီး ဝန်ခံ ကြသဖြင့် ပြဿနာမဖြစ်နိုင်ပါ၊ အဖြူနှင့် အမဲ ကွဲပြားနေ၏။ ယင်းသို့ ဝန်မခံဘဲ ဗုဒ္ဓဓမ္မဟုပါမှာသာ အယူ အဆကွဲပြားမှုသည် သာလျှင် စင်စစ် သံဂါယနာတင်ရန် အကြောင်းဖြစ်၏။ ဒုတိယ သံဂါယနာတင်ပြီးနောက် တတိယသံဂါယနာ မတင်မီ အတွင်း

မှာ ဗုဒ္ဓသာသနာ၌ ဂိုဏ်းပေါင်း တဆယ့် ရှစ်ဂိုဏ်းကွဲပြားနေ၏။ ဗုဒ္ဓဝမ္မဲပေါ်မှာ အချင်းချင်း အယူအဆ မတူမျှသော အဖွဲ့အစည်း ပင်တည်း။ ထိုဂိုဏ်းတို့၏ အကြောင်းကို ဒီပဝင်၌ အကျယ်တွေ့ မြင်နိုင်ပါသည်။

ဒုတိယ သံဂါယနာတင် အရှင်တို့ နှင့်ထုတ်ပစ်သော ဝဇ္ဇီ တိုင်းသား ရဟန်းများသည် မိမိတို့အား လျှောက်ပတ်သော ဒုဗ္ဗ လပက္ခကို ရ၍ ရဟန်းသံဃာ တသောင်းတို့သည် အညီအညွတ် စည်းဝေးကုန်လျက် သံဂါယနာတင်ကြ၏။ ထိုသံဂါယနာကား မဟာသံဂီတိမည်၏။ ထိုဝဇ္ဇီတိုင်းသား ရဟန်းတို့ကား မဟာသံဂိက ဟူသော ဆရာအနွယ်ဖြင့် ကွဲကုန်၏။

ထိုမဟာသံဂိက အနွယ်မှကွဲ၍ ဂေါကုလကနှင့် ဧကဗျော ဟာရိက ဟူ၍ ဂိုဏ်းနှစ်ပါး အာစရိယ ဝါဒဖြစ်၏။

ဂေါကုလကဂိုဏ်းမှ တဖန်ကွဲပြန်၍ ပဏ္ဏတ္တိကဝါဒနှင့် ဗာဟုသတိကဟူ၍ ဂိုဏ်းနှစ်ပါးကွဲကုန်၏။

ထို ဂိုဏ်းနှစ်ပါးမှလည်း ကွဲ၍ စေတိယ ဝါဒဟူသော ဆရာအနွယ်သည် ဖြစ်၏။

ယင်းသို့ မဟာသံဂိက ဆရာ့အနွယ်မှ သာသနာတော် နှစ်ရာတွင် ဆရာငါးပါးတို့၏ အနွယ်တို့ ဖြစ်ကုန်၏။ ပထမ မဟာ သံဂိကနှင့်သော် ဂိုဏ်းခြောက်ပါးဖြစ်၏။

ထိုအနှစ် နှစ်ရာတွင် အာစရိယဝါဒမှလည်း မဟိသာသ ကနှင့် ဝဇ္ဇီပုတ္တကဟူ၍ ဆရာနှစ်ပါးကွဲကုန်၏။

ဝဇ္ဇီပုတ္တက အနွယ်မှလည်း ဓမ္မုတ္တိရိယ, ဘဒြသာနိက,

ဆန္ဒာဂါရိကနှင့် သမုတိယဟူ၍ ဆရာလေးပါးတို့၏ အနွယ်ကွဲကုန်၏။

မဟိသာသက အနွယ်မှလည်း ကွဲကြပြန်၍ သမုတ္တိဝါဒနှင့် ဓမ္မကုတ္တိက ဟူ၍ အနွယ်နှစ်ပါးဖြစ်ကုန်၏။

သမုတ္တိဝါဒမှလည်း ကွဲပြန်၍ ကသပိယဟူသော ဆရာအနွယ်ဖြစ်၏။

ထိုကသပိယ အနွယ်မှလည်း ကွဲပြန်၍ သင်္ကန္တိက ဆရာအနွယ်ဖြစ်၏။

သင်္ကန္တိက ဆရာအနွယ်မှလည်း ကွဲ၍သုတ္တဝါဒ ဟူသော ဆရာ အနွယ်ဖြစ်၏။

ဤ ၁၁-ပါးသော အနွယ်သည်ကား ထေရဝါဒမှ ဖြစ်၏။ ရှေးဦးစွာသော ထေရဝါဒနှင့်သော် ၁၂ ပါးဖြစ်၏။

ယင်းသို့လျှင် မဟာသံဃိက ဆရာတို့၏ အနွယ် ၆ ပါး, ထေရဝါဒမှ အနွယ် ၁၂ ပါးအားဖြင့် ဗုဒ္ဓသာသနာတွင် ဂိုဏ်းပေါင်း ၁၈ ဂိုဏ်းရှိလေသည်။

အရှင် မောဂ္ဂလိပုတ္တတိဿထေရ်သည် သံဃာတို့အလယ်၌ အသွယ်သွယ်သော အဓမ္မဝါဒကို နှိမ်နင်းလျက် ကထာဝတ္ထုကျမ်းကို ဟောကြားတော်မူ၏။ ထို့နောက်မှ တိပိဋကဓရဖြစ်သော ရဟန္တာတထောင်ကို ရွေးကောက်တော်မူလျက် အသောကာရာမကျောင်းတွင် ကိုးလတိုင်တိုင် သံဂါယနာ တင်တော်မူကြ၏။

ဤ သံဂါယနာကို ရဟန်းတထောင်တို့ တင်ကြသောကြောင့် သဟဿိကဟုရင်း, ရှေးကသံဂါယနာ နှစ်တန်ကိုတောက်

၍ တတိယဟူ၍ရင်း, ခေါ်ဆိုကြ၏။ ဤသံဂါယနာတင်နှင့် စပ်လျဉ်း၍ အသောကမင်းရေးထိုးသော ကျောက်စာကို မတွေ့ရသေးပါ။ သို့ကြောင့် ကျောက်စာသုတေသီတို့သည် အသောကမင်းလက်ထက် တတိယ သံဂါယနာတင်သည် ဆိုသော ပါဠိစာပေတို့၏ ဖွင့်ဆိုချက်တို့ကို အလေးအနက် ထောက်ခံခြင်း မရှိကြသေးပါ။ သို့သော်လည်း အိန္ဒိယနိုင်ငံ ဆန်ချီ စေတီတော်မှ တူးဖော်ရရှိသော ဓါတ်တော်ကြုတ်တို့တွင် ကိုးတိုင်း ကိုးဌာန သာသနာပြု အရှင်အချို့၏ အမည်များကို တွေ့ကြရသည်။ ကိုးတိုင်း ကိုးဌာနသို့ သာသနာပြုအဖွဲ့များစေလွှတ်သည်မှာ သံဂါယနာတင်ပြီးနောက်မှ ဖြစ်၏။ အကယ်၍ သံဂါယနာတင်ခဲ့ပါလျှင် အသောကမင်းကြီးသည် စင်စစ်ကျောက်စာထိုးလိမ့်မည်။ သူသည် သာမန်ဆောင်ရွက်ချက်များကိုပင် ပြည်သူအများအကျိုးရှိမည်ဟု ယုံကြည်လျှင် ကျောက်စာ တင်ခဲ့သည်။ ဤသို့သော အမှုမျိုးကိုကား အဘယ်မှာ လျစ်လျူရှုခဲ့မိမည်နည်း။ သို့သော်လည်း တူးဖော်မရသေး၍ ဖြစ်မည်။ အချိန်အခါကို စောင့်ဆိုင်းရပါဦးမည်။

## သံဂီတိဆောင်ပုဒ်

မြတ်ဖျားဘုန်းမော်၊ ဂုဏ်ကိုးဖော်နှင့်
ရှင်တော်ဘုရား၊ ကြွသွားနိဗ္ဗာန်
စံပြီးလွန်မှ၊ သုံးတန်ပိဋကတ်
ပရိယတ်ကို၊ ညီညွတ်ညှိနှိုင်း
ရွတ်ဆိုလှိုင်း၍၊ တိုင်းမဂဓိုရ်
ရာဇဂြိုဟ်နှင့်၊ နဂိုရ်အောင်ချာ
ပြည်ဝေသာဠ်၊ အဇာတသတ္တု
သုသုသည်းချာ၊ မင်းကာဠောကို
မှီရာပြုကြ၊ လေးလတခါ
နှစ်တရာတွင်၊ မဟာကဿပ
ထေရ်ယသတို့၊ ပထမ,ဒုတိယာ
သင်္ဂါနှစ်ထောက်၊ တင်ပြီးနောက်တိ

ဘုန်းတော်ဓမ္မာ၊ မင်းမြတ်စွာ၏
သာသနာနုဂ္ဂဟ၊ ဗလဝဖြင့်
နတ်ရွာ့အယောင်၊ လေးထောင်ရှစ်သောင်း
မြို့ပေါင်းခွန်ချို၊ နက်သန်ရှိသည့်
ပါဋလိပုတ္တာ၊ ရပ်ဌာနဋ္ဌ
နှစ်ရွာ့သုံးဆယ်၊ ငါးခုကယ်သား
နှစ်ကြွယ်ပြည့်ထ၊ ရောက်ကာလဝယ်
တတိယသင်္ဂါယနာ၊ တင်ပြီးခါသော်
ထေရာဓိပတိ၊ မောဂ္ဂလိပုတ္တာ
တိဿမြတ်စွာ၊ ဂိုဏ်းဆရာလျှင်
မဟာမဟိန္ဒ၊ စသည့်သီးသီး
ဘိညာဉ်ပြီးသား၊ ထေရ်ကြီးကိုးပါး
ခြွေရံများနှင့်၊ မြောက်မြားဂုဏ်ဝါ
ထင်ရှားစွာကို၊ ကိုးဌာနပိုင်း
ကိုးရပ်တိုင်းသို့၊ ကိုးဂိုဏ်းဖွဲ့ကာ
သာသနာခွဲဝေ၊ ပြုပြန်စေ၍
သောင်းမြေနဂိုရ်၊ ပြည်ထိုထိုနှင့်
သီဟိုဠ်ခေါ်ညွှန်း၊ လင်္ကာကျွန်းကိုင်

တည်ထွန်းသာသနာ၊ စည်ပြန့်စွာ၏
ထိုလင်္ကာဗွေ၊ ကျွန်းရပ်မြေသို့
ခြောက်ထွေအိညာ၊ ကြီးတောင်ဇာနှင့်
မဟာမဟိန်၊ မြတ်ထေရိန်လျှင်
စက်ရှိန်ကြွရွှန်း၊ တည်စေထွန်းသည်
ထိုကျွန်းတခေတ်-တမြေတည်း။

မန်လည် ဆရာတော်

## ကိုးတိုင်း ကိုးဌာန

ခါသင့်ပန်းသို့၊ လန်းလန်းပွင့်မှု
ကျွန်းဇမ္ဗူထက်၊ တယူဇနာ
ကျေညာအောက်ထက်၊ ၊အာကာစက်ဖြင့်
ပံ့တက်မြေလျှိုး၊ ပိုင်သစိုးသည့်
နေမျိုးဓမ္မ၊ အသောကလျှင်
ဇိနစကြာ၊ နှစ်ရာလွန်ရောက်
သုံးဆယ့်ခြောက်တွင်၊ မောဂ္ဂလိပုတ္တာ
တိဿအခေါင်၊ မြတ်တထောင်အား
နောက်နောင်မြင့်ရှည်၊ တည်ကြောင်းရည်၍
သုံးမည်ပိဋကတ်၊ ယူညီညွတ်လျက်
တင်ရွတ်စေပြီး၊ ထိုပွဲကြီးမှ
စောခီးမုနိန္ဒ့၊ မိန့်ခဲ့သောတိုင်း

ခြားပိုင်းသီဟိုဠ်၊ ထိုထိုရပ်ဌာန်
အပရန်နှင့်၊ သုဝဏ္ဏဘုံ
တိုင်းရိပ်မြုံသို့၊ ခြောက်စုံရှင်ပျံ့
အရဟံတို့၊ ဆိတ်ညံ့မှဲ့အောင်
ထွန်းကြဲဆောင်သည်...........
ငါးထောင်တည့်တည်ရေး- မြိုက်ရည်ကျေး။

ပလိပ်စား ချင်း

# ကိုးတိုင်း ကိုးဌာန

အရှင်မောဂ္ဂလိပုတ္တတိဿ အမှူးရှိသော ရဟန္တာ အရှင်မြတ်တို့သည် တတိယ သံဂါယနာတင်ပြီးသောအခါ ပါဋလိပုတ်ပြည်မှ တပါးသော အခြားအရပ်ဒေသများ၌လည်း ဗုဒ္ဓ သာသနာ ပြန့်ပွားစေရန်အတွက် သာသနာပြုအဖွဲ့ များကို ဖွဲ့စည်း စေလွှတ်၏။ ကိုးတိုင်း ကိုးဌာန ရွေးချယ်သတ်မှတ်ပြီး အဖွဲ့ကိုးဖွဲ့ကို စေလွှတ်ခြင်းဖြစ်၏။ယင်းသည်ပင် ကိုးတိုင်း ကိုးဌာနသာသနာပြု အဖွဲ့ဟူ၍ ထင်ရှား၏။

[၁] အရှင်မဇ္ဈန္တိက ခေါင်းဆောင်သောအဖွဲ့ကိုကသ္မီရ ဂန္ဓာရတိုင်းသို့ စေလွှတ်၏။ ကသ္မီရနှင့်ဂန္ဓာရမှာ ဆက်စပ်နေ၍ ပူးတွဲပေးလိုက်ခြင်းဖြစ်၏။ ကသ္မီရတိုင်းမှာ ဟိမဝန္တာတောင်၏ အနောက်မြောက်စွန်း၊ ပန်ဂျပ်နယ်၏ အရှေ့မြောက်စွန်းနှင့် စပ်လျက် တည်ရှိ၏။ တပြည်လုံးမှာ တောင်အတိပြီး၏။ မြောက်ဖက်၌တရုပ်ပြည်၊ တုရကိဆတာန်ရှိ၏။ တောင်ဖက်၌ ပန်ဂျပ်ပြည်ရှိ၏။ အရှေ့

ဖက်၌ တိဗတ်ပြည်ရှိ၏။ ဟိမဝန္တာတောင်နယ် ဖြစ်ခြင်းကြောင့် ဆီးနှင်းခဲ၏။ ရှေးမြို့တော်၏ အမည်မှာ သိရိနဂရဖြစ်၍ ယခုအခါ ဆရင်နဂါဟုခေါ်ကြ၏။ ပန်ဂျပ်နယ်၏ မြောက်ဖက်ပက်ရှဝါနှင့် ရာဝါပန္ဒိနယ်တို့သည် ဂန္ဓာရတိုင်းဖြစ်၏။

[၂] အရှင်မဟာဒေဝ ခေါင်းဆောင်သောအဖွဲ့ကို မဟိံသကတိုင်းသို့ စေလွှတ်၏။ မဟိံသကတိုင်း ဟူသည် အိန္ဒိယတောင်ပိုင်း မိုက်ဆိုးနယ်ပင်ဖြစ်၏။ မဟိံသောကို မဟိဆို=မိုက်ဆိုဟု ခေါ်ကြခြင်းပင်ဖြစ်၏။ မဟိံသကတိုင်း၏ ရှေးမြို့တော်မှာ သာကလဖြစ်၏။ ယခုမြို့မှာ ချိတယ်ဒရုဂ ဖြစ်၏။

[၃] အရှင်ရက္ခိတ ခေါင်းဆောင်သော အဖွဲ့ကို ဝနဝါသီတိုင်းသို့ စေလွှတ်၏။ ယင်းတိုင်းသည် ဘုံဘေနယ်တောင်ပိုင်း အစွန်း ကာဏာရာဒိစတြိတ်စီရင်စု နယ်ပယ်များ၌တည်ရှိ၏။ ရှေးမြို့တော်ဟောင်းမှာ ကာဏာရာဖြစ်၏။ ယခုမြို့တော်အမည်မှာ အန္ဒဂုန္ဒိဖြစ်၏။

[၄] အရှင်ယောနက ဓမ္မရက္ခိတ ခေါင်းဆောင်သော အဖွဲ့ကို အပရန္တတိုင်းသို့စေလွှတ်၏။ ယင်းတိုင်းကို သုနာပရန္တတိုင်းဟုလည်း ခေါ်ကြ၏။ ရှေးအခါက မြန်မာတို့သည် မြန်မာနိုင်ငံအတွင်းမှာပင် အပရန္တတိုင်းနှင့်

သုနာပရန္တတိုင်းကို ခွဲခြား သတ်မှတ်ခဲ့ကြ၏။ စင်စစ် ယင်းတိုင်းသည် အိန္ဒိယပြည် နမ္မဒါမြစ်နှင့် ပစ္ဆိမသာဂရ၏ တောင်အတွင်း ဘုံဘိုင်မြို့ မြောက်ဖက်ထာနာစီရင်စုနှင့် စုရတ်စီရင်စုနယ်များ၌ တည်ရှိ၏။ ရှေးက မြို့တော် ဟောင်းအမည်မှာ သုပ္ပါရကဖြစ်၍ ယခုအခါ ဆိုပါရ်ဟု ခေါ်ကြ၏။

[၅] အရှင်မဟာဓမ္မရက္ခိတ ခေါင်းဆောင်သော အဖွဲ့ကို မဟာရဋ္ဌတိုင်းသို့ စေလွှတ်၏။ ယင်းတိုင်း သည်လည်း ဘုံဘိုင်မြို့ အလယ်ပိုင်း ကလျာဏမြို့ ကာလယံထာနာ မြောက်ဖက်စီရင်စုများ၌ တည်ရှိ၏။ ရှေးက မြို့တော် အမည်မှာ ကလျာဏပုရဖြစ်၍ ယနေ့မြို့အမည်မှာပဋ္ဌိရမဏ္ဍ ဖြစ်၏။

[၆] အရှင်မဟာရက္ခိတခေါင်းဆောင်သောအဖွဲ့ကို ယောနက တိုင်းသို့ စေလွှတ်၏။ ယင်းတိုင်းသည် ပန်ဂျပ်နှင့် အိန္ဒု မြစ်၏ အနောက်၌တည်ရှိ၏။ ယခုအခါ ပါကစ္စတန် နယ်တွင် ပါဝင်၏။ ရှေးက မြို့တော်မှာ သာကလဖြစ်၏။ ယောနက ဟူသည်မှာ ယဝန သို့မဟုတ် တူရကီ ဖြစ်၏။ ရွှေပြည်ဝန်ကြီးကလည်း မဟာသုဇာတကကျမ်း၌ယဝန ကို တူရကီဟူ ပြန်ဆို၏။

[၇] အရှင်မဇ္ဈိမခေါင်းဆောင်သောအဖွဲ့ကို ဟိမဝန္တာ အရပ် သို့ စေလွှတ်၏။ယင်းအရပ်သည်ဟိမဝန္တာ၏ မြောက်ဖက်

အရှေ့ဖက်ရှိ ခိုတန်  ယရကန်၊ တိဗက်၊ ဘူတန်စသော တိုင်းပြည် များနှင့် တရုပ်ပြည်များ ဖြစ်မည်ဟု မှန်းဆကြ၏။

[၈] အရှင်သောဏနှင့်အရှင်ဥတ္တရ ခေါင်းဆောင်သော အဖွဲ့ကို သုဝဏ္ဏဘူမိသို့ စေလွှတ်၏။ သုဝဏ္ဏဘူမိ ဟူသည်မှာ ပဲခူးနှင့်မော်လမြိုင် အကြားရှိ မြန်မာနိုင်ငံ အောက်ပိုင်း နယ်မြေဖြစ်သည်ဟု အများက ယူဆကြသည်။ နောက်လူတို့ကား အထောက်အထား အမျိုးမျိုးဖြင့်  သုဝဏ္ဏဘူမိ အမျိုးမျိုးကို ညွှန်ပြကြ၏။ အချို့က  အိန္ဒိယ နိုင်ငံ ဗင်္ဂလားနယ်တွင်းမှာရှိသော ကဏ္ဏသုဝဏ္ဏအရပ်ကို ညွှန်ပြ၏။ အချို့ကလည်း အိန္ဒိယပြည် အလယ်ပိုင်းက ဆုန်းမြစ်၏ ပတ်ဝန်းကျင်အရပ်ဒေသကို တင်ပြ၍  အချို့ကလည်း စုမာတြာကျွန်းကို ထုတ်ဖော်ကြ၏။

[၉] အရှင်မဟိန္ဒ ခေါင်းဆောင်သော အဖွဲ့ကို သီဟိုဠ်ကျွန်းသို့ စေလွှတ်၏။ ယင်းကို သီဟဠ၊ တမ္ဗပဏ္ဏိ၊ လင်္ကာဒီပဟု ခေါ်ကြ၏။ ယခုအခါ  သီရိလင်္ကာဟု  ခေါ်ကြ၏။ မြို့တော်ဟောင်း  အမည်တို့မှာ တမ္ဗပဏ္ဏိ၊ ဥပတိဿ၊ အနုရာဓ၊ သီဟဂိရိ၊ ပုဠတ္ထိတို့ဖြစ်၏။ ယခုအခါ ကောလံဗို(ကောလမ္ဗ)ဖြစ်၏။ ယင်းကျွန်းသည်  အိန္ဒိယပြည် တောင်ဖက် စတုရန်းမိုင်ပေါင်း နှစ်  င်းငါးထောင် ကျယ်၍ ဇမ္ဗူဒိပ်ကျွန်းကြီး၏ အရံဖြစ်၏။

# ကသ္မီရ-ဂန္ဓာရတိုင်း

{ ၁ }

အရှင် မဇ္ဈန္တိက အမှူးရှိသော ရဟန်းတို့သည် ကသ္မီရ ဂန္ဓာရတိုင်းတွင် သာသနာပြုရန် ကြွသွားကြပါသည်။ ထိုတိုင်းမှာ အရဝါဠ အမည်ရှိသော ရေအိုင်ကြီးရှိရာ ထိုရေအိုင်ကို အစိုးရသော နဂါးမင်းကြီးကိုလည်း ရေအိုင်၏ အမည်ဖြင့် အရဝါဠနဂါးမင်းဟု ခေါ်ကြ၏။ ထိုနဂါးမင်းကြီးသည် လူတို့အပေါ် မကြေမနပ်ဖြစ်ပါက ရွာက်ရွာမိုးခေါ် မိုးသီးများ ရွာချပြီး ကောက်ပဲသီးနှံတို့ကို ဖျက်ဆီးပစ်လေ့ရှိ၏။ သို့ကြောင့် လူတို့သည် သူ့ကို နှစ်စဉ် အခမ်းအနားပြုလုပ်ကာ ပူဇော်ကြရ၏။

ထိုအကြောင်းကို ကြိုတင်ပြီး သိနှင့်ထားသော အရှင်မဇ္ဈန္တိကသည် ကသ္မီရ ဂန္ဓာရတိုင်းသို့ရောက်သောအခါ ရှေးဦးစွာ ပင် အရဝါဠ ရေကန်သို့ သွားပြီး ရေပြင်ပေါ်၌ လူးလာတုံ့ ခေါက် စင်္ကြံလျှောက်နေ၏၊ ထိုအခါ နဂါးလုလင်တို့သည် နဂါးမင်းကြီးထံသွားကြပြီး "အရှင်မင်းကြီး ဖန်ရည်ဆိုးအဝတ် စုတ်တို့ကို ဝတ်ထားသော ဦးပြည်း တယောက်သည် ကျွန်ုပ်တို့ ရေကန်ပေါ်မှာ ကျူးကျော်လာပါသည်"ဟု တိုင်ကြ၏။

ထိုအခါ နဂါးမင်းကြီးသည် အမျက် ဒေါသ ထွက်ပြီး ချက်ချင်းထလိုက်သွားပြီး "ဟယ် ဦးပြည်းရေကန်မှ ယခုချက်ချင်းထွက်ခဲ့ါသွားလော့"ဟု အမိန့်ပေး၏။ သို့သော်လည်း အရှင်သည် သူ၏စကားကို လုံးဝအမှုမထားဘဲ အေးအေးဆေးဆေးပင် စင်္ကြံသွားမြဲ သွားနေ၏။

နဂါးမင်းကြီးသည် သည်းထန်စွာ ဖြစ်ပေါ်လာသော အမျက်ဒေါသကို သည်းမခံနိုင်သဖြင့် လွန်စွာ ကြောက်မက်ဖွယ် အသွယ်သွယ်တို့ကို ဖန်ဆင်းပြ၏။ လေမုန်တိုင်း ကြီး များကို တိုက်လွှင့်ပြီး သစ်ပင်တို့ကို အပိုင်းပိုင်း ပြတ်ကျစေ၏။ မိုးထစ် ချုန်းကာ လျှပ်စစ်ပြက်ပြီး မိုးကြိုးပစ်ချ၏။ မိုးသီးမိုးပေါက်တို့ ကိုလည်း အဆက်မပြတ်ရွာချ၏။ မည်သို့ပင် ချောက်လှန့်စေကာမူ ကြောက်လန့်ခြင်းမရှိသဖြင့် နဂါးမင်းကြီးသည် နဂါးလုလင် တို့အား "ထိုဦးပြည်းကို ဖမ်းကြလော့"ဟု အမိန့်ပေး၏။

နဂါးလုလင်တို့လည်း ထို အရှင်ကို ဖမ်းရန် ကြိုးစားကြ ၏။ သို့သော်လည်း ဘယ်နည်းနှင့်မျှ မဘတ်နိုင်သဖြင့် နဂါးမင်း ကြီးကိုယ်တိုင် အခိုးလွှတ်ပြီး လက်နက်မိုး ရွာချ၏။ သို့ရာတွင်

တစုံတရာ ထိရောက်ခြင်း မရှိသဖြင့် ကိုယ်ပန်း စိတ်ပန်း ဖြစ်နေ၏။ ထိုအခါ အရှင်က “အို နဂါးမင်း၊ ငါ့ကို မခြောက်ပါလင့်၊ ခြောက်သော်လည်း ငါ ကြောက်မည် မဟုတ်ပါ၊ သင်သာ ပင်ပန်းမည်” ဟု ချိုချို သာသာ ပြောပြ၏။ နဂါးမင်းလည်း “မိမိ အဘယ်မျှ ခြောက်သော်လည်း သူ ကြောက်သည့်ပြင် မိမိတို့ အပေါ်မှာလည်း အမျက်မထွက်၊ မေတ္တာသက်ဝင်၍ ချစ်ခင်သည့်အသွင်ပင် ဆောင်နေသည်” ဟု စဉ်းစားပြီး အရှင်၏ အပေါ်တွင် ညွတ်နူး သွား၏။ သို့ဖြင့် တစတစ ငြိမ်နှိမ်းပြီး အရှင်တို့ ဤအရပ်သို့ ရောက်လာရခြင်း အကြောင်းကို သိသောအခါ ပိုပြီး ကြည်ညိုလေးစားလျက် “အရှင်တို့ ဤတွင် အလိုရှိသမျှ နေကြပါ။ နေသမျှ ကာလပတ်လုံး အရှင်တို့၏ အမှုကိစ္စဟူသမျှသည် ကျွန်ုပ်၏ တာဝန်ဖြစ်ပါစေ” ဟု ဖိတ်ကြား၏။

အရှင်ကလည်း “နဂါးမင်းကြီး အမျက်ဒေါသ မဖြစ်ပါလင့်၊ ကောက်ပဲသီးနှံတို့ကိုလည်း မဖျက်ဆီးပါလင့်၊ သတ္တဝါတို့သည် ချမ်းသာကိုအလိုရှိကြပါသည်။ သို့ကြောင့် သူတို့အပေါ် မေတ္တာထားပါ၊ သူတို့ချမ်းသာစွာ နေကြပါစေ” ဟု ဆုံးမ ဩဝါဒပေး၏။ နဂါးမင်းကြီးလည်း အရှင်၏စကားကို လေးစားစွာ ဝန်ခံ၏။ အကြောင်းကား အရှင်သည် သူတပါးကိုသာ မေတ္တာထားရန် တိုက်တွန်းသည် မဟုတ်၊ ကိုယ်တိုင်လည်း မေတ္တာပန်းပွင့်လန်းဟင့် ကြိုင်လှိုင်နေသူဖြစ်၏။ သို့ကြောင့်ထို အရှင်ကို ကြည်ညိုမြတ်နိုးလေရာ ကိုယ်တိုင်လည်း အရှင်ကဲ့သို့ပင် မေတ္တာခိုင်ပန်း ကြိုင်လန်းစေရန် ဆုံးဖြတ်၏။

သာသနာ သက္ကရာဇ် ၂၃၅ ခုနှစ် တန်ဆောင်မုန်း လပြည့်နေ့ဖြစ်၏။ ထိုနေ့တွင် ကသ္မီရ ဂန္ဓာရတိုင်းနေ လူများသည် နှစ်စဉ်နှစ်တိုင်းကဲ့သို့ပင် အရဝါဠနဂါးမင်းကြီးကို ပူဇော်ရန် အရဝါဠ ရေအိုင်သို့ စုပေါင်းရောက်ရှိလာကြ၏။ ဤတွင် သူတို့ တအံ့တသြတွေ့မြင်ရသည်မှာ သူတို့၏ နဂါးမင်းကြီးနှင့် နဂါးမိဖုရားများ အပါအဝင် နဂါးပေါင်း များစွာ တို့သည် အရှင်မဇ္ဈန္တိက၏ အဆုံးအမ သြဝါဒကို ရိုသေစွာခံယူနေကြခြင်း ဖြစ်၏။ လူတို့သည် ဘယ်သို့ပြုရမည်ကို မသိ၍ဝေခွဲမရ ဖြစ်နေစဉ် နဂါးမင်းကြီးက "အို လူသားတို့ သင်တို့သည် ငါတို့ ကဲ့သို့ပင် အရှင်မြတ်တို့အား ဆည်းကပ်ပူဇော်ကြကုန်လော့၊ အရှင်တို့၏ တရားစကားကို နာကြား၍ ချမ်းသာကြပါကုန်လော့" ဟု နိုးဆော်တိုက်တွန်း၏။

ထိုအခါ လူတို့သည် နဂါးမင်းကြီးအား ပူဇော်ရန် ယူဆောင်လာသော ပူဇော်ဖွယ်တို့ကိုအရှင်တို့အား ရိုသေစွာပူဇော်ကြပြီးလျှင် အရှင်တို့၏ ဆုံးမသြဝါဒကို ခံယူရန်ရှိခိုး မျှော်လင့်နေကြ၏။ အရှင်မဇ္ဈန္တိကသည် ထိုသူတို့အား သရဏဂုံ သုံးပါး နှင့် ငါးပါး သီလကို ခံယူဆောက်တည်စေပြီး သဠာယတန သံယုတ်မှ ထုတ်နှုတ်ပြီး အာသီဝိသောပမသုတ္တန် ဒေသနာကို ဟောကြားတော်မူ၏။

အာသီဝိသောပမသုတ္တန်ဟူသည်မှာ မြွေနှင့် ဥပမာ ပြု၍ ဟောကြားသော တရားဖြစ်၏။ မြွေဟူအဆိပ်ပြင်းရှိသော အာသီဝိသနှင့် နှိုင်းယှဉ်ခြင်း ဥပမာကိုတွဲဖက်ပြီး အာသီဝိသောပမဟု

ခေါ်ခြင်းဖြစ်၏။ အရှင်မဇ္ဈန္တိက၏ ယင်းသုတ္တန်တရားကို ကြားနာကြရသဖြင့် ကသ္မီရ ဂန္ဓာရတိုင်း၌ သတ္တဝါပေါင်း ရှစ်သောင်း လေးထောင်မျှ တရားသိမြင်ကျွတ်တမ်း ဝင်သွားကြပါသည်။ ဤတွင် ဆက်လက်၍ ယင်းသုတ္တန်ကို ဖော်ပြပါမည်။ သို့ရာတွင် ပါဠိတော်အတိုင်း မဟုတ်ပါ။ စကားတခွန်း-တခွန်းကို အခါခါ အထပ်ထပ်ဟောကြား ထားခြင်းတို့ကိုကား ထုတ်ပယ်ပြီး တကြိမ်သာဖော်ပြပါမည်။ သို့ဖြင့် စာလည်း ကျဉ်းသွားမည်။ သိလည်းသိလွယ်နိုင်ပါလိမ့်မည်။ အကျဉ်းချုပ်သော်လည်း ထိုသုတ်တွင် ဟောကြားသော တရား အလုံးစုံ အကုန်ပါဝင်ပါသည်။

# အာသီဝိသောပမသုတ်

ရဟန်းတို့ ဥပမာသော်ကား လျှင်မြန်ထက်မြက်ပြင်းထန်သည့် အဆိပ်ရှိသောမြွေဟောက်လေးကောင်ရှိ၏။ ထိုအခါ အသက်ရှင်လို၊ မသေလို၊ ချမ်းသာလို၍ ဆင်းရဲကိုစက်ဆုပ်သော ယောကျ်ားသည် လာရောက်ရာ၏။ ထိုသူ့ကို "အချင်းယောကျ်ား သင်သည် အဆိပ်ပြင်းထန်သော ဤမြွေလေးကောင်တို့ကို အချိန်မှန်မှန် ထစေရမည်။ ရေချိုးပေးရမည်၊ အစာကျွေးရမည်။ အိပ်စေရမည်။ မြွေတကောင်ကောင် အမျက်ထွက်လျှင် သင်သေချင်သေမည်။ သေလုနီးပါးမျှ ဒုက္ခသော်လည်းရောက်မည်။ အချင်း သင်ပြုထိုက်သည်ကိုပြုလော" ဟု ဆိုကုန်ရာ၏။

ရဟန်းတို့ ထိုအခါ ထိုယောကျ်ားသည် မြွေတို့ကိုကြောက်၍ ခြေဦးတည့်ရာသို့ပြေးလေရာ၏။ ထိုအခါ "အချင်းယောကျ်ား သင့်ကို တွေ့မြင်ရာအရပ်၌ သတ်မည်ဟု ရန်သူ လူသတ်သမား ငါးဦးတို့နောက်မှလိုက်နေကြသည်။ အချင်းသင်ပြုထိုက်သည်ကို ပြုလော" ဟု ဆိုကုန်ရာ၏။

ရဟန်းတို့ ထိုအခါ ထိုယောကျ်ားသည် မြွေလေးကောင်နှင့် ရန်သူငါးဦးကိုကြောက်၍ ခြေဦးတည့်ရာသို့ပြေးလေရာ၏။

ထိုအခါ "အချင်းယောကျ်ား သင့်ကိုတွေ့မြင်ရာအရပ်၌ ခေါင်း ဖြတ်မည်ဟု သင်၏ခြောက်ယောက်မြောက် အတွင်းသူလျှိုသည် သန်လျက်မိုးပြီးနောက်မှလိုက်နေ၏။ အချင်းသင်ပြုထိုက်သည်ကို ပြုလော" ဟု ဆိုကုန်ရာ၏။

ရဟန်းတို့ ထိုအခါ ထိုယောကျ်ားသည် မြွေလေးကောင်၊ ရန်သူ လူသတ်သမားငါးဦးနှင့်အတွင်းသူလျှို ခြောက်ယောက်မြောက်တို့ကို ကြောက်၍ ခြဦးတည့်ရာသို့ ပြေးလေရာ၏။ ထိုသူသည် လူသူဆိတ်သုဉ်းသောရွာသို့ရောက်၍ အိမ်ဘာ အိမ်သို့ဝင်၏။ ထိုအိမ်မှာပစ္စည်းဥစ္စာ တစုံတရာ ဘယ်အရာမျှ မရှိ၊ အချည်းနှီးသာတည်း။ ထိုအခါ "အချင်းယောကျ်ား ယခု အခါ ရွာကိုနှိပ်စက်ဖျက်ဆီးသော ခိုးသူတို့ ဤသို့ဝင်လာကြ၏။ အချင်းသင်ပြုထိုက်သည်ကိုပြုလော" ဟု ဆိုကုန်ရာ၏။

ရဟန်းတို့ ထိုအခါ ထိုယောကျ်ားသည် ယင်းတို့ကို ကြောက်၍ ခြဦးတည့်ရာသို့ပြေးလေရာ၏။ ထိုသူသည် ထိုဖက် ကမ်းတွင် ဘေးရန်ရှိသည့် နက်ကျယ်သော ပင်လယ်ကြီးကို မြင်လေရာ၏။ သို့သော်လည်း ကူးရန်လှေလည်း မရှိ၊ တံတား လည်းမရှိ၊ ထိုသူသည် မြက်ထင်းသစ်ချက်သစ်ခက်တို့ကို စုဆောင်း၍ ဖောင်ဖွဲ့ပြီးလျှင် လက်ခြေတို့ဖြင့်လုံ့လပြုလျက် ချမ်းသာ စွာ တဖက်ကမ်းသို့သွားရာ၏။ ကူးမြောက်ပြီးဖြစ်၍ တဖက်ကမ်း သို့ ရောက်ပြီးသော ဘေးရန်ကို အပပြုပြီးသော သူမြတ်သည် ကြည်းကုန်းထက်၌တည်၏။

ရဟန်းတို့ငါသည် အနက်၊ အဓိပ္ပါယ်ကို သိလွယ်စေရန် ဤဥပမာကိုပြုအပ်ပြီ၊ လျင်မြန်ထက်မြက်ပြင်းထန်သည့် အဆိပ်ရှိသော မြွေလေးကောင်တို့ဟူသည်မှာ ပထဝီ၊ အာပေါ၊ တေဇော ဝါယောဟူသော မဟာဘုတ် ဓာတ်ကြီးလေးပါးတို့၏ အမည်တည်း။

ရန်သူလူသတ်သမားငါးဦးဟူသောအမည်ကား ရူပုပါဒါနက္ခန္ဓာ၊ ဝေဒနုပါဒါနက္ခန္ဓာ၊ သညုပါဒါနက္ခန္ဓာ၊ သင်္ခါရုပါဒါနက္ခန္ဓာ၊ ဝိညာဏုပါဒါနက္ခန္ဓာဟူသော ဥပါဒါနက္ခန္ဓာ ငါးပါးတို့၏ အမည်တည်း။

ခြောက်ယောက်မြောက် အတွင်းသူလျှို သန်လျက် မိုးထားသော လူသတ်သမား ဟူသော အမည်ကား နှစ်သက်စွဲလမ်းမှု နန္ဒီရာဂ၏အမည်တည်း။

လူသူဆိတ်သုဉ်းသောရွာဟူသောအမည်သည်ကား အတွင်းဖြစ်သော တည်ရာအဇ္ဈတ္တိကာယတနတို့၏ အမည်တည်း။ လိမ္မာထက်မြက်သော ပညာရှိသူသည် ဤခန္ဓာကိုယ်ကို မျက်စိအားဖြင့်ရှင်း၊ နားအားဖြင့်ရှင်း၊ နှာခေါင်းအားဖြင့်ရှင်း၊ လျှာအားဖြင့်ရှင်း၊ ကိုယ်အားဖြင့်ရှင်း၊ စိတ်အားဖြင့်ရှင်း၊ ဆင်ခြင်ခဲ့ပါလျှင် တစုံတခုမျှ မရှိသည်ဖြစ်၍သာထင်၏။ အချည်းနှီးဖြစ်၍ထင်၏။ ဆိတ်သုဉ်းသည်ဖြစ်၍သာထင်၏၊

ရွာကို နှိပ်စက်ဖျက်ဆီးသော ခိုးသူဟူသော အမည်သည် အပဖြစ်သောတည်ရာ ဗာဟိရာယတန တရားခြောက်ပါးတို့၏ အမည်တည်း။ မနှစ်သက်ဖွယ်- နှစ်သက်ဖွယ်- အဆင်းတို့သည် မျက်စိကိုနှိပ်စက်၏။ အသံတို့သည် နားကိုနှိပ်စက်၏။ အနံ့တို့

သည် နှာခေါင်းကိုနှိပ်စက်၏။ အရသာတို့သည် လျှာကိုနှိပ်စက်၏။ အတွေ့တို့သည် ကိုယ်ကိုနှိပ်စက်၏၊ သဘောတရားတို့သည် စိတ်ကို နှိပ်စက်၏။

ရေပင်လယ်ကြီး ဟူသော အမည်ကား ကာမောဃ, ဘဝေါဃ, ဒိဋ္ဌောဃ, အဝိဇ္ဇောဃ, ဟူသော ဩဃလေးပါးတို့၏ အမည်တည်း။

စိုးရိမ်ဖွယ်နှင့်တကွ ဘေးဘျမ်း ရှိသော ဤဖက်ကမ်းဟူသော အမည်သည်ထင်ရှားရှိသော ခန္ဓာကောင်သက္ကာယ၏ အမည်တည်း။

စိုးရိမ်ဖွယ်ကင်းရာ ဘေးမရှိသော ထိုဖက်ကမ်း ဟူသော အမည်သည်နိဗ္ဗာန်၏အမည်တည်း။

ဖောင်ဟူသော အမည်သည် သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာဝါယမ၊ သမ္မာသတိ၊ သမ္မာသမာဓိ ဟူသော မဂ္ဂင်ရှစ်ပါး၏အမည်တည်း။

လက်ခြေတို့ဖြင့် ကြိုးစားမှုဟူသော အမည်သည် လုံ့လကြိုးကုတ် အားထုတ်မှု၏အမည်တည်း။

ကူးမြောက်ပြီးသည် ဖြစ်၍ တဖက်ကမ်းသို့ ရောက်သူဟူသော အမည်သည်ရဟန္တာ၏အမည်တည်း။

ဤကား အာသီဝိသောပမသုတ် အကျဉ်းချုပ်တည်း။ အရှင်မဇ္ဈန္တိကသည် ကသ္မီရဂန္ဓာရတိုင်းတွင် ဤသုတ်တရားကို ဟောကြားပြီး သာသနာပြုခြင်းဖြစ်၏။ ထိုတိုင်းက လူတို့သည် မြွေဇာတ်ဖြစ်သော နဂါးကိုကြောက်၍ ကိုးကွယ်နေကြသူများဖြစ်၏။ သို့ကြောင့် အရှင်မြတ်တို့သည် သူတို့ကြောက်နေရသော

မြေဥပမာတရားကို ဟောကြားခြင်းဖြစ်၏။ သူတို့ သိပြီးသား ဥပမာဖြစ်၍ ပိုပြီးသဘောပေါက်လွယ်ကြ၏။

ပုပု၊ ရွရွ မြင်မြင်သမျှ သတ္တဝါတို့၏ မူလ ပင်မ ပဓာန အရင်းခံမှာ မြေ၊ ရေ၊ လေ၊ မီး ဟူသော ဓာတ်ကြီးလေးပါး အစုဖြစ်၏။ သူတို့သည် ယင်းအစုကို လွန်စွာချစ်ခင်စုံမက်နှစ်သက်နေကြ၏။ သို့ကြောင့်ပင် တယုတယနှင့် လုပ်ကျွေးသမှုပြုစုနေကြခြင်းဖြစ်၏။ သို့ပါလျက် သူတို့သည်ကောင်းစွာမနေကြပါ။ အခန့်မသင့်ပါလျှင် ဖောက်ပြန်ပြီး ပြုစုသူကို ဒုက္ခပေးတတ်ကြ၏။ မြေကြီးများကိုမွေးမြူပြုစုထားရသည်နှင့် မခြားနားပါ။ တခါခါမှာ ဒုက္ခပေးမည်အမှန်တည်း။

သတ္တဝါဆိုသူများကိုခွဲကြည့်ပါလျှင်-

(၁) ရုပ်အစု၊
(၂) ဝေဒနာအစု၊
(၃) သညာအစု၊
(၄) သင်္ခါရအစုနှင့်
(၅) ဝိညာဏ်အစု ဟူသော ခန္ဓာ ငါးပါး ကိုသာ တွေ့ရမည်ဖြစ်၏။ မည်သည့် သတ္တဝါမှာမဆို ဤငါးပါး တို့၏ အပေါင်းအစုသာဖြစ်သည်ဟုသိပါလျှင် ဘယ်သတ္တဝါက ဘယ်သတ္တဝါကို ညှဉ်းပန်းနှိပ်စက်ချင်ပါတော့ မည်နည်း။ သို့သော်လည်း သတ္တဝါတို့သည် မိမိအစုကိုသာ အထင်ကြီးတတ် မြတ်နိုးတတ်ကြ၏။ ဘိမ်းစားချင်းအတူတူ တမူးသားပို၍ ရှူချင်ကြ

သည်။ မစင်ဘင်ပုပ်ချင်းအတူတူ ကိုယ့်မစင်ကိုသာ အကောင်း ထင်ခြင်းမျိုးကို ဥပါဒါနက္ခန္ဓာဟု ခေါ်သည်။ မိမိခန္ဓာတို့ကို စွဲလမ်းနှစ်သက် တပ်မက်ခြင်းပင်တည်း။ စုံစစ်ထိုငါးပါးသည် သူသတ်သမားငါးယောက်နှင့်မခြားပါ။

အဆိုပါ ခန္ဓာငါးပါး သူသတ်သမားများ နောက်က ကပ်လျက် သန်လျက်စွဲကိုင်ပြီးလိုက်လာသော ခြောက်ယောက် မြောက် သူသတ်သမားကား ပို၍ ဆိုးဝါး၏။ အကြောင်းကား သူသည် သတ္တဝါတို့၏ အတွင်းသူလျှိုဖြစ်သည်။ ရိုးရိုးတပ်နှစ် သက်ခြင်းကို ရာဂဟုခေါ်၏။ အထူးသဖြင့် တပ်နှစ်သက်ခြင်း ကိုမူ နန္ဒီရာဂဟုခေါ်၏။ အရှင်လတ်လတ် အသေသတ်သည်မှာ ဤနန္ဒီရာဂဖြစ်၏။

သတ္တဝါတိုင်းမှာ ခန္ဓာငါးပါးရှိပါသည်။ သို့ရာတွင် ရိုး ရိုးခန္ဓာက ဒုက္ခမပေးပါ၊ ယင်းကို ပြင်းစွာ စွဲလမ်းသော ဥပါဒါ နက္ခန္ဓာကသာ သတ်မည်ဖြစ်၏။ ထို့အတူ သတ္တဝါတိုင်းမှာ ရာဂ ရှိသည်၊ ထိုတွင် ပြင်းစွာ တပ်မက်သော နန္ဒီရာဂက ခုတ် မည်ဖြစ်၏။ ဒုက္ခမရောက်ချင်ပါလျှင် ဥပါဒါန် မဖြစ်ရန်နှင့် နန္ဒီ မဖြစ်ရန် စောင့်ထိန်းရပါမည်။

အာယတန ၁၂ ပါးတို့တွင် မျက်စိ, နား, နှာခေါင်း, လျှာ, ကိုယ်, စိတ် ဟူသော ၆ ပါးတို့မှာ ကိုယ်တွင်းမှာ ရှိ၍ အဇ္ဈတ္တိကာ ယတနဟု ခေါ်ခြင်း ဖြစ်၏။ ယင်းတို့ကို တခုစီ စစ် ဆေးကြည့်ပါလျှင် တစုံတရာ ကောက်ယူဖွယ်ရာ အနှစ်သာရ ဘာမျှမရှိသောကြောင့် ရွာပျက်ကြီးနှင့် တင်စားထားခြင်း ဖြစ်၏။

ကြွင်းသော အဆင်း, အသံ, အနံ့, အရသာ, အတွေ့နှင့် သဘောဟူသော ၆ ပါးတို့မှာ ကိုယ်၏ အစြင်မှာ ရှိသော ကြောင် ဗဟိ ယ တနမည်၏။ ယင်းတို့ကား ဒဿဆိုပါရွာကို ဖျက်ဆီးသော ရွာ သ းတို့ပင် ဖြစ်၏။ မျက်စိကို ဖျက်ဆီးနေသည်မှာ အဆင်းဖြ နားကို အသံကဖျက်၏။ နှာခေါင်းကို အနံ့က ဖျက်၏၊ လျှာကို အရသာကဖျက်၏။ ကိုယ်ကို အတွေ့က ဖျက်၏။ စိတ်ကို သဘော ရားက ဖျက်၏။ ဤတွင် ဖျက်သည်မှာ နှိပ်စက်ခြင်း, ဒုက္ခပေး င်းပင် ဖြစ်၏။

ဩဃဟူသည်မှာ ပင်လယ်ပြင်ကြီး ဖြစ်၏။ ကာမရင်း, ဘဝရင်း, ဒိဋ္ဌိရင်း, အဝိဇ္ဇာရင်း, ဩဃပြင်ကျယ် ရေပင်လယ်ပင်တည်း။ ယင်းပင်လယ်ကို ကူးရန် လှေမှာ ကောင်းမွန်မှန်ကန်စွာ ကြည့်ရှုခြင်း အစရှိသော မဂ္ဂင်ရှစ်ပါးပင်ဖြစ်၏။ မဂ္ဂင်လှေကို ကြိုးစား လှော်သွားပါလျှင် ရွာဖျက်သမားများ ဘေး၊ အတွင်း သူလျှိုဘေး၊ လူသတ်သမားဘေးနှင့် မြွေဆိုးကြီးများ၏ ဘေးတို့ လွတ်ရာ နိဗ္ဗာန် တဖက်ကမ်းသို့ ရောက်မည်ဟူလို။

# မဟိံသကတိုင်း

## { ၂ }

"အရှင် မဟာဒေဝသည်လည်း မဟိံသကတိုင်း အပြင်သို့ဝါ ကျည်းကုသားပြည် အပြင်သို့ သွား၍ ဒေဝဒူတသုတ်ကို ဟောတော်မူ၏။ သုတ်၏ အဆုံး၌ သတ္တဝါ လေးသောင်းတို့ တရားမျက်စိရကြ၏။ သတ္တဝါ လေးသောင်းလုံးပင် ရဟန်းပြုကြ၏" ဟူ၍သာ ပါရာဇိကဏ် အဋ္ဌကထာ၌ ဆို၏။ တစုံတရာ အခက်အခဲမရှိဘဲ သာသနာပြုနိုင်လိမ့်မည်ထင်ပါသည်။ ကသ္မီရဂန္ဓာရတိုင်းတွင် သာသနာပြုသော အရှင်တို့သည် နဂါးများရန်ကို နှိမ်နင်းပြီးမှ သာသနာပြုနိုင်ကြောင်း ဖေါ်ပြခဲ့သည်။ ဤအရှင်တို့နှင့် ပတ်သက်၍ကား ထိုသို့သော အခက် အခဲများကို ဖေါ်ပြ

ခြင်းမရှိပါ။ သို့ကြောင့် ဤတွင် ဗဟုသုတအဖြစ် မဟိံသကတိုင်း၏ သမိုင်းကို ဖော်ပြပါမည်။

မဟိံသကတိုင်း သာဂလပြည်၌ သာဂလမင်း အုပ်စိုးကြောင်းကို အသီတိနိပါတ် စူဠဟံသဇာတ်၌ တွေ့ရပါသည်။ ယင်းတိုင်းကို ဝဇီရ ဗုဒ္ဓိဋီကာ၌ "မဟိံသက မဏ္ဍလကို အန္ဓတိုင်းဟု ဆိုကြ၏"ဟု ဖွင့်ပြ၏။ သာရတ္ထဋီကာ၌ကား "မဟိံသက မဏ္ဍလဟူသည်ကား အန္ဓကတိုင်းကို ဆို၏"ဟု တနည်းဖွင့်ပြ၏။ ဝိနည်း မဟာဝါ အဋ္ဌကထာ၌ကား အန္ဓကကို အန္ဓကဝိန္ဒဟု ဖွင့်ဆိုပြီး အန္ဓကဝိန္ဒပြည်သည် ရာဇဂြိုဟ်မှ သုံးဂါဝုတ် ဝေးကွာ၏"ဟု အတိုင်းအတာကို ပြ၏။ စတ္တာလီသနိပါတ် သင်္ခပါလဇာတ်၌လည်း "ဘုရားအလောင်း မဂဓရေသေ့သည် ဥယျာဉ်တော်မှ ထွက်ပြီးလျှင်မဟိံသကတိုင်းသို့ သွား၏။ ထိုတိုင်း၌လည်း သင်္ခပါလ ရေအိုင်မှ ထွက်သောကဏ္ဏဝဏ္ဏ မြစ်ကွေ့၌ စန္ဒကတောင်ရှိ၏။ ထိုတောင်၏ သစ်ရွက်မိုး သင်္ခမ်းကျောင်း၌ နေ၏"ဟု လာရှိ၏။

ပါဠိဘာသာ မဟိံသက မဏ္ဍလကို သက္ကတဟိန္ဒီဘာသာ၌ မဟိသျမဏ္ဍလ်ဟု ခေါ်၍ ယခုအခါ မိုက်ဆူရ် မိုက်ဆိုး) နယ်အဝန်းဖြစ်၏။ ယင်းပြည်သို့ အရှင်မဟာဒေဝ ကြွသွားပြီး ဒေဝဒူတသုတ် တရားဖြင့် လူအပေါင်းတို့အား ကြည်ညိုစေ၏ဟု 'မောက်ရယျဆာမြာဂျကူတိဟာဆ်' ခေါ် ဟိန္ဒီဘာသာ ကျမ်းဂန်၌ ဆို၏။ သို့ကြောင့် ယခုရှိသော မိုက်ဆိုးကို ရှေးက မဟိံသကတိုင်း သာဂရပြည်ဖြစ်ကြောင်း သိရ၏။ ထိုနယ်တွင် အသောက ကျောက်စာ သုံးဌာနနှင့် ရှေးဟောင်း မြို့ရာအပျက် အစီး

များလည်းရှိ၏။ ပဏ္ဏလကို မြန်မာတို့က မုဏ္ဍိုင်ဟု ပြန်ဆိုကြ၏။ စင်စစ် အဝန်းပင် ဖြစ်၏။ မဟိံသကမဏ္ဍလ, မဟိံသက နယ် အဝန်းဟု ဆိုလို၏။ ယင်းကို ရွှေဥမင် ဆရာတော်က ကျည်း ကုလားပြည်ဟု ပြန်ဆို၏။

သာသနာပြု အဖွဲ့တိုင်း မှာ အဖွဲ့ခေါင်းဆောင်နှင့် တကွ အနည်းဆုံး သံဃာငါးပါး ပါဝင်ရ၏။ သို့မှသာ ရဟန်းပြုလိုသူတို့ ကို ရဟန်းပြုပေးနိုင်မည် ဖြစ်၏။ အနည်းဆုံး သံဃာငါးပါးမရှိ လျှင် ရဟန်းပြုပေးခြင်း အမှုကို မပြုနိုင်ပေ၊ ထိုသံဃာတို့သည် ရဟန်းလောင်းသည် ရဟန်းမပြုနိုင်သော အပြစ်တို့ကို မေးစီစစ် ကြ၏။ ထိုအပြစ်များ မရှိသူကိုသာ ဥတ်ကမ္မဝါ ရွတ်ဖတ်ပြီး ရဟန်းအဖြစ် သမုတ်ကြ၏။ သို့မှသာ ရဟန်းဖြစ်နိုင်၏။

အရှင်မဟာဒေဝ ခေါင်းဆောင်သော သံဃာတို့သည် မဟိံသက တိုင်းသို့ ရောက်ကြပြီးလျှင် ထိုဘွင် ပြည်သူတို့ အား ဒေဝဒူတသုတ်တရားကို ဟောကြားကြ၏။ ဒေဝဒူတဟူ သည်မှာ နတ်တမန်ဖြစ်၏။ ယင်းတမန်မှာ ရိုးရိုးတမန် မဟုတ်၊ သတ္တဝါတို့ကို သေမင်းနိုင်ငံသို့ ခေါ်ဆောင်ရန်ဖြစ်၍ သေမင်း တမန်ဟု ခေါ်ကြ၏။ မြန်မာတို့သည် ဆံပင်ဖြူလျှင် သေမင်း တမန် အလံစိုက်ပြီဟု ပြောဆိုလေ့ရှိကြ၏။ မဃဒေဝဇာတ်တွင် မဃဒေဝမင်းကြီးသည် သူ၏ ဦးခေါင်းတွင် ဆံပင်တချောင်း ဖြူ သည်ကို တွေ့ရ၍ ယခုပင် သေရတော့မည့် အသွင် ထိတ်လန့် ကြောက်ရွံ့ပြီး တောထွက်သွား၏။

ပညာရှိတို့သည် သေရမည်ထက် အပါယ်သို့ရောက်မည်ကို ပို၍ကြောက်ရွံ့ကြသည်။ သို့ကြောင့် သူတို့သည် အပါယ်လားကြောင်း မကောင်းမှုပြုရန် ဝန်လေးကြခြင်းဖြစ်၏။ ငယ်ရွယ်သူတို့၏ ဆံပင်မှာ မဖြူပါ၊ ဆံပင်ဖြူခြင်းသည် အသက်ကြီးခြင်း၏ အမှတ်အသားဖြစ်၏၊ အသက်ကြီးလျှင် သေဘို့ နီးလာ၏။ လူသည် ပုခက်နှင့် ဝေး၍ ဝေး၍လာသည်နှင့် အမျှ ခေါင်းနှင့်နီး၍ နီး၍လာ၏။ သတ္တဝါဟူ၍ ဖြစ်လာလျှင် သေရမည်မှာ သဘာဝအတိုင်းဖြစ်၏။ အရေးကြီးသည်မှာ အပါယ်မကျရန်ဖြစ်၏။ ဒေဝဒူတသုတ်၏ မုချရည်ရွယ်ချက်မှာ အပါယ်ဘေးကြောက်သူတို့အပါယ်မရောက်ကြရန် အတွက် ဖြစ်၏။ ဤသုတ်ကို ဥပရိပဏ္ဏာသ ပါဠိတော်နှင့် အင်္ဂုတ္တရ ပါဠိတော်တို့မှာ တွေ့နိုင်၏။ ဤတွင်မူ အင်္ဂုတ္တရ ပါဠိတော်မှ ကောက်နုတ် ဖော်ပြပါမည်။

ပါဠိတော်၏ ပုံသွင်မှာ အပြည့်အစုံဖြစ်၏။ အကြွင်းအကျန်မရှိ ဖြစ်၏။ခြွင်းချန်မထားဟုဆိုလို၏။ "ဘုရားကိုကိုးကွယ်ရာအဖြစ် ဆည်းကပ်ပါ၏။ တရားကို ကိုးကွယ်ရာအဖြစ် ဆည်းကပ်ပါ၏။ သံဃာကို ကိုးကွယ်ရာအဖြစ် ဆည်းကပ်ပါ၏"ဟု ဆောက်တည်စေသည့် သဘောမျိုးဖြစ်၏။ "ဘုရား၊ တရား၊ သံဃာကို ကိုးကွယ်ရာအဖြစ် ဆည်းကပ်ပါ၏"ဟု အတူကိုပေါင်းပြီး ဆည်းကပ်လေ့မရှိပါ။ သုတ် တသုတ်တွင် ဇာတိပိသော အစရှိသော ဂုဏ်တော်တို့ကိုသုံးလေးကြိမ်မျှ ဖော်ပြရန်ရှိပါလျှင် ဆက်လျက်ပင် သုံး-လေးကြိမ် အပြည့်အစုံ ဖော်ပြလေ့ ရှိ၏။ ဤဒေဝဒူတသုတ်ပင် ပါဠိတော် နှစ်နေရာတွင် ဖော်ပြလျက်ရှိ၏။ ယင်းတို့တွင်လည်း ပထမ တမန်၌ ပြောကြားပြီးသော စကား

တို့ကို အလားတူပင် ဒုတိယ တမန်နှင့်တတိယ တမန်တို့တွင်လည်း အပြည့်အစုံပင် ထပ်ကာ ပြောကြားပြန်၏။ သို့ကြောင့်လည်း ပိဋကတ်တော်ကြီးမှာ အဆမတန် ကြီးထွားနေခြင်း ဖြစ်၏။ အကယ်၍ တနေရာ၌ ဖော်ပြပြီးသော သုတ်တို့ကို အခြားတနေရာတွင် မဖော်ပြပါလျှင် အနည်းဆုံး သုံးပုံနှစ်ပုံခန့် လျော့သွားမည် ထင်ပါသည်။ ယင်းတွင်လည်း ထူးမခြားနား ထပ်ကာ-ထပ်ကာ ပြောကြားရမည့် စကားတို့ကို တကြိမ်တခါသာ ဖော်ပြပါလျှင် အတော်ပင် သွက်သွက် လက်လက်နှင့် ပေါ့ပေါ့ပါးပါး ဖြစ်သွားနိုင်ပါမည်။

ဤတွင် သုတ်တို့ကို ဖော်ပြရာမှာ ပါဠိတော် အစီအစဉ်အတိုင်း မဟုတ်ပါ။ အလားတူ ထပ်ကာ ထပ်ကာ ပြောကြားမည့် စကားတို့ကို ပူးတွဲပြီး တကြိမ်သာ ဖော်ပြပါသည်။ သို့ကြောင့် အဖတ်ရလည်း သက်သာလွယ်ကူပြီး လျင်မြန်စွာလည်း သိနိုင်ပါသည်။ အရှင်မဟာဒေဝ ဟောကြားသော ဒေဝဒူတ သုတ်တရား တို့ကို ကြားနာရသဖြင့် မဟိံသက တိုင်းမှ လူ အမြောက်အများ တရားသိမြင်သွားကြ၏။ ထိုတရားသည် ဘယ်သို့သောတရားနည်းဟု လေ့လာသင့်ပါသည်။တရားသိမြင်သည် ဟူသည်မှာ ဓမ္မစက္ခုခေါ် တရားသောမျက်စိဖြစ်ခြင်းပင်တည်း။ အဓမ္မစက္ခု ခေါ် မတရားသော မျက်စိ မဟုတ် တရားသော မျက်စိ(ဝါ)တရားသော အမြင်ဖြစ်၏။

## ဒေဝဒူတသုတ်

ရဟန်းတို့ ဤလောက၌ အချို့သော သူတို့သည် ကိုယ်ဖြင့်၎င်း၊ နှုတ်ဖြင့်၎င်း၊ စိတ်ဖြင့်၎င်း မကောင်းမှုကို ပြုကျင့်၏။ ထို့ကြောင့် သူတို့သည် ကိုယ်ခန္ဓာ ပျက်စီး၍ သေပြီးသည်မှ နောက်၌ ချမ်းသာကင်းသော မကောင်းသဖြင့်လားရာ၊ ပျက်စီး၍ ကျရောက်ရာဖြစ်သော ငရဲ၌ ဖြစ်ရ၏။

ထိုသူကို ငရဲထိန်းတို့သည် အသီး အသီးလက်မောင်းတို့၌ ဆွဲကိုင်၍ ယမမင်းထံ ခေါ်ဆောင်ပြီး "အရှင်မင်းကြီး ဤသူသည် အမိအဖတို့၌၊ သားသမီးတို့ကျင့်ဝတ်ချတ်ယွင်း၏။သမဏ ဗြာဟ္မဏတို့၌ လူတို့ကျင့်ဝတ်ချွတ်ယွင်း၏။ အမျိုး၌ ကြီးသူတို့ကို အရိုအသေမပြု၊ ဤသူအား အပြစ်ဒဏ် ပေးတော်မူပါ" ဟု ပြောကြ၏။

ထိုအခါ ယမမင်းက ထိုသူ့ကို "သင်သည် လူ့ပြည်၌ ထင်ရှားဖြစ်ပေါ်သော ပထမသေမင်းတမန်ကိုမမြင်ခဲ့သလော" ဟု မေး၏။

"အရှင် ကျွန်ုပ်မမြင်မိပါ"ဟု ထိုသူက ဖြေဆို၏။

"သင်သည် လူ့ပြည်၌ အိမ်အခြင်ကဲ့သို့ ကိုင်းသော၊ ခါး

ကုန်းသော တောင်ဝှေးကို အားထား ရသော တုန်တုန် ရီရီ သွားလာနေသော၊ အိုနာနှိပ်စက်နေသော၊ အရွယ်လွန်သော၊ သွားကျိုးသော၊ ဆံဖြူသော၊ ခေါင်းပြောင်နေသော၊ ဦးခေါင်း တုန်လှုပ်သော၊ ကိုယ်မှာ အရေတွန့်လိပ်၍ မှဲ့ခြောက်တို့ဖြင့်ပြွမ်း သော၊အသက် ရှစ်ဆယ်၊ကိုးဆယ်၊တရာ ရှိသော သူအိုကို မမြင်ခဲ့ သလော''ဟု ယမမင်းက မေး၏။

''အရှင် ကျွန်ုပ် မြင်ခဲ့ပါသည်''ဟု ထိုသူက ဖြေဆို၏။

''ထို့ပြင် သင်သည် လူ့ပြည်၌ ထင်ရှား ဖြစ်ပေါ်သော ဒုတိယ သေမင်းတမန်ကို မမြင်ခဲ့သလော''

''အရှင် ကျွန်ုပ် မမြင်မိပါ''

''သင်သည် လူ့ပြည်၌ အနာဖြင့် နှိပ်စက် အပ်သော၊ ဆင်းရဲခြင်းသို့ ရောက်နေသော၊ ပြင်းစွာ မကျန်းမာသော၊ မိမိ ကျင်ကြီးကျင်ငယ်၌ လိမ်းကျံပေရေလျက် အိပ်ရသော၊သူတပါး ထူပေးမှ ထနိုင်သော၊ အိပ်ရာသို့ သူတပါး ချီမ ပို့ဆောင်အပ် သော လူနာကိုမမြင်ခဲ့သလော''

''အရှင် ကျွန်ုပ် မြင်ခဲ့ပါသည်''

''ထို့ပြင် သင်သည် လူ့ပြည်၌ ထင်ရှား ဖြစ်ပေါ်သော တတိယ သေမင်းတမန်ကို မမြင်ခဲ့သလော''

''အရှင် ကျွန်ုပ်မမြင်မိပါ''

''သင်သည် လူ့ပြည်၌သေ၍ တရက်, နှစ်ရက်, သုံးရက် ရှိပြီးဖြစ်သော ဖူးဖူးရောင်နေသော ရုပ်ပျက်-ဆင်းပျက်ညိုမဲနေ သော ပြည်ကဲ့သို့စက်ဆုပ်ဖွယ်အပုပ်ရည်ယိုစီးနေသော သူသေကို မြင်ဘူးခဲ့သလော''

"အရှင် ကျွန်ုပ်မြင်ခဲ့ပါသည်"

"သင်သည် သိကြား လိမ္မာသည်ဖြစ်လျက် အသက်-အရွယ် ကြီးရင့်သည်ဖြစ်လျက် ငါသည်လည်း အိုခြင်း,နာခြင်း, သေခြင်းသဘောရှိ၏။ ထိုသဘောကိုမလွန်နိုင်။ ငါသည် ယခုအခါ ကိုယ်ဖြင့်၎င်း၊ နှုတ်ဖြင့်၎င်း၊ စိတ်ဖြင့်၎င်း၊ ကောင်းမှုကို ပြုအံ့ဟု ဤသို့သောစိတ်အကြံသည် မဖြစ်ခဲ့သလော"

"အရှင် ကျွန်ုပ်သည် မစွမ်းဆောင်နိုင်ခဲ့ပါ"

"သင်သည် မေ့လျော့သောကြောင့် ကိုယ်,နှုတ်,စိတ်ဖြင့် ကောင်းမှုကိုမပြုခဲ့။ သင်သည် မေ့လျော့သည့်အတိုင်း သင့်ကို မချွတ်ပြုကြလိမ့်မည်။ ထိုမကောင်းမှုကို သင်၏ မိ-ဖ, ညီ-အကိုအမ, နှမ, အဆွေ, ခင်ပွန်း, ဆွေမျိုး,သားချင်း၊ နတ်နှင့်သမဏဗြာဟ္မဏတို့ ပြုကြသည်မဟုတ်၊ စင်စစ် သင်သည်ပင် ထိုမကောင်းမှုကိုပြုခဲ့၏။ ထိုမကောင်းမှု၏ အကျိုးကိုသင်သည်ပင် ခံစားရလိမ့်မည်"။

ရဟန်းတို့ ထိုသူ့ကို ငရဲထိန်းတို့သည်နှောင်ဖွဲ့ခြင်းငါးမျိုးမည်သော ကမ္မကရဏကိုပြုကြ၏။ လော်လောပူသော သံစို့ကို လက်နှစ်ဖက်,ခြေနှစ်ဖက်နှင့် ရင်လယ်၌ ရိုက်နှက်ကြ၏။

ထို့ပြင် ငရဲထိန်းတို့သည် ထိုသူ့ကိုဆွဲငင်ကုန်၍ ဓားမကြီးတို့ဖြင့် ခုတ်ဖြတ်ကုန်၏။ စောက်ထိုးမိုးမျှော် ဆွဲကိုင်ကြ၍ ပဲခွပ်တို့ဖြင့် ခုတ်ရွေကုန်၏။ ရထား၌တပ်၍ ရဲရဲညီး အလျှံတပြောင်ပြောင်လောင်သော မီးတောက်မီးလျှံနှင့်တကွ၊ မြေအပြင်၌ အခေါက်ခေါက်အပြန်ပြန်မောင်းနှင်ကုန်၏။ မီးတောင်ကြီးသို့လည်း တက်စေ၏။ စောက်ထိုးမိုးမျှော် ဆွဲကိုင်ကြ ၍ မီ

တောက်- မီးလျှံနှင့်တကွ လောလောပူသောသံအိုးကြီး၌ ပစ်ချကုန်၏။ ထိုသူသည် ထိုသံအိုးကြီး၌ အမြှုပ်ထလျက် ကျက်သည်ဖြစ်၍ အထက်သို့တကြိမ်ပေါ်၏၊ အောက်သို့လည်း တကြိမ်မြုပ်၏။ ဗိလာလည်း တကြိမ်မျော၏။ ထိုသူသည် အဘယ်မျှပြင်းထန်ကြမ်းတမ်း ကျင်နာစပ်ရှားသော ဆင်းရဲဝေဒနာတို့ကိုခံစားရစေကာမူ မကောင်းမှုကံ မကုန်သေးသမျှ မသေသေး။

ရဟန်းတို့ ထိုသူကို ငရဲထိန်းတို့ပစ်ချသော ငရဲမှာအထောင့်လေးခုရှိ၏။ တံခါးလေးပေါက်ရှိ၏။ ညီညာသောအဖို့အားဖြင့် ဝေဖန်ပိုင်းခြား၏။ သံတံတိုင်းဖြင့် ကာရံ၏။ သံပြားဖြင့် မိုးထား၏။ ထိုငရဲ၏မြေပြင်သည် သံမြေပြင်ဖြစ်၏။ အလျှံတပြောင်ပြောင် တောက်လောင်နေ၏။ ထက်ဝန်းကျင်ယူဇနာတရာ တိုင်တိုင် ပြန့်နှံ့၍ အမြဲတည်နေ၏။

ဤကား ဒေဝဒူတသုတ် အကျဉ်းချုပ်ဖြစ်၏။ ဤသုတ်၏အနှစ်သာရမှာ လူသည်မကောင်းသော ကာယကံ,ဝစီကံ,မနောကံတို့ကို မပြုလုပ်ဘဲ ကောင်းသော ကာယကံ, ဝစီကံ, မနောကံတို့ကို ပြုလုပ်ရန်ဖြစ်၏။ မကောင်းသောအလုပ်ကို မလုပ်မူ၍ကောင်းသောအလုပ်ကို လုပ်ရန်ပင်တည်း။

မကောင်းသောအလုပ်မှာ သား၊ သမီးကျင့်ဝတ်၊ လူ့ကျင့်ဝတ်ချွတ်ယွင်းခြင်းနှင့် လူကြီး၊လူကောင်းတို့အား မရိုသေမလေးစားခြင်းဖြစ်၏။ ကောင်းသောအလုပ်မှာ သား- သမီးကျင့်ဝတ်, လူ့ကျင့်ဝတ် မချွတ်ယွင်းခြင်းနှင့် လူကြီး၊လူကောင်းတို့ကို ရိုသေလေးစားခြင်းဖြစ်၏။

သား ့သမီးကျင့်ဝတ်မှာ အမိ၊အဖတို့၌ ပြုကျင့်ရမည့် ဝတ်ဖြစ်၏။ လူတလုံးသူတလုံးဖြစ်လာအောင် မွေးကျွေးလာခဲ့သော မိဖတို့အပေါ်မှာ တာဝန် မကြေပါလျှင် ထိုသူသည် ဘယ်သူ့အပေါ်မှာ တာဝန်ကြေပါတော့မည်နည်း။ ဤကျင့်ဝတ်ကို မှုယွင်းချတ်ပါလျှင် ဘယ်ကျင့်ဝတ်တွင် ပြည့်စုံလိမ့်မည်ဟု ရှေ့မျှော်လင့်ဖွယ်ရှိနိုင်ပါမည်နည်း။ ဤသို့သော သူတို့များပြားနေပါလျှင် လောကသည်ငရဲနှင့် ခြားနားတော့မည်မဟုတ်ပါ။ သို့ကြောင့် လူသည် ရှေးဦးစွာ သား-သမီးကျင့်ဝတ်နှင့် ပြည့်စုံဘို့လိုပါသည်၊ ယင်းကျင့်ဝတ်နှင့် ပြည့်စုံသူကို လူ့ကျင့်ဝတ်၌ မျှော်လင့်ဖွယ်ရှိ၏။

လူ့ကျင့်ဝတ်မှာ သမဏ-ဗြာဟ္မဏခေါ် ရဟန်း ပုဏ္ဏားတို့၌ ပြုကျင့်ရမည့်ကျင့်ဝတ်ဖြစ်၏။ လောက၏ ကောင်းကျိုးချမ်းသာအတွက် ကိုယ်ကျိုး၊ကိုယ်စီးပွားကို စွန့်ပယ်ထားသော ပညာရှိ သူတော်စင်များရှိပါသည်။ ထိုသူတော်စင်များအပေါ် ပြုကျင့်ရမည့် ဝတ်တရားများကိုလည်း လူတို့ပြုကျင့်ရပါမည်။ သို့မဟုတ်ပါက လူ့ကျင့်ဝတ်ယွင်းချွတ်သည်မည်ပါသည်။ လူတို့သည် အကယ်၍ သား-သမီးဝတ်နှင့် လူ့ကျင့်ဝတ် ကိုလည်း ယွင်းချွတ်ပြီး လူကြီးလူကောင်းတို့အား မထီမဲ့မြင် ပြုကျင့်နေပါလျှင် ထိုလူတို့၏နေရာမှာ ငရဲနှင့်မည်သို့ ခြားနားတော့မည်နည်း။

လူတို့သည် အကယ်၍ သူအို၊ သူနာ၊ သူသေ ဟူသော သေမင်းတမန်တို့ကို သေမင်းတမန်ဟု ကောင်းစွာသိပါလျှင် မကောင်းမှုတို့ကို ပြုကြတော့မည်မဟုတ်ပါ။ သို့သော်လည်း

များစွာသော သူတို့သည် သူတပါးတို့သာ အိုကြ, နာကြ, သေကြသည်။ ယင်းသည် မိမိနှင့်မည်သို့မျှ မသက်ဆိုင်သကဲ့သို့ နေပြီး မကောင်းမှုမှန်က ဘယ်အရာမျှမကျန်ရအောင် ပြုလုပ်နေကြ၏။ သို့ကြောင့် ငရဲသို့ကျရောက်ရမည်ကို ယုံချင်ယုံ မယုံချင်နေနိုင်ပါ၏။ သို့သော်လည်း လောကကြီးမှာ ချမ်းသာခြင်း မရှိနိုင်ပါ။ ချမ်းသာမရှိခြင်းမှာ ချမ်းသာကင်းသော ငရဲ၏ အဖွင့်ပင်ဖြစ်၏။

အင်္ဂုတ္တရပါဠိတော်တွင် ဒေဝဒူတသုတ်ကို ဖော်ပြပြီး နောက်ဆက်လျက်ပင် ယမရာဇသုတ်ကို ဖော်ပြထား၏။ ယင်းသုတ်၏ အဓိပ္ပါယ်အချုပ်မှာ ယမမင်းက သူသည် အကယ်၍ လူဖြစ်ပါလျှင် မြတ်စွာဘုရားထံ ဆည်းကပ်ပြီး တရားနာမည့်အကြောင်းကို စဉ်းစားခြင်းဖြစ်၏။ ယင်းသို့ ယမမင်း စဉ်းစားခြင်းကို သူတပါးပြောကြား၍မဟုတ်၊ မြတ်စွာဘုရားကိုယ်တိုင် သိမြင်ခြင်းဖြစ်သည်ဟု ဟောကြား၏။ ဆက်လက်ဖော်ပြသော ဂါထာလေးပုဒ်မှာ ဒေဝဒူတသုတ်နှင့် ဆက်စပ်နေပါသည်။

သေမင်းတမန်တို့ နှိုးဆော်တိုက်တွန်းပါ ကုန်လျက် မေ့လျော့သော သတ္တဝါတို့သည် ယုတ်ညံ့သော ငရဲဘဝသို့ ကပ်ရောက်ရကုန်သည်ဖြစ်၍ ရှည်မြင့်စွာသော နေ့ညဉ့်တို့ပတ်လုံး စိုးရိမ်ပူဆွေးရကုန်၏။

ဤလောက၌ ကိလေသာ ငြိမ်းအေး ကုန်ပြီးသော သူတော်ကောင်းတို့ကား သေမင်းတမန်တို့ နှိုးဆော်တိုက်တွန်းကုန်သည်ဖြစ်၍ အရိယာဓမ္မ၌ တခါတရံမျှ မမေ့လျော့ကြကုန်။

ထိုသူတို့သည် ပဋိသန္ဓေနေမှု သေမှုကိုဖြစ်စေ တတ်သော ဥပါဒါန်တရားတို့၌ ဘေးကိုရှုမြင်ပြီးလျှင် မစွဲလမ်းမှု၍ ပဋိသန္ဓေနေမှုသေမှုကုန်ရာ နိဗ္ဗာန်၌ ကျွတ်လွတ်ကုန်၏။

မမေ့-မလျော့ကုန်သော ချမ်းသာခြင်း ရှိကုန်သော မျက်မှောက်ဘဝ၌ပင် ကိလေသာအပူငြိမ်းအေးပြီး ကုန်သော အလုံးစုံသောဘေးတို့ကို လွတ်မြောက်ကုန်သော ထိုသူတော်ကောင်းတို့သည် အလုံးစုံသော ဒုက္ခကို လွန်မြောက်ကြ၏။

ဘုရားအလောင်း သိဒ္ဓတ္ထမင်းသားသည် သူအို, သူနာ, သူသေ, ရဟန်းဟူသော နိမိတ်ကြီးလေးပါးတို့ တွေ့မြင်ရ၍ တောထွက်သွား၏။ ထိုတွင် ပထမသုံးပါးမှာ ဒေဝဒူတတမန်ဖြစ်၏။ သူတော်ကောင်း သူမြတ်လောင်းတို့ကား သူတပါးတို့ အို, နာ, သေသည်တို့ကိုမြင်၍ ထိတ်လန့်ကြသည်။ မိမိတို့ကား ကိုယ်တိုင် အို,နာ,သေ သည့်တိုင်အောင် ဟုန်လှုပ်ချောက်ချားခြင်းမရှိကြပါ။

# ဝနဝါသီတိုင်း

## { ၇ }

အရှင်ရက္ခိတ ခေါင်းဆောင်သော အဖွဲ့သည် ဝနဝါသီ တိုင်းသို့ သာသနာပြုရန် သွားကြ၏။ ထိုအရှင်တို့ ထိုတိုင်း၌ သာသနပြုကြပုံကို ပါရာဇိကကဏ် အဋ္ဌကထာ၌ “အရှင်ရက္ခိတသည်ကား ဝနဝါသီတိုင်းသို့ သွား၍ အနမတဂ္ဂိယသုတ်ကို ဟောပေသဖြင့် ဝနဝါသီတိုင်းသားတို့ကို ကြည်ညိုစေ၏။ ထိုအရှင်၏ တရားအဆုံး၌ကား သတ္တဝါခြောက်သောင်းတို့အား အကျွတ်တရားရကြသည်၊ (သောတာပန် ဖြစ်သတည်း ဟူလို) ခုနစ်သောင်းအတိုင်း အရှည်ရှိသော သူတို့သည် ရဟန်းပြုကြ၏။ ကျောင်းငါးရာတို့ကို တည်စေကုန်၏။ ယင်းသို့ ထိုအရှင်သည် ထိုတိုင်း၌ သာသနာကို တည်စေ၏”ဟု ဖွင့်ဆို၏။

သာသနာပြုအဖွဲ့ဝင်တို့သည် ထိုတိုင်းတွင်တစုံတရာအခက်အခဲ တွေ့ရပုံမပေါ်ပါ၊ လွယ်ကူစွာပင်သာသနာပြုနိုင်ကြ ပါလိမ့်မည်။ သို့ကြောင့် အဋ္ဌကထာဆရာသည် ထိုတိုင်း၏သာသနာပြုကိစ္စနှင့် ပတ်သက်၍ ဤမျှသာ ဖွင့်ဆိုခြင်းဖြစ်၏။ ထိုဝနဝါသီတိုင်း

သို့ မြတ်စွာဘုရားရှိစဉ်က မြတ်စွာဘုရားနှင့်တကွ ရဟန်း သံဃာ အများ ကြွရောက်ခဲ့ဘူးသည်။ အကြောင်းကား ထိုအရပ်တွင် အရှင်သာရိပုတြာ၏ တပည့် ခုနစ်နှစ်အရွယ် သာမဏေငယ်ရှိသော ကြောင့် ဖြစ်၏။ ထိုသာမဏေငယ်သည်သာဝတ္ထိပြည် ဇေတဝန် ကျောင်းမှာ တကာ တကမများ ပေါများလှန်း၍ အေးအေး ချမ်းချမ်းနေလိုသဖြင့် သာဝတ္ထိပြည်နှင့်ယူဇနာ နှစ်ရာ ဝေးကွာ သောဝနဝါသီအရပ်သို့ သွားနေ၏။ သူနေသော သစ်မ်းကျောင်း နှင့် သူ၏ ဆွမ်းခံရွာမှာ သုံးဂါဝုတ်ဝေးကွာ၏။ ထိုသာမဏေကို ချီးမြှောက်ရန် ထိုအရပ်သို့ မြတ်စွာဘုရား ကြွသွားခြင်း ဖြစ်၏။

ဝနဝါသီ တိုင်းသည် တောင်ဖက်၌ ကံဂျီဝရမ်, အရှေ့ ဖက်၌ ခနကဋက အရပ်, မြောက်ဖက်၌ မဟာရဋ္ဌတိုင်း, အနောက်ဖက်၌ ပင်လယ်ကမ်းခြေအထိ ဖြစ်၏။ ပင်လယ်ကမ်းခြေ နှင့် နီးစပ်သောကြောင့် အနီးအနားရှိ တောင်တို့တွင် ဘယ် တောင်ကမဆို သမုဒ္ဒြာကို မြင်နိုင်၏။ အိန္ဒိယဘုရားဖူး တရုပ် ခရီးသည် ဟိယိင်ဆင်ကမူ "ဝနဝါသီတိုင်း၏ အကျယ်အဝန်း သည် ၈၃၃ - မိုင်ရှိ၍ ရဟန်း သံဃာ တထောင်ကျော်ခန့်နှင့် ကျောင်းတိုက်ပေါင်း တရာခန့်ရှိ၏" ဟု ဆို၏။

ထိုဝနဝါသီတိုင်းတွင် အရှင်ရက္ခိတသည် အနမတဂ္ဂိယ သုတ်ကို ဟောကြားတော်မူ၏။ ယင်းသုတ်မှာ သံယုတ်ပါဠိ တော် အနမတဂ္ဂသံယုတ်၌ ဟောကြားတော် မူသော တရားတို့ ဖြစ်၏။ ထိုသံယုတ်တရားတို့မှာ တိဏကဋ္ဌသုတ်မှ စ၍ ဝေပုလ္လ

ပဗ္ဗတသုတ်အထိ သုတ်ပေါင်း ၂၀ ဆယ်ရှိ၏။ ယင်းသုတ်တို့ကို ပင် အနမတဂ္ဂိယသုတ်ဟုခေါ်ခြင်းဖြစ်၏။ အနမတဂ္ဂနှင့် စပ် လျဉ်းသော သုတ်တို့ဟုဆိုလို၏။ အနမတဂ္ဂ ဟူသည်မှာ အစ မထင်သော သံသရာဖြစ်၏။ သံသရာအစကို မည်သို့မျှ မသိနိုင် ကြောင်း ပုံဆောင်၍ ဟောကြားသောတရားတို့ပင်တည်း။

ဝနဝါသီတိုင်းသည် ပင်လယ် ကမ်းခြေတွင် တည်ရှိ၏။ သို့ကြောင့် အရှင်ရက္ခိတသည် အစမထင်သော သံသရာတရားကို ဟောကြားခြင်းဖြစ်မည်။ အကြောင်းကား ပင်လယ်ကမ်းခြေ၌ နေသူတို့အား အစမထင်သော ဘဝသံသရာ တရားကို ဟော ကြားလျှင် ပို၍ထင်မြင်လွယ်နိုင်သောကြောင့်ဖြစ်၏။

အစ မထင်သည့် ဘဝသံသရာနှင့်စပ်လျဉ်းသော သုတ်တို့ မှာ သံယုတ်ပါဠိတော် အနမတဂ္ဂ သံယုတ်တွင် ၂၀-သုတ်ရှိ၏။ အရှင်ရက္ခိတသည် သုတ်နှစ်ဆယ်လုံးကိုပင် ဟောကြားသလော၊ သုတ်အချို့ကိုပင် ဟောကြားသလောဟု မသိနိုင်ပါ။ ဤတွင်မူ သုတ်နှစ်ဆယ်လုံးကိုပင် အကျဉ်းချုပ်ပြီး အစဉ်အတိုင်း ကောက် နှုတ် ဖော်ပြသွားပါမည်။ သို့သော်လည်း ပါဠိတော် အတိုင်း မဟုတ်ပါ။ စကားတခွန်းကို ထပ်ကာ-ထပ်ကာဟောကြားခြင်း တို့ကို တကြိမ်သာ ပါဝင်စေသဖြင့် သုတ်၂၀မှာ နှစ်သုတ်-သုံး သုတ်ထက် ပို၍ များလှမည် မဟုတ်ပါ။ ထို့ပြင် အဖတ်ရ လွယ် ကူပြီး အနက်အဓိပ္ပာယ်ကိုလည်း သိလွယ် ပါလိမ့်မည်။

လယ်တီဆရာတော်သည် သူ၏ ဒီပနီတို့တွင် "အနမ တဂ္ဂ အစ မထင်သော သံသရာကြီး"ဟူသော စကားကို အ

လျှဉ်းသင့်တိုင်း ဖော်ပြလေ့ရှိပါသည်။ ထိုဒီပနီကို လေ့လာသော သူတို့သည် "အနမတဂ္ဂ သို့မဟုတ် အနမတဂ် ဟူသည် အဘယ်နည်း" ဟု မေးမြန်းစူးစမ်းတတ်ကြ၏။ ဤတွင် အနမတဂ်၏ အနက်ကို တဝကြီးပင် သုံးဆောင် ခံစားနိုင်ကြ ပါသည်။ ယင်းဖြင့် ဗုဒ္ဓ၏ အကိတ်အယူအဆကိုလည်း ထင်ရှားစွာ တွေ့မြင်နိုင်၏။ အတိတ်ကို လက်ခံလျှင် ပစ္စုပ္ပန်နှင့် အနာဂတ်လည်း အလိုအလျောက်ပင် ပါဝင်နိုင်၏။

# အနမတဂ္ဂိယသုတ်

## ၁-တိဏကဋ္ဌသုတ်

ရဟန်းတို့ ဤသံသရာ၏ အစကို မသိနိုင်၊ အဝိဇ္ဇာဖြင့် ဖုံးအုပ်နေပြီး တဏှာဖြင့် နှောင်ဖွဲ့ထားသောကြောင့် ဤဘဝမှ ထိုဘဝ၊ ထိုဘဝမှ ဤဘဝသို့ ပြေးသွားကျင်လည်နေရကုန်သော သတ္တဝါတို့၏ ရှေ့အစွန်းသည် မသင်၊

ရဟန်းတို့ ဥပမာ ယောကျ်ားသည် ဤဇမ္ဗူဒိပ်ကျွန်း၌ ရှိသမျှ မြက်၊ ထင်း၊ သစ်ခက်၊ သစ်ရွက်ကို တပေါင်းတည်း စုရုံးပြီးလျှင် လက်လေးသစ်စီ ဖြတ်၍ "ဤသည်ကား ငါ၏ အမိတည်း၊ ဤသည်ကား ငါ့အမိ၏ အမိတည်း" စသည်ဖြင့် တခုစီချထားရာ၏။ ထိုယောကျ်ား၏ အမိ အဆက်ဆက်တို့သည်မကုန်နိုင်။ စင်စစ် ဤဇမ္ဗူဒိပ်ကျွန်း၌ ရှိသမျှ မြက်၊ ထင်း၊ သစ်ခက်၊ သစ်ရွက်သည် ကုန်ရာ၏။

ရဟန်းတို့ ဤသို့ ရှည်လျားကြာမြင့်သော နေ့ညဥ့်တို့ ပတ်လုံး ဆင်းရဲ၊ ပြင်းထန်သော ဆင်းရဲ၊ ပျက်စီးခြင်း ခံစားရ ဘူးလှလေပြီ။ သင်းချိုင်း မြေပုံသည် တိုးပွားလှလေပြီ၊ ဤ အလုံးစုံသော သင်္ခါရတို့၌ ငြီးငွေ့ရန်၊ တပ်ခြင်းကင်းရန်၊ လွတ် မြောက်ရန် သင့်လှသည်သာလျှင်တည်း။

[တိဏကဋ္ဌသုတ် ဟူသည်မှာ မြက်၊ ထင်း ဥပမာ ပါဝင်သော တရားဖြစ်၏။ သံသရာ၏ အစကို မသိနိုင် ကြောင်း ဥပမာဖြင့် ပြပြီး သင်္ခါရတို့၌ ငြီးငွေ့ရန် တိုက် တွန်း၏။]

## ၂-ပထဝီသုတ်

ရဟန်းတို့ ဥပမာ ယောကျ်ားသည် ဤမြေကြီးကို ဆီးစေ့မျှလောက်စီ လုံး၍ "ဤသည်ကား ငါ၏အဖတည်း၊ ဤသည်ကား ငါ့အဖ၏ အဖတည်း" စသည်ဖြင့် တခုစီ ချထားရာ၏။ ထိုယောကျ်ား၏ အဖ အဆက်ဆက်တို့သည် မကုန်ဆုံးနိုင်၊ စင်စစ် ဤမဟာ ပထဝီ မြေကြီးသည် ကုန်ဆုံးရာ၏။

[ပထဝီ သုတ်ဟူသည်မှာ မြေကြီး ဥပမာ ပါဝင်သော တရားဖြစ်၏။ သံသရာ၏အစကို မသိနိုင်ကြောင်း ဥပမာဖြင့် ပြပြီး သခ်ါရတို့၌ ငြီးငွေ့ရန် တိုက်တွန်း၏။ သုတ်၏ အချီးနှင့်နိဂုံးမှာ တိဏကဋ္ဌ သုတ်အတိုင်းပင်ဖြစ်၏။]

## ၃-အဿုသုတ်

ရဟန်းတို့ ရှည်စွာသောအခွန့်ကာလ၌ ဤဘဝမှ ထိုဘဝ, ထိုဘဝမှ ဤဘဝသို့ ပြေးသွား ကျင်လည်ရကုန်စဉ် မချစ် မနှစ်သက်သောသူတို့နှင့် ပေါင်းဖော်ရခြင်းကြောင့်၎င်း၊ ချစ် နှစ်သက် အပ်ကုန်သော သူတို့နှင့် ကွေကွင်းရခြင်းကြောင့်၎င်း၊ မြည်တမ်း ငိုကြွေးရကုန်သော သင်တို့၏ ယိုစီးသော မျက်ရည်သည်သာလျှင် များလှပေ၏။ မဟာသမုဒ္ဒရာ လေးစင်းရေသည် မများလှပါ။ သင်တို့သည် အမိ, အဖ, အကို, နှမ, သား, သမီး, ဆွေမျိုး တို့၏ သေကြေပျက်စီးခြင်း, စည်းစိမ်ဥစ္စာပျက်စီးခြင်း, အနာရောဂါ နှိပ်စက်ပျက်စီးခြင်းကို တွေ့ကြုံခံစားရဘူးလှလေပြီ။

[အဿုသုတ် ဟူသည်မှာ မျက်ရည် ဥပမာပါဝင်သော တရားဖြစ်၏။ သံသရာ၏ အစကို မသိနိုင်ကြောင်း ဥပမာဖြင့်ပြပြီး သင်္ခါရတို့၌ ငြီးငွေ့သင့်ကြောင်း တိုက်တွန်း၏။]

## ၄-ခီရသုတ်

ရဟန်းတို့ ဤရှည်စွာသောကာလ၌ ဤဘဝမှ ထိုဘဝ, ထိုဘဝမှ ဤဘဝသို့ ပြေးသွားကျင်လည်ကြရကုန်သော သင်တို့ သောက်စို့ခဲ့သော အမိ နို့ရည်သည်သာလျှင် များလှ၏။ မဟာ သမုဒ္ဒရာလေးစင်းရေသည် မများလှပါ။

[ခီရသုတ်ဟူသည်မှာ နို့ရည်ဥပမာ ပါဝင်သော တရားဖြစ်၏။ သံသရာအစကို မသိနိုင်ကြောင်းနှင့် သခ်ါရ တရားတို့၌ ငြီးငွေ့သင့်ကြောင်းပင် တိုက်တွန်း၏။]

## ၅-ပဗ္ဗတသုတ်

ရဟန်း ဥပမာ မကွဲ-မပြတ်သော အခေါင်းမရှိ၊ တခဲနက်ဖြစ်သော ကျောက်တောင်ကြီးသည် အလျားတယူဇနာ, အနံတယူဇနာ, အစောက် တယူဇနာရှိ၏။ ထိုကျောက်တောင်ကြီးကိုယောကျ်ားသည် အနှစ်တရာ၊ တရာလွန်သောအခါ၌ ကာသိတိုင်းဖြစ်အဝတ်ဖြင့် တကြိမ်၊ တကြိမ်သာပွတ်၏။ ထိုကျောက်တောင်ကြီးသည် ဤလုံ့လဖြင့် လျင်စွာသာလျှင် ကုန်ဆုံးခြင်းသို့ရောက်ရာ၏။ ကမ္ဘာသည် ကုန်ဆုံးခြင်းသို့ မရောက်ရာ၊ ဤသို့ရှည်လျားလှသော ကမ္ဘာတို့၏ ကမ္ဘာ ခု, ရာ, ထောင်, သောင်း, သိန်းဟူ၍ မပြောဆိုအပ်၊ အဘယ့်ကြောင့်နည်း၊ ဤသံသရာ၏အစကို မသိနိုင်၊ သတ္တဝါတို့၏ ရှေ့အစွန်းသည် မထင်။

[ပဗ္ဗတသုတ် ဟူသည်မှာ တောင်ဥပမာ ပါဝင်သော တရား ဖြစ်၏။ ကမ္ဘာ၏ ရှည် လျား သော သက်တမ်းကို မသိနိုင်ကြောင်း ဥပမာဖြင့် သာဓကရ တို့၌ ငြီးငွေ့သင့်ကြောင်း တိုက်တွန်း၏။]

## ၆-သာသပသုတ်

ရဟန်းဥပမာ- အလျားတယူဇနာ, အနံတယူဇနာ, အစောက် တယူဇနာရှိသော မုန်ညင်းစေ့တို့ဖြင့် အစိုင်-အခဲ ဖွဲ့လျက်ပြည့်သော သံဖြင့်ပြီးသော မြို့သည်ရှိရာ၏။ ယောကျ်ား သည် ထိုမြို့တွင်းရှိမုန်ညင်းစေ့ပုံမှ အနှစ် တရာကို လွန်သော အခါ မုန်းညင်းစေ့ တစေ့စီ တစေ့စီထုတ်ယူရာ၏။ထိုကြီးစွာ သော မုန်ညင်းစေ့သည် ကုန်ဆုံးခြင်းသို့ရောက်ရာ၏။ ကမ္ဘာ သည် ကုန်ဆုံးခြင်းသို့မရောက်ရာ ဤသို့ ရှည်လျားလှစွာသော ကမ္ဘာတို့၏ တခု,တရာ,တထောင်,တသိန်းဟူ၍ မပြောဆိုအပ်။

[သာသပသုတ် ဟူသည်မှာ မုန်ညင်းစေ့ ဥပမာ ပါဝင်သော တရားဖြစ်၏။ ကမ္ဘာ၏ ရှည်လျားလှစွာ သော သက်တမ်းကိုမသိနိုင်ကြောင်း ဥပမာဖြင့် သာဓကရ တရားတို့၌ ငြီးငွေ့ရန်တိုက်တွန်း၏။]

## ၇-သာဝကသုတ်

ရဟန်းတို့ ဥပမာ—ဤသာသနာ၌ အနှစ်တရာသက်တမ်း ရှိ၍ အနှစ်တရာအသက်ရှည်သော တပည့်သာဝက လေးယောက် တို့သည် နေ့တိုင်း နေ့တိုင်း ကမ္ဘာကပ်ပေါင်းတသိန်း-တသိန်းကို အောက်မေ့ရာ၏။ ထိုသို့အောက်မေ့စဉ် ဤတပည့်သာဝက လေးယောက်တို့သည် အနှစ်တရာကိုလွန်သောအခါ၌ သေခြင်း ကိုပြုကုန်ရာ၏။ ထိုတပည့်သာဝကလေးယောက်တို့သည် ကမ္ဘာ တို့ကိုကုန်အောင် မအောက်မေ့နိုင်သည်သာတည်း။

[သာဝကသုတ် ဟူသည်မှာ တပည့်ဥပမာ ပါဝင် သော တရားဖြစ်၏။ ကမ္ဘာ၏ရှည်လျားသောသက်တမ်း ကို မသိနိုင်ကြောင်း ဥပမာဖြင့် သင်္ခါရတရားတို့၌ ငြီးငွေ့သင့်ကြောင်း တိုက်တွန်း၏။]

## ၈-ဂင်္ဂါသုတ်

ပုဏ္ဏား ဥပမာ-ဤဂင်္ဂါမြစ်စဉ်စီးရာမှ မဟာသမုဒ္ဒရာသို့ စီးဝင်ရာအရပ်တိုင်အောင် ထိုအကြား၌ ဤမျှ- ဤမျှသောသဲတို့ အရာ, အထောင်, အသိန်းဟူ၍ ရေတွက်ခြင်းငှာ မလွယ်၊ ရှေး၌ကျော်လွန်ပြီးသော ကမ္ဘာတို့သည် ထိုသဲတို့ထက်များလှ သည်သာတည်း။

[ဂင်္ဂါသုတ်ဟူသည်မှာ ဂင်္ဂါမြစ် ဥပမာပါဝင်သော တရားဖြစ်၏။ ကမ္ဘာတို့များပြားကြောင်း ဥပမာဖြင့် ပြပြီး သခ်ါရတရားတို့၌ ငြီးငွေ့ရန် တိုက်တွန်း၏။]

## ၉-ဒဏ္ဍသုတ်

ရဟန်းတို့ ဥပမာ-အထက်ကောင်းကင်သို့ ပစ်လွှတ်အပ်သောတောင်ဝှေးသည် တကြိမ်လည်းအရင်းဖြင့်ကျ၏။ တကြိမ်လည်းအလယ်ဖြင့်ကျ၏။ တကြိမ်လည်းအဖျားဖြင့်ကျ၏။ ဤအတူသာလျှင် ဤဘဝမှထိုဘဝ, ထိုဘဝမှ ဤဘဝသို့ပြေးသွားကျင်လည် ကြရကုန်သော သတ္တဝါတို့သည် တကြိမ်လည်း ဤလောကမှ တပါးသောလောကသို့ ရောက်ကုန်၏။ တကြိမ်လည်း တပါးသောလောကမှ ဤလောကသို့ရောက်ကုန်၏။

[ဒဏ္ဍသုတ်ဟူသည်မှာ တောင်ဝှေး ဥပမာ ပါဝင်သောတရားဖြစ်၏။ အမျိုးမျိုးအဖုံဖုံသံသရာ၌ ကျင်လည်ရပုံကို ဥပမာဖြင့်ပြပြီး သင်္ခါရတရားတို့၌ ငြီးငွေ့သင့်ကြောင်း တိုက်တွန်း၏။]

## ၁၀-ပုဂ္ဂလသုတ်

ရဟန်းတို့ တကမ္ဘာပတ်လုံး ပြေးသွားကျင်လည်သော ပုဂ္ဂိုလ်တယောက်၏ အရိုးစုသည် စုပေါင်း သိမ်းဆည်းအပ်သည်ဖြစ်၍ မပျောက်ပျက်ခဲ့မူ ဤဝေပုလ္လတောင်နှင့်အမျှ ဖြစ်ရာ၏။ မဂဓတိုင်းသူတို့၏ တောင်တို့ဖြင့် ခြံရံအပ်သော ရာဇဂြိုဟ်ပြည်၌ ထိုဝေပုလ္လ တောင်သည်ကြီး၏။ ဤတောင်သည် ဂိဇ္ဈကုဋ်တောင်၏ မြောက်ဖက်နံပါး၌တည်ရှိ၏။

ဆင်းရဲ, ဆင်းရဲ၏ဖြစ်ကြောင်း, ဆင်းရဲမှ လွတ်မြောက်ရာ, ဆင်းရဲချုပ်ငြိမ်းရာရောက်ကြောင်း အကျင့်ဖြစ်သော အင်္ဂါရှစ်ပါးရှိသော အရိယမဂ် ဟူသော ဤအရိယ သစ္စာတို့ကို ကောင်းသောပညာဖြင့် ကောင်းစွာမြင်သောအခါ၌ ထိုပုဂ္ဂိုလ်သည် ခုနစ်ကြိမ်အတိုင်း အရှည်ကျင်လည်ရ၍ သံယောဇဉ်အလုံးစုံကုန်ခြင်းကြောင့် ဆင်းရဲ၏အဆုံးကို ပြုခြင်းဖြစ်၏။

[ပုဂ္ဂလသုတ် ဟူသည်မှာ ပုဂ္ဂိုလ်၏အရိုးစု ပါဝင်သော တရားဖြစ်၏။ မဂ်ရသောပုဂ္ဂိုလ်သည် အလွန်ဆုံး ခုနစ်ကြိမ်သာ သံသရာ၌ ကျင်လည် ရတော့မည်ဖြစ်၏။]

## ၁၁-ဒုဂ္ဂတသုတ်

ရဟန်းတို့ ဆင်းရဲသော မကောင်းသော အသွင်ရှိသော အကြွင်သတ္တဝါတို့ကို တွေ့မြင်ကုန်ရာ၏။ ဤသို့ တွေ့မြင်ရာ၌ "ငါတို့သည်လည်း ဤရှည်လျားလှစွာသော ကာလ၌ ဤသို့ သဘောရှိသော ဆင်းရဲကိုခံစားရဘူးလှလေပြီ" ဟု ဆုံးဖြတ်ခြင်းသို့ ရောက်သင့်၏။

[ဒုဂ္ဂတသုတ်ဟူသည်မှာ ဆင်းရဲမှုပါဝင်သော တရားဖြစ်၏။ သံသရာ၏အစကို မသိနိုင်ကြောင်းနှင့် သခါရတို့၌ ငြီးငွေ့သင့်ကြောင်းကို တိုက်တွန်း၏။]

## ၁၂-သုခိတသုတ်

ရဟန်းတို့ ချမ်းသာသော တန်ဆာဆင်ခြင်းနှင့်ပြည်စုံသောသူကို တွေ့မြင်ကုန်ရာ၏။ ဤသို့ တွေ့မြင်ရာ၌ "ငါတို့သည်လည်း ဤရှည်လျားလှစွာသော ကာလ၌ ဤသို့သဘောရှိသော ချမ်းသာကိုခံစားရဘူးလှလေပြီ" ဟု ဆုံးဖြတ်ခြင်းသို့ ရောက်သင့်၏။

[သုခိတသုတ် ဟူသည်မှာ ချမ်းသာမှု ပါဝင်သော တရားဖြစ်၏။ သံသရာ၏အစကို မသိကြောင်းနှင့်သင်္ခါရတရားတို့၌ ငြီးငွေ့သင့်ကြောင်းကို တိုက်တွန်း၏။]

# ၁၃-တိံသမတ္တသုတ်

ရဟန်းတို့ ဤရှည်လျားလှစွာသောကာလ၌ ပြေးသွားကျင်လည်ရကုန်သော သင်တို့၏ဦးခေါင်းကိုဖြတ်၍ ယိုစီးသောသွေးတို့သာလျှင်များလှ၏။ မဟာသမုဒ္ဒရာ လေးစင်းရေသည် မများလှပါ။ ရှည်စွာသော နေ့ညဥ့်တို့ပတ်လုံး နွား,ကျွဲ,သိုး,ဆိတ်,သမင်,ကြက်,ဝက်,ဖြစ်၍ ဦးခေါင်းဖြတ်ခံရသော သင်တို့၏သွေးသည်သာလျှင်များ၏။ မဟာသမုဒ္ဒရာ လေးစင်းရေသည် မများလှပါ။ ရွာကိုဖျက်ဆီးတတ်သော ခိုးသူတို့, လမ်းခရီး၌လုယက်တတ်သော ခိုးသူတို့၊ သူတပါးမယားကို ခိုးတတ်သော ခိုးသူတို့ဖမ်းပြီးလျှင် ဦးခေါင်း ဖြတ်ခံရသော သင်တို့၏သွေးသည် မဟာသမုဒ္ဒရာလေးစင်း၏ရေထက်များ များလှ၏။

[တိံသမတ္တသုတ်ဟူသည်မှာ သုံးကျိပ်သော ရဟန်းတို့ ပါဝင်သော တရားဖြစ်၏။ ထိုရဟန်းတို့သည် ဓုတင်ဆောင်ကြလျက် 'သံယောဇဉ်ရှိကြသေး၍ ဟောကြားခြင်းဖြစ်၏။]

၁၄-မာတုသုတ်

ရဟန်းတို့ ဤရှည်လျားလှစွာသော ကာလ၌ သင်တို့၏ အမိမဖြစ်ဘူးသော သတ္တဝါကို ရလွယ်မည်မဟုတ်။

၁၅-ပိတုသုတ်

ရဟန်းတို့ ဤရှည်လျားလှစွာသောကာလ၌ သင်တို့၏ အဖ မဖြစ်ဘူးသောသတ္တဝါကို ရလွယ်မည်မဟုတ်။

## ၁၆-ဘာတုသုတ်

ရဟန်းတို့ ဤရှည်လျားလှစွာသော ကာလ၌ သင်တို့၏ ညီအကိုမဖြစ်ဘူးသော သတ္တဝါကိုရလွယ်မည်မဟုတ်။

## ၁၇-ဘဂိနီသုတ်

ရဟန်းတို့ ဤရှည်လျားလှစွာသော ကာလ၌ သင်တို့၏ ညီမ, အမ, နှမ မဖြစ်ဘူးသော သတ္တဝါကို ရလွယ်မည်မဟုတ်။

## ၁၈-ပုတ္တသုတ်

ရဟန်းတို့ ဤရှည်လျားလှစွာသော ကာလ၌ သင်တို့၏ သားမဖြစ်ဘူးသော သတ္တဝါကိုရလွယ်မည်မဟုတ်။

## ၁၉-ဓီတုသုတ်

ရဟန်းတို့ ဤ ရှည်လျားလှစွာသော ကာလ၌ သင်တို့၏ သမီးမဖြစ်ဘူးသော သတ္တဝါကို ရလွယ်မည်မဟုတ်။

[မာတုမှစ၍ ဓိတုအထိ ၆ သုတ်မှာ အမေ့အဖေ စသော အမည်သာကွဲပြားသည်။ သဘောမှာ အတူတူပင်ဖြစ်၏။ ထိုသုတ်တို့၏အနှစ်သာရမှာလည်း သံသရာ၏ အစကို မသိနိုင်ခြင်းနှင့် သင်္ခါရတရားတို့၌ ငြီးငွေ့စေရန်ဖြစ်၏။]

## ၂၀-ဝေပုလ္လ ပဗ္ဗတသုတ်

ရဟန်းတို့ ကကုသန်မြတ်စွာဘုရား၏ လက်ထက်အခါက ဤဝေပုလ္လတောင်သည် ပါစိနဝံသတောင်ဟူသော အမည်ဖြင့် ထင်ရှား၏။ ကောဏာဂုံ မြတ်စွာဘုရားလက်ထက်၌ ဝင်္ကက တောင်ဟူသော အမည်ဖြင့် ထင်ရှား၏။ ကဿပမြတ်စွာဘုရား လက်ထက်၌ သုပဿဟူသောအမည်ဖြင့် ထင်ရှား၏။ ယခုအခါ ဝေပုလ္လတောင်ဟု ခေါ်ကြ၏။ သင်္ခါရတရားတို့သည် အမြဲမရှိကုန်၊ ဖြစ်ခြင်း- ပျက်ခြင်းသဘော ရှိကုန်၏။ ဖြစ်ပြီး၍ ချုပ်ကုန်၏။ ထိုသင်္ခါရတရားတို့၏ ငြိမ်းရာ နိဗ္ဗာန်သည်သာ ချမ်းသာ၏။

ဤသည်တို့ကား ဝနဝါသီတိုင်းတွင် အရှင်ရက္ခိတ ဟော ကြားတော်မူသော အနမတဂ္ဂိယသုတ်တရားများ ဖြစ်ကြ၏။ ဤတရားတို့၏အနှစ်သာရမှာ သံသရာ၏အစကို မသိနိုင်ခြင်းနှင့် သင်္ခါရတရားတို့၌ ငြီးငွေ့ရန်တို့ဖြစ်၏။ သတ္တဝါတို့သည်ကား သင်္ခါရတရားတို့မှာ လွန်စွာမွေ့လျော်ရှင်ပျော်နေကြ၏။ ယင်းသို့ ရှင်ပျော်လာခဲ့သည်မှာ ကြာမြင့်လှပါပြီ၊ ယခုအခါ ငြီးငွေ့ သင့်ပြီဟု သတိပေးခြင်းဖြစ်၏။ သို့ဖြင့်သတ္တဝါတို့ သံသရာ၌

ကျင်လည်နေကြသည်မှာ ကိုယ်တိုင်ကကျင်လည်ချင်၍ ဖြစ်သည်။ အကယ်၍ ကျင်လည်ရန် ငြီးငွေ့ပါက ကျင်လည်ရတော့မည် မဟုတ်ပါ။ ကိုယ်တိုင်ကမွေ့လျော်နေပြီး သံသရာကိုဆင်းရဲဟု ပြောကြားနေခြင်းတို့မှာ အနှစ်မရှိသော ရယ်ဖွယ်သာဖြစ်၏။ အမှန်ငြီးငွေ့ပါလျှင် အမှန်ပင် သံသရာရဟတ်အလည် ရပ်နိုင်ပါသည်။

# အပရန္တတိုင်း

## ( ၄ )

အရှင်ယောနက ဓမ္မရက္ခိတသည်လည်း အပရန္တတိုင်းသို့ ကြွသွား၍ အဂ္ဂိခန္ဓောပမသုတ္တန်တရားဖြင့် အပရန္တတိုင်းသား တို့ကို ကြည်ညိုစေ၍ သတ္တဝါပေါင်းခုနစ်သောင်းတို့ကို တရား အမြိုက်ရည်ကို သောက်စေ၏။ မင်းမျိုးမှလျှင် ယောကျ်ားတ ထောင်မျှ ရဟန်းပြုကြ၏။ အမျိုးသမီးခြောက်သောင်းကျော် လည်း ရဟန်းပြုကြ၏။ ယင်းသို့လျှင် ထိုအရှင်သည် ထိုတိုင်း၌ သာသနာတည်စေ၏။

အပရန္တတိုင်း ဟူသည်မှာ ဘုရားအလောင်း မန္ဓာတု စကြာမင်းကြီးနှင့် အတူတကွလိုက်ပါလာကြသောအပရဂေါယာ နခေါ် အနောက်ကျွန်းသားများ၏နေရာအရပ်ဟူ၍ မဟာနိဒ္ဒေသ အဋ္ဌကထာ၌ဖွင့်ဆို၏။ အပရဂေါယာနဟူသောအမည်ရင်းကို အထိမ်းအမှတ်ပြုကာ အပရန္တဟုမှည့်ခေါ်ခြင်းဖြစ်၏။ ယင်းသည် ဇမ္ဗူဒိပ်ကျွန်း မဇ္ဈိမဒေသ၏ အနောက်ဖက်စွန်းကျသောအရပ်၌

ဖြစ်၏။ ထိုတွင်မြတ်စွာဘုရား၏ ခြေတော်ရာနှစ်ဆူရှိ၍ အရှင်မဟာပုဏ္ဏသိတင်းသုံးခဲ့ဘူးသောတိုင်းလည်းဖြစ်၏။

အပရန္တတိုင်း၏အမည်ကို မဟာနိဒ္ဒေသုတ် အဋ္ဌကထာ အလိုအားဖြင့် "အနောက်အရပ် မျက်နှာ၏ အဆုံး အပိုင်း အခြားဖြစ်သောတိုင်း" ဖြစ်၏။ ထို့ပြင် ဇမ္ဗူဒိပ်ကျွန်း မဇ္ဈိမ ဒေသ၏အရှေ့ဖက်အစွန်ကျသော အရပ်တိုင်းကို ပုဗ္ဗန္တတိုင်း, ဝိဒေဟတိုင်းဟုခေါ်ဆို၏။ ယင်းကိုထောက်၍ အနောက်ဖက်အစွန်ကျသောတိုင်းကို အပရန္တတိုင်းဟု ဆိုသည်မှာ အသင့်ယုတ္တိရှိသည်ဟု ဗုဒ္ဓသာသနိက ပဌဝီဝင်ကျမ်းကြီး၌ ဆို၏။

ဤအပရန္တတိုင်းအတွင်း၌ နမ္မဒါမြစ်, သစ္စဗန္ဓတောင်, သုပ္ပါရကဆိပ်, ဝါနိဇဂါမ စသည့် သာသနာ၌ ထင်ရှားသော နေရာဌာနများ ပါဝင်လျက်ရှိ၏။ မြတ်စွာဘုရားသည် နဂါး တောင်းပန် သောကြောင့် နမ္မဒါမြစ်ကမ်းပါး၌ရင်း၊ အရှင် သစ္စဗန္ဓတောင်းပန်၍ သစ္စဗန္ဓတောင်ထိပ်၌ရင်း၊ ခြေတော်ရာ ချတော်မူခဲ့၏။ သုပ္ပါရကဆိပ်မှာ ခိပ္ပဘိညအရာ၌ ဧတဒဂ်ရမည့် ဒါရုစိယသည် သုပ္ပဒကမှ ယူဇနာ၁၂၀ဝေးသော သာဝတ္ထိသို့ ခြေလျင်ခရီးပြင်းလာရာ တည၌တည်းဖြင့် သာဝတ္ထိသို့ရောက် ကြောင်း အင်္ဂုတ္တရအဋ္ဌကထာ၌ဖွင့်ဆို၏။ ဥပရိပဏ္ဏာသ ပုဏ္ဏော ဝါဒသုတ်အဖွင့်မှာ ကုန်သည် မဟာပုဏ္ဏ တို့၏ ဝါဏိဇဂါမ လည်း ယင်းအပရန္တတိုင်း အတွင်းမှာပင်ဖြစ်သည်ဟု ပညာရှိတို့ ယူဆကြ၏။

ဤသို့လျှင် ထင်ရှားသောသမိုင်းဝင်နေရာ ဌာနတို့ဖြင့် တန်ဆာဆင်အပ်သော အပရန္တတိုင်းအတွင်း၌ အရှင်ယောနက ဓမ္မရက္ခိတသည် အဂ္ဂိခန္ဓောပမသုတ် တရားကို ဟောကြားပြီး သာသနာပြုခဲ့၏။ ထိုအရှင်ကား ယောနကတိုင်းသား ဖြစ်၏။ သို့ကြောင့် အခြားအရှင်ဓမ္မရက္ခိတတို့နှင့်ကွဲပြားစေရန် အမည်ရှေ့တွင် မွေးဖွားရာဒေသဖြစ်သော ယောနကကို ထည့်သွင်းခေါ်ဆိုကြခြင်းဖြစ်၏။

အဂ္ဂိခန္ဓောပမသုတ် ဟူသည်မှာ မီးပုံကြီးဥပမာ ပါဝင်သောတရားဖြစ်၏။ မြတ်စွာဘုရားသည် ယင်းသုတ် တရားကို ရဟန်း-သံဃာအများအား ဟောကြားတော်မူ၏။ ဟောကြားပြီးသောအခါ ရဟန်းတော်၆ဝမျှ သွေးအံပြီး ပျံတော်မူကြ၏။ အခြားရဟန်းတော် ၆ဝမှာ လူထွက်သွားကြ၍ အခြားရဟန်းတော်၆ဝမှာ ရဟန္တာဖြစ်သွားကြ၏။ ဘယ့်ကြောင့် ယင်းသို့ဖြစ်ကြရပါသနည်း။ တမျိုးတည်းသော တရားကို အတူတကွ နာကြားကြပြီး မတူခြားနားကွဲပြားသောအဖြစ်တို့ဖြစ်ကြသည်။ တရားနာပြီး ရဟန်းတော်များသွေးအံပြီး ပျံလွန်တော်မူခြင်းနှင့်စပ်လျဉ်း၍ မိလိန္ဒမင်းကြီးက ပြဿနာပုလုပ်၍ အရှင်နာဂသေန အတော်ကြိုးစားပြီး ဖြေကြားရသည်။ ဤအကြောင်းကို မိလိန္ဒပဉှာမှာ ကြည့်ကြပါ။

အရှင်ယောနက ဓမ္မရက္ခိတသည် အပရန္တတိုင်းသားတို့အား ဟောကြားပြီး သာသနာပြုရန်အတွက် ဤသုတ်အဘယ်ကြောင့် ရွေးချယ်ပါသနည်း။ ဤပြဿနာ ကိုလည်း

လူ့အမျိုးမျိုးတို့ အမျိုးမျိုးဖြေဆိုကြသည်။ မိမိမည်သို့ ဖြေရှင်းမည်နည်း။ ဤအတွက် ထိုသုတ်ကို ကိုယ်တိုင်ကောင်းစွာလေ့လာဘို့ လိုပါမည်။ စင်စစ်ရဟန်းတို့နှင့် အထူးသက်ဆိုင်သော သုတ်ဖြစ်၏။ ပါဠိတော်တွင် မြတ်စွာဘုရားကမေးပြီး ရဟန်းတို့ကဖြေဆို၏။ ထို့နောက် မြတ်စွာဘုရားက တရားပြ၏။ ဤတွင်မူ အမေး-အဖြေတို့ကို မဖော်ပြတော့ပါ။ တရားသားကိုသာ ဖြေကြားထားပါသည်။ သို့ကြောင့် တိုတိုကျဉ်းကျဉ်းနှင့်လိုရင်းကို လေ့လာနိုင်ကြရပါလိမ့်မည်။

# အဂ္ဂိခန္ဓောပမသုတ်

အခါတပါး မြတ်စွာဘုရားသည် ရဟန်း သံဃာနှင့် အတူ ကောသလတိုင်းတို့၌ ဒေသစာရီကြွချီတော်မူ၏။ ထိုအခါ တခုသောအရပ်၌ တပြောင်ပြောင် တောက်လောင်လျက် အခိုးအလျှံမီးတောက်နှင့် တကွ မီးပုံကြီးကို တွေ့ရ၍ လမ်းခရီးမှ ဖဲပြီးလျှင် သစ်ပင်ရင်း၌ ထိုင်လျက် ရဟန်းတို့အား မီးပုံကြီးကို ညွှန်ပြလျက် မီးပုံကြီး ဥပမာပါဝင်သော တရားကို ဟောကြားတော်မူ၏။

ရဟန်းတို့ ယုတ်ညံ့သောသဘောရှိ၍ မစင် မကြယ် စက်ဆုပ်ဖွယ် အကျင့်ရှိသော, ဖုံးလွှမ်းထားသော မကောင်းမှုရှိသော ရဟန်းမဟုတ်ဘဲလျက် ရဟန်းဟု ဝန်ခံသော, မြတ်သော အကျင့် မရှိဘဲလျက် မြတ်သောအကျင့်ရှိသည်ဟု ဝန်ခံသော အတွင်း၌ ပုတ်ပွစွတ်စိုသော ယောက်သွားပုတ်နှင့်တူသော ဒုဿီလ ပုဂ္ဂိုလ်အား ထိုမီးပုံကြီးကို ဖက်၍ မူလည်းထိုင်ရာ၏။ အနီးသို့မူလည်း ကပ်၍ အိပ်ရာ၏။ ယင်းသည်မြတ်၏။ သို့ကြောင့် သေခြင်းသို့လည်း ရောက်ရာ၏။ သေလောက်သော ဆင်းရဲဒုက္ခသို့လည်း

ရောက်၏။ သို့သော်လည်း သေပြီးနောက် အပါယ်သို့ကား မကျ ရောက်နိုင်ပါ၊ ထိုဒုဿီလ ပုဂ္ဂိုလ်အား သိမ်မွေ့နူးညံ့သောမင်း ပုဏ္ဏား, သူဌေးမျိုး သတို့သမီးကို လည်ဖက်၍ အနီး၌ မူလည်း, ထိုင်ရာ၏။ ကပ်၍မူလည်း အိပ်ရာ၏။ ယင်းသည်မမြတ်။ သို့ ကြောင့် ကာလကြာမြင့်စွာ စီးပွါးမဲ့ရန် ဆင်းရဲရန်ဖြစ်၏။ သေ ပြီးနောက် ငရဲသို့ကျရောက်ရာ၏။

ရဟန်းတို့ ယုတ်မာသော ထိုဒုဿီလ ပုဂ္ဂိုလ်အား ခွန် အားရှိသော ယောကျ်ားသည် မြဲမြံ ခိုင်ခန့်သော သား ရေကြိုးဖြင့် ခြေသလုံးနှစ်ဖက်ကို ရစ်ပတ်၍ ပွတ်တိုက်ရာ၏။ ထို သားမြီးကြိုးသည် အပေါ်ရေ, အတွင်းရေ, အသား, အကြော အရိုးကို ဖြတ်ပြီးလျှင် ရိုးတွင်းခြင်ဆီကို ထိလျက် တည်ရာ၏။ ယင်းသည် မြတ်၏။ သို့ဖြင့် သေခြင်းသို့ မူလည်း ရောက်ရာ၏။ သေလောက်သော ဆင်းရဲသို့ မူလည်းရောက်ရာ၏။ သို့ရာတွင် သေပြီးနောက် ငရဲသို့ မကျရောက်နိုင်ပါ၊ ထိုသူယုတ်မာ ဒုဿီလ ပုဂ္ဂိုလ်အား မင်း, ပုဏ္ဏား, သူဌေးတို့၏ ရှိခိုးခြင်းကို သာယာ ခြင်းသည် မမြတ်။ ကာလကြာမြင့်စွာ စီးပွါးမဲ့ရန်, ဆင်းရဲရန် ဖြစ်၏။ သေပြီးနောက် ငရဲသို့ ကျရောက်ရ၏။

ရဟန်းတို့ ထို ဒုဿီလပုဂ္ဂိုလ် အား ခွန်အား ရှိသော ယောကျ်ားသည်ထက်မြက်သောလှံမြဖြင့် ရင်ဝ၌ထိုးဆွခြင်းသည် သာလျှင် မြတ်၏။ သို့ဖြင့် သေခြင်းသို့မူလည်း ရောက်ရာ၏။ သေလောက်သော ဆင်းရဲသို့မူလည်း ရောက်ရာ၏။ သို့သော်လည်း သေပြီးနောက် ငရဲသို့ မကျရောက်နိုင်ပါ၊ ထိုဒုဿီလပုဂ္ဂိုလ်အား

မင်း, ပုဏ္ဏား, သူဌေးတို့၏ လက်အုပ်ချီခြင်းကို သာယာခြင်း သည်မမြတ်၊ ကာလကြာမြင့်စွာ စီးပွားမဲ့ရန်–ဆင်းရဲရန်ဖြစ်၏။ သေပြီးနောက် ငရဲသို့ ကျရောက်ရ၏။

ရဟန်းတို့ ထို ဒုဿီလ ပုဂ္ဂိုလ် အား ခွန် အား ရှိသော ယောကျ်ားသည် အလျှော့ ပြောင်ပြောင် တောက်လောင်လျက် အခိုး အလျှံ မီးတောက်နှင့်တကွ ဖြစ်သော သံပြားဖြင့် ကိုယ်ကို ရစ်ပတ်ခြင်းသည်သာလျှင် မြတ်၏။ သို့ကြောင့် သေခြင်းသို့လည်း ရောက်ရာ၏။ သေလောက်သော ဆင်းရဲသို့လည်း ရောက်ရာ၏။ သို့သော်လည်း သေပြီးနောက် ငရဲသို့မကျရောက်နိုင်ပါ၊ ထိုဒုဿီလ ပုဂ္ဂိုလ်အား မင်း, ပုဏ္ဏား, သူဌေးတို့၏ ယုံကြည်မှုဖြင့် ပေးလှူသော သင်္ကန်းကို ဝတ်ရုံခြင်းသည်မမြတ်၊ ကာလကြာမြင့်စွာ စီးပွားမဲ့ရန် ဆင်းရဲရန် ဖြစ်၏။ သေပြီးနောက် ငရဲသို့ ကျရောက်ရ၏။

ရဟန်းတို့ ထိုဒုဿီလပုဂ္ဂိုလ်အား ခွန်အား ကောင်းသော ယောကျ်ားသည် လောလောပူသော သံကောက်ဖြင့် ခံတွင်းကို ဖွင့်၍ လောလောပူသော သံတွေခဲကို ခံတွင်း၌ထည့်ရာ၏။ သို့ဖြင့် နှုတ်ခမ်း, ခံတွင်း, လျှာ, လည်ချောင်း, ရင်ကို လောင်ရာ၏။ အူမ အူသိမ်ကို ယူ၍ အောက်ဖက်မှ ထွက်လေရာ၏။ ယင်းသည် သာလျှင်မြတ်၏၊ သို့ကြောင့် သေခြင်းသို့လည်း ရောက်ရာ၏။ သေလောက်သော ဆင်းရဲသို့ မူလည်း ရောက်ရာ၏။ သို့သော် လည်း သေပြီးနောက် ငရဲသို့ မကျရောက်ရာ၊ ထိုဒုဿီလ ပုဂ္ဂိုလ် အား မင်း, ပုဏ္ဏား, သူဌေးမျိုးတို့၏ ယုံကြည်မှုဖြင့် ပေးလှူ

သော ဆွမ်းကို သုံးဆောင်ခြင်းသည် မမြတ်။ ကာလကြာမြင့်စွာ စီးပွါးမဲ့ရန် ဆင်းရဲရန်ဖြစ်၏။ သေပြီးနောက် ငရဲသို့ ကျရောက်ရ၏။

ရဟန်းတို့ထိုဒုဿီလပုဂ္ဂိုလ်အားခွန်အားရှိသောယောကျ်ား သည် စောက်ထိုး ဆွဲကိုင်၍ လောလောပူသော ကြေးအိုး၌ထည့် ရာ၏။ သို့ဖြင့် ထိုကြေးအိုး၌ အမြှုပ်ဖြစ်စေ၍ ကျက်ပြီး တကြိမ် လည်း အထက်သို့တက်ရာ၏၊ တကြိမ်လည်း အောက်သို့ဆင်းရာ၏။ တကြိမ်လည်း ဘေးသို့ရောက်ရာ၏။ ဤသို့ ဖြစ်ရခြင်းသည်သာ မြတ်၏။ သို့ကြောင့်သေခြင်းသို့လည်း ရောက်ရာ၏။ သေလောက် သောဆင်းရဲသို့လည်းရောက်ရာ၏။ သို့သော်လည်း သေပြီးနောက် ငရဲသို့ မကျရောက်ရာ ဒုဿီလပုဂ္ဂိုလ်အား မင်း, ပုဏ္ဏား, သူဌေး တို့၏ ယုံကြည်မှုဖြင့် ပေးလှူသော ကျောင်းကို သုံးဆောင်ခြင်း သည် မမြတ်။ ကာလကြာမြင့်စွာ စီးပွါးမဲ့ရန် ဆင်းရဲရန်ဖြစ်၏။ သေပြီးနောက် ငရဲသို့ ကျရောက်ရ၏။

ရဟန်းတို့ ထို့ကြောင့် ဤသို့ကျင့်ရမည်....

"ငါတို့သည် အကြင်ဒါယကာတို့၏ သင်္ကန်း, ဆွမ်း, ကျောင်း, ဆေး အသုံးအဆောင်တို့ကို သုံးဆောင်ကုန်၏။ ထို ဒါယကာတို့ ပြုအပ်သော ကောင်းမှုတို့သည် အကျိုးအာနိသင် ကြီးမားကြမည်၊ ငါတို့၏ ဤရဟန်းအဖြစ်သည်လည်း အကျိုး ရှိသည်၊ တိုးပွားခြင်းရှိသည်ဖြစ်၍ မမြုံသည် ဖြစ်မည်" ဟု ကျင့်ရမည်။

ရဟန်းတို့ မိမိအကျိုးကို ကောင်းစွာမြင်သော အမျိုးကောင်းသားသည် မမေ့မလျော့မှုနှင့် ပြည့်စုံသင့်၏။ သူတပါးအကျိုးကိုကောင်းစွာမြင်သော အမျိုးကောင်းသားသည် မမေ့မလျော့မှုနှင့်ပြည့်စုံသင့်၏။ အကျိုးနှစ်ပါးစုံကို ကောင်းစွာ မြင်သော အမျိုးကောင်းသားသည် မမေ့မလျော့မှုနှင့် ပြည့်စုံသင့်၏။

မြတ်စွာဘုရားသည် ဤတရားစကားကို ဟောကြားတော်မူသည်ရှိသော် ရဟန်း ခြောက်ကျိပ်တို့အား နှလုံးသွေးပူတို့သည် ခံတွင်းမှအံထွက်၏။ ရဟန်း ခြောက်ကျိပ်တို့သည် သိက္ခာချ၍ လူထွက်ကြ၏။ ရဟန်းခြောက်ကျိပ်တို့အား မစွဲလမ်းမှု၍ အာသဝေါတရားတို့မှ စိတ်လွတ်မြောက်သွားကြလေသတည်း။

ဤကား အဂ္ဂိခန္ဓောပမသုတ်မှ လိုရင်းအချုပ်ဖြစ်၏။ မြတ်စွာဘုရား၏စကားတို့ကို ယခုခေတ်စကားနှင့်ပြောရပါလျှင် "မိန်းမနှင့် အိပ်ခြင်းထက် မီးပုံထဲဝင်ပြီးအိပ်လို့ သေရခြင်းက ကောင်းသည်။ ဒါယကာတို့ရှိခိုးခြင်းကို သာယာမည့် အစားခြေသလုံးကိုလွှနှင့်ဖြတ်ပြီး သေရခြင်းကကောင်းသေးသည်" စသည်တို့ဖြစ်၏။ ထိုရဟန်းမှာ ဒုဿီလရဟန်းဖြစ်၏။ ဒုဿီလဟူသည်မှာ ရဟန်းတုရဟန်းယောင် ရဟန်းယုတ်ဖြစ်၏။ ပါဠိတော်ကယင်းရဟန်းအဖွင့်ကို ဤသို့သိနိုင်ပါ၏။

သဘောယုတ်ည့်၏။ အကျင့်မစင်ကြယ် စက်ဆုပ်ဖွယ်ဖြစ်၏။ သူ၏ မကောင်းမှုတို့ဖုံးဖိထား၏။ မကောင်းမှု ဖုံးဖိထားပုံတို့မှာ ရဟန်းမဟုတ်ဘဲလျက် ရဟန်းဟုဝန်ခံ၏။ မြတ်

သောအကျင့်မရှိဘဲလျက် အကျင့်မြတ်ရှိ၏ဟုဝန်ခံ၏။ ယောက် သွားသည်။ မိမိ အပုပ်-အသိုးတို့ကို အခွံနှစ်ခုဖြင့် ဖုံးထား သကဲ့သို့ ဒုသီလသည် မိမိအကျင့်ဆိုး- အကျင့်ယုတ် အသိုး အပုပ်တို့ကို ဖုံးအုပ်ထား၏။ သို့သော်လည်း မြတ်စွာဘုရားက သူတို့၏သဘာဝကိုဖွင့်ဟမြွက်ကြားလိုက်သောအခါ အချို့သော ဒုသီလတို့သည် သွေးအံ့ပြီးပျံတော်မူကြ၍ အချို့သည် လူ ထွက်သွားကြ၏။ သူတို့သည် ဆက်လက်ပြီး မယုတ်မာကြ တော့ပါ။

# မဟာရဋ္ဌတိုင်း

## { ၅ }

အရှင်မဟာဓမ္မရက္ခိတသည်ကား မဟာနာရဒ ကဿပ ဇာတ်ကိုဟောသဖြင့် မဟာရဋ္ဌတိုင်း၌ နေသူတို့ကို ကြည်ညို စေ၍ သတ္တဝါပေါင်းရှစ်သောင်းလေးထောင်တို့ကို မဂ်, ဖိုလ် တို့၌ တည်စေ၏။ သတ္တဝါပေါင်း တသောင်းသုံးထောင်တို့ ရဟန်းပြုကြ၏။ ယင်းသို့လျှင် ထိုအရှင်သည် ထိုတိုင်း၌ သာ သနာကိုတည်စေ၏။

တရုပ် ဘုန်းတော်ကြီး ဟူယိင်ဆင်၏ မှတ်တမ်းတွင် မဟာရဋ္ဌတိုင်းသည် စတုရန်း'လီ'ပေါင်း ငါးထောင်ခန့်ရှိ၏ဟု ဖော်ပြထား၏။ ၆ လီလျှင် တမိုင်ဟု ဆိုကြသဖြင့် အင်္ဂလိပ် မိုင်အားဖြင့် ၈၃၃ မိုင်ခန့်ရှိမည်။ ပဋ္ဌိရမဏ္ဍာမြို့တော်မှာ စတု ရန်း"လီ"ပေါင်း ၃၀ ရှိ၍ ငါးမိုင်ခန့်ရှိမည်။ မြို့တော်၏အနောက် ဖက်၌ မြစ်ကြီးတခုစီးလျက်ရှိ၏။ ကျောင်းတိုက်ပေါင်း တရာခန့် ရှိ၍ ရဟန်းသံဃာပေါင်း ငါးထောင်ခန့်ရှိ၏။ အချို့မှာ ဟီန

ယာနဖြစ်၍ အချို့မှာ မဟာယာနတို့ဖြစ်ကြ၏။ အသောက မင်းကြီး တည်ထားသော စေတီကြီးငါးဆူရှိ၏။ ထိုမှတပါး အုတ်ဖြင့် ပြုလုပ်ထားသောစေတီငယ်အများအပြားရှိ၏။ မြို့၏ တောင်ဖက်အနီးရှိ ကျောင်းတိုက်ကြီး တတိုက်မှာမူ ဘုရား အလောင်း၏ ထူးဆန်းသောပုံတော်တဆူရှိ၏။

ယခုအခါ ကျောက်စာဌာနမှ ဖော်ပြချက်မှာ ယင်း မဟာရဋ္ဌတိုင်းမှာ ဝနဝါသီတိုင်းမှ အနောက်မြောက်ကျလျက် ရှိ၏။ နယ်နိမိတ်မှာ မြောက်ဖက်၌ မာလဝါနယ်, အရှေ့ဖက်၌ ကောသလ၌ အန္ဓရပြည်, တောင်ဖက်၌ ဝနဝါသီ, အနောက် ဖက်၌ ပင်လယ်ကမ်းအထိဖြစ်၏။ ပဋ္ဌိရမဏ္ဍမြို့တော်မှာ ယခု အခါ အဆိုပါနယ်ရှိ ကေလာသမြစ်၏ အရှေ့ဖက်၌ တည်ရှိ သော ကလျာဏီခေါ်မြို့တော်ပင်ဖြစ်၏။ နမ္မဒါမြစ်ကို ယခု အခါ ဘရုကစ္ဆအမည်ရှိသော သင်္ဘောဆိပ်မှ တောင်ဖက်မိုင် ပေါင်း ၁၈၀ကျော်ဝေး၏။ အန္ဓဂုန္ဒီမြို့မှ အနောက်မြောက် ထောင့် မိုင်ပေါင်း ၄၀၀ဝေး၏။ ထိုနေရာသည် မဟာရဋ္ဌ တိုင်းကို အစိုးရသော ကျာလုကျ (စာလုကယ) မင်း၏ နန်း တော်ရာဖြစ်၏။ မဟာရဋ္ဌတိုင်း၌ ကဏ္ဏဟေရိဟ ခေါ်ကြသော လိုဏ်ဂူကြီးသည် ယခုတိုင်အောင်ရှိ၏။

မဟာရဋ္ဌတိုင်းကို ယခုတိုင် ဟိန္ဒူပဏ္ဍိတ်ကြီးတို့က "မဟာ ရာသျှတရ" ဟု ခေါ်ဆိုလေ့ရှိကြသေး၏။ ထိုတိုင်းတွင် အရှင် မဟာဓမ္မရက္ခိတသည် မဟာနာရဒကဿပဇာတ်ကို ဟောကြား ပြီး သာသနာပြု၏။ ယင်းဇာတ် သည်ကား "တေ၊ ဇ၊ သု၊ နေ၊ မ၊ ဘူ၊ စံ၊ နာ၊ ဝိ၊ ဝေ" ဟု ရှေးဆရာမြတ်တို့ သတ်မှတ်

ဥဒါန်းပြုကြသော ဇာတ်ကြီးဆယ်ဖွဲ့ဝင် ၆ ခုမြောက် နာရဒ ဇာတ်ပင်ဖြစ်၏။ သို့သော်လည်း မုံရွေး ဆရာတော်က "ရင့် ဆယ်စောင်ခေါ် ဇာတ်တော်တို့တွင် မည်သည်လျှင်မူ အလျှင် ပထမဖြစ်ပါသနည်း"ဟု မေးရာ ကျည်းကန်ရှင်ကြီးက "ဇာတ် တွင်အစ နာရဒတည့်" ဟု ဖြေဆို၏။

"နေမှာငါးရာ ရင့်မှာတကျိပ်" ဟူသော စကားရှိသည်။ အဓိပ္ပါယ်မှာ ဘုရားအလောင်း၏ နုစဉ်အခါကဖြစ်တော်ပေါင်း မှာ ငါးရာရှိသည်။ ယင်းတို့ကား ငါးရာ့ငါးဆယ်သော ဇာတ် ဝတ္ထုတို့ဖြစ်၏။ ဘုရားအလောင်း၏ ရင့်ကျက်သောအခါ ဖြစ် တော်ပေါင်းမှာတကျိပ်ဖြစ်သည်။ ယင်းမှာ ဇာတ်ကြီးဆယ်ဖွဲ့ ဖြစ်၏။ ဇာတ်ကြီးဆယ်ဖွဲ့တွင် ဘယ်ဇာတ်ကအစ ပထမဖြစ် သနည်းဟု မုံရွေးဆရာတော်ကမေးရာ ကျည်းကန်ရှင်ကြီးက ထိုတွင်နာရဒဇာတ်သည် ရှေးဦးစွာဖြစ်သည်ဟု ဖြေဆို၏။

နာရဒဇာတ်ကို ရှေးအခါက မင်းဘူး ဦးဩဘာသ မြန်မာဘာသာသို့ပြန်ဆိုပြီးဖြစ်၏။ ဆရာတော်သည် ယင်းဇာတ် ကို အခဏ်းပေါင်း (၁၄) ခဏ်းတို့ဖြင့် တန်ဆာဆင်ထား၏။

(၁) ရုစာမင်းသမီးအခဏ်း။
(၂) အမတ်တို့နှင့်တိုင်ပင်ခဏ်း။
(၃) ကဿပ တက္ကတွန်းထံကပ်ခဏ်း။
(၄) ဗီဇက သူဆင်းရဲငိုကြွေးခဏ်း။
(၅) ရုစာမင်းသမီးတရားဟောခဏ်း။
(၆) ရုစာမင်းသမီးအတိတ်ကိုဆောင်ခဏ်း။

(၇) ရှစ်ဒမင်းသမီးခုနစ်ဖြစ်တို့ကို ဆင်ခြင်ခဏ်း။
(၈) အထူးထူးသော ဥပမာဖြင့်ပြလျက်ဆိုခဏ်း။
(၉) အမိဋ္ဌာန်ပြုခဏ်း။
(၁၀) နာရဒဗြဟ္မာမင်းဘုရားဟောခဏ်း။
(၁၁) ငရဲအကြောင်းကိုပြခဏ်း။
(၁၂) ရှေးမင်းမြတ်တို့ အကျင့်ကိုပြခဏ်း။
(၁၃) ရထားဥပမာဖြင့်ပြဆိုခဏ်းနှင့်
(၁၄) ဇာတ်တော်ပေါင်းခဏ်းတို့ဖြစ်၏။

မင်းဘူးဆရာတော်၏ ပြန်ဆိုချက်တို့မှာ လွန်စွာပြည့်စုံကောင်းမွန်လှပါသည်။ ဤတွင်မူ အကျဉ်းချုပ်သာ ကောက်နုတ်ဖော်ပြနိုင်ပါမည်။ သို့သော်လည်းဇာတ်တော်၏ ဆိုလိုရင်းအနှစ်သာရကိုကား အပြည့်အဝခံစားရပါလိမ့်မည်။

# မဟာ နာရဒဇာတ်

ငါတို့ မြတ်စွာဘုရား မပွင့်မီအခါက အိန္ဒိယပြည်အရှေ့ပိုင်း မိထိလာမြို့၌ အင်္ဂတိအမည်ရှိသော မင်းကြီးမင်းပြု၏။ ထိုမင်းကြီးမှာ သားတော်မရှိ၊ ရုစာ အမည်ရှိသော သမီးတော်တပါးသာ ထွန်းကား၏။ သို့ကြောင့် အင်္ဂတိ မင်းကြီးသည် တခိုးတည်းသော သမီးတော်ကို လွန်စွာ မြတ်နိုးတော်မူ၏။ ပန်းနှံသာ အဆင်တန်ဆာ အဝတ်အစား ဘယ်အရာမျှ မလိုရအောင် ပေးကမ်းချီးမြှောက်ထားသည့်ပြင် အလှူဒါနပြုရန်အတွက်လည်း တဆဲ့ငါးရက်တကြိမ်မျှ အသပြာတထောင်-တထောင်ပေးကမ်းထောက်ပံ့၏။ မင်းကြီးကိုယ်တိုင်လည်း မြို့တံခါး လေးဌာနမှာ အလှူမဏ္ဍပ်ဆောက်လုပ်ထားပြီး ပေးလှူ၏။

တနေ့သောအခါ အင်္ဂတိမင်းကြီးသည် ပညာရှိ ရဟန်းသူမြတ်များကိုဆည်းကပ်လိုသည့်အကြောင်း ပြောပြ၏။ ထိုအခါ စစ်သူကြီးဖြစ်သော အလာတဆိုသည့် အမတ်ကြီးက ကဿပအနွယ်ဝင် ဂုဏအမည်ရှိသော အစေလက တက္ကဒွန်းကြီးသည် လွန်စွာ ပညာကြီးသော သူတော်စင်ကြီးဖြစ်၍ ဆည်းကပ်ထိုက်ကြောင်း လျှောက်ကြား၏။ မင်းကြီးလည်း မင်းပရိသတ်နှင့်တကွ သွားပြီး မေးမြန်း၏။

"အို အရှင်ကဿပ မိဘတို့အပေါ် ဘယ်သို့ ကျင့်ရပါမည်နည်း။ဆရာသမားအပေါ်၌ဘယ်သို့ကျင့်ရပါမည်နည်း။သားမယား အပေါ်မှာ ဘယ်သို့ကျင့်ရပါမည်နည်း။ ရသေ့ ရဟန်းတို့အပေါ် ဘယ်သို့ကျင့်ရပါမည်နည်း။ မင်းမှုထမ်းတို့ အပေါ် ဘယ်သို့ကျင့်ရပါမည်နည်း။ တိုင်းသူပြည်သားတို့အပေါ် ဘယ်သို့ ကျင့်ရပါမည်နည်း။ ဘယ်သို့ ကျင့်လျှင် သုဂတိ ဘဝသို့ ရောက်၍ ဘယ်သို့ ကျင့်လျှင် ဒုဂ္ဂတိဘဝ အပယ်ငရဲသို့ ရောက်မည်နည်း"

"အို....အင်္ဂတိ မင်းကြီး တရားကျင့်ခြင်းမှာ အကျိုးမရှိပါ။ ကောင်းမှု မကောင်းမှုလည်း အကျိုးအပြစ်မရှိပါ။ နတ်ပြည်၊ ငရဲပြည် ဟူသည့် တပါးသော လောကလည်း မရှိပါ။ ပေးလှူခြင်းလည်း အကျိုးမရှိပါ။ သတ္တဝါတို့၌ ဆင်းရဲရန်၊ ချမ်းသာရန် ပုံသေ သတ်မှတ်ပြီး ပိုင်းခြားထားသည့် နိယတိ ဆိုသော ဓမ္မတာ သဘောတရားရှိပါသည်။ ထိုသဘော တရား အတိုင်း သတ္တဝါသည် ဆင်းရဲချိန်ရောက်လျှင် အလို အလျောက် ဆင်းရဲကြ၍ ချမ်းသာချိန်ရောက်လျှင်လည်း အလိုအလျောက်ပင် ချမ်းသာကြပါသည်။ ထို့အတူ လွတ်မြောက်ချိန် ရောက်လျှင်လည်း အလိုအလျောက်ပင် လွတ်မြောက်သွားကြရပါသည်"

ထိုသို့ အရှင်ကဿပ ဟောကြားသောအခါ အလာတ စစ်သူကြီးက "မှန်လှပါသည်၊ ကျွန်ုပ်သည် ရှေးအခြားမဲ့ဘဝက သားသတ်သမား ဖြစ်ခဲ့ပါသည်။ ထိုစဉ်အခါက ကျွန်ုပ်သည် နွား၊ ကျွဲ၊ဆိတ်၊ ဝက်တို့ကို အများ အပြား သတ်ခဲ့ ပါသည်။

သို့သော်လည်း ငရဲသို့မကျရောက်ဘဲ စစ်သူကြီးရာထူးနှင့် ဘဝကောင်းကို ရနေပါသည်။ သို့ကြောင့် အကောင်း အဆိုးသည် ကံကြောင့် မဟုတ်ပါ၊ အရှင်မြတ်ဟောကြားသော နိယတိ ဓမ္မတာ ဘာဝဖြစ်ကြောင်း ထင်ရှားပါသည်”ဟု ထောက်ခံ ပြောကြား၏။

ဤအတွင်းမှာ ဗိဇက အမည်ရှိသော ကျွန်တယောက်သည် အင်္ဂတိ မင်းကြီး၏ အနီးမှာ တရှုတ်ရှုတ်နှင့်ငိုကြွေးနေ၏။ မင်းကြီးက အကြောင်းကို မေးသောအခါ ဗိဇကက “ကျွန်ုပ်သည် ရှေးအခြားမဲ့ ဘဝက ဘာဝ အမည်ရှိသော သူဌေးကြီးဖြစ်ခဲ့ပါသည်။ ထိုစဉ်အခါက မကောင်းမှုဟူ၍တစုံတရာ ဘယ်အရာမျှ ပြုမိခဲ့သည်ဟု အမှတ်မရပါ၊ အလှူပေးခြင်း၊ သီလစောင့်ခြင်း အစရှိသော ကောင်းမှုတို့ကိုသာမပြတ် ပြုလုပ်ခဲ့ပါသည်။ သို့သော်လည်း ကျွန်ုပ်သည် ယခုအခါ ကျွန်ဘဝ ရောက်နေရပါသည်။ ဤကျွန်ဘဝမှာလည်း ဘဝကောင်းရစေရန် ရည်ရွယ်ပြီး ဥပုသ်သီတင်းကို အမြဲစောင့်သုံးနေခဲ့ပါသည်။အခုအခါ အရှင်မြတ်၏ အဖိုးမဖြတ်နိုင်သော တရားနှင့်စစ်သူကြီး၏ စကားကို ကြားရသောအခါ သုဂတိ ဘဝကို ရဖို့ရန်အတွက်အကြောင်းမရှိခြင်းကို သိရပါ၍ ဝမ်းနည်းပြီး ငိုကြွေးခြင်းဖြစ်ပါသည်” ဟု ရှင်းပြ၏။

ထို့နောက် အင်္ဂတိ မင်းကြီးသည် ရသေ့ကြီးအား “အရှင် အကယ်၍ ဆုံကြပါသေးလျှင် တဖန်လည်း အရှင့်ကို ငါတို့ ဖူးတွေ့ရပါလိမ့်မည်”ဟုနှုတ်ဆက်ပြီး ပြန်ခဲ့၏။

ရစာမင်းသမီးသည် ခမည်းတော် မင်းကြီး၏ အယူဝါဒ ပြောင်းလဲသွားသော သတင်းကို ကြားရသောအခါ လွန်စွာ ထိတ်လန့်သွား၏။ ချက်ချင်းပင် နန်းတွင်းဝင်၍တားမြစ် ပိတ်ပင် လိုသော်လည်း အချိန်အခါ မဟုတ်ဘဲ ပြောကြားပါက မအောင်မြင်ဘဲ ဖြစ်မည်စိုး၍ စောင့်ဆိုင်းနေရ၏။ လဝက်သို့ ရောက်သောအခါ အခြွေအရံ များနှင့် ပုံမှန်အတိုင်း နန်းတွင်း သို့ ဝင်ကာ ခမည်းတော်နှင့် တွေ့ဆုံ၏။

မင်းကြီးက သမီးတော်အား ယုယချစ်ခင်စွာ နှုတ်ဆက် ပြီးလျှင် ယခုအခါ မည်သည့်အရာအလိုရှိပါသနည်း၊ လိုရာဆုကို တောင်းဆိုရန် အခွင့်ပေး၏။ ထိုအခါ ရစာ မင်းသမီးက "ခမည်း တော် နက်ဖြန်ခါ နတ်တို့စည်းဝေးရာဖြစ်သော ဥပုသ်နေ့ဖြစ်ပါ မည်။ ကျွန်ုပ်အား ပေးမြဲဥစ္စာ တထောင်ကို ပေးတော်မူပါ၊ ကျွန်ုပ်သည် ပေးလှူမြဲအတိုင်း အလှူခံပုဂ္ဂိုလ်တို့အား ပေးလှူ လိုပါသည်"ဟု ဆို၏။

"ချစ်သမီး၊ သင်သည် အကျိုးမရှိ အချည်းနှီး ဥစ္စာ အများအပြားကို ဖျက်ဆီးဘိ၏တကား၊ အခါခပ်သိမ်း ဥပုသ် စောင့်သော သင်သည် ထမင်း၊ အဖျော် စသည် တို့ကို မသုံး ဆောင်ရတကား၊ ယင်းသို့မသုံးဆောင် မစားသောက်ဘဲ နေသူ အား ကောင်းမှုမဖြစ်။ သင်သည် အသက်ရှည်သမျှ ကာလပတ် လုံး ထမင်း၊ အဖျော် စသည်တို့ကို စားသောက်လျက်ကာမဂုဏ် ချမ်းသာကိုသာ ခံစားလော့၊ ဘမလွန်လောကဟူ၍မရှိဘဲလျက် အဘယ်ကြောင့် ဆင်းရဲခံဘိသနည်း" ဟု မင်းကြီးက ဩဝါဒ ပေး၏။

ထိုအခါ သမီးတော် ရုစာသည် ခမည်းတော်အား ဤသို့ လျှောက်ကြား၏။

ခမည်းတော်မင်းကြီး သူမိုက်ကို ပေါင်းဖော်သူသည် မိုက်သောအဖြစ်သို့သာ ရောက်၏ဟု ရှေးကလည်း ကြားဘူး၏။ ယခုလည်း မြင်ဘူး၏။ သူမိုက်သည် သူမိုက်ကိုအမှီပြု၍ အတိုင်း ထက်အလွန် မိုက်ခြင်းသို့ရောက်၏။

ခမည်းတော်မှာ ပညာအဆင်ခြင်နှင့်လည်း ပြည့်စုံ၏။ အကျိုးစီးပွားရှိသည် မရှိသည်။ အကြောင်းဟုတ်သည် မဟုတ်သည်၌လည်း လိမ္မာ၏။ အဘယ်ကြောင့် မိုက်စွာသော သူတို့နှင့် အတူ အယူမှားသော တက္ကဒွန်းကို ဆည်းကပ်ပါသနည်း။

အကြင်သူသည် ငါးပုပ်ကို သမန်းမြက်ဖြင့် ထုပ်၏။ ထိုမြက် သည်လည်း အပုပ်အတိသာလှိုင်၏။ ထိုအတူ သူမိုက်နှင့် ပေါင်း ဖော်သူသည် သူမိုက်သာဖြစ်၏။ အကြင်သူသည် တောင်ဇလပ် စသောပန်းတို့ကို ပေါက်ရွက်ဖြင့် ထုပ်၏။ ထိုပေါက်ရွက်သည် မွှေးသောအနံ့ဖြင့်သာလှိုင်၏။ ထို့အတူ ပညာရှိနှင့်ပေါင်းဖော် ရသူသည် ပညာရှိသည်သာတည်း။

ရုစာမင်းသမီးသည် သိကြားမင်း၏ အလုပ်အကျွေး နတ်သမီးဖြစ်စဉ်က ရှေးခုနစ်ဘဝနှင့် နောက် ခုနစ်ဘဝတို့ကို အောက်မေ့နိုင်၏။ ရှေးခုနစ်ဘဝတွင် အစဆုံးဘဝက မဂဓ တိုင်း ရာဇဂြိုဟ်ပြည်မှာ ပန်းထိမ်သည်၏သား ဖြစ်ခဲ့သည်။ ထိုအခါက သူယုတ်မာနှင့် ပေါင်းမိသည့်အတွက် များစွာသော မကောင်းမှုတို့ကိုပြုမိခဲ့၏။ သူတပါး မယားကို ပြစ်မှားသော ကာမေသု မိစ္ဆာစာရကံကိုလည်းကျူးလွန်မိခဲ့၏။ သို့သော်လည်း

သေသောအခါ အကျိုးမပေးဘဲရှိခဲ့သည်။ တခြား ကုသိုလ်က ဝင်ပြီး အကျိုးပေးသည့်အတွက် ကောသမ္ဗီပြည်၌ သူဌေးမျိုးမှာ ဖြစ်၏။ ဤ ဒုတိယ ဘဝတွင် သူတော်ကောင်းနှင့် ပေါင်းသင်း မိ၍ ကုသိုလ်ကောင်းမှု အများအပြား ပြုခဲ့၏။ ထို ကုသိုလ်တို့ လည်း အကျိုးမပေးဘဲ ရှိခဲ့ပြန်သည်။ ယခင် ပထမ ဘဝက လွန်ကျူးခဲ့သော ကာမေသု မိစ္ဆာစာရကံက အကျိုးပေး၍ ရောရုဝ ငရဲသို့ကျသွား၏။

ထိုငရဲက လွတ်မြောက်လာသောအခါလည်း ကာမေသု မိစ္ဆာစာရကံကြောင့် စတုတ္ထဘဝမှာ ဝှေးစေ့ကိုအထုတ်ခံရသော ဆိတ်ဖြစ်ရ၏။ ပဉ္စမဘဝမှာလည်း မျောက်ဖြစ်ပြီး ဝှေးစေ့ကို မျောက်မင်းကြီး၏ ကိုက်ဖြတ် သင်းကွပ်ခြင်း ခံရပြန်၏။ ဆဋ္ဌ ဘဝမှာလည်း နွားဖြစ်ပြီး သင်းကွပ်ခြင်း ခံရပြန်၏။ သတ္တမ ဘဝမှာမူ ဝဇ္ဇီတိုင်း၌ လူဖြစ်ပါသော်လည်း ယောကျ်ားလည်း မဟုတ်၊ မိန်းမလည်းမဟုတ်သော နပုန်းပဏ္ဍုပ်ဖြစ်ရ၏။

ရုစာမင်းသမီးသည် သိကြားမင်း၏ အလုပ်အကျွေး နတ်သမီးဖြစ်စဉ် အခါက မိမိ၏အတိတ် ခုနစ်ဘဝကို ယင်းသို့ ဆင်ခြင်ခဲ့ပြီး နောက်နောင်ဖြစ်မည့်အနာဂတ်ခုနစ်ဘဝကိုလည်း ဆင်ခြင်ခဲ့ပြန်၏။ ဒုတိယ, တတိယ, စတုတ္ထ, ဘဝတို့မှာ သိကြား မင်း၏အလုပ်အကျွေး, နတ်သမီးပင် ဆက်ကာ-ဆက်ကာ ဖြစ် မည်။ ပဉ္စမမြောက် ဘဝမှာ "ဇဝ" နတ်သား၏ အဂ္ဂမဟေသီ နတ်မိဖုရားဖြစ်မည်။ ဆဋ္ဌမြောက်ဘဝမှာ လူ့ပြည်တွင် အင်္ဂတိ မင်းကြီး၏သမီးတော်ဖြစ်မည်။ ထို့နောက်မှာကား တာဝတိံ သာနတ်ပြည်မှာ တန်ခိုးကြီးမားသော နတ်သားဖြစ်မည်။

ရုစာမင်းသမီးသည် ထိုစဉ်က မှတ်မိသောဘဝတို့ ယခုလည်း မှတ်မိသဖြင့် ခမည်းတော်မင်းကြီးအားပြန်လည်လျှောက်ကြားခြင်းဖြစ်၏။ ယင်းသို့ လျှောက်ကြားသည်မှာ တမလွန်လောကဟူသည် အမှန်တကယ်ရှိသည်။ ကုသိုလ်-အကုသိုလ်၏ အကျိုးအာနိသင်လည်း အမှန်တကယ်ရှိကြောင်းကို သက်သေသာဓကထုတ်ပြခြင်းဖြစ်၏။

ခမည်းတော် နန္ဒဝန်ဥယျာဉ်၌ အစဉ်ရှိသော ပန်းကုံးကို ကျွန်ုပ်အဘွက် ယနေ့တိုင်အောင်လည်းနတ်သမီးများ သီကုံးနေကြမည်ထင်ပါသည်။ ကျွန်ုပ်၏ ခင်ပွန်း ဇဝ အမည်ရှိသော နတ်သားသည် ပန်းကိုခံလင့်နေမည်ထင်ပါသည်။

ဤလူ့ပြည်၌ ကျွန်ုပ်အသက် ၁၆ နှစ်ရှိပါပြီ၊ ယင်းအခါသည် နတ်ပြည်၌တမုဟုတ် တခဏမျှသာဖြစ်ပါသည်။ လူ့ပြည်၌ အနှစ်တရာသည် နတ်ပြည်၌တနေ့-တညဉ့်မျှသာ ရှိပါသည်။

ခမည်းတော် ယင်းသို့လျှင် ကံတို့သည် ဘဝအသခေါ်တိုင်အောင် အစဉ်လိုက်တတ်ကြပါသည်။ ကောင်းသောကံဖြစ်စေ, မကောင်းသောကံဖြစ်စေ၊ အကျိုးမပေးဘဲ ပျက်စီးသွားသည်ဟု မရှိပါ။

ဖြစ်တိုင်း၊ ဖြစ်တိုင်းသောဘဝ ထိုထိုမှာ ယောကျ်ားအဖြစ်ကို အလိုရှိသောယောကျ်ားသည် ခြေဆေးပြီး သူသည့်ရွှံ့ညွန်ကိုရှောင်ကြဉ်သကဲ့သို့ ပရဒါရခေါ် သူတပါး၏မယားကို ရှောင်ကြဉ်ရာ၏။

ဖြစ်တိုင်း၊ ဖြစ်တိုင်းသောဘဝ ထိုထိုမှာ ယောကျ်ားအဖြစ်ကို အလိုရှိသောမိန်းမသည် သိကြားမင်းကို လုပ်ကျွေး

သော နတ်သမီးသည် ရှိရှိသေသေပူဇော်သကဲ့သို့ မိမိခံပွန်းကို ရိုသေစွာ ပူဇော်ရာ၏။

နတ်၌ဖြစ်သော စည်းစိမ်း,အသက်,အခြွေ,အရံ အကျော် အစော, ချမ်းသာကိုအလိုရှိသူသည် မကောင်းမှု ကိုရှောင်ရှား ရာ၏။ တရားသုံးပါးတို့ကိုကျင့်ရာ၏။

ရုစာမင်းသမီးသည် ဤသို့စသဖြင့် ခမည်းတော် မင်း ကြီးအား ရှင်းလင်းပြောပြ၏။ မင်းကြီးသည် သမီးတော်ကို ချစ်မြတ်နိုးတော်မူသဖြင့် သမီးတော်၏ တရားတို့ကို နှစ်သက် သော်သည်း ယင်းတရားတို့သည် သူ၏အယူအဆတို့ကို မရှေ့ ရှားနိုင်ပါ။ ခိုင်မြဲစွာပင် စွဲလမ်းလျက်ရှိ၍ ဦးခေါင်းထက် လက်အုပ် ချီမြှောက်လျက် အနုပ်မျက်နှာတို့ကိုရှိခိုးပြီး ဤသို့ တောင်းပန်၏။

“လောက၌ လူတို့၏ တည်ရာကိုဖြစ်စေ တတ်ကုန်သော တရားစောင့်ကုန်သော ရဟန်းပုဏ္ဏားတို့နှင့် လူအပေါင်းတို့ကို စောင့်ကုန်သော နတ်-ဗြဟ္မာတို့ရှိကြပါသည်။ ထိုရဟန်းပုဏ္ဏား နတ် ဗြဟ္မာတို့သည် ဤသို့သာတော်မူ၍ မိမိတို့အစွမ်းဖြင့် ခမည်းတော် မိစ္ဆာအယူကို လွှတ်စေလျက် ခပ်သိမ်းသော ပြည်သူတို့၏ချမ်းသာကိုဆောင်စေကုန်သတည်း” ဟု အဓိဋ္ဌာန် ပြု၍ ရှိခိုး၏။

ထိုအခါ ဘုရားလောင်းနာရဒအမည်ရှိသော ဗြဟ္မာသည် ရသေ့အသွင်ဖြင့်လာ၍ အင်္ဂတိမင်းကြီး၏ ရှေ့တူရူကောင်းကင် ၌ တည်၏။ ထိုအခါ မင်းကြီးသည် “ရှင်ရသေ့ အဘယ်အရပ်မှ

လာသနည်း။ အမျိုး-အမည်ကို ဘယ်သို့သိရပါမည်နည်း” ဟု မေး၏။

“မင်းကြီး ငါသည် နတ်ပြည်မှ လာခဲ့ပါသည်။ ငါ့ကို နာရဒဟုရင်း, ကဿပဟုရင်း၊ လူတို့သိကြပါသည်”

“နာရဒရသေ့ သင်ကား ကောင်းကင်၌လည်းသွား၏။ တည်လည်းတည်၏။ ယင်းသို့အံ့ဩဖွယ်တန်ခိုးကို အဘယ်ကြောင့် ဖြစ်ပါသနည်း”

“မင်းကြီး ငါသည်ရှေးဘဝက သစ္စာ, တရား, ဣန္ဒြေ ဆုံးမခြင်းနှင့် ပေးကမ်းစွန့်ကြဲခြင်းဟူသော တရားလေးပါးကို ပြုကျင့် ခဲ့ဘူးသောကြောင့် ဤသို့သောတန်ခိုး ဖြစ်ပါသည်။ ငါသည်စိတ်ဖြင့် အလိုရှိတိုင်းပြီးပါသည်”

“နာရဒရှင်ရသေ့ သင်သည်ကောင်းမှု၏ အကျိုးရှိကြောင်း ကို အံ့ဖွယ်သရဲသင်ကြား၏။ အကယ်၍ ကောင်းမှု၏အကျိုး ရှိလျှင် ငါ့အားထင်စွာသင်ပြလော့”

“မင်းကြီး သင်သည် ယုံမှားခြင်းကို အလေး အမြတ် ပြု၏၊ ထိုယုံမှားခြင်းကို ငါ့အားမေးလော့၊ ငါသည်အထူးထူး သောနည်းတို့ဖြင့်ရင်း, အကြောင်း-အကျိုးတို့ဖြင့်ရင်း၊ သင်၏ ယုံမှားခြင်းကို ပျောက်စေအံ့”

“နာရဒရှင်ရသေ့ ငါမေးမည့်ပြဿနာကို ဟုတ်တိုင်း ဖြေလော့၊ ပြက်ရယ်စကားကိုမဆိုလင့်၊ နတ်, အမိ-အဖ, ပစ္စုပ္ပန် လောက, တမလွန်လောကရှိသည်ဟု လူတို့ဆိုသော စကားသည် မှန်အံ့လော”

“မင်းကြီး နတ်, အမိ-အဖ, ပစ္စုပ္ပန်လောက, တမလွန်

လောကရှိ၏။ လူတို့ကား ကာမဂုဏ်တို့၌ တပ်မက်မောခြင်း၊ တေ့ဝေမိန်းမောခြင်းကြောင့် တမလွန်လောကကို မသိ-မမြင်ကြခြင်းဖြစ်၏”

“နာရဒရှင်ရသေ့ တမလွန်၌ သေသူတို့၏ အိမ်ရှိ၏ဟု သင်ယုံကြည်ပါလျှင် သင်သည် ငါ့အားအသပြာငါးရာ ပေးလော့။ တမလွန်လောကသို့ရောက်လျှင် သင့်အားဥစ္စာတထောင် ငါပေးအံ့”

“မင်းကြီး သင်သည် သီလရှိသော, သူ့ကျေးဇူးကို သိတတ်သော သူတော်ကောင်းဖြစ်မူ သင့်အား ဥစ္စာငါးရာကို မယုတ်သဖြင့် ယခုငါပေးအံ့။ ကြမ်းကြုတ်ယုတ်မာ စွာသော မိစ္ဆာအယူရှိသောသင့်အား ဥစ္စာငါးရာကို ငါပေးမိချေသော် ငရဲ၌နေသော သင့်ကိုတမလွန်၌ ဥစ္စာတထောင်လိုသည်ဖြစ်၍ အဘယ်သို့လိုက်၍ တောင်းပချေအံ့နည်း။ မင်းကြီး ဤလူ့ပြည်၌ ပညာရှိတို့သည် အကျင့်မကောင်းသူ ပျင်းသောသူ အလွန်ကြမ်းကြုတ် သော့သွမ်း ညစ်ညမ်းသော သူတို့အား ကြွေးမြီချခြင်းကို မပြုကြကုန်၊ ထိုမကောင်းသော သူယုတ်တို့အားမြီချမှားလျှင် ထိုမြီအရင်းအပွားကိုရခြင်းမည်သည်မဖြစ်ရာ”

သို့သော်လည်း အင်္ဂတိမင်းကြီးသည် မိမိအယူအဆကို မစွန့်သေးပါ။ သို့ကြောင့် ဗြဟ္မာကြီးသည် မင်းကြီးထိတ်လန့်ကြောက်ရွံ့ပြီး ထိုအယူကိုစွန့်လွှတ်စေရန် ငရဲခန်းဖြင့် ခြောက်လှန့်ပြန်၏။

“မင်းကြီး ဤကိုယ်၏ အဖြစ်မှ သင်သည်စုတေမနေ သေလွန်လတ်သော် ကြီးစွာသော ငရဲ၌ ကျီးအပေါင်းတို့ဖြင့်

ထိုးဖေါက်ကုန်လျက်ခံရကုန်သော ငရဲသူတို့ကို သင်မြင်ရလိမ့်မည်။ ထိုငရဲ၌ ကျီး, လင်းတ, သိန်းစွန်, ခွေးတို့သည် အကွင်းအကွင်း၊ အစုတ်-အစုတ် ထိုးခုတ်ကိုက်ခဲ၍ သွေးအဖြာဖြာယိုစီးလျက် ခံရသောသင့်ကို တမလွန်၌ ဥစ္စာတထောင်ကို လိုသည်ဟူ၍ အဘယ်သူသင့်ထံလာ၍ တောင်းပခဲ့အံ့နည်း”

ဘုရားအလောင်း နာရဒဗြဟ္မာမင်းသည် ပြအပ်သော ဤသို့ အစရှိသော ငရဲစကားတို့ကို ကြားလျှင် အင်္ဂတိမင်းကြီးသည် ထိတ်လန့်သည်ဖြစ်၍ ဘုရားလောင်းကိုသာလျှင် ကိုးကွယ်ရာပြုလျက် “ရှင်ရသေ့ အရှင်သည် ကျွန်ုပ်၏ ကိုးကွယ်ရာ ဖြစ်တော်မူပါလော့၊ အကျိုးအားဖြင့်၎င်း, အကြောင်းအားဖြင့်၎င်း, ဆုံးမတော်မူလော့၊ ကျွန်ုပ်သည် အကုသိုလ်ကိုပြုမိ၏။ ကျွန်ုပ်ငရဲသို့ မကျမိ သုဂတိဘဝသို့ လားခြင်း အကြောင်းဖြစ်သော မြတ်သောခရီးကို ကြားတော်မူပါလော့ဟု” တောင်းပန်တိုက်တွန်း၏။

ထိုအခါ နာရဒဗြဟ္မာမင်းသည် မင်းကြီးအား မင်းကျင့်တရားနှင့် ရထားဥပမာတရားတို့ကို ဆက်လက် ဟောကြားပြီးနောက် ဇာတ်ပေါင်းလိုက်၏။

အလာတ စစ်သူကြီးသည် ဒေဝဒတ်ဖြစ်၏၊ ဗီဇကသည် ရှင်မောဂ္ဂလ္လာန်ဖြစ်လာ၏၊ ဂုဏ တက္ကဒွန်းသည် လိစ္ဆဝီမင်းသားသုနက္ခတ္တ ရဟန်းဖြစ်လာ၏။ အင်္ဂတိ မင်းကြီးသည် ဥရုဝေလကဿပဖြစ်လာ၏၊ ရုစာမင်းသမီးသည် အရှင် အာနန္ဒာဖြစ်လာ၏။ နာရဒဗြဟ္မာကြီးသည် မြတ်စွာဘုရားဖြစ်လာ၏။

မဟာရဋ္ဌတိုင်း၌ အရှင်မဟာဓမ္မရက္ခိတ ဟောကြားသော မဟာနာရဒ ဇာတ်တော်အကျဉ်းချုပ်ဖြစ်၏။ ထိုတွင် ကဿပ

ဘက္ကဒွန်း ဟောကြားသော တရားမှာ ယခုအခါ စာရဝါက ဒဿနဟု ထင်ရှားသော အယူဝါဒဖြစ်၏။ အိန္ဒိယ ဒဿနများကို လေ့လာသူတို့သည် စာရဝါက၏ ဒဿနကို ကောင်းစွာသိကြ၏။ သို့သော်လည်း ဤနာရဒဇာတ်မှ ကဿပ တက္ကဒွန်း၏ နိယတိဝါဒနှင့် ဆက်စပ်ပြီး ဖွင့်ဆိုခြင်းမရှိကြပါ၊ ဤဝါဒနှစ်ရပ်ကို ပေါင်းစပ်လိုက်ပါလျှင် ပိုပြီးပြည့်စုံသွားမည်၊ လက်ဝဲတဖက်စွန်းရောက်သော ရုပ်ဝါဒဖြစ်၍ ယင်းဝါဒကို ပညာရှိအဆက်ဆက်တို့ တိုက်ဖျက်လာခဲ့ကြ၏၊ သို့သော်လည်း ထိုဝါဒသည် အဆုံးတိုင် ပျောက်ပျက်မသွားဘဲ တခါတရံ ငုပ်နေလျက် တခါတရံပေါ်ပေါက်လာပြီး တခါတရံမှာ လွန်စွာ ထင်ရှားလူကြိုက်များသည်ကို တွေ့ရပါသည်။

# ယောနကတိုင်း

## { ၆ }

အရှင်မဟာရက္ခိတသည် ယောနကတိုင်းသို့ သွား၍ ကာဠကာရာမ သုတ္တန်တရားဖြင့် ယောနကပြည်ကို ကြည်ညိုစေ၍ သတ္တဝါတသိန်း ခုနစ်သောင်းအား မဂ်ဖိုလ် တည်းဟူသော တန်ဆာကို ပေးတော်မူ၏၊ ထိုအရှင်၏ထံ၌လည်း လူပေါင်း တသောင်း ရဟန်းပြု၏။ ယင်းသို့လျှင် ထိုအရှင်သည် ထိုပြည်၌ သာသနာကို တည်စေ၏။

ရှေးအခါက မြန်မာ ပညာရှိတို့သည် ယောနက ရဋ္ဌကို ပန်းသေးပြည်ဟု ပြန်ဆိုကြ၏၊ သို့သော်လည်း ပန်းသေးပြည်ကို ဖြေဆိုရန်မှာ ယောနကတိုင်းထက်ပင် ခက်၍နေမည်။ ယောအတွင်းဝန် ဦးဘိုးလှိုင်သည် သူ၏ ကျမ်းစာများကို နိဂုံးချုပ်ရာတွင် ပါဠိဘာသာဖြင့် 'ယောနကရဋ္ဌံဘောဇေတွာ' ဟု ဖေါ်ပြသေ့ရှိ၏။ အနက်အဓိပ္ပါယ်မှာ ဘုရင်မင်းမြတ်က သူ့အား 'ယောနကတိုင်းကိုအစားပေးတော်မူ၍' ဟူသည်တည်း။ ဦးဘိုးလှိုင်စားရသော ယောနကတိုင်းကား အဘယ်နည်း၊ မြန်မာ ရာဇဝင်

တို့၌ ဖေါ်ပြသော ခမင်နယ်လည်း မဟုတ်တန်ရာ၊ မြန်မာတို့၏ ယောနကတိုင်းမှာ မြန်မာနိုင်ငံ အတွင်းမှာပင် ရှိလိမ့်မည်။

သာရတ္ထ သင်္ဂဟတွင် "ဇမ္ဗုဒီပေ ယောနကရဋ္ဌေဒွေတိ" ဟု ဆိုသော စကားအရ ဇမ္ဗူဒီပါကျွန်း ယောနကတိုင်း၌ မြတ်စွာဘုရားခြေတော်ရာနှစ်ဆူချကြောင်း သိရ၏။ ထိုနှစ်ဆူမှာ နမ္မဒါမြစ်ကမ်းပါးတွင် တဆူနှင့် သစ္စဗန္ဓတောင်တွင် တဆူဖြစ်၏။ သို့ဖြင့် ယောနကတိုင်းမှာ နမ္မဒါမြစ်နှင့် သစ္စဗန္ဓတောင် ပါဝင်သော နယ်ပယ်ဖြစ်ကြောင်း သိရ၏။ ထိုမြစ်နှင့် တောင်တို့မှာ အိန္ဒိယနိုင်ငံတွင် ရှိကြသော်လည်း မြတ်စွာဘုရား၏ ခြေတော်ရာနှစ်ဆူကိုကား မထုတ်ဖေါ်နိုင်ကြသေးပါ၊မြန်မာနိုင်ငံမင်းဘူးနယ်ကိုမူ ယောနကတိုင်းအဖြစ် သတ်မှတ်ရန် အထောက်အထားမရှိသော်လည်း ထိုတွင် အောက်စက်တော်ရာ, အထက်စက်တော်ရာ ဟူသော စက်တော်ရာနှစ်ဆူကို ဖူးတွေ့နိုင်ကြ၏။

မိလိန္ဒပဉှာ၌ မိလိန္ဒမင်းကြီး ထီးနန်းစိုက်သော သာဂလမြို့တော်ကို ယောနကာနံ နာနာ "ပုဋဘေဒနံ သာဂလံ" ဟု ဆို၏။ အဓိပ္ပါယ်မှာ "သာဂလမြို့တော်သည်ယောနကတို့၏အထုပ်ဖြေရာဌာန" ဖြစ်၏။ မိလိန္ဒမင်းကြီးသည်ကား ဂရိတ်နွယ်ဝင် ဘုရင်ဖြစ်၏။ သို့ကြောင့် အချို့က ယောနကတိုင်းကို ဂရိတ်ပြည်ဟု ပြန်ဆိုကြခြင်းဖြစ်၏။ သို့သော်လည်း ကျောက်စာဌာနကမူအိန္ဒိယနိုင်ငံ အနောက်မြောက်ပိုင်း ပန်ဂျပ်နယ် ဂန္ဓာရမြစ်၏ အနောက်ဖက်နယ်ပယ်ကို ယောနကတိုင်းဟု ညွှန်ပြ၏။

အရှင်မဟာရက္ခိတသည် ယောနကတိုင်းသို့ ကြွသွားပြီး ကာဠကာရာမသုတ္တန်တရားကို ဟောကြားတော်မူ၏။ ယင်းသုတ္တန်

ကို အင်္ဂုတ္တရ နိကာယ် စတုက္ကနိပါတ် တတိယ ဥရုဝေလဝဂ် လေးခု မြောက်၌ တွေ့နိုင်၏။ ဤသုတ်မှာ တိုတိုဖြစ်၍ ပါဠိတော်အတိုင်းပင် ပြန်ဆိုဖော်ပြပါမည်။ သို့ဖြင့် စာရှုသူတို့သည် ပါဠိတော်၏ ဟောဟန်ကို သိနိုင်ပါသည်။

ကာဠကာရာမသုတ်မှာ တိုတိုပင် ဖြစ်သော်လည်း ထိုတွင်ပါဝင်သော အချက်အလက်တို့မှာ လွန်စွာ လေးနက်လှပါသည်၊ အဘိဓမ္မာ သဘောတရားတို့ဖြင့် တောက်ပနေပါသဖြင့် အထူးသတိထားပြီး လေ့လာသင့်ပါသည်။ ယင်းသုတ်ကို သီဟိုဠ်ကျွန်းမှ ဗုဒ္ဓရက္ခိတအမည်ရှိသော ရဟန်းတော်တပါးသည် တညလုံး ဖွင့်ဆိုဟောကြားခဲ့ပါသည်။ မိနစ်ပိုင်းမျှဖြင့် ပြီးဆုံးစေနိုင်သော ဤသုတ်ကို တညလုံး ဖွင့်ဆိုဟောကြားရသည်မှာ အဓိပ္ပါယ်လေးနက်သောကြောင့်ပင် ဖြစ်၏။

## ကာဠကာရာမသုတ်

အခါတပါး မြတ်စွာဘုရားသည် သာကေတမြို့ ကာဠကာရာမ သူဌေး၏ အရံ၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို "ရဟန်းတို့" ဟု မိန့်တော်မူ၏။ ရဟန်းတို့သည် "အရှင်ဘုရား" ဟု မြတ်စွာဘုရားအား ပြန်ကြားလျှောက်ထားကြ၏။ မြတ်စွာဘုရားသည် ဤစကားကို မိန့်ကြားတော်မူ၏။

ရဟန်းတို့ နတ်, မာရ်နတ်, ဗြဟ္မာတို့နှင့်တကွသော နတ်လောကနှင့် သမဏ၊ ဗြာဟ္မဏ, မင်းများ, လူများနှင့် တကွသော လူ့လောကသည် မြင်အပ်, ကြားအပ်, တွေ့အပ်, သိအပ်, ရအပ်, ရှာမှီးအပ်, စိတ်ဖြင့် အဖန်ဖန် ကျက်စားအပ်သော အာရုံအလုံးစုံကို ငါသိ၏။

ရဟန်းတို့ နတ်, မာရ်နတ်, ဗြဟ္မာတို့နှင့်တကွသော နတ်လောကနှင့် သမဏ ဗြာဟ္မဏ, မင်းများ, လူများနှင့်တကွသော လူ့လောကသည် မြင်အပ်, ကြားအပ်, တွေ့အပ်, သိအပ်, ရအပ်, ရှာမှီးအပ်, စိတ်ဖြင့် အဖန်ဖန် ကျက်စားအပ်သော အာရုံအလုံးစုံကို ထူးသော ဉာဏ်ဖြင့် သိပြီးပြီ၊ ထိုအာရုံအလုံးစုံကို မြတ်စွာ

ဘုရားသည် ထင်စွာသိပြီးပြီ၊ ထိုအာရုံ အလုံးစုံသို့ မြတ်စွာဘုရား သည် တဏှာဒိဋ္ဌိတို့ဖြင့် မကပ်ရောက်။

ရဟန်းတို့ နတ်, မာရ်နတ်, ဗြဟ္မာတို့နှင့်တကွသော နတ်လောကနှင့် သမဏ ဗြာဟ္မဏ, မင်းများ, လူများနှင့် တကွသော လူ့လောကသည် မြင်အပ်, ကြားအပ်, တွေ့အပ်, သိအပ်, ရအပ်, ရှာမှီးအပ်, စိတ်ဖြင့် အဖန်ဖန် ကျက်စားအပ်သော အာရုံအလုံး စုံကို ငါမသိဟု ဆိုငြားအံ့၊ ငါ၏ စကားသည် အမှားဖြစ် ရာ၏။

ရဟန်းတို့၊ ပ။ ထိုအာရုံအားလုံးကို ငါသိလည်းသိ၏၊ ငါသိလည်း မသိဟု ဆိုငြားအံ့၊ ငါ၏ထိုစကားသည် ထို့အတူ သာ အမှားဖြစ်ရာ၏။

ရဟန်းတို့၊ ပ။ ထိုအာရုံ အားလုံးကို ငါသိသည်မဟုတ်၊ မသိသည်လည်းမဟုတ်ဟု ဆိုငြားအံ့၊ ငါ၏ ထိုစကားသည် အပြစ် ဖြစ်ရာ၏။

ရဟန်းတို့ ဤသို့လျှင် မြတ်စွာဘုရားသည် မြင်ရမည်ကို မြင်၍ မြင်ပြီးသည်ကို မအောက်မေ့၊ မမြင်ရသေး သည်ကို မအောက်မေ့၊ မြင်နေသည်ကို မအောက်မေ့၊ မြင်တတ်သူကို မအောက်မေ့၊ ကြားရမည့်အရာကို ကြား၍ ကြားပြီးသည်ကို မအောက်မေ့၊ မကြားရသေးသည်ကို မအောက်မေ့၊ ကြားနေ သည်ကို မအောက်မေ့၊ ကြားတတ်သူကို မအောက်မေ့၊ တွေ့ရ မည့် အရာကို တွေ့၍ တွေ့ပြီးသည်ကို မအောက်မေ့၊ မတွေ့ရ သေးသည်ကို မအောက်မေ့၊ တွေ့နေသည်ကို မအောက်မေ့၊ တွေ့

တတ်သူကို မအောက်မေ့၊ သိရမည့် အရာကိုသိ၍ သိပြီးသည်ကို မအောက်မေ့၊ မသိရသေးသည်ကို မအောက်မေ့၊ သိနေသည်ကို မအောက်မေ့၊ သိတတ်သူကို မအောက်မေ့၊ ရဟန်းတို့ ဤသို့လျှင် မြတ်စွာဘုရားသည် မြင်အပ်, ကြားအပ်, တွေ့အပ်, သိအပ်သော တရားတို့၌ တူမျှသော သဘောရှိသည်သာတည်း။ တူမျှသောသဘောရှိသည် ဖြစ်၍သာလျှင် 'တာဒီ' မည်၏။ တာဒိဂုဏ်မှ တပါး အထူးသဖြင့် သာလွန်မွန်မြတ်သော တာဒိဂုဏ် မရှိဟု ငါဆို၏။

အကြင်သူတို့သည် သူတပါးတို့ မြင်အပ်, ကြားအပ်, တွေ့အပ်သော အာရုံအလုံးစုံကို အမှန်ဟု အောက်မေ့၍ တဏှာဖြင့် လွှမ်းမိုး ပြီးဆုံးစေအပ်၏။ မိမိကိုယ်တိုင် စောင့်စည်း၏ဟု ဆိုသော ထိုသူတို့၌ တာဒိဂုဏ်မရှိ၊ ထိုသူတို့၏ မှန်သောစကားကိုရင်း, ချွတ်ယွင်းသောစကားကိုရင်း အမြတ်ပြု၍ စိတ်၌မထားရာ။

ထိုမိစ္ဆာဒိဋ္ဌိတည်းဟူသော ငြောင့်ကိုလည်း ရှေးဦးကမြင်၍ အကြင်အယူ၌ သတ္တဝါအပေါင်းသည် လွှမ်း၍ ပြီးဆုံးစေ၏၊ ကပ်ငြိ၏, ထိုအယူကို ငါသည်သိ၏၊ မြင်၏၊ ထိုသတ္တဝါအပေါင်းသည် တဏှာဖြင့် လွှမ်းမိုး၍ ပြီးဆုံးစေအပ်သကဲ့သို့ ထို့အတူ မြတ်စွာဘုရားတို့အား တဏှာဖြင့် လွှမ်းမိုး၍ ပြီးသုံးစေခြင်းသည် မရှိ။

ဤသုတ်၏ ဆိုလိုရင်းအဓိပ္ပါယ် အချုပ်မှာ လောက၌ ရှိသော လူနတ်ဗြဟ္မာ သတ္တဝါအားလုံး မြင် ကြား တွေ့ သိသော

အရာ အားလုံးကို မြတ်စွာဘုရား သိတော်မူသည်။ သို့သော်လည်း ခံစားခြင်း အလေးပြုခြင်းမရှိ၊ အကောင်း အဆိုး အာရုံများ နောက်သို့ မလိုက်၊ ကောင်းသည် ဖြစ်စေ, ဆိုးသည်ဖြစ်စေ၊ အညီအမျှထားခြင်းပင်ဖြစ်၏။ သတ္တဝါတို့သည် များသောအားဖြင့် ကောင်းသော အာရုံနှင့် တွေ့ကြုံလျှင် နှစ်သက်သည်။ မကောင်းသောအာရုံနှင့် တွေ့ကြုံလျှင် မနှစ် မသက် ဖြစ်တတ်၏။ ထိုအာရုံနှစ်ရပ်အပေါ်မှာ အညီအမျှသဘောမထားကြ။ မြတ်စွာဘုရားကား ထိုသို့မဟုတ်၊ အညီအမျှပင် ခံယူ၏။ အကောင်းအဆိုးနောက်သို့မလိုက်၊ အညီအမျှ ထပ်တူပြုကာ ရှုနိုင်သည်ဖြစ်၍ တာဒီမည်၏။ လောကဓံတရားနှင့် တွေ့ကြုံသော်လည်း မတုန်လှုပ်ဟု ဆိုလိုခြင်းဖြစ်၏။

မြတ်စွာ ဘုရား၏ ဂုဏ်တော်တို့တွင် ဤ တာဒိဂုဏ်မှာ အမြတ်ဆုံးဖြစ်၏။ သို့ကြောင့် ဂုဏ်တော်ဘွဲ့တို့တွင် "တာဒိဂုဏ်နှင့် ပြည့်စုံတော်မူသော" ဟူသည့် စကားကို မကြာခဏတွေ့နိုင်၏။ ယင်းဂုဏ်မှာ ဆိုခဲ့သည့် အတိုင်း အကောင်း အဆိုးဖြစ်သော အာရုံများကို အညီအမျှ သဘောထားခြင်းပင်ဖြစ်၏။ လူတို့သည် အများအားဖြင့် လိုတမျိုး-မလိုတမျိုးလုပ်တတ်ကြသည်။ ယင်းအလုပ်ကပင် လူတို့အား ဒုက္ခပေးနေခြင်းဖြစ်၏။ အကယ်၍ ကောင်းသည် ဖြစ်စေ, ဆိုးသည်ဖြင့်စေ ထူးမခြားနား အညီ အမျှသဘော ထားနိုင်ပါလျှင် ဒုက္ခဖြစ်နိုင်တော့မည်မဟုတ်ပါ။ တာဒီပုဂ္ဂိုလ်တွင် အကောင်းလည်းမရှိပါ၊ အဆိုးလည်းမရှိပါ။ သို့ကြောင့် သူ့တွင် သုခလည်းမရှိ၊ ဒုက္ခလည်းမရှိ ဖြစ်၏။ မဟာ

ယာနဂိုဏ်းမှ အဘိဓမ္မာဆရာကြီးတို့သည် တာဒိပုဂ္ဂိုလ်၏သဘော တရားတို့ကို အလွန်လေးနက်ဆန်းကြယ်စွာ ရှင်းလင်း ဖွင့်ဆိုကြသည်။ ထေရဝါဒ အဘိဓမ္မာဆရာတို့လည်း ထေရဝါဒရှုထောင့်မှ နေ၍ ယင်းသဘောတရားကို ထုတ်ဖော်ဖွင့်ဆိုသင့်ပါသည်။ သို့ဖြင့် ထေရဝါဒ အဘိဓမ္မာတွင်လည်း လေးလေးနက်နက်နှင့် နှစ်သက်ဖွယ် အဘိဓမ္မာစာအုပ် ရှိလာနိုင်၏။

# ဟိမဝန္တာအရပ်

{ ၇ }

အရှင်မဇ္ဈိမသည် အရှင်ကဿပဂေါတ္တ, အရှင်အဋ္ဌကဒေဝ၊ အရှင်ဒုန္ဒုဘိဿရ၊ အရှင်မဟာဒေဝနှင့်တကွ ဟိမဝန္တာအရပ်သို့ သွား၍ ဓမ္မစက္ကပဝတ္တနသုတ္တန်ကို ဟောကြားခြင်းဖြင့် ထိုအရပ်ကို ကြည်ညိုစေ၍ သတ္တဝါအပေါင်း ကုဋေ ရှစ်ဆယ်တို့ကို မဂ် ဖိုလ်ရတနာ ရစေ၏၊ ထိုအရှင်တို့လည်း တိုင်းငါးတိုင်းတို့ကို ကြည်ညိုစေကြ၏။ တပါး တပါးသော အရှင်၏ထံ၌လူပေါင်း တသိန်းစီ ရဟန်းပြုကြ၏။ ယင်းသို့လျှင် ထိုအရှင်တို့သည် ထိုအရပ်၌ သာသနာကို တည်စေကုန်၏။

အထက်တွင် ဖေါ်ပြခဲ့သည်မှာ ပါရာဇိကကဏ် အဋ္ဌကထာဘာသာပြန်ဖြစ်၏။ ထိုတွင် အရှင်မဇ္ဈိမ အမှူးရှိသော အရှင်ငါးပါးတို့သည် ဟိမဝန္တာအရပ်သို့ သွား၍ ဓမ္မစကြာတရား ဟော

ကြွားသည်ဟုဆိုပြီးလျှင်ထိုအရှင်တို့သည်တိုင်းငါးတိုင်းတို့ကိုကြည်ညိုစေကြ၏ဟု ဆိုပြန်၏။ သို့ဖြင့် ဟိမဝန္တာအရပ်ဆိုသည်မှာ တိုင်းငါးတိုင်းပါဝင်သော အရပ်ဟု သိရ၏။ ဟိမဝန္တာတောင် ပဏ္ဏ ဝန်းကျင်မှ တိုင်းငါးတိုင်းဟု ဆိုလို၏။

ဟိမဝန္တာပတ်ဝန်းကျင်၌ တိုင်းပြည် အများအပြားရှိရာ၊ အဘယ်တိုင်းပြည်တို့သည် အဆိုပါတိုင်း ငါးတိုင်းဖြစ်မည်နည်း။ ယင်းကို သာရတ္ထ ဒီပနီ ဋီကာက "ပဉ္စရဋ္ဌာနီတိ ပဉ္စဝိဓ စီနရဋ္ဌာနိ"ဟု ဖွင့်ဆို၏။ တိုင်း ငါးတိုင်းဆိုသည်မှာ စိန့်တိုင်း ငါးရပ်ပင် ဖြစ်၏ဟူသည်တည်း။ ပါဠိဘာသာ စီနရဋ္ဌကို မြန်မာတို့က စိန့်တိုင်းဟု ပြန်ဆို၏။ တရုပ်ပြည်ပင် ဖြစ်၏။ တရုပ်ပြည်ကို ပါဠိသက္ကတဘာသာတို့၌ စီနရဋ္ဌဟု ခေါ်ကြ၏။ သို့ကြောင့် ဗုဒ္ဓသာသနိက ပဌဝီဝင် ကျမ်းကြီး၌ "ဟိမဝန္တာ ပဒေသစိန့်တိုင်း ငါးရပ်တည်ရာ ဌာနကား ဟိမဝန္တာတောင်၏ မြောက်ဖက် အရှေ့ဖက်ရှိ ခိုတန်, ယရကန်, တိဗတ်, ဘူတန်စသော တိုင်းပြည်များနှင့် တရုပ်ပြည်များဖြစ်သည်"ဟု ဖော်ပြထား၏။

အိန္ဒိယနိုင်ငံ ဆန်ချီစေတီတော်မှ ရရှိသော ဓါတ်တော်ကြုတ်တို့မှာ အရှင်မဇ္ဈိမ, အရှင်ကဿပ ဂေါတ္တနှင့် အရှင်ဒုန္ဒုဘိဿရ သုံးပါးတို့၏ အမည်နာမတို့ကို တွေ့ရကြောင်း ကျောက်စာဌာနက ညွှန်ပြ၏။ ထိုအရှင်တို့သည် ယင်းအရပ်တို့မှာ ဓမ္မစက္ကပဝတ္တနသုတ္တန်တရားကို ဟောကြားတော်မူကြ၏။

ဓမ္မစက္ကပဝတ္တနသုတ်ကို မြန်မာတို့က ဓမ္မစကြာသုတ်ဟု ခေါ်ဝေါ်ကြ၏။မြတ်စွာဘုရားသည် သဗ္ဗညုတဉာဏ်တော်ကိုရရှိ

သောအခါ ရှေးဦးစွာ ဟောကြားသောတရားဖြစ်၏။ သို့ကြောင့် တရားဦးဓမ္မစကြာ ဟုလည်း ခေါ်ကြ၏။ အခါတပါး မြတ်စွာဘုရားသည် ဗာရာဏသီပြည် ဣသိပတန အမည်ရှိသော မိဂဒါဝုန်တောဌ် နေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် ပဉ္စဝဂ္ဂီ အမည်ရှိသော ရဟန်းတို့ကို ဟောကြားခြင်းဖြစ်၏။

ဗုဒ္ဓဓမ္မတွင် ဓမ္မစကြာသည် အစလည်းဖြစ်၏။ အလယ်လည်းဖြစ်၏။ အဆုံးလည်း ဖြစ်၏။ မြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူစမှ ပရိနိဗ္ဗာန်ဝင်စံသည့်အထိ ဟောကြားသော တရားတို့သည်ဤဓမ္မစကြာ၏ အဖွင့်တို့ပင်ဖြစ်ကုန်၏။ ဤဓမ္မစကြာကိုပင်အသွင်တမျိုးဖြင့် အမျိုးမျိုးဟောကြားခြင်းတို့ဖြစ်၏။အနှစ်သာရမှာ ဓမ္မစကြာပင် ဖြစ်၏။ အကယ်၍ ဓမ္မစကြာကို ကောင်းစွာ သဘောပေါက်ပါလျှင် ဗုဒ္ဓဓမ္မဟူသမျှကို လွယ်ကူစွာဖြင့် သဘောပေါက်နိုင်၏။ ဓမ္မစကြာ၏ အနှစ်သာရကို ကောင်းစွာ မသိပါလျှင် ဗုဒ္ဓဓမ္မတွင် ဘယ်တရားကိုမျှ ကောင်းစွာသိမည်မဟုတ်ပါ။ သို့ကြောင့် ဓမ္မစကြာကို ကောင်းစွာလေ့လာသင့်ပါသည်။

မြတ်စွာဘုရား ဟောကြားသော ဓမ္မစကြာ တရားမှာ ဒွေမေဘိက္ခဝေမှ နတ္ထိဒါနိပုနဗ္ဘဝေါအထိသာဖြစ်၏။ ထိုမှတပါးသော အစနှင့် အဆုံးတို့မှာ ပညာရှိများနှင့် သံဂါယနာတင်အရှင်တို့ ထည့်သွင်း တန်ဆာဆင်ကြသော နိဒါန်းနှင့် နိဂုံးတို့သာ ဖြစ်၏။ ဤတွင်မူ မြတ်စွာဘုရားဟောကြားသော တရားသားကိုသာ ရိုးရိုးမြန်မာစကားဖြင့် ပြန်ဆိုဖေါ်ပြမည် ဖြစ်ပါသည်။ ထိုတွင်မြန်မာတို့ အသိများသော စကားတို့ကိုမူ သူ့အတိုင်းပင် သုံးစွဲသွားပါမည်။

# ဓမ္မစက္ကပဝတ္တနသုတ်

ရဟန်းတို့ ရဟန်းသည် အန္တ နှစ်ပါးတို့ကိုမမှီဝဲသင့်။
အဘယ်နှစ်ပါးတို့နည်း။

ယုတ်မာသော ရွာသူတို့အကျင့်ဖြစ်သော အရိယတို့ အကျင့်မဟုတ်သော အကျိုးမရှိသော ကာမဝတ္ထုတို့၌ ကာမချမ်းသာကို အဖန်ဖန်ခံစားခြင်း အန္တ နှင့် ဆင်းရဲသော အရိယတို့ အကျင့်မဟုတ်သော အကျိုးမရှိသော ကိုယ်ပင်ပန်း ခြင်းကို အဖန်ဖန်ဖြစ်စေသော အန္တသည် အန္တနှစ်ပါးတို့ဖြစ်ကုန်၏။

ရဟန်းတို့ထိုအန္တနှစ်ပါးတို့ကို မချဉ်းကပ်ဘဲ တထာဂတသည် ထိုးထွင်းသိမြင်သော မျက်စိဖြစ်သော၊ ဉာဏ်ဖြစ်သော၊ အလယ်ဖြစ်သော၊ အကျင့်သည် ငြိမ်းအေးရန်၊ အထူးသိရန်၊ ကောင်းစွာသိရန် လွတ်မြောက်ရန်ဖြစ်၏။

ရဟန်းတို့ တထာဂတသည် ထိုးထွင်းသိမြင်သော၊မျက်စိဖြစ်သောဉာဏ်ဖြစ်သော အလယ်ဖြစ်သော အကျင့်သည် ငြိမ်းအေးရန် အထူးသိရန်ကောင်းစွာသိရန် လွတ်မြောက်ရန်ဖြစ်၏။

ထိုအလယ်ဖြစ်သောအကျင့်သည်အဘယ်နည်း။

အရိယလမ်းစဉ်ရှစ်ပါးတည်း။

ယင်းရှစ်ပါးသည် အဘယ်နည်း။

(၁) ကောင်းစွာမြင်ခြင်း။
(၂) ကောင်းစွာကြံခြင်း။
(၃) ကောင်းစွာဆိုခြင်း။
(၄) ကောင်းစွာပြုခြင်း။
(၅) ကောင်းစွာအသက်မွေးခြင်း။
(၆) ကောင်းစွာအားထုတ်ခြင်း။
(၇) ကောင်းစွာအောက်မေ့ခြင်း။
(၈) ကောင်းစွာတည်ကြည်ခြင်း။

ဤသဘောတရား ရှစ်ပါးသည် လမ်းစဉ်မည်၏။

ရဟန်းတို့ တထာဂတသည် ထိုးထွင်းသိသော မျက်စိဖြစ်သော ဉာဏ်ဖြစ်သော ယင်းအလယ်အကျင့်သည် ငြိမ်းအေးရန် အထူးသိရန် ကောင်းစွာသိရန် လွတ်မြောက်ရန်ဖြစ်၏။

ရဟန်းတို့ ဇာတိလည်းဒုက္ခ, ဇရာလည်းဒုက္ခ, ဗျာဓိလည်းဒုက္ခ, မရဏလည်းဒုက္ခ, မချစ်-မနှစ်လိုသော သတ္တဝါသင်္ခါရတို့နှင့် ပေါင်းယှဉ်ရခြင်းလည်းဒုက္ခ, ချစ်-နှစ်လိုသော သတ္တဝါသင်္ခါရတို့နှင့် ကွေကွင်းရခြင်းလည်းဒုက္ခ၊ တောင့်တတိုင်းမရခြင်းလည်းဒုက္ခ၊ အချုပ်အားဖြင့် ပြင်းစွာစွဲလမ်းသော ခန္ဓာတို့လည်း ဒုက္ခတို့တည်း။ ယင်းသည် ဒုက္ခအရိယသစ္စာမည်၏။

ရဟန်းတို့ အကြင်တဏှာသည် တဖန်ဘဝသစ်ကို ဖြစ်စေတတ်၏။ တပ်မက်နှစ်သက်တတ်၏။ ထိုထို၌ အလွန်နှစ်သက်တတ်၏။

ထိုတဏှာသည် အဘယ်နည်း။

ကာမတဏှာ, ဘဝတဏှာ, ဝိဘဝတဏှာ, ယင်းသည် ဒုက္ခသမုဒယအရိယသစ္စာမည်၏။

ရဟန်းတို့ ထိုတဏှာ၏ အကြွင်းမဲ့ တပ်ခြင်းကင်းရာ ချုပ်ရာ ဝေးစွာစွန့်ရာ လွတ်မြောက်ရာ ကပ်ငြိခြင်းကင်းရာသည် ရှိ၏။ ယင်းသည် ဒုက္ခနိရောဓအရိယသစ္စာမည်၏။

ရဟန်းတို့ အရိယလမ်းစဉ်သည်သာ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံ၏။

ယင်းလမ်းစဉ်သည် အဘယ်နည်း။

(၁) ကောင်းစွာမြင်ခြင်း။
(၂) ကောင်းစွာကြံခြင်း။
(၃) ကောင်းစွာဆိုခြင်း။
(၄) ကောင်းစွာပြုခြင်း။
(၅) ကောင်းစွာအသက်မွေးခြင်း။
(၆) ကောင်းစွာအားထုတ်ခြင်း။
(၇) ကောင်းစွာအောက်မေ့ခြင်း။
(၈) ကောင်းစွာတည်ကြည်ခြင်း။

ယင်းသည် ဒုက္ခနိရောဓ ဂါမိနီပဋိပဒါ အရိယသစ္စာ မည်၏။

ရဟန်းတို့ ယင်းသည် ဒုက္ခ အရိယသစ္စာမည်၏ဟု ငါ ရှေးက မကြားဘူးသောတရားတို့၌ မျက်စိဖြစ်၏။ ဉာဏ်ဖြစ်၏။ ပညာဖြစ်၏။ ဝိဇ္ဇာဖြစ်၏။ အလင်းရောင်ဖြစ်၏။

ရဟန်းတို့ ထိုဒုက္ခအရိယသစ္စာကို ပိုင်းခြားသိအပ်၏ဟု ငါ့ရှေးက မကြားဘူးသောတရားတို့၌ မျက်စိဖြစ်၏။ ဉာဏ်ဖြစ်၏။ ပညာဖြစ်၏။ ဝိဇ္ဇာဖြစ်၏။ အလင်းရောင်ဖြစ်၏။

ရဟန်းတို့ ထိုဒုက္ခအရိယသစ္စာကို ပိုင်းခြားသိအပ်ပြီဟု ငါ့ရှေးက မကြားဘူးသော တရားတို့၌ မျက်စိဖြစ်၏။ ဉာဏ်ဖြစ်၏။ ပညာဖြစ်၏။ ဝိဇ္ဇာဖြစ်၏။ အလင်းရောင်ဖြစ်၏။

ရဟန်းတို့ ယင်းသည် ဒုက္ခသမုဒယအရိယသစ္စာမည်၏ဟု ငါ့ရှေးက မကြားဘူးသော တရားတို့၌ မျက်စိဖြစ်၏။ ဉာဏ်ဖြစ်၏။ ပညာဖြစ်၏။ ဝိဇ္ဇာဖြစ်၏။ အလင်းရောင်ဖြစ်၏။

ရဟန်းတို့ ထိုဒုက္ခသမုဒယအရိယသစ္စာကို ပယ်အပ်၏ဟု ငါ့ရှေးကမကြားဘူးသောတရားတို့၌ မျက်စိဖြစ်၏။ ဉာဏ်ဖြစ်၏။ ပညာဖြစ်၏။ ဝိဇ္ဇာဖြစ်၏။ အလင်းရောင်ဖြစ်၏။

ရဟန်းတို့ ထိုဒုက္ခသမုဒယအရိယသစ္စာကို ပယ်အပ်ပြီဟု ငါ့ရှေးက မကြားဘူးသောတရားတို့၌ မျက်စိဖြစ်၏။ ဉာဏ်ဖြစ်၏။ ပညာဖြစ်၏။ ဝိဇ္ဇာဖြစ်၏။ အလင်းရောင်ဖြစ်၏။

ရဟန်းတို့ ယင်းသည် ဒုက္ခနိရောဓအရိယသစ္စာဟု ငါ့ရှေးက မကြားဘူးသောတရားတို့၌ မျက်စိဖြစ်၏။ ဉာဏ်ဖြစ်၏။ ပညာဖြစ်၏။ ဝိဇ္ဇာဖြစ်၏။ အလင်းရောင်ဖြစ်၏။

ရဟန်းတို့ ထိုဒုက္ခနိရောဓအရိယသစ္စာကို မျက်မှောက်ပြုအပ်၏ဟု ငါ့ရှေးကမကြားဘူးသောတရားတို့၌ မျက်စိဖြစ်၏။ ဉာဏ်ဖြစ်၏။ ပညာဖြစ်၏။ ဝိဇ္ဇာဖြစ်၏။ အလင်းရောင်ဖြစ်၏။

ရဟန်းတို့ ထိုဒုက္ခနိရောဓအရိယသစ္စာကို မျက်မှောက်ပြုအပ်ပြီဟု ငါ့ရှေးကမကြားဘူးသောတရားတို့၌ မျက်စိဖြစ်၏။

ဉာဏ် ဖြစ်၏။ ပညာ ဖြစ်၏။ ဝိဇ္ဇာ ဖြစ်၏။ အလင်းရောင် ဖြစ်၏။

ရဟန်းတို့ ယင်းသည် ဒုက္ခနိရောဓဂါမိနီပဋိပဒါအရိယ သစ္စာမည်၏ဟု ငါ့ရှေးက မကြားဘူးသောတရားတို့၌ မျက်စိ ဖြစ်၏။ ဉာဏ်ဖြစ်၏။ ပညာဖြစ်၏။ ဝိဇ္ဇာဖြစ်၏။ အလင်းရောင် ဖြစ်၏။

ရဟန်းတို့ ထိုဒုက္ခနိရောဓဂါမိနီ ပဋိပဒါအရိယ သစ္စာကို ပွားစေအပ်၏ဟု ငါ့ရှေးကမကြားဘူးသောတရားတို့၌ မျက်စိ ဖြစ်၏။ ဉာဏ်ဖြစ်၏။ ပညာဖြစ်၏။ ဝိဇ္ဇာဖြစ်၏။ အလင်းရောင်ဖြစ်၏။

ရဟန်းတို့ ထိုဒုက္ခနိရောဓဂါမိနီပဋိပဒါ အရိယသစ္စာကို ပွားစေအပ်ပြီဟု ငါ့ရှေးက မကြားဘူးသော တရားတို့၌ မျက်စိ ဖြစ်၏။ ဉာဏ်ဖြစ်၏။ ပညာဖြစ်၏။ ဝိဇ္ဇာဖြစ်၏။ အလင်းရောင်ဖြစ်၏။

ရဟန်းတို့ ဤအရိယသစ္စာလေးပါးတို့၌ အပြန်သုံးပါး အခြင်းအရာ တဆယ့်နှစ်ပါးရှိသော ယထာဘူတ ဉာဏ်အမြင် ငါ့အား အလွန်သန့်ရှင်းစင်ကြယ်ခြင်း မဖြစ်သေးသမျှ ငါသည် နတ်၊မာရ်နတ် ဗြဟ္မာနှင့်တကွသော လောက, ရဟန်း-ပုဏ္ဏားမင်း လူအပေါင်းနှင့်တကွသော လောက၌ အတုမရှိသော သမ္မာသမ္ဗောဓိကို ထိုးထွင်း သိမြင်ပြီဟု ဝန်မခံခဲ့ပါ။

ရဟန်းတို့ ဤအရိယသစ္စာလေးပါးတို့၌ အပြန်သုံးပါး, အခြင်း အရာတဆယ့်နှစ်ပါးရှိသော ယထာဘူတဉာဏ် အမြင်

ငါ့အား အလွန်သန့်ရှင်း စင်ကြယ်ခြင်းဖြစ်မှသာ နတ်၊ မာရ်နတ် ဗြဟ္မာနှင့်တကွသော လောက, ရဟန်း ပုဏ္ဏားမင်း လူအပေါင်း နှင့် တကွသော လောက၌ သမ္မာ သမ္ဗောဓိကို ထိုးထွင်းသိမြင် ပြီဟု ဝန်ခံပါသည်။

ငါ့အား ဉာဏ်အမြင် ဖြစ်ပြီ၊ ငါ၏ လွတ်မြောက်စိတ်ကို မဖျက်ဆီးနိုင်၊ ယင်းသည် အဆုံးစွန်သော ဇာတိ ဖြစ်၏။ ယခုအခါ တဖန်ဘဝသစ်ဖြစ်ခြင်းမရှိပြီ။

ဤဓမ္မစကြာတရား၏ အနှစ်သာရမှာ အရိယသစ္စာလေးပါး ဖြစ်၏။ အခြားသောသစ္စာတရားတို့နှင့် ကွဲပြားစေရန် အရိယသစ္စာဟု မှည့်ခေါ်ခြင်းဖြစ်၏။ အရိယသစ္စာလေးပါးမှာ....

(၁) အရိယတို့ယူဆသော ဆင်းရဲခြင်းအမှန်။
(၂) အရိယတို့ ယူဆသော ဆင်းရဲခြင်း အကြောင်းရင်း အမှန်။
(၃) အရိယတို့ ယူဆသော ဆင်းရဲ လွတ်ကင်း ရာ အမှန်နှင့်
(၄) အရိယတို့ယူဆသော ဆင်းရဲလွတ်ကင်းရာသို့ရောက် ကြောင်း လမ်းစဉ်အမှန်တို့ ဖြစ်၏။

ယင်းလေးပါးတို့၏ ကိစ္စအသီးသီးကို လယ်တီဆရာတော်က "သိ-ပယ်-ဆိုက်-ပွါး၊ လေးပါးကိစ္စ၊ အမှန်ရ၊ မုချပရမတ်" ဟု ဆောင်ပုဒ် သံခိပ်ပြုလုပ်ပေးထားပါသည်။

(၁) သိ-ဟူသည်မှာ ဒုက္ခကို ဒုက္ခမှန်း သိရမည်ဖြစ်၏။ ဒုက္ခသစ္စာ၏ ကိစ္စမှာ သိရန်ဖြစ်၏။

(၂) ပယ်–ဟူသည်မှာ ဒုက္ခသမုဒယကို ပယ်ရမည် ဖြစ်၏။ ဒုက္ခသမုဒယသစ္စာ၏ ကိစ္စမှာ ပယ်ရှားပစ်ရန် ဖြစ်၏။

(၃) ဆိုက်–ဟူသည်မှာ ဒုက္ခနိရောဓကို ဆိုက်ရောက်ရမည်ဖြစ်၏။ ဒုက္ခနိရောဓသစ္စာ၏ ကိစ္စမှာ ဆိုက်ရောက်ရန်ဖြစ်၏။

(၄) ပွါး–ဟူသည်မှာ ဒုက္ခနိရောဓ ဂါမိနီပဋိပဒါကို ပွါးများရမည်ဖြစ်၏။ ဒုက္ခနိရောဓ ဂါမိနီပဋိပဒါ သစ္စာ၏ ကိစ္စမှာ ပွါးများရန်ဖြစ်၏။

သတ္တဝါတို့သည် အများအားဖြင့် ဒုက္ခကိုဒုက္ခဖြစ်မှန်း ကောင်းစွာ သဘောမပေါက်ကြပါ။ သို့ကြောင့်ဒုက္ခဖြစ်ခြင်း အကြောင်းရင်းကို ပယ်ဖျက်ပစ်ရန် မကြိုးစားကြခြင်း ဖြစ်၏။ ဒုက္ခဖြစ်ရင်းအကြောင်းရင်းကို ရှင်းမပစ်ပါလျှင် ဒုက္ခအများ အစဉ်တိုးပွားနေမည်သာဖြစ်၍ ဒုက္ခနှင့်မလွတ်ကင်းနိုင်ပါ။ ဒုက္ခကို ဒုက္ခဟုမယူဆလျှင် ဒုက္ခကင်းလွတ်ရာကိုလည်း မက်မောတော့မည်မဟုတ်၍ ယင်းသို့သွားရန် အကျင့်ကိုလည်း ကျင့်လိုကြမည်မဟုတ်ပါ။ အကြောင်းကား ဒုက္ခကိုဒုက္ခမှန်း မသိလှသောကြောင့်ပင်တည်း။

ပုထုဇဉ်တို့ ဒုက္ခကိုခံယူသည်မှာ လွန်စွာနူးညံ့ သိမ်မွေ့သော သားမွေးကိုလက်ဝါးဖြင့် ခံယူသကဲ့သို့ခံယူကြ၏။ လက်ဝါးသည် ထိုသိုးမွေးကိုခံယူရာ၌ ဝန်လေးခြင်းမရှိသကဲ့သို့ ထို့အတူ ပုထုဇဉ်တို့သည်ဒုက္ခကိုခံယူရာ၌ ဝန်လေးခြင်းမရှိလှပါ။

အရိယာပုဂ္ဂိုလ်တို့ ဒုက္ခကိုခံယူသည်မှာကား အဆိပ်ပါသိုးမွေးကို မျက်စိဖြင့် ခံယူသကဲ့သို့ခံယူကြ၏။ မျက်စိသည် ထိုသိုးမွေးကို ခံယူရာ၌ လွန်စွာအခံရခက်သကဲ့သို့ ထို့အတူ အရိယာပုဂ္ဂိုလ် တို့သည် ဒုက္ခကိုခံယူရာ၌ဝန်လေးကြပါသည်။ သို့ကြောင့် သူတို့ သည် ဒုက္ခဖြစ်ကြောင်းကိုပယ်ပစ်ကြသည်။ ဒုက္ခကင်းလွတ်ရာသို့ ဆိုက်ရောက် နေကြသည်။ ယင်းသို့ရောက်ကြောင်း အကျင့် ကောင်းကိုလည်း ပွားများကြခြင်းဖြစ်၏။

# သုဝဏ္ဏဘူမိတိုင်း

{ ၈ }

အရှင်သောဏသည်လည်း အရှင်ဥတ္တရနှင့်တကွ သုဝဏ္ဏဘူမိတိုင်းသို့ကြွသွား၏။ ထို၌ ရက္ခိုသ်ဘီလူးမ တယောက်သည် သမုဒ္ဒရာမှတက်၍ မင်းမျိုး၌ ဖွားတိုင်း-ဖွားတိုင်းသော သူငယ်တို့ကို စား၏။

ထိုနေ့၌လျှင် မင်းအိမ်၌ သူငယ်ဖွားမြင်၏။ လူတို့သည် အရှင်ကိုတွေ့မြင်၍ ဤဦးပြည်းကားရက္ခိုသ်ဘီလူးတို့၏ အဖော်ဟု မှတ်ကုန်ရကား လက်နက်တို့ကိုဆွဲကိုင်၍ အရှင်ကို ထိုးပစ်ပုတ်ခတ်ရန်လာကြ၏။

အရှင်သည် "သင်တို့ကား အသို့မူ၍ လက်နက်စွဲကုန်လျက် လာကုန်သနည်း" ဟု မေး၏။

လူတို့သည် "မင်းအိမ်၌ ဖွားတိုင်း- ဖွားတိုင်းသော သူငယ်တို့ကို ရက္ခိုသ်ဘီလူးတို့ စားကုန်၏။ သင်တို့ကား ထို ရက္ခိုသ်ဘီလူးတို့၏အဖော်တို့လော" ဟု ဆိုကြ၏။

အရှင်သည် "ငါတို့ကား ဘီလူးတို့၏အဖော်မဟုတ်ကုန်၊ ငါတို့ကား သမဏမည်ကုန်၏။ သတ္တဝါတို့၏အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ကုန်၏။ သူ့ဥစ္စာခိုးယူခြင်းမှ ရှောင်ကြဉ်ကုန်၏။ သူ့မယားပြစ်မှားခြင်းမှ ရှောင်ကြဉ်ကုန်၏။ မဟုတ်မမှန်ပြောဆိုခြင်းမှရှောင်ကြဉ်ကုန်၏။ သေသောက်ခြင်းမှ ရှောင်ကြဉ်ကုန်၏။ တထပ်သာစားကုန်၏။ သီလရှိကုန်၏။ ကောင်းသောသဘောရှိကုန်၏" ဟု ဆို၏။

ထိုခဏ၌ပင်လျှင် အခြံအရံနှင့်တကွသော ထိုဘီလူးမသည် မင်းအိမ်၌ သူငယ်ဖွားလေပြီ၊ ထိုသူငယ်ကိုစားအံ့ ဟူ၍ သမုဒ္ဒရာမှထွက်လာ၏။ လူတို့သည် ထိုဘီလူးမကိုမြင်၍ "အရှင်ဘုရား ထိုဘီလူးမ လာပါပြီ" ဟု ဆို၍ ကြောက်လှသဖြင့် မြည်တမ်းကြ၏။

အရှင်သည် ဘီလူးတို့ထက် နှစ်ဆလွန်သော ကိုယ်တို့ကို ဖန်ဆင်း၍ ထိုကိုယ်တို့ဖြင့် ပရိသတ်နှင့်တကွသော ထိုဘီလူးမကို အလယ်ထား၍ နံဘေးနှစ်ဖက်တို့၌ ခြံရံ၏။

ပရိသတ်နှင့် တကွသော ဘီလူးမအား "မချွတ်လျှင် ဤသူတို့သည် ဝေဿဝဏ်နတ်မင်းကြီး၏ အထံမှ ဤအရာကို ရလိမ့်မည်။ ငါတို့ကား ဤသူတို့၏အစာတို့ဖြစ်လိမ့်သတည်း" ဟု တွေးပြီး ဘီလူးအားလုံးကြောက်ရွံ့ကြသဖြင့် လျင်စွာသော အဟုန်ဖြင့် ပြေးကြ၏။

အရှင်လည်း ထိုဘီလူးတို့ကို မမြင်ရသည့် တိုင်အောင် ပြေးစေ၍ ကျွန်း၏ ထက်ဝန်းကျင်မှ အစောင့်အရှောက်ကို ထားစေ၏။

ထိုအခါ စည်းဝေးလာသော လူအပေါင်းကို ဗြဟ္မဇာလသုတ်ကို ဟောသဖြင့် ကြည်ညိုစေ၍ သရဏဂုံ တို့၌၎င်း, သီလတို့၌၎င်း, တည်စေ၏။ ဤအစည်းအဝေး၌ကား သတ္တဝါခြောက်သောင်းတို့အား အကျွတ်တရားရ၏။ အမျိုးသား သုံးထောင့်-ငါးရာတို့နှင့် အမျိုးသမီး တထောင့်-ငါးရာတို့ ရဟန်းပြုကြ၏၊ ယင်းသို့လျှင် ထိုအရှင်သည် ထိုတိုင်း၌ သာသနာကို တည်စေ၏။

ထိုအခါမှစ၍မင်းအိမ်၌ ဖွားသော သတိုးသားတို့အား သောဏုတ္တရဟူသော အမည်ကိုသာမှည့်ကုန်၏။

ဤကား ပါရာဇိကကဏ်အဋ္ဌကထာ၌ ဖွင့်ဆိုသော အရှင်သောဏနှင့်အရှင်ဥတ္တရအမှူးရှိသော သာသနာပြုအဖွဲ့ သုဝဏ္ဏဘူမိသို့သွားကြခြင်း အကြောင်းအရာတို့ ဖြစ်၏။ ကလျာဏီကျောက်စာနှင့် သာသနာလင်္ကာရ စာတန်းတို့မှာကား ယင်းသုဝဏ္ဏဘူမိသည် မြန်မာနိုင်ငံသထုံမြို့ဖြစ်ကြောင်း ကျယ်ဝန်းခိုင်မာစွာဖွင့်ဆိုကြ၏။ ပါရာဇိကကဏ်အဋ္ဌကထာနိဿျဆရာ ရွှေဥမင်ဆရာတော်သည် "ဆရာတို့ကား သုဝဏ္ဏဘူမိကို သထုံပြည်ဟူ၏။ အချို့ဆရာတို့ကား ယိုးဒယားပြည်ဟူ၏" ဟု မှတ်ချက်ချ၏။ ရွှေတောင်နန္ဒမိတ်ဆို စလင်းမင်း မောင်ပေါင်းချောင်းချင်း၌မူ "သုဝဏ္ဏဘူမိ၊ အမည်ရှိသည်၊ သာဘိပြောကျယ်၊ ပြည်ဇင်းမယ်ကို" ဟုစပ်ဆို၏။သို့ဖြင့် သုဝဏ္ဏဘူမိ၏အရပ်ဒေသနှင့်

ပတ်သက်၍ ရှေးကာပင် ပြဿနာ ဖြစ်ခဲ့ကြောင်း သိနိုင်၏။ ဗုဒ္ဓသာသနိက ပဌဝီဝင်ကျမ်းကြီးမှာကား ထိုပြဿနာအလုံးစုံကို အကုန်ငုံပြီးဖြေဆိုထား၏။

တိုင်းအမည် သုဝဏ္ဏဘူမိ၊ ကျွန်းအမည် ယခုစုမာတြာခေါ် သုမာတြာကျွန်း၊ ၎င်းသည်သာသနာပြုကြွရာ သုဝဏ္ဏဘူမိ မူလဌာနရင်းဖြစ်သည်။ သုဝဏ္ဏဘူမိနယ်အဖြစ် ပါဝင်သင့် ခေါ်သင့်သောဌာနများကို သတ်မှတ်မူ အရှေ့တောင်ဖက် လားသော် ဇာဝါ (ဂျာဗာ)ကျွန်း၊ ဘိုရညိုကျွန်း၊ အနောက်ဖက်လားသော် အိန္ဒိယသမုဒ္ဒရာ (ဗင်္ဂလားအော်)၊ အရှေ့ဖက် လားသော် သိင်္ဃပုရခေါ် စင်္ကာပူ၊ မြောက်ဖက်လားသော် မလယခေါ် မလေးကျွန်း သို့မဟုတ် ဗသျှုူးကျွန်းမှစ၍ ဗမာပြည်တနင်္သာရီ ရာမညတိုင်း အောက်ပိုင်းနှင့်တကွ ယိုးဒယား, လာအို, ကာဗုဒိယာခေါ် ခမင်နယ်ရောက် သတ်မှတ်သင့်သည်။

အိန္ဒိယပြည် ကမ္ဘည်းကျောက်စာဌာနမှ ထုတ်ဝေသော နာလန္ဒာအကြောင်းစာအုပ်၌ နာလန္ဒာကျောင်းကြီးတူးဖော်တွေ့ရှိပုံ အကြောင်းအရာတွင် အောက်ပါ အချက်များပါရှိ၏။ အမှတ် ၁-ညွှန်ခန်းမကြီးအဝင် အနောက်မြောက်ထောင့်တနေရာတွင် ဝင်္ဂတိုင်းပါလမင်းဆက် သုံးဆက်မြောက် ခရစ်သက္ကရာဇ် ၉၀၀၊ သာသနာသက္ကရာဇ် ၁၄၄၄ခု နောက်ပိုင်း အနှစ်ငါးရာခန့်က အုပ်စိုးခဲ့သောဒေဝပါလမင်း ထားခဲ့သော

ကြေးပုရပိုက်ကို တူးဖော်တွေ့ရှိရသည်။ ယင်းပုရပိုက်၌ ဖော်ပြထားသည်မှာ သုဝဏ္ဏဒ္ဒီပခေါ်သုမာတြာကျွန်းဘုရင် သိရီဗလပုတ္တဒေဝသည် နာလန္ဒာကျောင်းတော်ကြီးတည်မြဲစေရန်အစောင့်အရှောက် အထောက်အပံ့ ဖြစ်စေရန်နှင့် ထိုကျောင်းကြီး၌ သီတင်းသုံးပြီး ပညာသင်ကြားနေကြသော ရဟန်းတော်များ ချမ်းသာစေရန် သိရီနဂရခေါ် ပါဋလိပုတ်ခရိုင် နိုင်ငံအတွင်း ရာဇဂဟာဂယာစီရင်စုအတွင်းရှိ ရွာငါးရွာကိုပေးလှူရာ ယင်းငါးရွာအဖို့ မိမိပိုင်ဆိုင်သော သုဝဏ္ဏဘူမိ၌ရှိသော ရွာငါးရွာကို အစားထိုး၍ ပါဋလိပုတ်ပြည့်ရှင်ဘုရင်ဒေဝပါလမင်းအား ဖလယ်ကြောင်း ဖော်ပြထား၏။

ယခုအခါ သုတေသီအများသည် ဤနာလန္ဒာကြေးပုရပိုက်စကားကို အထောက်အထားပြုပြီး အရှင်သောဏတို့ သာသနာပြုကြသော သုဝဏ္ဏဘူမိမှာစုမာတြာ ကျွန်းဖြစ်ကြောင်းနှင့် ဆုံးဖြတ်ကြ၏။ သူတို့၏အယူအဆတွင် အရေးကြီးသောအချက်မှာ 'သုဝဏ္ဏဒ္ဒီပ' ဟူသောစကားလုံးဖြစ်၏။ ယင်းသည်ပင်လျှင် သုဝဏ္ဏဘူမိဖြစ်လိမ့်မည်ဟု သတ်မှတ်ကြခြင်းဖြစ်၏။ ဒ္ဒီပဟူသည်မှာ ဒီပခေါ် ကျွန်းဖြစ်၏။ ပါရာဇိကဏ် အဋ္ဌကထာ၌လည်း သုဝဏ္ဏဘူမိသည်ကျွန်းဖြစ်ကြောင်း ဖော်ပြထား၏။ ထိုအဆိုနှစ်ရပ်ကိုဆက်စပ်ပြီး စုမာတြာကျွန်းကိုပင် သုဝဏ္ဏဘူမိအဖြစ်ညွှန်ပြကြခြင်းဖြစ်၏။

အရှင်သောဏတို့သည် သုဝဏ္ဏဘူမိတိုင်းတွင် ဗြဟ္မဇာလသုတ်တရားကိုဟောကြားပြီး သာသနာပြုတော်မူကြ၏။ ယင်းသုတ် အကျဉ်းချုပ်မှာ ရတနာသုံးပါးကို သုပ္ပိယ ပရဗိုဇ်က

ကဲ့ရဲ့၍ သူ၏တပည့်ဗြဟ္မဒတ်လုလင်ကချီးမွမ်း၏။ ထိုအကြောင်းကို မြတ်စွာဘုရားသိတော်မူ၍ "ကဲ့ရဲသော်လည်း အမျက်မထွက်ကြနှင့်၊ ချီးမွမ်းသော်လည်းမတက်ကြွကြနှင့်" ဟု ရဟန်းတို့အား ဩဝါဒ ပေးတော်မူ၏။ ပုထုဇဉ်တို့သည် မြတ်စွာဘုရားကို ချီးမွမ်းသော်လည်း မိမိတို့ဉာဏ်မှီသမျှ အောက်တန်းသီလဂုဏ်မျှနှင့်သာ ချီးမွမ်းနိုင်မည်။ ထို့ထက်မြင့်မြတ်သော သမာဓိဂုဏ် ပညာဂုဏ်တို့ဖြင့် မချီးမွမ်းနိုင်ဟု မိန့်ကြားတော်မူပြီး စူဠသီလ, မဇ္ဈိမသီလနှင့် မဟာသီလတို့ကိုခွဲခြား ဟောကြားတော်မူ၏။

ထိုမှတပါး ပုထုဇဉ်တို့ ဉာဏ်မမှီနိုင်သော သဗ္ဗညုတဉာဏ်ရှိသေး၏၊ စင်စစ်ယင်းဉာဏ်တော်၏ဂုဏ်ကိုချီးမွမ်းမှ အမှန်ချီးမွမ်းရာရောက်မည်ဟုမိန့်ကြားတော်မူပြီး မိစ္ဆာအယူ ၆၂ ပါးတို့ကိုခွဲခြားပြီးဟောကြားတော်မူ၏။ ဗြဟ္မဇာလသုတ်၏ ပဓာန အနှစ်သာရမှာ ထိုမိစ္ဆာ ဝါဒ ၆၂ ပါးတို့ပင်ဖြစ်၏။ ယင်းတို့မှာ ထိုအယင်နှင့် ထိုစဉ်က ထင်ရှားသော ဟိန္ဒူဒဿနတို့ဖြစ်၏။ မြတ်စွာဘုရားသည် ယင်းဒဿနတို့ကို သဗ္ဗညုတ ဉာဏ်ဖြင့် ထိုးထွင်းသိမြင်တော်မူ၏။ ဤအမြင်ဖြင့်ပြောပြနိုင်မှသာ မြတ်စွာဘုရား၏ဂုဏ်ကို မှန်စွာပြောဆိုသည်မည်၏။ သို့ကြောင့်မြတ်စွာဘုရား၏ သဗ္ဗညုတဉာဏ်ဂုဏ်ကိုအာရုံပြုနိုင်ရန်အတွက် မိစ္ဆာဝါဒ ၆၂ ပါးတို့ကိုကောင်းစွာ လေ့လာသင့်လိုပါသည်။

ဗြဟ္မဇာလသုတ်သည် ဒီဃနိကာယ်သုတ် သီလက္ခန်ပါဠိတော်၌လာရှိ၏၊ ဤတွင်ယင်းသုတ်ကို အကျဉ်းချုပ်ကောက်နုတ်ပြီး ဖော်ပြပါမည်။ အရေးကြီးသည်မှာမိစ္ဆာဝါဒ ၆၂ ပါးဖြစ်၍ သီလခန်းတွင်မူ စူဠသီလမျှကိုသာ အကျဉ်းချုပ်ဖော်ပြပါမည်။

# ဗြဟ္မဇာလသုတ်

အခါတပါး မြတ်စွာဘုရားသည် ရာဇဂြိုဟ်နှင့် နာလန္ဒာမြို့အကြား ရဟန်းငါးရာနှင့်အတူ ဒေသစာရီ ကြွချီတော်မူ၏။ ထိုအခါ သုပ္ပိယပရိဗိုဇ်လည်း တပည့်ဗြဟ္မဒတ္တလုလင်နှင့် အတူ ထိုခရီးကိုပင် သွားလေရာ မြတ်စွာဘုရားနှင့် ကြုံကြိုက်နေ၍ ခပ်လှမ်းလှမ်း နောက်မှလိုက်၏။ ထိုတွင်သုပ္ပိယသည် ရတနာသုံးပါး၏ အပြစ်တို့ကို ပြောဆို၍ ဗြဟ္မဒတ္တလုလင်က ဂုဏ်ကိုပြောဆို၏။ ထိုအကြောင်းကို ရဟန်းတို့က မြတ်စွာဘုရားကို လျှောက်ကြားကြရာ မြတ်စွာဘုရားက ရဟန်းတို့အား သြဝါဒစကားမိန့်ကြားတော်မူ၏။

ရဟန်းတို့ ဆန့်ကျင်ဖက် လိုလားသူတို့သည် ဗုဒ္ဓ၊ ဓမ္မ၊ သံဃာ၏ အပြစ်ကို ပြောကြလျှင် သူတို့အပေါ် အာဃာတမထားကြနှင့်၊ မနှစ်သက်သော အမူအရာကို မပြကြနှင့်၊ ဒေါသဖြစ်လျှင် သင်တို့သာ ဈာန်မဂ်ဖိုလ်၏ အန္တရာယ် ဖြစ်ဖွယ် ရှိသည်။ အမှားအမှန်ကိုလည်း ဝေဖန်နိုင်ကြမည် မဟုတ်၊ မဟုတ် မမှန်လျှင် မဟုတ်မမှန်ကြောင်း ကိုသာ ရှင်းပြရမည်။

ရဟန်းတို့ သူတပါးတို့က ဗုဒ္ဓ၊ ဓမ္မ၊ သံဃာ၏ ဂုဏ်ကျေးဇူးကို ပြောကြလျှင် သင်တို့သည် နှစ်သက်ရွှင်ပျ ဝမ်းမြောက်လှ

သော အမှုအရာကို မပြုကြနှင့်၊ ဝမ်းသာ ရွှင်ပျနေကြပါလျှင် သင်တို့သာ ဈာန်မဂ်ဖိုလ်၏ အန္တရာယ်ဖြစ်ဖွယ်ရှိသည်။ အမှား အမှန်ကိုလည်း ဝေဖန်နိုင်ကြမည်မဟုတ်၊ ဟုတ်မှန်ပါလျှင် ဟုတ်မှန်ကြောင်းကိုသာ ထောက်ခံပြောပြရမည်။

ရဟန်းတို့ ပုထုဇဉ်သည် တထာဂတ၏ ဂုဏ်ကို အစွမ်းကုန် ချီးမွမ်းပြောဆိုပါလျှင် သီလဂုဏ်လောက်သာ ပြောဆိုနိုင်ရာ၏။

"ရဟန်းဂေါတမသည် သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်၏။ အရှင်တို့ပေးသော ပစ္စည်းကိုသာ ယူလေ့ရှိ၏။ ဗြဟ္မစရိယ၏ ဆန့်ကျင်ဖက် ဖြစ်သော မေထုန် အကျင့်ကို ပယ်စွန့်၏။ မုသာဝါဒကိုပယ်စွန့်၍ မုသားပြောခြင်းမှ ရှောင်ကြဉ်၏။ ချောပစ် ကုန်းတိုက်သော စကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်၏။ ကြမ်းတမ်းသော စကားကိုပြောဆိုခြင်းမှ ရှောင်ကြဉ်၏။ ပြိန်ဖျင်းသော စကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်၏။ မျိုးစေ့ပေါက်ပြီး သစ်ပင်ကို ဖျက်ဆီးခြင်းမှ ရှောင်ကြဉ်၏။ နေလွဲညစာစားခြင်းမှ ရှောင်ကြဉ်၏။ ကခြင်း သီချင်းတီးမှုတ်ခြင်းတို့ကို ကြည့်ရှုနားထောင်ခြင်းမှ ရှောင်ကြဉ်၏။ ပန်းပန်ခြင်း, နံ့သာလိမ်းခြင်းတို့ကို သာယာခြင်းမှရှောင်ကြဉ်၏။ မြင့်သောနေရာ, မြတ်သောနေရာ၌ နေထိုင်ခြင်းမှရှောင်ကြဉ်၏။ ရွှေငွေကို ခံယူခြင်းမှ ရှောင်ကြဉ်၏။ စပါးကိုခံယူခြင်းမှ ရှောင်ကြဉ်၏။ သားစိမ်း ငါးစိမ်း, မိန်းမပျို,အိုု့,ကျွန်ယောကျ်ား,ကျွန်မိန်းမ, သိုး,ဆိတ်,ကြက်,ဝက်, ဆင် နွား မြင်းမြည်း, လယ်ယာတို့ကို ခံယူခြင်းမှ ရှောင်ကြဉ်၏။ လူတို့၏ အစေအပါး လုပ်ခြင်းမှ ရှောင်ကြဉ်၏။ ရောင်းဝယ်ခြင်း၊

ချိန်ခွင်ဖြင့် လိမ်လည် လှည့်စားခြင်း, ရွှေခွက်ဖြင့် လိမ်လည်လှည့်စားခြင်း, တောင်း တင်း ခြင်ခွက် တိုင်းတာ ကြိုးတို့ဖြင့် လိမ်လည်လှည့်စားခြင်းမှရှောင်ကြဉ်၏။တံစိုးလက်ဆောင်ယူခြင်း, ပရိယာယ်ဖြင့် လှည့်စားခြင်း, ဂါထာမန္တန်, မျက်လှည့်စသော ကောက်ကျစ်စဉ်းလဲမှုတို့မှ ရှောင်ကြဉ်၏။

ရဟန်းတို့ ပုထုဇဉ်တို့သည် တထာဂတ၏ ဂုဏ်ကို အစွမ်းကုန် ကြိုးစားပြောဆိုသော်လည်း ဤကဲ့သို့သော သီလလောက်ဖြင့်သာ ပြောဆိုနိုင်ရာ၏။ ထိုမှတပါး နက်နဲသော, မြင်ရန်ခက်ခဲသော, သိရန်မလွယ်သော, ငြိမ်းအေးသော, သိမ်မွေ့သော ပညာရှိတို့သာ သိနိုင်သော ဂုဏ်တို့သည် ရှိသေး၏။ ဗုဒ္ဓသည် ယင်းတို့ကို ကိုယ်တိုင်ထူးသော ဉာဏ်ကြောင့် မျက်မှောက်ပြု၍ သတ္တဝါလေးပါး စသော တရားတို့ကို သိစေနိုင်၍ ငါဗုဒ္ဓဟု ဝန်ခံနိုင်သည်။ ဗုဒ္ဓ၏ ဂုဏ်တို့ကို ယင်းသဗ္ဗညုတ ဉာဏ်တော်ဂုဏ်တို့ဖြင့် ပြောမှသာ ဟုတ်တိုင်းမှန်စွာပြောရာရောက်မည်။

ရဟန်းတို့ အတိတ်က အကြောင်းအရာတို့ကို ကြံစည်တတ်သော ပုဗ္ဗန္တကပ္ပိကတို့သည် ရှေးအကြောင်းအရာတို့ကို အာရုံပြု၍မိစ္ဆာအယူဖြစ်ရန် အခြေခံတို့ကို အကြောင်းပြု ၁၈မျိုးတို့ဖြင့် ငါတို့အယူသာအမှန်, အခြားအယူ အမှားဟု ခိုင်မြဲစွာ ပြောဆိုကြ၏။

ရဟန်းတို့ သဿတ အယူရှိသော ရဟန်း ပုဏ္ဏားအချို့ ရှိကြ၏။ သူတို့သည် အကြောင်းပြု လေးမျိုးတို့ဖြင့် အတ္တနှင့် လောကကိုမြဲ၏ဟု ပြောဆိုကြ၏။

(၁) ရဟန်းတို့ ဤလောက၌ အချို့သော ရဟန်း ပုဏ္ဏားသည် ဘဝသိန်းပေါင်းများစွာကို ပြန်၍ သိသဖြင့် အတ္တလောကသည် မြဲ၏ဟု သဿတ ပထမအယူဝါဒဖြစ်၏။

(၂) ရဟန်းတို့ ဤလောက၌ အချို့သော ရဟန်း ပုဏ္ဏားသည် ဆယ်ကမ္ဘာအထိ ပြန်၍ သိသဖြင့် အတ္တလောကသည် မြဲ၏ဟု ဒုတိယ သဿတအယူ ဝါဒဖြစ်၏။

(၃) ရဟန်းတို့ ဤလောက၌ အချို့သော ရဟန်း ပုဏ္ဏားသည် ကမ္ဘာ ၄၀ အထိ ပြန်၍ သိသဖြင့် အတ္တလောကသည် မြဲ၏ဟု တတိယ သဿတ အယူဝါဒဖြစ်၏။

(၄) ရဟန်းတို့ ဤလောက၌ အချို့သော ရဟန်း ပုဏ္ဏားသည် ကြံစည် စဉ်းစား နှိုင်းချိန်၍ အတ္တ လောကသည် မြဲ၏ဟု စတုတ္ထ သဿတ အယူဝါဒ ဖြစ်၏။

ရဟန်းတို့ ဧကစ္စ သဿတ, ဧကစ္စ အသဿတ အယူ ရှိကြသော ရဟန်း ပုဏ္ဏားတို့ရှိကြ၏။ သူတို့သည် အကြောင်းပြ လေးမျိုးတို့ဖြင့် အတ္တကိုရင်း, လောကကိုရင်း, အချို့မြဲ၏, အချို့ မမြဲဟု ယူစွဲကြ၏။

(၁) ရဟန်းတို့ ဤလောက၌ အချို့သော ရဟန်း ပုဏ္ဏားသည် လွန်ခဲ့ပြီးသော ဗြဟ္မာဘဝ တဘဝကို

အောက်မေ့နိုင်သဖြင့် လောကကို ဖန်ဆင်းသော ဗြဟ္မာကြီးသည်မြဲ၏, မိမိတို့ကား မမြဲဟု ပထမ ကေစ္စသဿတ, ကေစ္စ အသဿတ အယူဝါဒဖြစ်၏။

(၂) ရဟန်းတို့ ဤလောက၌ အချို့သော ရဟန်း ပုဏ္ဏားသည် လွန်ခဲ့ပြီးသော နတ်ဘဝ တဘဝကို အောက်မေ့နိုင်သဖြင့် အပျော်အပါး မများ သော နတ်တို့သည် မြဲ၏, အပျော်အပါး များ သော နတ်တို့သည် မမြဲဟု ဒုတိယ ကေစ္စ သဿတ, ကေစ္စ အသဿတ အယူဝါဒဖြစ်၏။

(၃) ရဟန်းတို့ ဤလောက၌ အချို့သော ရဟန်း ပုဏ္ဏားသည် လွန်ခဲ့ပြီးသော နတ်ဘဝ တဘဝကို အောက်မေ့နိုင်သဖြင့် ဒေါသမကြီးသော နတ်တို့ သည် မြဲ၏, ဒေါသကြီးသော နတ်တို့သည် မမြဲဟု တတိယ ကေစ္စသဿတ, ကေစ္စအသဿတ အယူ ဝါဒဖြစ်၏။

(၄) ရဟန်းတို့ ဤလောက၌ အချို့သော ရဟန်း ပုဏ္ဏားသည် ကြံစည်စဉ်းစားနိုင်း ချိန်၍ စိတ်သည် မြဲ၏, ရုပ်သည် မမြဲဟု စတုတ္ထ ကေစ္စသဿတ, ကေစ္စအသဿတ အယူဝါဒဖြစ်၏။

ရဟန်းတို့ အန္တာနန္တ အယူရှိသော ရဟန်း ပုဏ္ဏား အချို့ရှိကြသေး၏။ သူတို့သည် အကြောင်း လေးမျိုးတို့ဖြင့် လောကကို—

(၁) အဆုံးရှိ၏၊
(၂) အဆုံးမရှိ၊
(၃) အထက်အောက်၌ အဆုံးရှိ၍ ဘေးပတ်ဝန်းကျင်၌ အဆုံးမရှိ၊
(၄) အဆုံးရှိလည်း မဟုတ်, အဆုံးမရှိလည်း မဟုတ်ဟု ယူဆကြ၏။

ရဟန်းတို့ အမရာ အယူဝါဒဖြင့် ဖယ်ရှား လွဲရှောင်တတ်ကုန်သော ရဟန်း ပုဏ္ဏားအချို့ ရှိကြ၏။ သူတို့သည် ထိုထိုအရာ၌ ပြဿနာ အမေးခံရသော် အကြောင်းပြ လေးမျိုးတို့ဖြင့် ဖယ်ရှား ရှောင်တိမ်းတတ်ကြသည်။

(၁) အချို့သည် မုသားကြောက်၍ ဖယ်ရှား ရှောင်တိမ်း၏။
(၂) အချို့သည် စွဲလမ်းမှု ဥပါဒါန်ကြောက်၍ ဖယ်ရှား ရှောင်တိမ်း၏။
(၃) အချို့သည် ပညာရှိများ စစ်ဆေးမည် ကြောက်၍ ဖယ်ရှား ရှောင်တိမ်း၏။
(၄) အချို့သည် ညံ့ဖျင်း ထုံအခြင်းကြောင့် ဖယ်ရှားရှောင်တိမ်း၏။

ရဟန်းတို့ အဓိစ္စသမုပ္ပန္န အယူရှိကြသော ရဟန်း ပုဏ္ဏားအချို့ရှိကြ၏။ သူတို့သည်အကြောင်းပြနှစ်မျိုးတို့ဖြင့် အတ္တနှင့်လောကကိုအကြောင်းမရှိဘဲဖြစ်၏ဟု ပြောဆိုကြ၏။

(၁) ရဟန်းတို့ အချို့သည် သညာမရှိသော အသည သတ်ဘုံမှ စုတေခဲ့၍ လူ့ဘုံရောက်မှ သညာကို စတင်တွေ့ရသဖြင့် အတ္တနှင့် လောကသည် အကြောင်းမရှိဘဲ ဖြစ်၏ဟု ပထမ အဓိစ္စသမုပ္ပန္န အယူဝါဒဖြစ်၏။

(၂) ရဟန်းတို့ အချို့သည် ကြံစည်စဉ်းစားနိုင်းချိန်၍ အတ္တနှင့်လောကသည် အကြောင်းမရှိဘဲဖြစ်၏ဟု ဒုတိယအဓိစ္စသမုပ္ပန္နဝါဒဖြစ်၏။

ရဟန်းတို့ အနာဂတ် အကြောင်းအရာတို့ကို ကြံစည်တတ်သော အပရန္တကပ္ပိကတို့သည် နောက်အကြောင်း အရာတို့ကို အာရုံပြု၍ မိစ္ဆာအယူဖြစ်ရန် အခြေခံတို့ကိုအကြောင်းပြ ၄၄မျိုးတို့ဖြင့် ငါတို့အယူသာအမှန်, အခြားအယူအမှားဟု ခိုင်မြဲစွာပြောဆိုကြ၏။

ရဟန်းတို့ဥဒ္ဓမာဃာတနိက သညီဝါဒရှိကြသော ရဟန်းပုဏ္ဏားအချို့ရှိကြ၏။ သူတို့သည် အကြောင်းပြ ၁၆မျိုးတို့ဖြင့် အတ္တကို သေပြီးနောက်၌ သညာရှိ၏ဟု ပြောဆိုကြ၏။

(၁) အတ္တသည် အပြောင်းအလဲ ရုပ်သဘောရှိ၏။ သေပြီးနောက် ပျက်စီးခြင်းမရှိ၊ သညာရှိ၏

(၂) အတ္တသည် ရုပ်သဘောမရှိ၊ သေပြီးနောက် ပျက်စီးခြင်းသဘောမရှိ၊ သညာရှိ၏။

(၃) အတ္တသည် ရုပ်သဘောအရှိလည်းဟုတ်၏။ ရုပ်သဘောမရှိလည်းဟုတ်၏။ သေပြီးနောက်ပျက်စီးခြင်းမရှိ၊ သညာရှိ၏။

(၄) အတ္တသည် ရုပ်သဘောရှိသည်လည်း မဟုတ်၊ ရုပ်သဘော မရှိလည်းမဟုတ်၊ သေပြီးနောက် ပျက်စီးခြင်းမရှိ၊ သညာရှိ၏။

(၅) အတ္တသည် အဆုံး- အပိုင်းအခြားရှိ၏။ သေပြီးနောက် ပျက်စီးခြင်းမရှိ၊ သညာရှိ၏။

(၆) အတ္တသည် အဆုံး-အပိုင်းအခြားမရှိ၊ သေပြီးနောက် ပျက်စီးခြင်းမရှိ၊ သညာရှိ၏။

(၇) အတ္တသည် အဆုံးရှိလည်းဟုတ်၏။ အဆုံးမရှိလည်း ဟုတ်၏။ သေပြီးနောက် ပျက်စီးခြင်းမရှိ၊ သညာရှိ၏။

(၈) အတ္တသည် အဆုံးရှိလည်းမဟုတ်၊ အဆုံးမရှိလည်းမဟုတ်၊ သေပြီးနောက် ပျက်စီးခြင်းမရှိ၊ သညာရှိ၏။

(၉) အတ္တသည် သညာတမျိုးတည်းသာရှိ၏။ သေပြီးနောက် ပျက်စီးခြင်းမရှိ၊ သညာရှိ၏။

(၁၀) အတ္တသည် သညာအမျိုးမျိုးရှိ၏။ သေပြီးနောက် ပျက်စီးခြင်းမရှိ၊ သညာရှိ၏။

(၁၁) အတ္တသည် သညာသေးငယ်၏။ သေပြီးနောက် ပျက်စီးခြင်းမရှိ၊ သညာရှိ၏။

(၁၂) အတ္တသည် အတိုင်းအရှည် မရှိအောင် သညာကြီးကျယ်၏။ သေပြီးနောက် ပျက်စီးခြင်းမရှိ၊ သညာရှိ၏။
(၁၃) အတ္တသည် စင်စစ် သုခရှိ၏။ သေပြီးနောက် ပျက်စီးခြင်းမရှိ၊ သညာရှိ၏။
(၁၄) အတ္တသည် စင်စစ် ဒုက္ခရှိ၏။ သေပြီးနောက် ပျက်စီးခြင်းမရှိ၊ သညာရှိ၏။
(၁၅) အတ္တသည် သုခ-ဒုက္ခ နှစ်မျိုးလုံးရှိ၏။ သေပြီးနောက် ပျက်စီးခြင်းမရှိ၊ သညာရှိ၏။
(၁၆) အတ္တသည် သုခ-ဒုက္ခမရှိ၊ သေပြီးနောက် ပျက်စီးခြင်းမရှိ၊ သညာရှိ၏။

ရဟန်းတို့ ဥဒ္ဓမာဃာတနိက အသညီဝါဒ ရှိကြသော ရဟန်း-ပုဏ္ဏားအချို့ ရှိကြ၏။ သူတို့သည် အကြောင်းပြရှစ်ပါးတို့ဖြင့် အတ္တကိုသေပြီးနောက်၌ သညာမရှိဟုပြောဆိုကြ၏။

(၁) အတ္တသည် အပြောင်းအလွဲ ရုပ်သဘောရှိ၏။ သေပြီးနောက်မြဲ၏။ သညာမရှိ။
(၂) အတ္တသည် ရုပ်သဘောမရှိ၊ သေပြီးနောက်မြဲ၏။ သညာမရှိ။
(၃) အတ္တသည် ရုပ်သဘောအရှိလည်းဟုတ်၏။ ရုပ်သဘောမရှိလည်း ဟုတ်၏။ သေပြီးနောက်မြဲ၏။ သညာမရှိ။

(၄) အတ္တသည် ရုပ်သဘော ရှိသည်လည်းမဟုတ်၊ ရုပ်သဘောမရှိသည်လည်းမဟုတ်။ သေပြီးနောက်မြဲ၏။ သညာမရှိ။
(၅) အတ္တသည် အဆုံး အပိုင်းခြားရှိ၏။ သေပြီးနောက်မြဲ၏။ သညာမရှိ။
(၆) အတ္တသည် အဆုံး-အပိုင်းအခြားမရှိ။
(၇) အတ္တသည် အဆုံးလည်းရှိ၊ အဆုံးလည်းမရှိ။
(၈) အတ္တသည် အဆုံးရှိလည်းမဟုတ်၊ အဆုံးမရှိလည်းမဟုတ်၊ သေပြီးနောက်မြဲ၏။ သညာမရှိ။

ရဟန်းတို့ ဥဒ္ဓမာဃာတနိက နေဝသညီ နာသညီဝါဒရှိကုန်သော ရဟန်းပုဏ္ဏားအချို့ရှိကြ၏။ သူတို့သည်အကြောင်းပြရှစ်ပါးတို့ဖြင့် အတ္တကိုသေပြီးနောက်၌ သညာရှိလည်းမဟုတ်၊ သညာမရှိလည်းမဟုတ်ဟူ၍ ပြောဆိုကြ၏။

(၁) အတ္တသည် အပြောင်းအလဲရုပ်သဘောရှိ၏။ သေပြီးနောက်မြဲ၏။ သညာရှိလည်းမဟုတ်၊ သညာမရှိလည်းမဟုတ်။
(၂) အတ္တသည် ရုပ်သဘောမရှိ။
(၃) အတ္တသည် ရုပ်သဘောလည်းရှိ၏။ ရုပ်သဘောလည်း မရှိ။
(၄) အတ္တသည် ရုပ်သဘော အရှိလည်းမဟုတ်၊ ရုပ်သဘောမရှိလည်းမဟုတ်။
(၅) အတ္တသည် အဆုံးအပိုင်းအခြားရှိ၏။

(၆) အတ္တသည် အဆုံးအပိုင်းအခြားမရှိ။
(၇) အတ္တသည် အဆုံးလည်းရှိ၊ အဆုံးလည်းမရှိ။
(၈) အတ္တသည် အဆုံးရှိလည်း မဟုတ်၊ အဆုံးမရှိလည်းမဟုတ်၊ သေပြီးနောက်မြဲ၏။ သညာရှိလည်းမဟုတ်၊ သညာမရှိလည်းမဟုတ်။

ရဟန်းတို့ ဥစ္ဆေဒဝါဒ အယူရှိကုန်သော ရဟန်းပုဏ္ဏားအချို့ရှိကြ၏။ သူတို့သည် အကြောင်းပြခုနစ်မျိုးတို့ဖြင့် ထင်ရှားရှိသော သတ္တဝါ၏ပြတ်စဲပျက်စီးကင်းပျောက်ခြင်းကို ပြောဆိုကြ၏။

(၁) ခန္ဓာကိုယ်ပျက်စီးလျှင် အတ္တလည်းပြတ်စဲပျောက်ပျက်၏။ သေပြီးနောက် ဘာမျှမဖြစ်။
(၂) လူ့ဘဝ တဘဝမျှဖြင့် ဤအတ္တသည် မပြတ်စဲသေး၊ နတ်ဖြစ်ပြီးနောက်မှ အဆက်မရှိပြတ်စဲ၏။ နောက်ထပ်ဘာမျှမဖြစ်။
(၃) နတ်ဘဝမျှဖြင့် ဤအတ္တသည် မပြတ်စဲသေး၊ ဗြဟ္မာ ဖြစ်ပြီးနောက်မှ အဆက်မရှိ ပြတ်စဲ၏၊ နောက်ထပ်ဘာမျှမဖြစ်။
(၄) အာကာသာနဉ္စာယတန ဘုံသို့ရောက်မှ အတ္တသည် ပြတ်စဲ၏။
(၅) ဝိညာဏဉ္စာယတန ဘုံသို့ရောက်မှ အတ္တသည် ပြတ်စဲ၏။

(၆) အာကိဉ္စညာယတနဘုံသို့ရောက်မှ အတ္တသည်ပြတ်စဲ၏။

(၇) နေဝသညာ နာသညာယတနဘုံသို့ ရောက်မှ အတ္တသည်ပြတ်စဲ၏။

ရဟန်းတို့ ဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒ ရှိကြသော ရဟန်းပုဏ္ဏားအချို့ရှိကြ၏။ သူတို့သည်အကြောင်းပြ ငါးမျိုးတို့ဖြင့် ထင်ရှားရှိသော သတ္တဝါ၏မှန်မြတ်သော ဒိဋ္ဌဓမ္မနိဗ္ဗာန်ကို ပြောပြကြ၏။

(၁) ကာမဂုဏ်ငါးပါးဖြင့် တင့်တယ်စမ့်ယ်လျက် ခံစားရခြင်းသည် သတ္တဝါ၏ မှန်မြတ်သော ဒိဋ္ဌဓမ္မနိဗ္ဗာန်ဖြစ်၏။

(၂) ပထမစျာန်ကိုရသောအခါမှ အတ္တသည် မှန်မြတ်သော ဒိဋ္ဌဓမ္မနိဗ္ဗာန်သို့ရောက်၏။

(၃) ဒုတိယစျာန်ကိုရသောအခါမှ အတ္တသည်မှန်မြတ်သောဒိဋ္ဌဓမ္မနိဗ္ဗာန်သို့ရောက်၏။

(၄) တတိယစျာန်ကို ရသောအခါမှ အတ္တသည် မှန်မြတ်သော ဒိဋ္ဌဓမ္မနိဗ္ဗာန်သို့ ရောက်၏။

(၅) စတုတ္ထစျာန်ကိုရသောအခါမှ အတ္တသည် မှန်မြတ်သော ဒိဋ္ဌဓမ္မနိဗ္ဗာန်သို့ရောက်၏။

ရဟန်းတို့ ဗုဒ္ဓသည် ထို၆၂မျိုးသော မိစ္ဆာအယူကို အမျိုးမျိုးအစားစားသိ၏။ ဤမိစ္ဆာအယူတို့သည် ဤသို့ယူထားလျှင် ဤသို့အဖန်ဖန် သုံးသပ်ထားလျှင် မည်သို့သောဂတိသို့

ရောက်ကြလိမ့်မည်။ ဤမည်သော တမလွန်ဘဝ ရှိလိမ့်မည်ဟု သိ၏။ အကြောင်း,လားရာဂတိနှင့်တကွ ထိုမိစ္ဆာအယူကိုလည်း သိ၏။ ထို့ထက်လွန်သော သီလ,သမာဓိ, သဗ္ဗညုတဉာဏ်ပညာ ကိုလည်းသိ၏။ သို့သော်လည်း ထိုအသိကို တဏှာ, မာန, ဒိဋ္ဌိ အားဖြင့် အမှားမသုံးသပ်၊ သို့ကြောင့်လည်း ငြိမ်းချမ်းသော နိဗ္ဗာန်ကို ကိုယ်တိုင်သိမြင်ခြင်းဖြစ်၏။ ဗုဒ္ဓသည် ဝေဒနာတို့၏ ဖြစ်ကြောင်းနှင့် ဖြစ်ခြင်းကိုရင်း, သာယာအပ်သော သဘော ကိုရင်း, အပြစ်ကိုရင်း, လွတ်မြောက်ခြင်းကိုရင်း ဟုတ်တိုင်း မှန်စွာသိတော်မူ၍ တဏှာဒိဋ္ဌိတို့ဖြင့် မစွဲလမ်းဘဲ ကိလေသာ တို့မှ လွတ်မြောက်၏။

ရဟန်းတို့ နက်နဲသော, မြင်ရန်ခဲယဉ်းသော, သိရန် မလွယ်သော, ငြိမ်သက်သော, မွန်မြတ်သော, ကြံစည်တွေးဆ ခြင်းဖြင့် မသက်ဝင်နိုင်သော, သိမ်မွေ့သော, ပညာရှိတို့သာ သိနိုင်သော ထိုဂုဏ်တော်တို့ဟူသည် ပြဆိုခဲ့သော သဗ္ဗညုတ ဉာဏ်ဂုဏ်တို့တည်း။ ယင်းဂုဏ်တို့ကို ဗုဒ္ဓသည်ကိုယ်တိုင်ထူးခြား သော အရဟတ္တမဂ်ဉာဏ်ကြောင့် မျက်မှောက်ပြု၍ သတ္တဝါ တို့အား သစ္စာလေးပါးစသောတရားတို့ကို သိစေနိုင်၍ ငါဗုဒ္ဓ ဖြစ်ပြီဟုဝန်ခံနိုင်သည်။ ဗုဒ္ဓ၏ဂုဏ်တို့ကို ပြောပြလိုပါက ယင်း သဗ္ဗညုတဂုဏ်တို့ဖြင့် ပြောပြမှသာ ဟုတ်တိုင်းမှန်စွာ ပြောရာ ရောက်မည်။

ဤဒေသနာထော်၌ ဤဘဝ နောက်ဘဝ အစီးအပွား များကို ခွဲခြားဝေဖန်သောကြောင့် ဤဒေသနာကို အတ္ထဇာလ

ဟုလည်း မှတ်အပ်၏။ ပါဠိဓမ္မအများအပြားတို့ကို ဟောကြား ထားသောကြောင့် ဓမ္မဇာလဟုလည်းမှတ်သင့်၏၊ မြတ်သော သဗ္ဗညုတဉာဏ်ကို ဝေဖန် ထားသောကြောင့် ဗြဟ္မဇာလဟု လည်းမှတ်အပ်၏။ မိစ္ဆာဝါဒ ၆၂ ပါးတို့ကို ဝေဖန်ထားသော ကြောင့် ဒိဋ္ဌိဇာလဟုလည်းမှတ်အပ်၏။ ဤဒေသနာကို ကြားနာ ရသူတို့သည် မာရ်ငါးပါးကိုအောင်မြင်နိုင်သောကြောင့် အနုတ္တရ သင်္ဂါမဝိဇယဟုလည်း မှတ်သင့်၏။

# ဒိဋ္ဌိ ၆၂ ပါး အချုပ်

ပုဗ္ဗန္တကပ္ပိက [၁၈]- အတိတ်ကဖြစ်ခဲ့သော တရားစုကို တွေးမြင် ပြောဆိုသော အယူဝါဒရှိသူ တဆယ့်ရှစ်ဦး။

သဿတဒိဋ္ဌိ [၄]- အတ္တသည် မြဲ၏ဟု ယူဆသော အမြင်လေးမျိုး။

ဧကစ္စသဿတဒိဋ္ဌိ [၄]- ဗြဟ္မာမင်းဟူသော အချို့ အတ္တမြဲ၍ ထိုမှ တပါးသော အတ္တတို့ကား မမြဲဟု ယူဆသောအမြင်လေးမျိုး။

အန္တာနန္တဒိဋ္ဌိ [၄]- အတ္တကို အဆုံး အပိုင်း အခြား ရှိ မရှိနှင့် စပ်၍ ယူဆသော အမြင် လေးမျိုး။

အမရာဝိက္ခေပဒိဋ္ဌိ [၄]- ပြဿနာ အမေး ခံရလျှင် မပြီးပြတ်နိုင်အောင် စကားဖြင့် ရှောင်လွှဲဖယ်ရှားသော အမြင်လေးမျိုး။

အမိစ္စသမုပ္ပန္နဒိဋ္ဌိ [၂]- အတ္တဖြစ်ရန် အကြောင်းမရှိ၊ ဖြစ်ချင်သလို ဖြစ်လာသည်ဟု ယူဆသော အမြင်နှစ်မျိုး။

အပရန္တကပ္ပိက [၄၄]- အနာဂတ် တရားစုကို တွေးမြင်ပြောဆိုသော အယူဝါဒရှိသူ လေးဆယ့်လေးဦး။

ဥဒ္ဓမာဃာတနသညီဒိဋ္ဌိ[၁၆]- သေပြီးနောက် သညာရှိ၏ဟု ယူဆသော အမြင် တဆယ့်ခြောက်မျိုး။

ဥဒ္ဓမာဃာတနအသညီဒိဋ္ဌိ[ ၈ ]–သေပြီးနောက် သညာ မရှိဟု ယူဆသော အမြင် ရှစ်မျိုး။

ဥဒ္ဓမာဃာတနနေဝသညီနာသညီဒိဋ္ဌိ[၈]–သေပြီးနောက်သညာရှိ မရှိ နှစ်မျိုးလုံး ယူဆသော အမြင် ရှစ်မျိုး။

ဥစ္ဆေဒဒိဋ္ဌိ [၇]- သတ္တဝါသည် သေလျှင် ပြီးပြတ်၏ဟု ယူဆသော အမြင် ခုနစ်မျိုး။

ဒိဋ္ဌဓမ္မနိဗ္ဗာနဒိဋ္ဌိ [၅]- မျက်မှောက်လောက၌ ကောင်းမွန်စွာစားသောက် နေထိုင်ခြင်းသည် နိဗ္ဗာန် ဟု ယူဆသော အမြင် ငါးမျိုး။

# သီဟဠတိုင်း

## { ၉ }

အရှင် မဟိန္ဒ, အရှင်ဣဋ္ဋိယ, အရှင် ဥတ္တိယ, အရှင်ဘဒ္ဒသာလ, အရှင်သမ္ဗလ, ရှင်သုမနနှင့်သီတင်းသည် ဘဏ္ဍုကတို့သည် သီဟဠတိုင်း၌ သာသနာပြုရန် ကြွသွားကြ၏။ သီဟဠ တိုင်းဟူသည်မှာ ယခုအခါ သီရိလင်္ကာဟု အမည်ပြောင်းထားသော သီဟိုဠ်ကျွန်းပင် ဖြစ်၏။ အရှင်မဟိန္ဒ အမှူးရှိသော သာသနာပြုအဖွဲ့ဝင်တို့သည် သီဟိုဠ်ကျွန်း မိဿကတောင် အမ္ဗတ္ထ အပြင်၌ စခန်းချနေကြ၏။

ထိုအခါ သီဟိုဠ်ဘုရင် ဒေဝါနံ ပိယတိဿမင်းသည် ဗိုလ်ပါလေးသောင်းခြံရံပြီး တောကစား လှည့်လည်လျက် မိဿကတောင်သို့ ရောက်ကာ အရှင်တို့နှင့် တွေ့ဆုံဆွေးနွေး၏။

"အရှင်တို့ ဘယ်အရပ်မှ လာကြပါသနည်း"

"မင်းကြီး ငါတို့သည် ဇမ္ဗူဒိပ်ကျွန်းမှ လာခဲ့ကြပါသည်"

"အဘယ်ခရီးဖြင့် လာကြပါသနည်း"

"မင်းကြီး ငါတို့ကား ကြည်းကြောင်း ခရီးဖြင့်လည်း မလာပါ၊ ရေကြောင်းခရီးဖြင့်လည်းမလာပါ"

ထိုအခါ မင်းကြီးသည် ထိုအရှင်များ လေကြောင်းခရီးဖြင့် လာကြခြင်းဖြစ်လိမ့်မည်ဟု ယူဆ၍ သေချာအောင် ဆက်လက်ပြီး မေးပြန်၏။

"အရှင်တို့သည် ဘယ်အချိန်က ကြွလာကြပါသနည်း"

"ယနေ့နံနက်ပင် ဇမ္ဗူဒိပ်ကျွန်း ဝေဒိသာ ကျောင်းမှ ဆွမ်းစားပြီးလာခဲ့ကြပါသည်"

အရှင်တို့ကား အံ့သြဖွယ်ရှိပေစွ၊ စိတ်နှင့်အတူပင် အလိုရှိရာသို့ သွားလာနိုင်ကြပါသည်ဟု ချီးမွမ်းကာ ကြည်ညို မြတ်နိုးနေ၏။ အရှင်တို့ကား ဤမင်းကို အမှီပြု၍ ဤကျွန်း၌ သာသနာပြုကြရမည်ဖြစ်ကြ၏။ သို့ကြောင့် ဤမင်း၏ အရည်အချင်းကို ဤတွင် သိလိုသဖြင့် အရှင် မဟိန္ဒသည် မင်းကြီးအား သရက်ပင်ကို ညွှန်ပြကာ ပြဿနာမေး၏။

"မင်းကြီး ဤသစ်ပင်သည် အဘယ် အမည် ရှိသနည်း"

"အရှင်ဘုရား သရက်ပင် မည်ပါ၏"

"မင်းကြီး ဤသရက်ပင်ကို ထား၍ အခြားတပါးသော သရက်ပင် ရှိသေးသလော"

"အရှင်ဘုရား များစွာသော သရက်ပင်တို့သည် ရှိပါ၏"

"မင်းကြီး ဤသရက်ပင်ကိုရင်း၊ အခြား တပါးသော သရက်ပင်များကိုရင်း ထား၍ သစ်ပင်တို့သည် ရှိကုန်သေး၏လော"

"အရှင်ဘုရား သစ်ပင်များစွာ ရှိကြ၏။ သို့သော်လည်း သရက်ပင်များကား မဟုတ်ကြပါ"

"မင်းကြီး တပါးကုန်သော သရက်ပင်တို့ကိုရင်း၊ သရက်ပင်မဟုတ်သော သစ်ပင်တို့ကိုရင်း ထား၍ အခြားသစ်ပင်ရှိသေးသလော"

"အရှင်ဘုရား ဤသရက်ပင်ရှိပါ၏"

"မင်းကြီး သင့်အား ဆွေမျိုးတို့သည် ရှိသလော"

"အရှင်ဘုရား ဆွေမျိုးကား အများပင်ရှိပါ၏"

"အဆွေမတော်သော သူကား ရှိပါ၏လော"

"အရှင်ဘုရား ဆွေမျိုးဖြစ်သော သူထက် ဆွေမျိုးမတော်သော သူသည် များပါ၏"

"မင်းကြီး ဆွေမျိုးတော်သော သူကိုရင်း၊ ဆွေမျိုး မတော်သောသူကိုရင်း ထား၍ အခြားသောသူ ရှိ၏လော"

"အရှင်ဘုရား ကျွန်ုပ်သာလျှင်ရှိပါ၏"

"မင်းကြီးသည် ပညာရှိပေစွ"

ထို့နောက် အရှင် မဟိန္ဒသည် စူဠဟတ္ထိပဒေါပမ သုတ်ကို ဟောကြားတော်မူ၏။ ဒေသနာတော်၏ အဆုံး၌ ဒေဝါနံ ပိယတိဿမင်းသည် လေးသောင်းမျှလောက်သော ပရိသတ်နှင့် တကွ သရဏဂုံတည်သော ဥပါသကာ အဖြစ်သို့ ရောက်လေ၏။

စူဠဟတ္ထိ ပဒေါပမ သုတ်ကို မဇ္ဈိမနိကာယ် မူလပဏ္ဏာသပါဠိတော်၌ တွေ့နိုင်၏။ ဆက်လက်၍ ထိုသုတ်ကို အကျဉ်းချုပ်ပြီး ဖော်ပြပါမည်။

## ၅၄ ဟတ္ထိပဒေါပမသုတ်

အခါတပါး မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ ဇာဏုသောဏိပုဏ္ဏား ရထားဖြင့် မွန်းတည့်ချိန် သာဝတ္ထိပြည်မှ ထွက်လာစဉ် ပိလောတိကပရိဗိုဇ်အား တွေ့၍ နှုတ်ဆက်၏။

"အရှင်ဘယ်က လာပါသနည်း"

"ရဟန်းဂေါတမထံမှလာခဲ့၏"

"အရှင် ရဟန်းဂေါတမ၏ ပညာအရည်အခြင်းကို ဘယ်သို့ ထင်မှတ်ပါသနည်း"

ပုဏ္ဏား ငါသည်ဘယ်သို့သောသူဖြစ်၍ ရဟန်းဂေါတမ၏ ပညာစွမ်းကို သိနိုင်မည်နည်း"

"အရှင် သင်သည်ရဟန်းဂေါတမကို မြတ်သောချီးမွမ်းခြင်းဖြင့် ချီးမွမ်းဘိ၏"

"ပုဏ္ဏား ငါသည်ဘယ်သို့သောသူဖြစ်၍ ရဟန်း ဂေါတမကို ချီးမွမ်းနိုင်မည်နည်း"

"အရှင် ဘယ်အကျိုးမြင်၍ ရဟန်းဂေါတမ အပေါ်၌မျှ ကြည်ညိုနေပါသနည်း"

"ပုဏ္ဏားဥပမာ ဆင်တော၌နေပြီး လိမ္မာသူသည် ဆင်ခြေရာကြီးကိုမြင်သဖြင့် ဤဆင်သည်ကြီးမား၏ဟု ဆုံးဖြတ်နိုင်သကဲ့သို့ ရဟန်းဂေါတမ၏ ခြေရာကိုမြင်သဖြင့် သူ၏ကြီးကျယ်မြင့်မြတ်ခြင်းကို သိနိုင်၏"

ထိုနောက် ဇာဏုသောဏိပုဏ္ဏားသည် မြတ်စွာဘုရားထံ ချဉ်းကပ်၍ ပိလောတိကပရိဗိုဇ်နှင့်ပြောဆိုခဲ့သမျှ စကားတို့ကို လျှောက်ကြား၏။ ထိုအခါ မြတ်စွာဘုရားက "ပုဏ္ဏား ဤမျှနှသာစကားဖြင့် ဆင်ခြေရာ ဥပမာရှိသောတရားသည် မပြည့်စုံသေး" မိန့်ကြားပြီးဆက်လက်ဟောကြားတော်မူ၏။

ပုဏ္ဏားဥပမာသော်ကား ဆင်တော၌နေလေ့ရှိပြီး ဆင်အဘတ်၌ ကျွမ်းကျင်သူသည် အလျားရှည်၍ အနံကျယ်သော ဆင်ခြေရာကြီးကိုမြင်၍ဤဆင်ပြောင်သည်ကြီးမားလှ၏ဟု မဆုံးဖြတ်၊ အကြောင်းကား ဤခြေရာသည် ခြေရာကြီးသည့် ပုကွသော "ဝါမနိကာ" ဆင်မခြေရာဖြစ်သောကြောင့်တည်း။

ထို့ပြင် ထိုသူသည် အလျားရှည်၍ အနံကျယ်သော ဆင်ခြေရာနှင့် မြင့်ရာ၌ ပွတ်တိုက်ရာကိုမြင်၍ ဤဆင်ပြောင်သည်ကြီးမားလှ၏ဟု မဆုံးဖြတ်၊ အကြောင်းကား ဤခြေရာသည် ခြေရာကြီးမားသည့် ခြေတန်ရှည်၍ အစွယ်ကြီးသော "ဥစ္စာကာဠာရိကာ" ဆင်မ၏ ခြေရာဖြစ်သောကြောင့်တည်း။

ထို့ပြင် ထိုသူသည် အလျားရှည်၍ အနံကျယ်သော ဆင်ခြေရာနှင့် မြင့်ရာ၌ပွတ်တိုက်ရာအပြင် မြင့်ရာ၌ အစွယ်ဖြင့် ထိုးခြစ်ရာကိုမြင်၍ ဤဆင်ပြောင်သည် ကြီးမားလှ၏ဟု မဆုံးဖြတ်၊ အကြောင်းကား ဤခြေရာသည်ခြေရာကြီးသည့် ခြေတန်

ရှည်၍ စဉ်းငယ်ပွင့်သည့် ပန်းငုံသဏ္ဍာန်အစွယ်ရှိသော "ဥစ္စာကရေကာကာ" ဆင်မခြေရာဖြစ်သောကြောင့်တည်း။

ထိုသူသည် ဆင်တော်၌ အလျားရှည်၍ အနံကျယ်သော ဆင်ခြေရာကိုရင်း, မြင့်ရာ၌ပွတ်တိုက်ရာနှင့်အစွယ်တို့ဖြင့် ထိုးခြစ်ရာအပြင် သစ်ခက်ကျိုးကိုရင်း၊ တွေ့မြင်၏။ ထိုဆင်ပြောင်ကိုလည်း သစ်ပင်ရင်း, လွင်တီးခေါင်တို့၌ သွားခြင်း, ရပ်ခြင်း, ထိုင်ခြင်း, အိပ်ခြင်း, တစုံတရာကိုမြင်၏။ ထိုသူသည် "ထိုဆင်ကြီးသည်ကား ဤဆင်ပြောင်ကြီးပင်တည်း"ဟု ဆုံးဖြတ်ခြင်းသို့ ရောက်၏။

ပုဏ္ဏား ဤအတူပင် ဤလောက၌ဗုဒ္ဓပွင့်ထွန်း၏။ ဗုဒ္ဓသည် လောကကို ကိုယ်တိုင်ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုလျက် စင်ကြယ်သောတရားကိုဟောကြား၏။ မြတ်သောအကျင့်ကိုပြ၏။ ယင်းတရားကိုလူတို့ကြားနာရသဖြင့်ယုံကြည်ပြီး ရဟန်းပြုကြ၏။

ထိုသူတို့သည် ရဟန်းပြုပြီးသော် အသက်သတ်ခြင်းမှ ရှောင်ကြဉ်၏။ မပေးသည်ကိုယူခြင်းမှ ရှောင်ကြဉ်၏။ မမြတ်သောအကျင့်ကိုပယ်၍ မြတ်သောအကျင့်ကိုကျင့်၏။ မဟုတ်မမှန်ပြောဆိုခြင်းမှရှောင်ကြဉ်၏။ ကုန်းစကားမှ ရှောင်ကြဉ်၏။ ကြမ်းသောစကားမှ ရှောင်ကြဉ်၏။ ပြိန်ဖျင်းသော စကားမှ ရှောင်ကြဉ်၏။မျိုးစေ့အပေါင်း အပင်အပေါင်းကိုဖျက်ဆီးခြင်းမှ ရှောင်ကြဉ်၏။ ဆွမ်းတနပ်သာ စားလေ့ရှိ၏။ ညစာစားခြင်းမှ ရှောင်ကြဉ်၏။ ကခြင်း,သီခြင်း တီးမှုတ်ခြင်း, ပွဲကြည့်ခြင်းမှ ရှောင်ကြဉ်၏။ မြင့်သောနေရာ မြတ်သောနေရာမှ

ရှောင်ကြဉ်၏။ ရွှေငွေကိုခံယူခြင်းမှရှောင်ကြဉ်၏။ ကောက်စိမ်းနှင့်အသားစိမ်းကိုခံယူခြင်းမှ ရှောင်ကြဉ်၏။ မိန်းမအို-မိန်းမပျိုကျွန်မိန်းမ-ကျွန်ယောကျ်ားကို ခံယူခြင်းမှရှောင်ကြဉ်၏။ ကြက်ဝက်,ဆင်,နွား,မြင်း,မြည်း လယ်ယာကိုခံယူခြင်းမှ ရှောင်ကြဉ်၏။ တမန်မှု အစေအပါးမှုကိုဆောင်ရွက်ခြင်းမှ ရှောင်ကြဉ်၏။ ရောင်းမှုဝယ်မှုမှ ရှောင်ကြဉ်၏။ ချိန်စဉ်းလဲ အသပြာစဉ်းလဲခြင်တွယ်တိုင်းတာစဉ်းလဲခြင်းတို့မှ ရှောင်ကြဉ်၏။ တံစိုးယူခြင်းလှည့်ဖြားခြင်းအတုပြုခြင်း တည်းဟူသော ကောက်ကျစ်ခြင်းမှရှောင်ကြဉ်၏။

ထိုရဟန်းတို့သည် မျှတရုံသော သင်္ကန်းဆွမ်းဖြင့် ရောင့်ရဲ၏။ ငှက်သည် မိမိအတောင်သာဝန်ရှိသည်ဖြစ်၍ ပျံသကဲ့သို့ထို့အတူ ရဟန်းသည် မည်သည့်အရပ်ကိုမဆို မျှတရုံ သင်္ကန်းဆွမ်းကိုဆောင်ယူ၍သွား၏။ မြတ်သောအကျင့်သီလနှင့် ပြည့်စုံသည်ဖြစ်၍ အပြစ်မရှိသောချမ်းသာကိုခံစား၏။

ထိုရဟန်းသည် မျက်စိဖြင့် ရူပါရုံကို မြင်သော်၎င်း၊ နားဖြင့် သဒ္ဒါရုံကို ကြားသော်၎င်း၊ နှာခေါင်းဖြင့် ဂန္ဓာရုံကို နမ်းသော်၎င်း၊ လျှာဖြင့် ရသာရုံကိုလျက်သော်၎င်း၊ ကိုယ်ဖြင့် ဖောဋ္ဌဗ္ဗာရုံကို တွေ့ထိသော်၎င်း၊ စိတ်ဖြင့်ဓမ္မာရုံကိုသိသော်၎င်း၊ အမှတ်နိမိတ်ကို စွဲယူလေ့မရှိ၊ ယင်းသို့ဣန္ဒြေကို စောင့်စည်းရန်ကျင့်၏။ စောင့်စည်းခြင်းနှင့်ပြည့်စုံ၍ ချမ်းသာစစ်ကို ခံစားရ၏။

ထိုရဟန်းသည် ရှေ့သို့တက်ရာ၊နောက်သို့ ဆုတ်ရာ၌၎င်း၊ တူရူကြည့်ရာ၊ တစောင်းကြည့်ရာ၌၎င်း၊ ကွေးရာ ဆန့်ရာ၌၎င်း၊ သပိတ်သင်္ကန်းကို ဆောင်ရာ၌၎င်း၊ စားရာ သောက်ရာ၌၎င်း၊

ကျောင်းကြီးကျောင်းငယ်စွန့်ရာ၌ရင်း၊ သွားရာ၊ရပ်ရာ၊ ထိုင်ရာ၊ထရာ၊ အိပ်ရာ၊နိုးရာ၊ ပြောရာ၊ ဆိတ်ဆိတ်နေရာ၌ရင်း၊ ဆင်ခြင်ဉာဏ်ဖြင့် ပြုလေ့ရှိ၏။

ထိုရဟန်းသည် တောသစ်ပင်ရင်း၊ တောင်ချောက်၊ တောင်ခေါင်း၊ သုသာန်၊ တောအုပ်၊ လွင်ပြင်၊ ကောက်ရိုးပုံဟူသော ဆိတ်ငြိမ်ရာသော အိပ်ရာနေရာကို မှီဝဲ၏။ ထိုရဟန်းသည် ဆွမ်းခံရွာမှ ပြန်ခဲ့၍ ဆွမ်းစားပြီးနောက် ထက်ဝယ်ဖွဲ့ခွေပြီးလျှင် ကိုယ်ကို ဖြောင့်မတ်စွာထား၍ ကမ္မဋ္ဌာန်းသို့ ရှေးရှုကာ သတိကို ဖြစ်စေလျက်ထိုင်၏။

ထိုရဟန်းသည် မက်မောခြင်း အဘိဇ္ဈာကင်းသော စိတ်ဖြင့်နေ၏။ ခပ်သိမ်းသော သတ္တဝါတို့၏ အစီးအပွားကိုလိုလားလျက်နေ၏။ လေးလံထိုင်းမှိုင်းခြင်း ထိန မိဒ္ဓကင်းသည် ဖြစ်၍နေ၏၊ ပျံ့လွင့်ခြင်း ဥဒ္ဓစ္စ၊ နောင်တရခြင်း ကုက္ကုစ္စ မဝေခွဲနိုင်ခြင်း ဝိစိကိစ္ဆာကို ပယ်၍နေ၏။

ထိုရဟန်းသည် ဤပိတ်ပင်ကြောင်း နီဝရဏငါးပါးတို့ကို ပယ်၍ ကာမဂုဏ်တို့မှ ဆိတ်၍သာလျှင် ကြံစည်ခြင်း ဝိတက်၊ သုံးသပ်ဆင်ခြင်ခြင်း ဝိစာရ၊ နှစ်သိမ့်ခြင်း ပီတိ၊ ချမ်းသာခြင်း သုခ ရှိသော ပထမစျာန်သို့ ရောက်၍နေ၏။

တဖန် ထို့ပြင်လည်း ရဟန်းသည် ဝိတက်၊ ဝိစာရ မရှိသော တည်ကြည်ခြင်း သမာဓိကြောင့်ဖြစ်သော ပီတိနှင့် သုခ ရှိသော ဒုတိယစျာန်သို့ရောက်၍ နေ၏။

တဖန် ထို့ပြင်လည်း ရဟန်းသည် ပီတိကိုလည်းမတပ်မက်ခြင်းကြောင့် အောက်မေ့ခြင်းသတိနှင့်ဆင်ခြင်ခြင်း သမ္ပဇဉ်နှင့်

ပြည်စုံသည်ဖြစ်၍ လျစ်လျူရှုလျက်နေ၏။ သုခကိုလည်း ကိုယ်ဖြင့် ခံစား၏။ အကြင် တတိယစျာန်ကြောင့် ထိုသူကို လျစ်လျူရှုသူ၊ သတိရှိသူ၊ ချမ်းသာစွာ နေလေ့ရှိသူဟု အရိယတို့ ပြောကြားကြ၏။

တဖန် ထို့ပြင်လည်း ရဟန်းသည် ချမ်းသာ၊ ဆင်းရဲကို ပယ်ခြင်းကြောင့်၎င်း၊ ရှေးဦးကပင် ဝမ်းသာခြင်း၊ နှလုံးမသာယာခြင်းတို့၏ ချုပ်နှင့်ခြင်းကြောင့်၎င်း၊ လျစ်လျူရှုမှုဥပေက္ခာကြောင့်ဖြစ်သော သတိ၏ စင်ကြယ်ခြင်းရှိသော စတုတ္ထစျာန်သို့ ရောက်၍နေ၏။

ပုဏ္ဏား ဤစျာန်တို့သည် ဗုဒ္ဓ၏ခြေရာဟူ၍၎င်း၊ ပွတ်တိုက်ရာဟူ၍၎င်း၊ အစွယ်ဖြင့်ထိုးခြစ်ရာဟူ၍၎င်း ဆိုသင့်၏။ ဗုဒ္ဓ၏ တပည့်သာဝကသည် ထိုသို့စတုတ္ထစျာန်ကို ဝင်စား၍ နေရုံမျှဖြင့် ဗုဒ္ဓသည် ကိုယ်တိုင် မှန်စွာသိသော ဗုဒ္ဓတည်း၊ ဓမ္မသည် ဗုဒ္ဓကောင်းစွာ ဟောကြားသောဓမ္မတည်း၊ ဗုဒ္ဓ၏တပည့် သံဃာသည် အကျင့်ကောင်းရှိသော သံဃာဟု ဆုံးဖြတ်ခြင်းသို့ မရောက်သည်သာတည်း။

ယင်းသို့ ထိုရဟန်း၏ တည်ကြည်သော စိတ်သည် စင်ကြယ် သန့်ရှင်း ဖြူစင် နူးညံ့၍ ပြုတိုင်းရပြီး တည်ကြည်သော် ရှေး၌ ဖြစ်ဘူးသည်ကို အောက်မေ့ နိုင်သော ပုဗ္ဗေနိဝါသာနုဿတိဉာဏ်အလို့ငှါ စိတ်ကို ရှေးရှုဆောင်၍ ညွတ်စေ၏။ ထိုရဟန်းသည် ရှေး၌ ဖြစ်ဘူးသော ဘဝအများအပြားကို အောက်မေ့နိုင်၏။

ထိုရဟန်း၏ စိတ်သည် ထို့အတူ စင်ကြယ်သန့်ရှင်းဖြူစင် နူးညံ့၍ ပြုတိုင်းရပြီး တည်ကြည်သော် သတ္တဝါတို့၏ သေခြင်း ဖြစ်ပေါ်ခြင်းကို သိသော စုတူပပါတဉာဏ် အလို့ငှါ စိတ်ကို ရှေးရှုညွှတ်စေ၏။ အထူးသဖြင့် စင်ကြယ်သော ဒိဗ္ဗစက္ခုဉာဏ် ဖြင့် ကံအားလျော်စွာ ဖြစ်သော သတ္တဝါတို့ကို သိနိုင်၏။

ဤဉာဏ်တို့ကိုလည်း ဗုဒ္ဓ၏ ခြေရာဟုရင်း၊ ပွတ်တိုက်ရာ ဟုရင်း၊ အစွယ်ဖြင့်ထိုးခြစ်ရာဟုရင်း ဆိုသင့်၏။ သို့သော်လည်း ထိုဉာဏ်တို့ကို ရရုံမျှဖြင့် ဗုဒ္ဓသည် ကိုယ်တိုင်မှန်စွာ သိသော ဗုဒ္ဓ တည်း။ ဓမ္မသည် ဗုဒ္ဓကောင်းစွာ ဟောကြားသော ဓမ္မတည်း။ ဗုဒ္ဓ၏ တပည့်သံဃာသည် အကျင့်ကောင်း ရှိသော သံဃာဟု ဆုံးဖြတ်ခြင်းသို့ မရောက်သည်သာတည်း။

ဤသို့ စိတ်တည်ကြည်သော၊ညစ်ကြေးမတင်ဖြူစင်သော၊ နူးညံ့သော၊ ပြုတိုင်းရသော၊ တည်တံ့၍တုန်လှုပ်ခြင်းမရှိသော ရဟန်းသည် အာသဝေါတရားတို့၏ ကုန်ရာ ဖြစ်သော အာသ ဝက္ခယဉာဏ်အလို့ငှါ စိတ်ကို ရှေးရှုညွှတ်စေ၏။ ဤသည်ကို ဆင်းရဲ၊ ဤကား ဆင်းရဲဖြစ်ပေါ်ခြင်း၏အကြောင်း၊ ဤကား ဆင်းရဲချုပ်ရာ၊ ဆင်းရဲချုပ်ရာသို့ရောက်ကြောင်းအကျင့်ဟု ဟုတ် မှန်သောအတိုင်းသိ၏။ ဤကား အာသဝေါတရား၊ အာသဝေါ တရားတို့၏ ဖြစ်ပေါ်ခြင်းအကြောင်း၊ အာသဝေါတရား တို့၏ ချုပ်ရာ၊ အာသဝေါ တရားတို့၏ ချုပ်ရာသို့ ရောက်ကြောင်း အကျင့်ဟု ဟုတ်မှန်သောအတိုင်း သိ၏။

ပုဏ္ဏား ဤမဂ်ဉာဏ်ကို ဗုဒ္ဓ၏ ခြေရာဟုရင်း၊ ပွတ်တိုက် ရာဟုရင်း၊ အစွယ်ဖြင့်ထိုးခြစ်ရာဟုရင်း ဆိုသင့်၏။ ဗုဒ္ဓ၏ တပည့်

သာဝကသည် ထိုသို့မဂ်ဉာဏ်ကို ရကာမျှဖြင့် အပြီးအဆုံးသို့ ကား မရောက်သေး။ သို့သော်လည်း ဗုဒ္ဓသည် ကိုယ်တိုင်မှန်စွာ သိသော ဗုဒ္ဓတည်း၊ ဓမ္မသည် ဗုဒ္ဓကောင်းစွာ ဟောကြားသော ဓမ္မတည်း။ဗုဒ္ဓတပည့်သံဃာသည် အကျင့်ကောင်းရှိသော သံဃာ တည်းဟု ဆုံးဖြတ်ခြင်းသို့ကား ရောက်၏။

ဤသို့ သိမြင်သော ရဟန်း၏ စိတ်သည် ကာမာသဝ, ဘဝါသဝ, အဝိဇ္ဇာသဝမှ လွတ်မြောက်၏။ လွတ်မြောက်ပြီး သော် လွတ်မြောက်ပြီဟု အသိဉာဏ်ဖြစ်ပေ၏။ ပဋိသန္ဓေနေမှု ကုန်ပြီ၊ မြတ်သောအကျင့်ကို ကျင့်သုံးပြီးပြီ၊ ကိစ္စပြုပြီးပြီ၊ တပါးသော ပြုဖွယ်မရှိတော့ပြီဟု သိ၏။

ပုဏ္ဏား ဤပစ္စဝေက္ခဏာဉာဏ်ကိုလည်း ဗုဒ္ဓ၏ ခြေရာဟု ၎င်း, ပွတ်တိုက်ရာဟု၎င်း, အစွယ်ဖြင့် ထိုးခြစ်ရာဟု၎င်း ဆိုသင့်၏။

ဤကား သီဟိုဠ်ကျွန်းတွင် အရှင်မဟိန္ဒ ဟောကြားသော စူဠဟတ္ထိပဒေါပမသုတ် အကျဉ်းချုပ်တည်း။ ယင်းသုတ်၏ အနှစ် သာရမှာ ဗုဒ္ဓ, ဓမ္မနှင့် သံဃာကို မှန်ကန်စွာ ဆုံးဖြတ်နိုင်ရန်ဖြစ် ၏။ ဆင်တော၌ နေ၍ ဆင်အကြောင်းကို ကောင်းစွာသိသူသည် ဆင်ခြေရာကြီးကြီးကို တွေ့မြင်ကာမျှဖြင့် ထိုဆင်သည် ဆင် ပြောင်ကြီး ဖြစ်၏ဟု မဆုံးဖြတ်၊ အကြောင်းကား ခြေရာကြီး သော သာမည ဆင်မတို့ရှိသောကြောင့် ဖြစ်၏။ ထို့အတူ လောကီဈာန် ရကာမျှဖြင့် ဘုရား, တရား, သံဃာကို ဟုတ်တိုင်း မှန်စွာ မဆုံးဖြတ်နိုင်ပါ၊ အဘိညာဏ်များ ရသည့် အထိပင် ကောင်းစွာ မဆုံးဖြတ်နိုင်သေး၊ အာသဝက္ခယ, ဉာဏ်ရမှသာ ရတနာမြတ်သုံးပါး၏ အကြောင်းကို ကောင်းစွာ သက်ဝင်နိုင်

မည်ဖြစ်၏။ အကြောင်းကား ဗုဒ္ဓဝမ္မ၏ ပန်းတိုင်မှာ အာသဝက္ခယ ဉာဏ်ဖြစ်၏။ မြတ်စွာဘုရားသည် ဗုဒ္ဓအဖြစ် ရောက်သည်မှနောက်ဆုံး ပရိနိဗ္ဗာန် ဝင်စံသည့် အထိ ဟောကြားသမျှသော တရားတို့မှာ ထိုဉာဏ်အတွက်သာဖြစ်၏။ သို့ကြောင့် အကြင်သူသည် အာသဝေါတရားတို့ ကုန်ခမ်းသော ဉာဏ်ကို မရသေး၊ ထိုသူသည် ရတနာမြတ်သုံးပါး၏ ဂုဏ်ကို ဟုတ်တိုင်းမှန်စွာ မသိနိုင်ပါ။ ဆင်ခြေရာ ကြည့်ပြီး ဆင်ကြီးဟု ဆုံးဖြတ်သကဲ့သို့သာ ဖြစ်မည်။

# ဓမ္မဒူတဆောင်ပုဒ်

အပြေအငူ၊ မြရည်လူသား
ဇမ္ဗူအောင်ချက်၊ ဝါတို့ဖက်လည်း
သူ့ထက်ရှေးဦး၊ ကိုယ်တိုင်ဖူး၍
ကြည်နူးသဒ္ဓါ၊ သရဏာဖြင့်
ဒွေဝါစိက၊ တဖုဿနှင့်
ဘလ္လိကညီနောင်၊ နတ်ရှိုးဆောင်လျက်
မြရောင်ရိပ်ကွန်း၊ လင်းလွန်းဌာန
သတ္တာဟက၊ ပထမဦးခေါင်
ဆုထူးအောင်၍၊ ပင့်ဆောင်ပူဇော်
ဆံတော်ရှစ်ချောင်း၊ ရောင်မောင်းမောင်းတို့
ကိန်းအောင်းတည့်ရာ၊ လက်မှန်စွာတည့်။

ဥက္ကလာမြို့၊ သာမို့မို့နှင့်
ဒအောင်မျှို့တဂိုဏ်း၊ တံခွန်လှိုင်းသား
မွန်တိုင်းဌာန၊ ရာမညကို
ပထမအာဒိ၊ အုပ်စိုးဘိသား
သီရိမာသောက၊ မည်နာမဖြင့်
အဖသံသေ၊ မိရေနတ်မျိုး
တန်ခိုးနေစက်၊ မင်းလက်ထက်ဝယ်
အဆက်မဝေး၊ ရှေးအတီက
နန္တရက၊ ဘဝယှဉ်မှီ
နောင်ညီအထူး၊ ဖြစ်ခဲ့ဘူးသည့်
ကျေးဇူးမြောက်မြား၊ ခြောက်ပါးဘိညာ
ကြီးတောဇာနှင့်၊ ရဟန္တာရှင်ပုံ့
ဂဝံပတိ၊ ယောရ်ဘုန်းရှိကြောင့်
မုနိသကျ၊ မြန်းလာကြွ၍
ဒုတီယထပ်ခါ၊ သာသနာလျှင်
တည်လာတုံမြောက်....။

ထို့နောက်ဘဂဝန်၊ ပြည်နိဗ္ဗာန်သို့
စံလွန်ခဲလျှင်း၊ စီးဂုံတွင်းမှ
ဝင်းဝင်းထိန်လဲ့၊ စိန်တုံးကဲ့သို့
သုံးဆဲ့-သုံးချောင်း၊ အပေါင်းမွေဓါတ်
သွားတော်မြတ်ကို၊ ဇမ္ဗုဒိပါ်ရှင်
ထေရ်သခင်သည်၊ ကောင်းကင်မိုးယံ
ဆောင်ခဲ့ပျံ၍၊ ဘုန်းလျှံကြီးဘိ
သီရိမာသောက၊ သီဟကုမာ
ထိုရာဇာအား၊ ကရုဏာရှေ့ထား
ပေးသောအားဖြင့်၊ ဘုရားမြတ်စွာ
သာသနာသည်၊ ရောင်ဝါထွန်းပ။

တတိယတချက်၊ ဆင်းလာသက်မှ
အထက်ခြားပိုင်း၊ ကိုးတိုင်းကိုးဌာန
စေပုံကျတွင်၊ တပါးဝင်၍
အရှင်သောဏ၊ ဥတ္တရတို့
စတုတ္ထတရပ်၊ ထပ်၍တဖန်
ပြုပြန်ကြရာ၊ သုဓမ္မာပုရ

သုဝဏ္ဏဘုံ၊ သထုံမည်သီး
မွန့်ပြည်ကြီးလျှင်၊ နန်းထီးမယုတ်
တိုင်းသီးထုတ်၍၊ ပုရတ္တမ
ဗုဒ္ဓသာသနာ၊ တည်ရာအစစ်
အမွန်ဖြစ်သည်....
တက်သစ်နေမင်း၊ သရေတည်း၊ ။

မန်လည်ဆရာတော်

# ကျောက်စာ

အသောကမင်းကြီးနှင့် ပတ်သက်၍ အမျိုးမျိုး အဖုံဖုံ ဖွဲ့ဆိုကြသော စာပေတို့မှ အဆိုအမိန့်တို့ကို စုပေါင်း၍ အစီအစဉ်အတိုင်း ဖော်ပြခဲ့ပါသည်။ ထိုတွင် အချို့သော အဆိုအမိန့်တို့မှာ ယခုခေတ် လူတို့အတွက် ဒဏ္ဍာရီသဖွယ် ဖြစ်ကောင်းဖြစ်နေမည် ထင်ပါသည်။ ဖြစ်လောက်ပါသည်။ အကြောင်းကား ဖွဲ့ဆိုချက်တို့မှာ လွန်စွာပင် ကြီးကျယ် ခမ်းနားလှသောကြောင့် ဖြစ်၏။ သို့ရာတွင် ဤတွင် ဖော်ပြချက်တို့မှာ အချို့သာဖြစ်၏။ အပြည့်အစုံ အကုန်မဟုတ်ပါ၊ ပါဠိစာပေတို့တွင်၎င်း, ကိုယ်တွေ့မှတ်တမ်းတို့တွင်၎င်း, ထိုမှတပါးသော အံ့ဖွယ် ဘနန်း အထူးအဆန်းများ ကျန်ရှိပါသေးသည်၊ ယင်းတို့ကို ခြွင်းချန်ခဲ့သည်မှာ ယုံကြည်မှုလျော့နည်းဖွယ်များ ဖြစ်သွားမည်လားဟု စိုးရိမ်သောကြောင့်ပင် ဖြစ်ပါသည်။ ဤစိုးရိမ်ချက်ကို ပယ်ဖျက်သုတ်သင်နိုင်မည်မှာ အသောကမင်းကြီး ရေးသားထားခဲ့သော ကျောက်

စာများပင် ဖြစ်၏။ ဤကျောက်စာတို့ကို ကောင်းစွာ လေ့လာပြီးပါလျှင် အသောကမင်းကြီးနှင့် ပတ်သက်၍ ဖွဲ့ဆိုချက်တို့မှာ အမြဲလိုလျက်ရှိသည်ကို ကိုယ်တိုင်ပင် ဝန်ခံပေလိမ့်မည်ထင်ပါသည်။ သို့သော်လည်း မြန်မာတို့တွင် အသောကမင်းကြီး၏ ကျောက်စာကို ကောင်းစွာ လေ့လာသူ လွန်စွာ နည်းပါးလှပါသည်။ သူ၏ ကျောက်စာကို ကောင်းစွာ မဖတ်ဘူးဘဲလျက် သူ၏ အကြောင်းကို ကောင်းစွာ မသိနိုင်ပါ။ အိန္ဒိယလူမျိုးများပင် နောက်ပိုင်းတွင် ယင်းကျောက်စာတို့ကို မသိကြတော့ပါ။

အသောက မင်းကြီးသည် ဘယ်ခေတ် ဘယ်အခါက ပေါ်ပေါက်ခဲ့ပြီး ယင်းကျောက်စာတို့ကို ရေးထိုးခဲ့ပါသနည်း။ အသောကမင်းကြီး၏ ခေတ်ကို အထက်က တွက်စစ်ပေးခဲ့ပါပြီ။ သို့သော်လည်း ယခုဘဖန် ထပ်မံဖော်ပြပါဦးမည်။ ထိုမင်းကြီး၏ ခေတ်ကို အနောက်တိုင်း ပညာရှင်တို့က သာသနာ သက္ကရာဇ် ၂၀၀ မှ ၃၁၇၊ ခရစ်မပေါ်မီ နှစ် ၂၆၄ မှ ၂၂၇ အတွင်း ဖြစ်သည် ယူဆကြ၏။ သီဟိုဠ်နှင့် မြန်မာ ပညာရှင်တို့ကမူ ဒီပဝံသနှင့် မဟာဝံသကို အမှီပြု၍ သာသနာသက္ကရာဇ် ၂၁၀ မှ ၂၅၅၊ ခရစ်မပေါ်မီ နှစ် ၃၄၂ မှ ၂၆၄ အတွင်း၌ ဖြစ်သည်ဟု ယူဆကြ၏။ ဤနှစ်များ အတွင်းမှာပင် အသောကမင်းကြီးသည် ကျောက်စာများကို ရေးထိုးခဲ့၏။ ခရစ်သက္ကရာဇ် ၁၃၅၁ ခုနှစ်သို့ရောက်သောအခါ အိန္ဒိယ ပုရောဟိတ်ပဏ္ဍိတ်တို့သည် ထိုကျောက်စာတို့ကို လုံးဝမဖတ်တတ်ကြတော့ပါ။

ခရစ်သက္ကရာဇ် ၁၃၅၁ ခုနှစ်တွင် အိန္ဒိယ ဒေလီမြို့တွင် မဂိုဘုရင် ဖီရောဇရှာဟ နန်းတက်၏။ ထိုဘုရင်သည် ဒေလီမြို့

မြောက်ဖက် အလမ္ဗဒိစတြိတ်တောပရ ကျေးရွာတွင် တွေ့ရသော ကျောက်တိုင်ကို ဒေလီမြို့သို့ ရွှေ့ယူပြီး သူ၏ နန်းတွင်း၌ စိုက်ထူထား၏။ ထို့နောက် သူသည် အိန္ဒိယနိုင်ငံအတွင်းရှိ ပညာရှိ ကဝိသူမွန်တို့ကို ရှာဖွေပြီး ထိုကျောက်စာကို ဖတ်စေ၏။ ဘယ်သူမျှ မဖတ်နိုင်ကြပါ၊ ထို့နောက် ခရစ်သက္ကရာဇ် ၁၅၆၀ ခုနှစ်တွင် အက္ကဗရ ဘုရင်သည်လည်း အေလ္လဟာဗဒ်မြို့၏ ကောသမ္ဗီမှ ကျောက်တိုင်ကို အေလ္လဟာဗဒ် ခံတပ်အတွင်းသို့ ပြောင်းရွှေ့စိုက်ထူပြီး ပညာရှိတို့ကို ဖတ်စေပြန်သည်။ သို့သော်လည်း ဘယ်သူမျှ မဖတ်နိုင်ပါ။ အချို့ကလည်း ဣစ္ဆာသယ သိဒ္ဓိပေါက် ဂါထာမန္တန်များ ဖြစ်လိမ့်မည်ဟု ထင်ကြေးပေးကြ၍ အချို့ကလည်း မြေတွင်မြှုပ်နှံထားသောရွှေငွေကျောက်မျက်ရတနာတို့ကို လျှို့ဝှက် မှတ်သားထားသော သိုက်စာ ဖြစ်လိမ့်မည်ဟု စဉ်းစားကြ၏။

သို့ဖြင့် နှစ်ကာလ ကြာညောင်းလေလေ ထိုကျောက်စာတို့၏ အကြောင်းအရာတို့ကို မသိလေလေဖြစ်ပြီး အချို့မှာ ဖျက်ဆီး၍ ပျက်စီးကုန်၏။ အချို့မှာ မြေအောက်သို့ အလိုအလျောက် ရောက်ရကုန်၏။ သို့ဖြင့် အင်္ဂလိပ်တို့ အိန္ဒိယနိုင်ငံကို သိမ်းပိုက်သောအခါသို့ ရောက်လာ၏၊ ထိုအခါ ပညာဗဟုသုတ လိုလားသော အင်္ဂလိပ်များသည် အိန္ဒိယတွင် လွန်စွာ အဆင့်အတန်းမြင့်သော သက္ကတဘာသာကို သင်ကြားလေ့လာကြ၏။ ထိုတွင် ဆာဝီလျံဂျုန်းစ် အမည်ရှိသော အင်္ဂလိပ်လူမျိုး ပညာရှိသည် စာဆိုတော် ကာလိဒါသ၏ သကုန္တလာပြဇာတ်ကို အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုထုတ်ဝေလိုက်ရာ ကမ္ဘာ့သုတေသီတို့သည် သက္ကတ

ဘာသာကို လွန်စွာ နှစ်သက်ကြပြီး ဆက်လက်သိရန် စိတ်အား ထက်သန်လာကြ၏။ အိန္ဒိယပညာရှိတို့ပင် ထိုအင်္ဂလိပ်ဘာသာပြန် ကို ဖတ်တတ်ပြီးမှ မိမိတို့ပြဇာတ်၏ အနှစ်သာရကို ခံစားနိုင် ကြဟန်တူ၏။ အကြောင်းကား သူတို့သည် ထိုနောက်တွင်မှ သကုန္တလာကို သူတမျိုး ငါတဖုံနှင့် ဝိုင်းအုံပြီး ဂုဏ်ပြုကြသော ကြောင့်ဖြစ်၏။

ဆာဝီလျံဂျုန်းစ်သည် ခရစ်သက္ကရာဇ် ၁၇၈၄ ခုနှစ်တွင် ကာလကတ္တားမြို့၌ ကျောက်စာအသင်းဖွဲ့ပြီး အိန္ဒိယနိုင်ငံမြေပေါ် မြေအောက်ရှိ ကျောက်စာတို့ကို ရှာဖွေတူးဖေါ်ကြ၏။ သို့သော် လည်း ခရစ်သက္ကရာဇ် ၁၈၀၂ ခုနှစ် ဆာဂျွန်မာရှယ် အမှူးရှိ သော ကျောက်စာ ပညာရှိတို့၏ လက်ထက်သို့ ရောက်မှ အသော ကမင်းကြီး၏ ကျောက်စာများတွက်ပေါ်လာနိုင်ခဲ့၏။

အသောကမင်းကြီး ကျောက်ထက်ဘွင်ရေးသော စာလုံးတို့ မှာ ဗြဟ္မီနှင့် ခရောဋ္ဌီ ရောနှောနေသော အက္ခရာတို့ဖြစ်၏။ ထို အက္ခရာတို့ကို ယခုအခါ အသုံးမပြုကြတော့ပါ။ တိမ်မြုပ်ပျောက် ကွယ်နေကြပြီဖြစ်၍ ကျောက်စာဖက်ဆိုင် ပုဂ္ဂိုလ်တို့သည် အက္ခရာ စာလုံးကို ဖတ်ဖြစ်အောင်ပင် နှစ်ပေါင်း အတော်ကြာ ကြိုးစား ကြရသည်။ ဖတ်၍ ရပြန်သောအခါ ဘာသာအတွက်ခက်နေကြ ပြန်သည်။ အကြောင်းကား ထိုကျောက်စာရေးသော ဘာသာ တို့မှာ ယခုအခါ အသုံးမပြုကြသော ပြာကြိတ ဘာသာဖြစ် သောကြောင့်တည်း။

ကျောက်စာပညာရှင်တို့သည် ထိုကျောက်စာတို့ကို နှစ် ပေါင်း တရာကျော်မျှ အဆက်ဆက် ကြိုးစားဖတ်ပြီး အနက်

အခိပ္ပါယ်ဖော်နိုင်ကြ၏။ ထို့နောက်တွင်ကား ကမ္ဘာ့ ဘာသာကြီး အမြောက်အများနှင့် စာအုပ် အများ အပြား ပေါ်ထွက်လာကြလျက် အသောကမင်းကြီးသည် ကမ္ဘာပေါ်ရှိ ကေရာင်မင်းတို့တွင် သာလွန် မြင့်မြတ်သော မဟာ ကေရာဇ်အဖြစ်သို့ ရောက်ရှိသွား၏။

မြန်မာ ဘာသာမှာလည်း အသောကမင်းကြီး၏ ကျောက်စာ ဘာသာပြန် လေးအုပ်ပေါ်ထွက်ခဲ့၏။ ယင်းတို့မှာ....

(၁) အရှင် အာဒိစ္စဝံသ မြန်မာဘာသာ ပြန်ဆိုသော အသောက မင်းတရားကြီး၏ ကျောက်စာတော်၊
(၂) ရဟန်းတော်အရှင် ကိတ္တိစီရင်သော ဋ္ဌဠဒ္ဒိယကြေးမုံ ကျမ်းကြီး အသောက ကျောက်စာတော်၊
(၃) သံတွဲ မောင် ရေး သော အ သော က မင်း ကြီး အတ္ထုပ္ပတ္တိနှင့် ကမ္ပည်း ကျောက်စာတော်များနှင့်
(၄) ဦးဖိုးလတ် ဘာသာပြန်သော အသောက ကျောက်စာများဖြစ်၏။

ထိုမြန်မာပြန် အသောက စာအုပ်တို့သည် အသီးသီးပင် တမျိုးစီ ကောင်းမြတ်တင့်တယ်ကြပါသည်။ သို့ပါလျက် ပဉ္စမမြောက်, ဤတွင် ထပ်မံ၍ ပြန်ဆိုခြင်း၏ ပဓာနအချက်မှာ ဤစာအုပ်တွင် အသောကမင်းကြီးနှင့် ပတ်သက်၍ အရေးကြီးသော အကြောင်းအရာ အချက်အလက်တို့ အပြည့် အစုံ ပါဝင်စေရန် ဖြစ်ပါသည်။ အကယ်၍သာ ဤစာအုပ်တွင် ဤအခန်းကဏ္ဍမပါဝင်ပါက ရှေ့က ဖော်ပြခဲ့သော အကြောင်းအရာ အချက်

အလက်တို့ကို ဒဏ္ဍာရီသဖွယ် ယူဆကောင်း ယူဆကြမည်။ ယင်းတို့ဖြင့် ဤစာအုပ်ကို ခိုင်မာစေရန်လည်း ဖြစ်၏။ ထို့ပြင် လွယ်လွယ်ကူကူနှင့် တိကျမှန်ကန်စွာ ဖတ်ရှုလေ့လာနိုင်ကြစေရန်လည်း ဖြစ်၏။ ဤအကြောင်းနှစ်ပါးကြောင့် ဤကျောက်စာတို့ကို ပဋ္ဌမမြောက် အဖြစ်နှင့် ဘာသာပြန်ဆိုခြင်း ဖြစ်ပါသည်။ အသောကကျောက်စာတို့မှာ စုစုပေါင်း ၄၀ ရှိ၍ အမျိုးအစားအားဖြင့် ၆ ပါး ခွဲခြားသတ်မှတ်ထားပါသည်။

| | | |
|---|---|---|
| (၁) | ကျောက်ပြားငယ် | ၅-ချပ် |
| (၂) | ကျောက်ပြား | ၁၄-ချပ် |
| (၃) | ကလိင်္ဂကျောက်ပြား | ၂-ချပ် |
| (၄) | ကျောက်တိုင် | ၇-လုံး |
| (၅) | ကျောက်တိုင်ငယ် | ၆-လုံး |
| (၆) | ကျောက်ဂူ | ၆-ခု |

အသောကာ၏ သမ္မတနိုင်ငံမြေပုံမှာမူ ကျောက်ပြား, ကျောက်ပြားငယ်နှင့် ကျောက်တိုင်ရှိရာ သုံးဌာနကိုသာ အမှတ်ပြထား၏။ စင်စစ် အသောက ကျောက်စာတို့တွင် ယင်းသုံးမျိုးသာ ပဓာနဖြစ်၏။ထိုမှတပါးသောကျောက်စာတို့ကို အပဓာနဟုပင် ခေါ်ကြ၏။ အရေးမကြီးသော ကျောက်စာများဟု ဆိုလိုခြင်း ဖြစ်၏။

# ကျောက်ပြားငယ် ၅-ချပ်

## ၁-ရူပနာ၀ထ

ဒေ၀ါနံ ပိယသည် ဤသို့ မိန့်ဆို၏။ ငါသည် ၂ နှစ်ခွဲအလွန်က တပည့် သာ၀ကဖြစ်ခဲ့သော်လည်း ကောင်းစွာ ကြိုးစား အားထုတ်ခြင်း မရှိသေး၊ ၁ နှစ်လွန်သောအခါ ငါသည် သံဃာကို ဆည်းကပ်ပြီး ကောင်းစွာ ကြိုးစား အားထုတ်ခဲ့၏၊ ဤအတွင်း ဇမ္ဗူဒီပ ကျွန်း၌ နတ်တို့နှင့် အဆက်အသွယ်မရှိခဲ့၊ ယခုနတ်တို့နှင့် ဆက်သွယ်နိုးနှောမိသည်မှာ ငါ၏လုံ့လ အကျိုးကျေးဇူးဖြစ်၏၊ ဤအကျိုးကျေးဇူးကို ကြီးသူတို့သာ ရသည်မဟုတ်၊ ငယ်သူလည်း ကြိုးစား အားထုတ်လျှင် မွန်မြတ်သော နတ်စည်းစိမ်ကို ရနိုင်၏။

ဤအကျိုး အာနိသင်ကို ကြားသိစေရန် အတွက် ဤစကားကို ငါကြွေးကြော်ခြင်းဖြစ်၏။ သို့ကြောင့် လူငယ်ဖြစ်စေ,လူကြီးဖြစ်စေကြိုးစား အားထုတ်ကြလော့၊ ပြည်နီးချင်း မင်းတို့လည်း ဤစကားကို ကြားသိကြပါလျှင် ငါ၏ ကြိုးစား ခြင်းသည် အဘယ်မျှ ကြာမြင့်စွာ မတည်ဘဲ ရှိ မည်နည်း။ ဤအကျိုးတရားသည် တိုးတက်ကြီး ပွါး ပြန့်ပြောလာမည်။ အယုတ်ဆုံး တဆခွဲမျှ တိုးပွါးလာမည်။

ဤအကျိုးကျေးဇူးကို ဤတိုင်းပြည်တွင် ၎င်း, အခြား တိုင်းပြည်များတွင်၎င်း, တောင်ရှိ လျှင် တောင်များမှာ ရေးသင့်၏။ ကျောက်တိုင် ရှိလျှင် ကျောက်တိုင်မှာ ရေးသင့်၏။ ဤစကား တို့ဖြင့် မင်းတို့ ပိုင်နက်အားလုံးမှာ ပြန့်နှံ့စေရန် အားထုတ် ကြလော့။ ဤ စကားကို ငါသည် ၂၅၆ ကြိမ်မြောက် တိုင်းခမ်း လှည့်လည်ရာ၌ ကြားသိစေ၏။

ဒေဝါနံပိယသည် အသောကမင်း၏ ဘွဲ့ဖြစ်၏။ မြန်မာ မင်းတို့တွင် မဟာဓမ္မရာဇာဓိရာဇာ အစရှိသော ဘွဲ့တံဆိပ်မျိုးပင် ဖြစ်၏။ အသောကကျောက်စာ မြန်မာဘာသာပြန်တို့တွင် ဒေဝါနံ ပိယ ဟူသော စကားကို "နတ်တို့ ချစ်မြတ်နိုးသော" စသည်ဖြင့် ပြန်ဆိုလေ့ရှိကြ၏။ သို့သော်လည်း ဤတွင်မူ ယင်းဘွဲ့အမည်ကို

မူလ ပါဠိဘာသာ အတိုင်းပင် ခေါ်ဝေါ်သုံးစွဲသွားမည် ဖြစ်ပါသည်။ ယင်းသည် မိမိ၏ တည်ထွင်ခြင်းမဟုတ်ပါ၊ ရှေးက ရှိပြီးသားဖြစ်၏။ ရှေးက မြန်မာပညာရှိတို့သည် အသောကမင်းကြီး၏ ဘွဲ့တံဆိပ်မျိုးကို ခံယူသော သီဟိုဠ်ဘုရင် တိဿကို ဒေဝါနံပိယတိဿဟုပင် ခေါ်ဝေါ်ရေးသားကြပါသည်။ နတ်တို့ချစ်မြတ်နိုးသော တိဿဟု မဆိုကြပါ။

ရုပနာထမ္ဘ အိန္ဒိယအလယ်ပိုင်း ဇဗလပုရ ဒိစတြိတ်သလီမနာ ဗာဒ မီးရထားဘူတာရုံ အနောက်ဖက် ၁၄ မိုင်ကွာတွင် တည်ရှိ၏။

# ၂-မြဟ္မဂိရိ [၁]

သုဝဏ္ဏဂိရိမှ မင်းသားနှင့် အမတ်ကြီးတို့၏ စကားဖြင့် ဣလိသပြည်ရှိ အမတ်ကြီးတို့အား ကျန်းမာခြင်း သတင်းကိုမေးပြီး ဤစကားကို ပြောကြားကြလေ၏။

ဒေဝါနံပိယမှာကြားလိုက်၏။ ငါသည် ၂နှစ်ခွဲ အလွန်က တပည့် သာဝက ဖြစ်ခဲ့သော်လည်း ကောင်းစွာကြိုးစား အားထုတ်ခြင်းမရှိခဲ့၊ ၁နှစ် ခွဲ အလွန်မှ သံဃာကို ကိုးကွယ် ဆည်းကပ်ပြီး ငါသည်ကောင်းစွာကြိုးစား အားထုတ်၏။ ဤ အတွင်း ဇမ္ဗူဒီပါကျွန်းမှာ နတ်တို့နှင့် အဆက် အသွယ်မရှိခဲ့၊ ယခုအခါဆက်သွယ်နိုးနှော နေ၏။ ယင်းသည် ငါ၏ကြိုးစားအားထုတ်ခြင်း အကျိုး ကျေးဇူးပင်ဖြစ်၏။ ဤအကျိုးကို လူကြီးတို့သာ ရသည်မဟုတ်၊ လူငယ်သည်လည်း ကြိုးစားအား

ထုတ်လျှင် ပြန့်ပြောသောနတ်စည်းစိမ်ကိုခံစားနိုင်၏။

ဤအကျိုးတရားကိုကြားသိစေရန် ဤစကားကို ပြောကြားခြင်းဖြစ်၏။ သို့ကြောင့်လူငယ်ဖြစ်စေ, လူကြီးဖြစ်စေ ကြိုးစားအားထုတ် ကြလော့၊ ပြည်နီးချင်း မင်းတို့လည်း ကြိုးစား အားထုတ်ကြလော့၊ ကြာရှည်စွာ အားထုတ်ကြလော့၊ သို့ဖြင့် ဤအကျိုးတရားကြီးပွားပြန့်ပြော တိုးတက်လိမ့်မည်။ အယုတ်ဆုံးတဆခွဲမျှ တိုးပွားလိမ့်မည်။ ၂၅၆ ကြိမ်မြောက် တိုင်းခမ်းလှည့်လည်ရာ၌ ဤစကားကိုကြားသိစေ၏။

ဤကျောက်စာသည် ရူပနာထကျောက်စာနှင့် သဘောချင်း ထူးမခြားနားလှပေ၊ ဗြဟ္မဂိရိသည်မိုက်ဆူရ်နယ်မြောက်ပိုင်းကိုတလဒုရဂစီရင်စု၌ရှိ၏။ဤကျောက်စာ၌ဖော်ပြသော သုဝဏ္ဏဂိရိနှင့်ဣသိလပြည်ကို ယခုအထိ အသေအချာမဆုံးဖြတ်နိုင်ကြသေးပေ၊ အချို့ကအိန္ဒိယအနောက်ဖက် ကမ်းခြေတခုဖြစ်လိမ့်မည်ဟုယူဆကြ၍ အချို့ကလည်း ပဋ္ဌနာစီရင်စုရာဇဂြိုဟ်ပြည်၌ရှိသော ဆိုနာဂိရိတောင်ပင် ရှေးဟောင်း သုဝဏ္ဏဂိရိဖြစ်သင့်သည်ဟု မှန်းဆနေကြ၏။ ဣသိလကိုလည်း မိုက်ဆူရ်နယ်မြောက်ပိုင်း သိဒ္ဓပုရအနီးတနေရာ ဖြစ်စရာရှိသည်ဟု ဆိုကြ၏။

## ၃-မြဖလ္လဂိရိ [၂]

ဒေဝါနံပိယသည် ဤသို့မိန့်ဆို၏။ အမိအဖ တို့၌ ကိုးကွယ်ဆည်းကပ်ရာ၏။ ဤအတူ သတ္တဝါ တို့၌ လေးစားမှု အမြဲပြုရာ၏။ အမှန်သစ္စာကို ပြောဆိုရာ၏။ ဤတရားဓမ္မဂုဏ်ကျေးဇူးကို ပြန့်နှံ့ အောင်ပြုရာ၏။ ဤအတူအန္တေဝါသိက တပည့် သည် ဆရာသမားကိုရိုသေစွာ ဆည်းကပ်ရာ၏။ ဆွေမျိုးဉာတကာနှင့် အမျိုးသားတို့၌ သင့်တင့် လျောက်ပတ်စွာ ပြုကျင့်ရာ၏။ ဤသည်တို့ကား ရှေးပေါရာဏဓမ္မ လမ်းကြောင်း အသက်ရှည် ကြောင်းတို့ဖြစ်၍ လိုက်နာကျင့်ဆောင်ကြရမည်။

–ပဋ္ဋမည်သော စာရေးသူရေး၏။

ဤဘာသာပြန်တွင် ပါဝင်သော သစ္စာ,ဓမ္မ,အန္တေဝါ သိက,ဉာတကာ, ပေါရာဏတို့မှာ ကျောက်စာတွင် ပါသော-

စကားတို့ဖြစ်၏။ ယင်းတို့ကိုကြားညှပ်၍ ပြန်ဆိုသဖြင့် အတန်ရှည်လျားသွားသော်လည်း မူလကျောက်စာ၏ အရိပ်အရောင်ကို တွေ့မြင်ရပါသည်။ ဤကျောက်စာ၏ အနှစ်သာရမှာ ရှေးလူတို့၏ အသက်ရှည်ကြောင်းတရားဖြစ်၏။ ယင်းတရားမှာ မိဘကို ကိုးကွယ်ဆည်းကပ်ခြင်း စသည်တို့ဖြစ်၏။ ဤကျောက်စာကို ရေးထိုးသူမှာ ပဋ္ဌအမည်ရှိသော ကျောက်စာရေးသူဖြစ်၏။

## ၄-မဘသကီ

ဒေဝါနံပိယ အသောကသည့်ဤသို့ မိန့်ကြား၏။ ၂နှစ်ခွဲအလွန်က ငါသည် ဗုဒ္ဓဥပါသကာဖြစ်သော်လည်း ကောင်းစွာကြိုးစားအားထုတ်မှု မပြုသေး၊ ၁နှစ်ကျော်လောက်မှသံဃာကို ဆည်းကပ်ကိုးကွယ်ပြီး ကောင်းစွာကြိုးစား အားထုတ်၏၊ ရှေးအခါက ဇမ္ဗူဒိပါကျွန်း၌ နတ်တို့နှင့် အဆက်အသွယ်မရှိခဲ့၊ ယခုအခါ နတ်တို့နှင့်ဆက်စပ် ရောနှောနေကြ၏။ ဤအကျိုး တရားကို အားထုတ်ပါလျှင် လူငယ်ပင်ခံစားနိုင်၏။ လူကြီးသာရသည်မဟုတ်၊ သို့ကြောင့် လူငယ် လူကြီးအားလုံးပြောကြရမည်။ ဤသို့ပြုလျှင် ကောင်းသော အကြောင်းဖြစ်၍ အကျိုးကြာရှည်စွာ တည်ရှိပြီး ကြီးပွားမည်။ တဆခွဲမျှ တိုးတက်လာမည်။

ဒေဝါနံပိယဟူသည်မှာ အသောကမင်းကြီး၏ဘွဲ့နာမ်ဖြစ်ကြောင်းကို ဤကျောက်စာကို ကိုးကားပြောကြားရ၏။ အကြောင်းကား ဤကျောက်စာမှာ "ဒေဝါနံပိယ အသောက"ဟု ပါရှိသောကြောင့်ဖြစ်၏။ သို့ဖြင့် ဒေဝါနံပိယဟူသော အမည်ဖြင့် ရေးသောကျောက်စာတို့မှာ အသောကမင်းကြီး၏ကျောက်စာတို့ပင်ဖြစ်ရမည်ဟု ဆုံးဖြတ်ကြ၏။ မာသကီမှာ နိဂျာမ်ခေါ် နိဇာမပြည် ရာယကျူရ်စီရင်စု၌ရှိ၏။

## ၅-ဘာဗြူ။

ပိယဒသီမင်းသည် မဂဓတိုင်းသံဃာကို ရှိခိုး လျှောက်ကြား၏။ အနာရောဂါမရှိမှု၍ ချမ်းသာစွာ နေကြပါစေသတည်း။ အရှင်တို့ ဘုရား, တရား, သံဃာ၌ ကျွန်ုပ်၏ ရိုသေမြတ်နိုးခြင်းကို အရှင်တို့ သိကြပါ၏။ အရှင်တို့ မြတ်စွာဘုရား ဟောကြားသော တရားတို့သည် ကောင်းစွာ ဟောကြားခြင်းတို့ဖြစ်ပါ၏။ အရှင်တို့ ထိုတွင် သူတော်ကောင်းတရား အဓွန့်ရှည်ရန် ဟောကြားသော တရားအချို့ကို ကျွန်ုပ်ညွှန်ကြားပါမည်။

အရှင်တို့ ယင်းတရားတို့မှာ ဝိနယသမုကသ, အ္ရိယဝံသ, အနာဂတဘယ, မုနိဂါထာ, မောနေယသုတ်, ဥပတိသပသိနနှင့် မြတ်စွာဘုရား မုသာဝါဒနှင့် စပ်လျဉ်း၍ ဟောကြားသော ရာဟုလောဝါဒတို့ ဖြစ်ပါသည်။ ဤတရားတို့ကို ကျွန်ုပ်လိုလားပါသည်။

အဘယ်ကြောင့်နည်းဟူမူများစွာသောဘိက္ခု၊ ဘိက္ခုနီတို့ မပြတ်နာယူကျင့်ဆောင်ရန်နှင့် ဤနည်းတူစွာ ဥပါသကာ၊ ဥပါသိကာတို့ နာယူကျင့်ဆောင်ရန်ဖြစ်ပါသည်။ အရှင်တို့ ကျွန်ုပ်၏ အလိုဆန္ဒကို သိကြစေရန် ယင်းအကြောင်းကို ရေးသားစေပါသည်။

ဘာဗြူသည် ဂျယပုရနယ်ဗိုက်ရာဋ္ဌမြို့အနီး တောင်ပေါ်ရှိကျောင်းအတွင်း ကျောက်ဆောင်၌ ရေးထားသော ကျောက်စာဖြစ်၏။ ဤတွင်အသောကမင်းကို ပိယဒသိဟု ခေါ်ဝေါ်ထားသည်ကိုတွေ့နိုင်၏။ ယခုခေတ်သုံး ပါဠိဘာသာအားဖြင့် ပိယဒဿီဖြစ်၏။ သို့ဖြင့်အသောကမင်းကြီး၏ ဘွဲ့မှာ ဒေဝါနံပိယအပြင် ပိယဒသိဟုလည်းရှိကြောင်းသိရပြန်၏။

အသောကမင်းကြီး၏ ကျောက်စာတို့တွင် ဘာဗြူသည် ဗုဒ္ဓသာသနာ့သမိုင်းနှင့် ပတ်သက်၍ လွန်စွာအရေးကြီးလှ ပါသည်။ အကြောင်းကား အသောကမင်းကြီးကိုယ်တိုင် ရတနာသုံးပါး၌ အဘယ်မျှ နှစ်သက်မြတ်နိုးကြောင်း သံဃာတော်များအား လျှောက်ကြားပြီးလျှင် သူတော်ကောင်းတရား အရှည်တည်ရေးအတွက် တရားအချို့ကို ထုတ်ဖော် ညွှန်ကြားထားသောကြောင့်ဖြစ်၏။

ဝိနယသမုကသကို ယခုခေတ်ပါဠိသို့ ပြောင်းလဲလိုက်ပါက ဝိနယသာမုက္ကံသဖြစ်မည်၊ သို့သော်လည်း ယင်းအမည်တို့ဖြင့် ပိဋကတ်ကျမ်းစာတစုံတရာမရှိပါ၊ သို့ကြောင့် ဝိနယ

သမုကာသ သို့မဟုတ်ဝိနယသာမုက္က သသည် အဘယ်ကျမ်းစာ ဖြစ်သည်ဟု မပြောနိုင်ပါ၊ ယင်းကို "မြတ်စွာဘုရား၏ အဆုံးအမဖြစ်သော" ဟု နောက်တွင်ဆက်၍ ဖော်ပြသော ကျမ်းတို့၏ ဝိသေသနပြုလုပ်သင့်ပါသည်။

အရိယဝံသမှာ စတုက္ကင်္ဂုတ္တရ ဥရုဝေလဝဂ်၌ ဟောကြားသောတရားဖြစ်၏။ အရိယဝံသ၏ အဓိပ္ပါယ်မှာ အရိယာတို့၏ ကျင့်စဉ်ဖြစ်၏။ အရိယာသည် ရသမျှသော သင်္ကန်း, ဆွမ်း, ကျောင်းဖြင့် တင်းတိမ်ရောင့်ရဲ၍ ကုသိုလ်စိတ်ကို ပွားစေခြင်း၌ မွေ့လျော်ခြင်းဖြစ်၏။

အနာဂတဘယဟူသည် အနာဂတ်အခါတွင် ရဟန်းတို့ တွေ့ကြုံရမည့်ဘေးအန္တရာယ်တို့နှင့် ပတ်သက်၍ ဟောကြားသော တရားများဖြစ်၏။ ယင်းတို့မှာ-

(၁) ပဉ္စင်္ဂုတ္တရယောဓာဇီဝဝဂ်၌ ဟောကြားသော အရညဝိဟာရီသုတ်။
(၂) ယင်းတွင်ပင် ဟောကြားသော ဒဟာရဒိသုတ်။
(၃) ယင်းတွင်ပင် ဟောကြားသော အဘာဝိတသုတ်။
(၄) ယင်းတွင်ပင် ဟောကြားသော ကလျာဏကာမိသုတ်တို့ဖြစ်၏။ ဤလေးသုတ်တို့မှာ ရဟန်းတို့၏ အနာဂတ်ဘေးကို ဟောကြားသော အနာဂတဘယသုတ်များဖြစ်၏။

မုနိဂါထာကိုမူ ဓမ္မပဒ ဓမ္မဋ္ဌဝဂ်၌တွေ့နိုင်ပါသည်။ ထိုမှတပါး သုတ္တနိပါတ ဥရဂဝဂ်မှမုနိသုတ်သည်း ဂါထာတို့ဖြင့် ဟောကြားထားသဖြင့် မုနိဂါထာပင်ဖြစ်နိုင်၏။

မောနေယသုတ်မှာ မောနေယျသုတ်ပင်ဖြစ်၏။ ယင်းသုတ်ကို သုတ္တနိပါတမဟာဝဂ်၌ တွေ့နိုင်ပါသည်။ မြတ်စွာဘုရားက နာဠကရသေ့ကိုဟောကြားသောတရားဖြစ်၏။

ဥပတိသ ပသိနဟူသည်မှာ ဥပတိဿ ပသိနသုတ်များပင်ဖြစ်၏။ ဥပတိဿမှာ အရှင်သာရိပုတြာ၏ ငယ်မည်ဖြစ်၏။ ဥပတိသ ပသိနမှာ အရှင်သာရိပုတြာ ကြည်ညိုခြင်းဖြစ်၏။ ပါဠိတော်တို့တွင် အရှင်သာရိပုတြာက မြတ်စွာဘုရားကို ကြည်ညိုသောတရားများလည်းရှိ၏။ အရှင်သာရိပုတြာကိုသူတပါးကြည်ညိုသော တရားလည်းရှိ၏။ ခန္ဓဝဂ္ဂသံယုတ် သာရိပုတ္တဝဂ် သုစိမုခိသုတ်မှာ အရှင်သာရိပုတြာအား သုစိမုခိပရိဗိုဇ်မ ကြည်ညိုသောသုတ်ဖြစ်၏။ ဒီဃနိကာယ် ပါထေယျဝဂ်သမ္ပသာဒနီယသုတ်မှာ မြတ်စွာဘုရားအား အရှင်သာရိပုတြာ ကြည်ညိုသောသုတ်ဖြစ်၏။ ထို့ပြင် သုတ္တနိပါတအဋ္ဌကဝဂ် သာရိပုတ္တသုတ်ကိုလည်း ဥပတိသ ပသိနအဖြစ်ညွှန်ပြကြ၏။

ရာဟုလောဝါဒကိုမူ ကျောက်စာတွင် မြတ်စွာဘုရားမုသာဝါဒနှင့်ပတ်သက်၍ ဟောကြားသောသုတ်ဟု ဆိုသဖြင့် ရာဟုလောဝါဒသုတ်တို့တွင် မဇ္ဈိမပဏ္ဏာသအမ္ဗလဋ္ဌိကဘိက္ခုဝဂ်အမ္ဗလဋ္ဌိကသုတ်ဖြစ်ကြောင်းထင်ရှား၏။

ဤကျောက်စာနှင့် ပတ်သက်၍ အသောကကျောက်စာဘာသာပြန်ဆရာ အင်္ဂလိပ်လူမျိုး အေး-ဆမစ်က "အသောကမင်းကြီး ညွှန်ကြားသော သုတ္တန်များကို ပါဠိနှင့်ဘာသာပြန်နှစ်ရပ်တွဲစပ်ပြီး ဗုဒ္ဓဓမ္မသင်ဏ်းစာ ပြုလုပ်ပါလျှင် လွန်စွာနှစ်သက်ဖွယ်ဖြစ်မည်" ဟု မှတ်ချက်ချထား၏။ စင်စစ်ဗုဒ္ဓဘာသာ

လက်စွဲပင်ဖြစ်သင့်၏။ ဤအတွက် အသောက မင်းကြီးကဲ့သို့ အမြော်အမြင်ရှိပြီး စေတနာ သဒ္ဓါတရားကိုလည်း အကျိုးရှိအောင် အသုံးပြုတတ်သူပေါ်ပေါက်ဖို့လိုပေမည်။

ဤသည်တို့ကား အသောကမင်းကြီး ကျောက်ပြားငယ် ၅ချပ်၌ရေးထိုးထားသော ကျောက်စာတို့ဖြစ်၏။ ထိုကျောက်စာတို့မှာ-

(၁) ရူပနာထ။
(၂) ပထမဗြဟ္မဂိရိ။
(၃) ဒုတိယဗြဟ္မဂိရိ။
(၄) မာသကီနှင့်။
(၅) ဘာဗြူတို့ဖြစ်၏။

ယင်းတို့မှာ ကျောက်စာတွေ့ရာ အရပ်ဒေသ ဌာနကို စွဲပြု၍ မှည့်ခေါ်သောအမည်တို့ဖြစ်၏။ ဥပမာ-ရူပနာထအရပ်မှတွေ့ရှိသော ကျောက်စာကို ရူပနာထကျောက်စာဟု ခေါ်ခြင်းဖြစ်၏။ ဗြဟ္မဂိရိအရပ်မှာကား ကျောက်စာနှစ်မျိုး တွေ့ရ၍ ပထမနှင့်ဒုတိယခွဲခြားထားခြင်းဖြစ်၏။

# ကျောက်ပြား ၁၄ ချပ်

## ၁-ဂိရနာရ

ဒေဝါနံပိယ ပိယဒသီမင်းသည် ဤတရားစာကို ရေးစေ၏။ ဤအရပ်၌မည်သည့်သတ္တဝါကိုမျှ သတ်ဖြတ်၍ ယဇ်မပူဇော်ရ၊ ပွဲသဘင်လည်း မကျင်းပရ၊ ဒေဝါနံပိယ ပိယဒသီ မင်းသည် ပွဲသဘင်တို့၌ အပြစ်များစွာမြင်၏။ ထိုတွင် အချို့သော ပွဲသဘင်တို့ကိုကား ဒေဝါနံပိယ ပိယဒသီမင်းသည် ကောင်း၏ဟု သတ်မှတ်၏။

ရှေးအခါက ဒေဝါနံပိယ ပိယဒသီမင်း၏ စဖိုဆောင်၌ နေ့တိုင်းဟင်းလျာအတွက် သတ္တဝါ ထောင်ပေါင်း များစွာတို့ကို သတ်ဖြတ်ကြ၏။ ဤတရားစာကို ရေးပြီးသောအခါ ဥဒေါင်းနှစ်

ကောင်, သမင်တကောင် ဤသုံးကောင်ကိုသာ
သတ်ရ၏။ ထိုတွင်လည်း သမင်မှာ အမြဲမဟုတ်၊
နောင်အခါ ထိုသုံးကောင်ကိုပင် သတ်ကြရမည်
မဟုတ်။

ဤကျောက်စာတွင် အသောက မင်းကြီးသည် မိမိ အမည်ကို ဒေဝါနံပိယ ပိယဒသီဟု ခေါ်တွင်စေ၏။ သူ၏ဘွဲ့အမည် အပြည့်အစုံပင်ဖြစ်၏။ ဓမ္မလိပိကိုတရားစာဟု ပြန်ဆို၍ လေခိတာကိုရေးစေသည်ဟု ပြန်ပါသည်။ ယခုခေတ်သုံးပါဠိဖြင့်ကား ဓမ္မလိပိနှင့်လိခိတာပင်ဖြစ်၏။

## ၂-ဂိရနာဝရ

ဒေဝါနံပိယ ပိယဒသီမင်း၏ နိုင်ငံအတွင်း အရပ်–ဒေသအားလုံးတို့၌ရင်း၊ အပြင်အပ ဖြစ်သော စောဠ, ပဏ္ဍယ, သတိယပုတ, ကေရလပုတ, တမ္ဗပဏ္ဏိ, အန္တိယောဂမည်သော ယောနမင်းနှင့် ထိုမင်း၏ အနီးအပါး အခြား မင်းတို့၏ တိုင်းပြည်များ အတွင်း၌ရင်း၊ ဒေဝါနံပိယ ပိယဒသီမင်းသည် လူနှင့်တိရစ္ဆာန်တို့ အတွက် ဆေးကုဌာန နှစ်မျိုးထား၏။ လူ, တိရစ္ဆာန်နှင့် သင့်လျော်သော ဆေးပင်တို့ကိုလည်း မရှိသေးသော အရပ်ဒေသသို့ ယူဆောင် စိုက်ပျိုးစေ၏။ ဤအတူ သစ်မြစ် သစ်သီးပင် တို့ကိုလည်း မရှိသေးသော အရပ်ဒေသသို့ ယူဆောင်စိုက်ပျိုးစေ၏။ လမ်းခရီးတို့၌ တိရစ္ဆာန်နှင့်လူတို့သုံးဆောင်ရန် သစ်ပင်တို့ကို စိုက်ပျိုးစေရန် ရေတွင်းတို့ကို တူးစေ၏။

စောငှသည် အိန္ဒိယပြည် အရှေ့တောင်ဖက် ကိုရိုနယ် အတွင်း၌ရှိ၏။ စောငှတိုင်း၏ မြို့တော်မှာ ဥဒယပုရ ဖြစ်၏။

ပဏ္ဍယသည် တမီလ်တို့၏ဒေသမှ တောင်ဖက် ကျသည်။ မြို့တော်မှာ မထုရာဖြစ်၏။

သတိယပုတကို ဆတျပုတြဟု ခေါ်ကြ၏။ ကံဂျီဝရမ် အနီး အရပ်ဒေသပင်ဖြစ်၏။

ကေရလပုတသည် မာရဝါရ အရပ်ရှိ သမုဒြာ ကမ်းတ လျှောက်ဖြစ်၏။

တမ္ဗပဏ္ဏိသည် ယခုအခါ သီရိလင်္ကာခေါ် သီဟိုဠ်ကျွန်း ၏ အမည်တမျိုးဖြစ်၏။ ပညာရှိအချို့ကမူ တမ္ဗပဏ္ဏိသည်အိန္ဒိယ ပြည်အတွင်း ဒက္ခိဏဒေသမှ မြစ်ပတ်ဝန်းကျင် ဖြစ်သည်ဟု ဆို ကြ၏။

အန္တိယောဂမည်သော ယောနမင်းမှာ အာရှအနောက် ဖျားယဝန ခေါ် ဂရိတ်ယူနန်မင်းဖြစ်၏။

## ၃-ဂိရနာရ

ဒေဝါနံပိယ ပိယဒသီမင်းသည် ဤသို့ မိန့်ကြား၏။ ငါသည်အဘိသိက်ခံ၍ ၁၂နှစ်မြောက်၌ ဤအမိန့်ကိုထုတ်ပြန်၏။ ငါ၏နိုင်ငံ တဝှန်းလုံး၌ ယုတ, ရဇုက, ပါဒေသိက အမတ်တို့သည် ငါးနှစ်-ငါးနှစ်တကြိမ် အခြားကိစ္စကို စူးစမ်းစစ်ဆေးရန် ထွက်သကဲ့သို့ ဤတရား အဆုံးအမ အတွက် ထွက်ကြရမည်။အမိအဖတို့စကားကိုနာယူခြင်းသည် ကောင်း၏။ အဆွေ, ခင်ပွန်း, အသိအကျွမ်း, ဆွေမျိုး ဉာတကာ, ရဟန်းပုဏ္ဏားတို့အား ပေးကမ်းလှူဒါန်းခြင်းသည် ကောင်း၏။ သတ္တဝါတို့ အသက်ကို မသတ်ဖြတ်ခြင်းသည် ကောင်း၏၊ ခြွေတာခြစ်း, ပစ္စည်း ဥစ္စာ အသင့်အတင့်သာ ရှိခြင်းသည် ကောင်း၏။

ပရိသကလည်း ယုတ အမတ်တို့အား အကြောင်းအကျိုးဖြင့် ဝေဖန်စစ်ဆေးရန် အမိန့်ပေးရမည်။

ယုတ ဟူသည်မှာအတွင်းဝန်ဖြစ်၏။

ရာဇုက ဟူသည်မှာ ဝန်ကြီးဖြစ်၏။

ပါဒေသိက ဟူသည်မှာ နယ်စား သို့မဟုတ် စော်ဘွားဖြစ်၏။

ပရိသ ဟူသည်မှာ လွှတ်တော်ဖြစ်၏။

ယင်းတို့ကို ယခု ခေတ်သုံး စကားလုံးဖြင့် လဲလှယ်ပြီး မပြန်ဆိုသည်မှာ မူရင်းကျောက်စာ ဝေါဟာရကို သိကြစေရန်ဖြစ်၏။

## ၄-ဂိရနာဝရ

လွန်လေပြီးသော နှစ်ပေါင်း များစွာက သတ္တဝါတို့ကို သတ်ဖြတ်ညှဉ်းပန်း နှိပ်စက်ခြင်း၊ ဆွေမျိုး, ဥာတကာ, ရဟန်း, ပုဏ္ဏား တို့အား မရိုသေ မကိုင်းရှိုင်းခြင်းတို့ တိုးပွားနေခဲ့ကြ၏။ သို့သော်လည်း ယနေ့ ဒေဝါနံပိယ ပိယဒသီမင်း၏ တရားအကျင့်ကြောင့် စည်သံသည် တရားစည်သံဖြစ်၍ လူများသည် ဗိမာန်, ဆင်, မီးတန်ဆောင်နှင့်အခြားတောက်ပသော အဆင်းတို့ကို တွေ့မြင်ကြရ၏။

သတ္တဝါတို့ကို မသတ်ဖြတ်, မညှဉ်းပန်းခြင်း၊ ဆွေမျိုး, ဥာတကာ၊ ရဟန်း၊ ပုဏ္ဏားတို့အား ရိုသေ ကိုင်းညွတ်ခြင်း၊ အမိအဖတို့စကား နာယူခြင်း၊ ပညာရှိတို့အားမှီဝဲဆည်းကပ်ခြင်းတို့သည် ရှေးနှစ်ပေါင်းများစွာက မဖြစ်ခဲ့ဘူး၊ ယနေ့ ဒေဝါနံပိယ ပိယဒသီမင်း၏ တရား အဆုံး အမကြောင့် တိုးပွားနေ၏။ ဤမှတပါး အခြား

အထူးထူး အပြားပြားသော တရားအကျင့်တို့လည်း ပြန့်ပွားနေ၏။

ဒေဝါနံပိယ ပိယဒဿီမင်း၏ သား, မြေး, မြစ်တို့သည် ဤတရား အကျင့်ကို ကမ္ဘာပတ်လုံး မလျှပ်မရှား တိုးပွားစေကြရမည်။ တရားဓမ္မ, အကျင့်သီလ၌ တည်လျက် တရားသို့ အစဉ်လိုက်ပြီး သွန်သင်ဆုံးမကြရမည်။ ဤတရား အဆုံးအမသည်သာ မွန်မြတ်သော အလုပ်ကိစ္စ စင်စစ်ဖြစ်၏။ သီလမရှိသူအား အဘယ်မှာတရားကျင့်ခြင်း ရှိမည်နည်း။ ထို့ကြောင့် ဤအကျိုး တရား၏ တိုးပွားခြင်း, မဆုတ်ယုတ်ခြင်းသည်ကောင်း၏။ ယင်းအကျိုးတရားအတွက် ဤစကားကို ရေးသားစေခြင်း ဖြစ်၏။ ဤအကျိုးတရား၏ တိုးတက် ကြီးပွားခြင်း၌လည်း ယှဉ်ကြလော့၊ ဆုတ်ယုတ်ပျက်စီးခြင်းကို မရှုကြလင့်။

ဒေဝါနံပိယ ပိယဒဿီမင်းသည် အဘိသိက်ခံ၍ ၁၂ နှစ်မြောက်၌ ဤစာကို ရေးသားစေခြင်းဖြစ်၏။

## ၅-ဂိရန္ဒ၁ရ

ဒေဝါန်ပိယ ပိယဒသီမင်း မိန့်ကြား၏။ ကောင်းမှုကို ပြုနိုင်ခဲ၏။ ကောင်းမှု ပြုသူသည် ပြုနိုင်ခဲသောအမှုကို ပြုသည်မည်၏ ငါသည် ကောင်းမှုများစွာပြုခဲ့၏။ ထို့အတူ ငါ၏ သား, မြေးတို့နှင့် ယင်းတို့၏ အဆက်အနွယ် တို့သည် ကမ္ဘာပတ်လုံး ငါ၏နည်းတူ လိုက်နာ၍ ပြုလုပ်ကြ ပါသော် ကောင်းမှုပြုသည် မည်လိမ့်မည်။ ငါ၏ စကား အနည်းအပါးမျှပင် ဖျက်ဆီး သူသည် မကောင်းမှုပြုသည် မည်လိမ့်မည်။ မကောင်းမှု ကိုကား ပြုလွယ်ကြ၏။

ရှေးအခါကမူ ဓမ္မမဟာမတ္တခေါ်တရားရေး အမတ် မရှိခဲ့ဘူး။ ငါအဘိသိက်ခံ၍ ၁၃-နှစ် မြောက်၌ ဓမ္မမဟာမတ္တကို ခန့်ထား၏။ ယင်း အမတ်ကြီးတို့သည် ဂိုဏ်းဂဏအားလုံးတို့၌တရား တည်စေရန်, တရားတိုးပွားစေရန်, တရားကျင့်

ဆောင်ကြစေရန်နှင့်ယောန, ကမ္ဗောဇ, ဂန္ဓာရ, ရဋ္ဌိက,ပိထိနိကတိုင်းများနှင့်တပါးသောအပရန္တတိုင်းတို့၏ စီးပွားချမ်းသာ ဖြစ်စေရန် ဆောင်ရွက်လျက်ရှိကြ၏။

ထိုအမတ်တို့သည် သူခစား, အရှင်သခင်, ပုဏ္ဏား, သူဌေး, အားကိုးရာမဲ့သူ, အိုမင်းမစွမ်းသူတို့၏ စီးပွား ချမ်းသာနှင့် တရားကျင့်သူတို့ဘေးမရောက်စေရန် ကာကွယ် စောင့်ရှောက်လျက်ရှိကြ၏။

ထိုအမတ်တို့သည် သားသမီး, အခြံအရံများသူ, မင်းမှုထမ်းခဲ့ဘူးသူ, အိုမင်းမစွမ်းသူတို့ ချုပ်နှောင် ကွပ်မျက်ခြင်းမှ လွတ်ကင်း၍ အနှောက်အယှက်မရှိ လွတ်ငြိမ်း ချမ်းသာခွင့် ရကြစေရန် ဆောင်ရွက်လျက်ရှိကြ၏။

ထိုအမတ်တို့သည် ဤပြည်၌၎င်း, အပြင်အပမြို့များ၌၎င်း, ငါ၏နန်းတွင်း၌၎င်း, ငါ၏ ညီ၊ အကို, အမ၊နှမတို့အိမ်တွင်း၌၎င်း, အခြား ဆွေမျိုးများနှင့်အရပ်ဒေသအားလုံးတို့၌၎င်းဆောင်ရွက်လျက် ရှိကြ၏။

ငါ၏ နိုင်ငံအဝှန်း၌ တရားကို အမှီပြုရန်, တရားကိုဆောက်တည်ရန်, အလှူဒါနနှင့် ယှဉ်စေရန် ထိုမဟာမတ္တတို့ကို ခန့်ထားခြင်း ဖြစ်၏။ ဤတရားစာသည် အဓွန့်ရှည်စွာ တည်ပါစေသ

တည်း။ ငါ၏ ပြည်သူတို့ အစဉ် လိုက်နာကြ
ကုန်လော့။

ဤကျောက်စာပါတိုင်းပြည်တို့တွင် ယောနနှင့်ကမ္ဗောဇ်, ဂန္ဓာရတိုင်းကို နောက်က ဖော်ပြခဲ့ပြီးဖြစ်၍ ကြွင်းကျန်သော တိုင်းပြည်များကိုသာ ဖော်ပြပါမည်။

ရဋ္ဌိကကို သက္ကတဟိန္ဒီတို့၌ ရာရှတြိက်ဟု ခေါ်ဝေါ်ကြ၏။ ယင်းသည် ယခုဘုံဘေ၊ ပုနာနယ်အတွင်းရှိ ဂူနဇဆူဋ္ဌိ, မဟာရဋ္ဌိ အရပ်ဒေသများဖြစ်၏။

ပိထိနိက ဟူသည်မှာ ယခုအခါ ပန်ဂျပ်နယ် အတွင်းရှိ ပထန်ခေါ်သော အရပ်ဒေသ ဖြစ်သင့်၏။

# ၆-ဂိရနာ၁ရ

ဒေဝါနံပိယ ပိယဒသီမင်းသည် ဤသို့မိန့်ဆို၏။ ရှေးအခါကအမှုကိစ္စအားလုံးတွင် လျှောက်တင်ခြင်း မရှိခဲ့။ ယခုအခါ ငါသည် ဤသို့ပြု၏။ မည်သည့်အခါမဆို ငါစားသောက်နေသည် ဖြစ်စေ၊ အတွင်းဆောင်၌ နေသည်ဖြစ်စေ၊ မိန်းမဆောင်၌ နေသည်ဖြစ်စေ၊ အိပ်ဆောင်ဝင်သည်ဖြစ်စေ၊ လမ်းလျှောက်ထွက်သည်ဖြစ်စေ၊ ခရီးထွက်သည်ဖြစ်စေ၊ ဥယျာဉ်ထွက်သည် ဖြစ်စေ၊ နာခံတော်တို့သည် ပြည်သူ့ကိစ္စဟူသမျှကို ငါ့အား လျှောက်ကြားရမည်။ ငါသည် အလုံးစုံ အကုန်ပြုလုပ်မည်။

ငါကိုယ်တိုင် အလှူတော်အမတ်၊ သံတော်ဆင့် အမတ်တို့ကို တစုံတရာ နှုတ်မိန့်ပေးရာ သို့မဟုတ် အမတ်တို့အရေးတကြီး စီမံပြုလုပ်ရာတို့၌ အငြင်းပွားဖွယ်၊ စဉ်းစားဖွယ်၊ ယုံမှားဖွယ် ရှိပါလျှင် လွှတ်တော်က အချိန်မရွေး အလျှင်အမြန် ငါ့အား လျှောက်တင်ကြရမည်။ ငါ့အား

လုံ့လ ကြိုးကုတ် အားထုတ်ရာ၌ ရောင့်ရဲခြင်း မရှိ၊ ငါသည် လောက၏ အစီးအပွား ပြုလုပ်ရခြင်းကို ငါ၏ တာဝန်ဟု ယူဆ၏။ ငါ့အား လောက၏အစီးအပွား ဆောင်ရွက်ခြင်းမှ တပါး အခြားအမှု ကိစ္စမရှိ။ ယင်းသို့အားထုတ် ဆောင်ရွက်ခြင်းကား ငါသည် လူအများ၏ ကြွေးမြီမှ လွတ်ကင်းရန်ဖြစ်၍ လူတို့သည် ဤလောက၌လည်း ချမ်းသာကြပြီး တမလွန်လောက၌လည်း နတ်ရွာသို့ ရောက်ကြစေရန် ဖြစ်၏။

ဤအကျိုးအတွက် ဤတရားစာကို ရေးစေ၏။ ယင်းသည် အဓွန့်ရှည်စွာ တည်ပါစေသတည်း။ ငါ၏ သား ့မြေး ့မြစ် အဆက်ဆက်တို့သည် လူအများ၏ အကျိုးစီးပွားအတွက် ဆက်လက် အားထုတ်ကြလော့၊ စင်စစ် ကြိုးစားအားထုတ်ခြင်းနှင့် ကင်း၍ ဤအမှုကို ပြုလုပ်ရန် ခဲယဉ်း၏။

ဒါပကကို အလှူဘော်အမတ်, သာဝကကိုသံတော်ဆင့် အမတ်ဟုပြန်ဆိုခြင်းဖြစ်၏။ စင်စစ်ဒါပကမှာ အလှူဒါန ပြုလုပ်ရာတွင်စီမံခန့်ခွဲသူသို့မဟုတ်ကြီးကြပ်သူဖြစ်၏။ သို့ရာတွင် သာဝက ခေါ် သံတော်ဆင့် အမတ်နှင့်ရှေ့နောက်ဆက်စပ်နေသဖြင့် အလှူတော် အမတ်ဟုပင် ပြန်ဆိုလိုက်ခြင်းဖြစ်၏။

# ၇ - ဂိရနာရ

ဒေဝါနံ ပိယ ပိယဒသီမင်းသည် ဂိုဏ်းဂဏ အားလုံး ညီညွတ်စွာ နေရန် အလိုရှိ၏။ အကြောင်းကား လူအားလုံးသည်စောင့်စည်းခြင်း, သဘောဖြူစင်ခြင်းတို့ကို လိုလားကြ၏။ လူတို့သည် အလိုဆန္ဒနှင့်နှစ်သက်ခြင်း၊ အနိမ့် အမြင့် ကွဲပြားသော်လည်း အနည်းအများ ကျင့်ဆောင်ကြ၏။ အကြီးအကျယ် မပေးမလှူ နိုင်သော်လည်း စောင့်စည်းခြင်း, သဘောဖြူစင်ခြင်း, ကျေးဇူးသိတတ်ခြင်း, မပြတ်ကိုးကွယ်ခြင်းတို့၌ စင်စစ်စွဲမြဲကြ၏။

## ၈-ဂိရဂ္ဂသမဇ္ဇ

ရှေးအခါက ဒေဝါနံပိယတို့သည် အပျော်အပါးထွက်ကြရာ၌ တောကစားခြင်းနှင့်အခြားပျော်မွေ့ဖွယ်တို့ကို ပြုလုပ်ကြ၏။ ဒေဝါနံပိယ ပိယဒဿီမင်းသည် အဘိသိက်ခံ၍ ၁၀-နှစ်မြောက်၌ မဟာဗောဓိသို့သွား၏။ ယင်းသို့သွားခြင်းကား တရား ခရီးထွက်ခြင်းပင် ဖြစ်၏။ ရဟန်း, ပုဏ္ဏားတို့အား ဖူးမြော်ခြင်း, ပေးကမ်းလှူဒါန်းခြင်း, လူကြီးများနှင့် တွေ့ဆုံခြင်း, ရွှေတို့ကို ဝေဖန်ခြင်း, ဇနပုဒ်တို့ကို ကြည့်ရှုခြင်း, လူအများနှင့် တွေ့ဆုံခြင်း, တရားအဆုံးအမပေးခြင်း, တရားဆွေးနွေးခြင်းတို့ကို ပြုလုပ်၏။ ဤတရားခရီးသည် တောကစားခြင်း စသော အပျော်ခရီးထွက်ခြင်းထက် သာလွန် နှစ်သက်ဖွယ်ကောင်း၏။ ဤကား ဒေဝါနံပိယ ပိယဒဿီမင်း၏ အဘိုတပါးတည်း။

ဤကျောက်စာဖြင့် ဒေဝါနံပိယ ဟူသည် မင်းအများနှင့်သက်ဆိုင်သော ဝေါဟာရတပုဒ်ဟု ယူဆနိုင်၏။ မြန်မာဘာသာ ပေါရာဏ၌ မင်းကို ရွှေမှောက်,သနင်း,ရန်ငူ စသည်ဖြင့် ခေါ်ဝေါ်သကဲ့သို့ ထိုနိုင်ငံတွင်လည်း ထိုစဉ်အခါက မင်းကို ဒေဝါနံပိယဟု ခေါ်ကြခြင်း ဖြစ်မည်။ သို့ဖြင့် အသောကမင်း၏ ဒေဝါနံပိယ ပိယဒသီကို မင်းတို့ချစ်သောမင်းဟု ဆိုသင့်၏။ ဒေဝသဒ္ဒါသည် နတ်သာ မဟုတ် မင်းစသော လူကြီးလူကောင်းတို့ကိုလည်း ဟော၏။

# ၉-ဂိရနာဝရ

ဒေဝါနံပိယ ပိယဒဿီမင်းသည် ဤသို့ မိန့်ကြား၏။ ဤလောက၌ လူတို့သည် မင်္ဂလာကြီးငယ် ပြုလုပ်နေကြ၏။ အနာရောဂါ ဖြစ်သောအခါ၊ ထိမ်းမြားသောအခါ၊ သား- သမီးရသောအခါ၊ ခရီးထွက်သောအခါနှင့် အခြားအခါတို့၌ မင်္ဂလာကြီး-ငယ် ပြုလုပ်လေ့ရှိကြ၏။ ထိုမှတပါး သား-သမီးရသော မိန်းမများသည် အထူးထူးအထွေထွေ အကျိုးမရှိ သိမ်ဖျင်းသော မင်္ဂလာများ ပြုလုပ်တတ်ကြ၏။ စင်စစ် ထိုထို မင်္ဂလာများကို ပြုလုပ်သော်လည်း အကျိုးကျေးဇူးမရှိ။

တရားမင်္ဂလာသာအကျိုးကြီး၏။ ယင်းတို့မှာ ကျေးကျွန်-သူခစားတို့အား ကောင်းစွာကြည့်ရှုခြင်း, ဆရာ- သမားတို့အားကောင်းစွာ ဆည်းကပ်ခြင်း၊ သတ္တဝါတို့အား ကောင်းစွာစောင့်ရှောက်ခြင်း၊ ရဟန်းပုဏ္ဏားတို့အား ကောင်းစွာ ပူဇော်ခြင်းတို့ဖြစ်၏။ ဤနည်းတူစွာ အခြား

အလားတူ ပြုလုပ်ခြင်းတို့သည်လည်း တရားမင်္ဂလာမည်၏။ "ဤတရားမင်္ဂလာသည် ကောင်းမြတ်၏။ အလိုရှိသောအကျိုးကို ပြီးမြောက်စေ၏" ဟု အဖ၊သား၊ညီ၊အကို၊အရှင်၊သခင်၊အဆွေ၊ခင်ပွန်း၊ အိမ်နီးချင်းတို့သည် ဟောပြောကြရမည်။

ထို့ပြင် "အလှူ-ဒါနဟူသည် ကောင်းမြတ်၏။ ဤလောက၌ တရားအလှူ၊ တရားချီးမြှောက်ခြင်းကဲ့သို့သော လှူဒါန်း ချီးမြှောက်ခြင်းမျိုး မရှိ" ဟု အဆွေ- ခင်ပွန်း၊ အသိ၊ အကျွမ်း၊ ဆွေမျိုး၊ ဥာတကာ၊ အပေါင်းအသင်းတို့သည် မပြတ်မလပ် ဟောပြောကြရမည်။ "ဤတရားမင်္ဂလာ၊ တရားအလှူ၊ တရားချီးမြှောက်ခြင်းတို့ကို ပြုသဖြင့် နတ်ရွာရောက်နိုင်၏။ ယင်းကဲ့သို့နတ်ရွာရောက်ကြောင်း အထူးချီးမြှောက်ခြင်းမျိုး တစုံတရာမရှိ" ဟု ဟောပြောကြရမည်။

## ၁၀-ဂိရိနန္ဒ

ဒေဝါနံပိယ ပိယဒသီမင်းသည် အခြံ့အရံ အကျော်အစောကို တစုံတရာကြီး ကျယ်သည်ဟု မယူဆ၊ ငါ၏ လူများသည် ယခုနှင့်နောင်အခါ ကြားနာသင့်သောတရားကို ကြားနာရ၍ ကျင့်ဆောင်သင့်သောတရားကို ကျင့်ဆောင်ရန် အတွက်သာ ဒေဝါနံပိယ ပိယဒသီမင်းသည် အခြံ့အရံ့ အကျော်အစောကို အလိုရှိခြင်းဖြစ်၏။

ထိုမှတပါး ဒေဝါနံပိယ ပိယဒသီ' မင်း၏ ကြိုးပမ်းအားထုတ်မှု ဟူသမျှသည် လွတ်မြောက်ခြင်းအတွက်သာဖြစ်၏။ အသို့နည်း လူအားလုံး အပြစ် ကင်းရန်ပင်တည်း။ အပြစ် ဟူသည်မှာ မကောင်းမှုဖြစ်၏။ အလုံးစုံကို အကုန်စွန့်လွှတ်သော်လည်း ကြိုးစားအားထုတ်မှု မရှိပါလျှင် လူငယ်ဖြစ်စေ, လူကြီးဖြစ်စေ အပြစ်ကင်းရန် ခဲယဉ်း၏။ လူကြီး- လူကောင်းတို့ပင် အပြစ် လွတ်ရန် ခဲယဉ်း၏။

## ၁၁-ဂိရနာဂရ

ဒေဝါနံပိယ ပိယဒဿီမင်းသည် ဤသို့ မိန့်ကြား၏။ တရားအလှူ, တရားအကျွင့်, တရားဝေဖန်ခြင်း, တရားနှင့် စပ်လျဉ်းခြင်းတို့နှင့်တူမျှသော အလှူဒါနတစုံတရာမရှိ၊ ဤတရားအလှူဟူသည်မှာ ကျေးကျွန်-အခစားတို့၌ ကောင်းစွာကြည့်ရှုခြင်း။ မိ-ဖတို့၌ ကောင်းစွာဆည်းကပ်ကိုးကွယ်ခြင်း, အဆွေ, ခင်ပွန်း, အသိ, အကျွမ်း, ဆွေမျိုး, ဉာတကာ, ရဟန်း, ပုဏ္ဏားတို့၌ ကောင်းစွာပေးလှူခြင်း, သတ္တဝါတို့ကို မသတ်ဖြတ် မညှဉ်းဆဲခြင်း အလုံးစုံတို့ဖြစ်၏။

ထို့ကြောင့် တရားအလှူကို မိ-ဖ,ညီ-အကို, မောင်-နှမ, အရှင်-သခင်, အဆွေ-ခင်ပွန်း, အသိအကျွမ်း, ဆွေမျိုးဉာတကာတို့နှင့် အိမ်နီး

ချင်းတို့သည် "ဤတရားအလှူသည် မွန်မြတ်သည်ဖြစ်၍ ကောင်းစွာပြုသင့်သည်" ဟု ပြောဟောကြရမည်။ ထို့ပြင် "တရားအလှူသည် ယခုလည်း ချမ်းသာအလုံးစုံပြည့်စုံ၍ နောင်လည်း ဤတရားအလှူကြောင့် အတိုင်းမရှိ ကောင်းမှုဖြစ်မည်" ဟု ဟောပြောကြရမည်။

## ၁၂ ဂိရနာရ

ဒေဝါနံပိယ ပိယဒဿိမင်းသည် ဂိုဏ်း ့ ရဟန်း လူတို့အား အမြဲမပြတ် လှူဖွယ် ပူဇော်ဖွယ် အမျိုးမျိုးတို့ဖြင့် လှူဒါန်းပူဇော် သော်လည်း ယင်းတို့ကို ဂိုဏ်းအားလုံး၏အနှစ်သာရ တိုးပွား ခြင်းဟု ဒေဝါနံပိယ ပိယဒဿိမင်း မယူဆ၊ အနှစ်သာရ တိုးပွားခြင်း အမျိုးမျိုးရှိရာ နှုတ် စောင့်စည်းခြင်းသည် အနှစ်သာရတိုးပွားခြင်း၏ မူလဖြစ်၏။ အသို့နည်း- မိမိဂိုဏ်းကိုချီးမြှောက် လို၍ ‌‌.တပါးဂိုဏ်းကိုအကျိုးမဲ့ မကဲ့ရဲ့ရာ။

အခါအားလျော်စွာ အခြားဂိုဏ်းကို ပူဇော် ရာ၏။ သို့ဖြင့် မိမိဂိုဏ်းကို ပိုမိုကြီးပွားစေမည် ဖြစ်၍ အခြားဂိုဏ်းကိုလည်း ကျေးဇူးပြုသည် မည်၏။ ထိုသို့မဟုတ်ပါလျှင် မိမိဂိုဏ်းကိုလည်း အားနည်းအောင် ပြုသည်မည်၍ အခြားဂိုဏ်း ကိုလည်း ဆုတ်ယုတ်ပျက်စီးအောင် ပြုသည် မည်၏။

မိမိဂိုဏ်းကို ထင်ပေါ်စေလိုသဖြင့် မိမိဂိုဏ်းဝင်အားလုံးတို့အား သိမ်းရုံး, ချီးမြှောက်ပြီး တပါးသော ဂိုဏ်းဝင်အားလုံးကို သိမ်းရုံးကဲ့ရဲ့ခြင်းသည် မိမိဂိုဏ်းကိုပျက်စီးအောင် ဖျက်ဆီးသည်မည်၏။

တဂိုဏ်းနှင့် တဂိုဏ်း ညီညွတ်ခြင်းသာ ကောင်းမြတ်၏။ အသို့နည်း-အချင်းချင်း တရားကို နာကြားရ၏။ ဆည်းကပ်ရ၏။ အသို့နည်း ဂိုဏ်းအားလုံးသည် အကြားအမြင်များ၍ ပညာအမြော်အမြင်နှင့် ပြည့်စုံစေရန် ဒေဝါနံပိယ ပိယဒဿိမင်းအလိုရှိ၏။

ထိုထိုတရား၌ ကြည်ညိုသူတို့လည်း "ဒေဝါနံပိယ ပိယဒဿိမင်းသည် ပေးလှူခြင်းနှင့် ပူဇော်ခြင်းတို့ကို ဂိုဏ်း၏အနှစ်သာရ တိုးတက်ကြီးပွားခြင်းဟု မယူဆ" ဟု ပြောဟော ကြရမည်။ သို့အတွက် အမျိုးသား တရားအမတ်, အမျိုးသမီးတရားအမတ်, လမ်းခရီးဆိုင်ရာ အမတ်နှင့် အခြားအမတ် အသီးသီးတို့ကို ခန့်ထားခြင်းဖြစ်၏။ သို့ဖြင့် မိမိဂိုဏ်းဂဏ အနှစ်သာရ တိုးတက်ကြီးပွား၍ တရားထွန်းလင်း တောက်ပမည်ဖြစ်၏။

# ၁၃-ဂိရနာဂရ

ဒေဝါနံပိယ ပိယဒဿီမင်းသည် အဘိသိက်ခံ၍ ၈ နှစ်မြောက်၌ ကလိင်္ဂတိုင်းကို အောင်မြင်၏။ ထိုအခါ ထိုတိုင်းပြည်၌ လူပေါင်းတသိန်း ငါးသောင်း အချုပ်အနှောင် ခံရ၏။ တသိန်းမျှ သတ်ဖြတ်ခြင်းခံရ၍ ထိုထက် များပြားသော လူတို့ သေကြေပျက်စီးကြ၏။

ကလိင်္ဂပြည်၌ ဒေဝါနံပိယမင်း၏ တရားကျင့်ဆောင်ခြင်း, စောင့်ရှောက်ခြင်း လိုလားခြင်းနှင့် တရားဩဝါဒ အနှံ့အပြား ထွန်းကားလာ၏၊ သို့သော်လည်း ယခုအခါ ဒေဝါနံပိယမင်းအား နောင်တရနေ၏။ လူအများကို သတ်ဖြတ်ခြင်း, ဖမ်းဆီးခြင်းတို့ဖြင့် အောင်ခြင်းသည် မှားသော အောင်ခြင်းဟု ယူဆ၏။ ယင်းသို့သော အောင်ခြင်းကို ဒေဝါနံပိယမင်းသည် ဝမ်းနည်းကြေကွဲ ဝန်လေး၏။

တိုင်းပြည်ဟူသမျှ၌ ရဟန်းပုဏ္ဏား, ဂိုဏ်းဂဏ, အိမ်ထောင်ရှင်များရှိကြ၏ ထိုတွင် အမိ

အဖ, ဆရာသမားတို့အား ကိုးကွယ် ဆည်းကပ်ခြင်း၊ အဆွေခင်ပွန်း, အသိမိတ်ဆွေ, ဆွေမျိုး ဉာတကာ, ကျေးကျွန် သူခစားတို့၌ ကောင်းသောကျင့်ဝတ်နှင့် လုံခြုံစွာ စောင့်ရှောက်ခြင်းသည်သာ ရှေးဦးစွာ ဆောင်ရွက် သင့်သော ဝတ္တရားဖြစ်၏။ သို့သော်လည်း ထိုတိုင်းပြည်၌ နေသူတို့သည် သတ်ဖြတ်ခြင်း, ညှဉ်းဆဲခြင်း, ဖျက်ဆီးခြင်း ခံကြရ၍ အေးချမ်းစွာ နေလိုသူတို့လည်း ပြည်ရွာကို စွန့်ခွါသွားကြရ၏။ သူတို့ချစ်မြတ်နိုးသော အဆွေခင်ပွန်း, အသိ အကျွမ်း, ဆွေမျိုး ဉာတကာတို့လည်း ပင်ပန်းဆင်းရဲခြင်းသို့ ရောက်ကြရ၏၊ သူတို့အားလုံးကိုလည်း ဖျက်ဆီးရာရောက်၍ ဒေဝါနံပိယမင်းသည် လွန်စွာ ဝန်လေးသည်ဟု ယူဆ၏။

လောက၌ ဂိုဏ်း ဂဏမရှိသော, ရဟန်း ပုဏ္ဏားမရှိသော, လူတို့ အညီအညွတ် ဖွဲ့စည်းထားသော အဖွဲ့ အစည်း၌ကြည်ညိုသူ မရှိသော တိုင်းပြည်ဟူ၍မရှိ၊ ကလိင်္ဂတိုင်းကို အောင်သော အခါ အသတ်ခံရ, သေကြေပျက်စီးရ, အနှောင်အဖွဲ့ ခံရသော လူတို့၏အပုံတရာ,အပုံတထောင်ပုံ၍ တပုံမျှပင် ပျက်စီးစေကာမူ ဒေဝါနံပိယမင်းသည် အလွန် ဝန်လေးသည်ဟု ယူဆလိမ့်မည်။ ပျက်စီးအောင် ပြုလုပ်သူကိုပင် ဒေဝါနံပိယ

မင်းသည် သည်းခံသင့်သည်ဟု ယူဆ၍ သည်းခံနိုင်စွမ်း၏။

ဒေဝါနံ ပိယ မင်းသည် နိုင်ငံ အတွင်းရှိ တောင်သူလယ်သမားတို့ကိုလည်း ယဉ်ကျေးစေ၏။ တရား၌ သက်ဝင်စေ၏။ ယင်းသို့ မဆောင်ရွက်ရလျှင် ဒေဝါနံပိယမင်းအား ချမ်းသာမရ၊ နောင်တ ရနေလိမ့်မည်။ ထို သူတို့အားလည်း "သင်တို့သည် မကောင်းမှုမှ ရှက်ကြောက်ကြလော့၊ မပျက်စီးကြစေလင့်" ဟု မှာကြား၏။ ဒေဝါနံပိယမင်းသည် သတ္တဝါတို့ မပျက်စီးခြင်း စောင့်စည်းခြင်း, တရားကျင့်ခြင်းနှင့် ရွှင်လန်းဝမ်းသာခြင်းတို့ကို အလိုရှိ၏။

ဒေဝါနံပိယမင်းသည် တရားအောင်ခြင်းကို မုချအောင်ခြင်းဟု ယုံကြည်၏။ ဒေဝါနံပိယမင်း၏ တရားအောင်ခြင်းကို ဤနိုင်ငံနှင့် နယ်စွန် နယ်ဖျား အားလုံးတို့၌ရှင်း, ယူဇနာ ရှစ်ရာဝေးကွာသော အန္တိယောဂ မည်သော ယောနမင်း နိုင်ငံ၌ရှင်း, ထိုနိုင်ငံ၏ တဖက်မှ တုလမယ, အန္တေကိန, မက, အလိသုဒရ ဟူသော မင်းလေးပါးတို့ နိုင်ငံ၌ရှင်း ထိုမှတပါး အောက်ပိုင်းရှိ စောဠ, ပဏ္ဍယ, တမ္ဗပဏ္ဏိတိုင်းတို့၌ရှင်း ရရှိခဲ့၏။ ထိုမှတပါး ဝိသ, ဝဇီ, ယောန, ကမ္ဗောဇ,

နာဘက, နာဘပန္တိ, ဘောဇ, ပတိနိက္က, အန္ဓ, ပလဒပြည်တို့၌လည်း ဒေဝါနံပိယမင်း၏ တရားဓမ္မသြဝါဒကိုလိုက်နာကြ၏။ ဒေဝါနံပိယ တမန်မရောက်သောတိုင်း ပြည်တို့၌လည်း ဒေဝါနံပိယမင်း၏ ဓမ္မတရား တိုးပွားခြင်း, တရားအစီအရင်, တရားဓမ္မသြဝါဒကို ကြားရ၍ တရားကို အစဉ်လိုက်နာကြ၏။ နောက်လည်း ဆက်လက် လိုက်နာကြလိမ့်မည်။

ယင်းသို့ တရားအောင်ခြင်း၌ ဖြစ်ပေါ်လာသော နှစ်သက်ခြင်းသည် နက်ရှိုင်းသော်လည်းပေါ့၏။ ဒေဝါနံပိယ မင်းသည် တမလွန်လောကနှင့်စပ်လျဉ်းသောအကျိုးကိုသာကြီးမြတ်သည်ဟု ယူဆ၏၊ ဤအတွက် ဤတရားစာကို ရေးစေခြင်းဖြစ်၏။ ငါ၏သား, မြေးတို့သည် အသစ်ဖြစ်သော အောင်ခြင်းကို အောင်သင့်သည်ဟု မယူဆသင့်၊ မြှားဖြင့် အောင်ခြင်းအစား သည်းခံခြင်းနှင့် ပေါ့ပါးသော ဒဏ်ကို နှစ်သက်ကြရမည်။ တရားအောင်ခြင်းကိုသာ အောင်ခြင်းဟု ယူဆကြရမည်။ ယင်းသည်သာ ဤလောက, နောက်လောက အတွက်ဖြစ်၏။ အလုံးစုံ ချမ်းသာကြောင်း ဖြစ်သော ကြိုးစား အားထုတ်၍ ရသော ချမ်းသာကိုသာ ဤလောက, နောက်လောက၌ ကြီးကျယ်မြင့်မြတ်၏။

ကလိင်္ဂတိုင်းမှာ မဟာနဒီနှင့်ဂေါဒါဝရီမြစ်တို့၏အကြား ဗင်္ဂလားအော်၏ အနောက်ဖက်ကမ်းခြေတွင်ရှိ၏။ ယခုအခါ ဥရီသာနယ်ပင်တည်း။

တုလမယကို သက္ကတဟိန္ဒီ ဘာသာတို့၌ တုရမယဟု ခေါ်ကြ၏။ အီဂျစ်ကိုပိုင်သော မိဿရမင်းဖြစ်၏။

အန္တေကိနကို သက္ကတဟိန္ဒီ ဘာသာတို့၌ အန္တိကိနဟု ခေါ်ကြ၏။ မေဆီဒိုနိယာပြည်ကို အုပ်ချုပ်သော မင်းဖြစ်၏။

မကကို မဂဟုလည်းခေါ်ကြ၏။ ဟိန္ဒီဘာသာ၌ မဂစ် ဟုရှိ၏။ ဤမင်းသည် ဆိရိနီ ပြည့်ရှင်ဘုရင် တာလေမီနှင့် ညီအကိုတော်၏။

အလိက သုဒရကို အဆိကသုဒရဟုသည်း ခေါ်ကြ၏။ ဧပိရစ်ပြည်ကို အစိုးရသော အလက္ကဇန္ဒရမင်းဖြစ်၏။

ဝိသ, ဝဇိပြည်များအကြောင်းကို ယခုတိုင် အတိအကျ မညွှန်ပြနိုင်သေးပါ။ ထို့အတူပင် နာဘကနှင့်နာဘပန္တိကိုလည်း မသိကြသေးပါ။

ဘောဇတိုင်းကား ယခုအခါ ကာလဗရာရနယ်ရှိ အိလိစ ပုရဒေသဖြစ်၏။ ယင်းကိုမဟာဘာရတ၌ ဝိဒရဘတိုင်းဟုဆို၏။

အဓကို သက္ကတ ဟိန္ဒီဘာသာတို့၌ အန္ဓရဟုခေါ်၏။ ဂေါဓာဝရီမြစ်နှင့် ကရိသျှဏမြစ်တို့၏အကြား၌ရှိ၏။ ယခုအခါ တေလိင်္ဂဟု ခေါ်၏။

နာဘက, နာဘပန္တိ, ဘောဇ, ပတိနိက္က, အဓ, ပလဒပြည်တို့၌လည်း ဒေဝါနံပိယမင်း၏ တရား ဓမ္မသြဝါဒကိုလိုက်နာကြ၏။ ဒေဝါနံပိယ တမန် မရောက်သောတိုင်း ပြည်တို့၌လည်း ဒေဝါနံပိယ မင်း၏ ဓမ္မတရား တိုးပွားခြင်း, တရားအစီ အရင်, တရားဓမ္မသြဝါဒကို ကြားရ၍ တရားကို အစဉ် လိုက်နာကြ၏။ နောက်လည်း ဆက်လက် လိုက် နာကြလိမ့်မည်။

ယင်းသို့ တရားအောင်ခြင်း၌ ဖြစ်ပေါ် လာသော နှစ်သက်ခြင်းသည် နက်ရှိုင်းသော် လည်းပေါ့၏။ ဒေဝါနံပိယ မင်းသည် တမလွန် လောကနှင့်စပ်လျဉ်းသောအကျိုးကိုသာကြီးမြတ် သည်ဟု ယူဆ၏၊ ဤအတွက် ဤတရားစာကို ရေး စေခြင်းဖြစ်၏။ ငါ၏သား, မြေးတို့သည် အသစ် ဖြစ်သော အောင်ခြင်းကို အောင်သင့်သည်ဟု မယူဆသင့်၊ မြှားဖြင့် အောင်ခြင်းအစား သည်း ခံခြင်းနှင့် ပေါ့ပါးသော ဒဏ်ကို နှစ်သက်ကြရ မည်။ တရားအောင်ခြင်းကိုသာ အောင်ခြင်းဟု ယူဆကြရမည်။ ယင်းသည်သာ ဤလောက, နောက်လောက အတွက်ဖြစ်၏။ အလုံးစုံ ချမ်း သာကြောင်း ဖြစ်သော ကြိုးစား အားထုတ်၍ ရသော ချမ်းသာကိုသာ ဤလောက, နောက် လောက၌ ကြီးကျယ်မြင့်မြတ်၏။

ကလိင်္ဂတိုင်းမှာ မဟာနဒီနှင့်ဂေါဒါဝရီမြစ်တို့၏အကြား ဗင်္ဂလားအော်၏ အနောက်ဖက်ကမ်းခြေတွင်ရှိ၏။ ယခုအခါ ဥရိသာနယ်ပင်တည်း။

တုလမယကို သက္ကတဟိန္ဒီ ဘာသာတို့၌ တုရမယဟု ခေါ်ကြ၏။ အိဂျစ်ကိုပိုင်သော မိဆရမင်းဖြစ်၏။

အန္တေကိနကို သက္ကတဟိန္ဒီ ဘာသာတို့၌ အန္တိကိနဟု ခေါ်ကြ၏။ မေဆီဒိုနိယာပြည်ကို အုပ်ချုပ်သော မင်းဖြစ်၏။

မဏကို မဂဟုလည်းခေါ်ကြ၏။ ဟိန္ဒီဘာသာ၌ မဂစ်ဟုရှိ၏။ ဤမင်းသည် ဆိရိနိ ပြည့်ရှင်ဘုရင် တာလေမီနှင့် ညီအကိုတော်၏။

အလိက သုဒရကို အဆိကသုဒရဟုသည်း ခေါ်ကြ၏။ ဧပိရစ်ပြည်ကို အစိုးရသော အလက္ကဇန္ဒရမင်းဖြစ်၏။

ဝိသ, ဝဇိပြည်များအကြောင်းကို ယခုတိုင် အတိအကျ မညွှန်ပြနိုင်သေးပါ။ ထို့အတူပင် နာဘကနှင့်နာဘပန္တိကိုလည်း မသိကြသေးပါ။

ဘောဇတိုင်းကား ယခုအခါ ကာလဗရာရနယ်ရှိ အိလိစပုရဒေသဖြစ်၏။ ယင်းကိုမဟာဘာရတ၌ ဝိဒရဘတိုင်းဟုဆို၏။

အဓကို သက္ကတ ဟိန္ဒီဘာသာတို့၌ အန္ဓရဟုခေါ်၏။ ဂေါဓာဝရီမြစ်နှင့် ကရိသျှဏာမြစ်တို့၏အကြား၌ရှိ၏။ ယခုအခါ တေလိင်္ဂဟု ခေါ်၏။

## ၁၄-ဂိရနွာရ

ဒေဝါနံပိယ ပိယဒသီမင်းသည် ဤတရားစာတို့ကို အကျဉ်း,အလတ်နှင့်အကျယ်အားဖြင့် ရေးစေ၏။ အကြောင်းကား တရားစာ အားလုံးတို့သည် အရပ်, ဒေသအားလုံးတို့အတွက် မဟုတ်သောကြောင့်ဖြစ်၏။ တိုင်းကြီး-ပြည်ကြီးအများအပြားကို အောင်မြင်၍ များစွာသော စာတို့ကိုလည်းရေးစေခဲ့၍ ရေးစေဦးမည်။ တခုတည်းသော စာကို အကြိမ်ကြိမ် အခါဆိုခဲ့သည်မှာ အနက်အဓိပ္ပါယ် ပေါ်လွင်ထင်ရှား စေရန်နှင့် လူတို့ လိုက်နာကျင့်သုံးစေရန် ဖြစ်၏။ ထိုတွင် မပြည့်စုံခြင်း, ယုံမှားဖွယ်နှင့် အချို့ကြွင်းကျန်နေပါလျှင် စာရေးသူ၏အပြစ်သာ ဖြစ်သည်ဟု မှတ်ရမည်။

ဤကျောက်ပြား ၁၄ ချပ်ကို "စတုဒ္ဒသသိလာလေခ" ဟု ခေါ်ကြ၏။ မြန်မာလိုကျောက်ပြား ၁၄ ချပ်ပင်တည်း။ ထိုကျောက်စာတို့မှာ သဘာဝကျောက်ဆောင်တို့ကို ပြုပြင်ပြီး ရေးထွင်း ထားခြင်းဖြစ်၍ ယင်းတို့ကို ကျောက်ဆောင်စာဟု

လည်းခေါ်ကြ၏။ အရေးကြီး၍ နေရာအနှံ့အပြား ရေးထိုးသော စာများဖြစ်၍ ပဓာနကျောက်စာဟုလည်း ခေါ်ကြ၏။ ဤကျောက်စာတို့ကို တွေ့ရှိသောနေရာတို့မှာ ခုနစ်ဌာနဖြစ်၏။ သို့သော်လည်း ဂိရနာရဌာန၌တွေ့သော ကျောက်စာတို့ကိုသာ ပြန်ဆိုခြင်းဖြစ်၍ ဂိရနာရ ပထမ, ဒုတိယ စသည်ဖြင့် မှတ်သားထားခြင်းဖြစ်၏။ ခုနစ်ဌာနမှာ အောက်ပါတို့ဖြစ်၏။

(၁) ဂိရနာရတောင်၊ ယင်းတွင် ၁မှ၁၄အထိ ကျောက်စာတို့ကိုတွေ့ရ၏။ ဂိရနာရသည် အိန္ဒိယအနောက်ပိုင်း ကာဌိယာဝါခရိုင် ဇူနာချမြို့ အရှေ့ဖက် တမိုင်ခန့်အကွာ၌ တည်ရှိသောတောင်ဖြစ်၏။

(၂) ကာလသီ အရပ်မှာလည်း ကျောက်စာ၁၄ချပ်လုံးပင်တွေ့ရ၏။ ယင်းအရပ်သည် အိန္ဒိယမြောက်ပိုင်း ဒေဟရာဒွန်ဒိစတြိတ်၌ ရှိ၏။

(၃) သဟဗာဇဂရဟိ အရပ်မှာလည်း ကျောက်စာ ၁၄ ချပ်လုံးပင် တွေ့ရ၏။ ယင်းအရပ်သည် အိန္ဒိယ အနောက်မြောက် ပေရှာဝါဒိစတြိတ်၌ရှိ၏။'

(၄) မာနသဟရာ အရပ်မှာလည်း ကျောက်စာ ၁၄ ချပ်လုံးပင် တွေ့ရ၏။ ယင်းအရပ်သည် အိန္ဒိယ အနောက်မြောက် ဟာဇရာဒိစတြိတ်၌ရှိ၏။

(၅) ဓောလိအရပ်မှာမူ ၁-အမှတ်မှ ၁၁အမှတ်အထိ ကျောက်စာ ၁၁ချပ်, အမှတ်၁၄ ကျောက်ချပ်

နှင့် အခြားကလိင်ကျောက်စာ ၂ ချပ်အားဖြင့် ၁၄ ချပ်တွေ့ရှိရ၏။ ယင်းအရပ်သည် အိန္ဒိယအရှေ့ပိုင်း ဩရိဿနယ် ပုရီဒိစတြိတ်၌ရှိ၏။

(၆) ဇာတိဂ်ရာမေဿရ အရပ်မှာလည်း အထက်ဖော်ပြပါ ဓောလိအရပ်၌ တွေ့ရသော ကျောက်စာ ၁၄ ချပ်ကိုပင်တွေ့ရ၏။ ယင်းအရပ်သည် အိန္ဒိယအရှေ့ပိုင်း ဩရိဿနယ်ဂန်ဇာမ် ဒိစတြိတ်တွင် ရှိ၏။

(၇) သောပါရအရပ်မှာကား အမှတ်ဂကျောက်စာ၏ တစိတ်တဒေသကို တွေ့ရ၏။ ယင်းအရပ်သည် အိန္ဒိယအနောက်ပိုင်း ဘုံဘိုင်နယ်ဌာန ဒိစတြိတ်၌ ရှိ၏။

# ကာလိင်္ဂကျောက်ပြား ၂ချပ်

## ၁-ဓောလိ

ဒေဝါနံပိယမင်း၏ စကားဖြင့် တောသလိမြို့ကို အုပ်ချုပ်သော မဟာမတ္တခေါ် အမတ်ကြီးတို့ကို ဤသို့ပြောကြားရမည်။

ငါတွေ့မြင်သော အကြောင်းအရာကို သင်တို့အားသိစေလို၏။ အသို့နည်း။ ငါသည်ပြုသင့်သောအမှုကို နည်းလမ်းအမျိုးမျိုးဖြင့် စတင်အားထုတ်မည်။ အကျိုးကျေးဇူးရှိသော နည်းလမ်းကို သင်တို့အားညွှန်ကြားမည်။ ယင်းသည် အမှန်မုချ ငါအလိုရှိသော နည်းလမ်းဖြစ်၏။ သင်တို့သည် ထောင်ပေါင်းများစွာသော လူတို့၏ မှီခိုရာ ဖြစ်သောကြောင့် သူတော်ကောင်းတို့ မြတ်နိုးခြင်း၏ တည်ရာဖြစ်ရမည်။

လူအပေါင်းသည် ငါ၏ သား, သမီးများဖြစ်၏။ အသို့နည်း- ငါ၏ သားသမီးများကို ပစ္စုပ္ပန် တမလွန်နှင့် စပ်လျဉ်းသော စီးပွားချမ်းသာကို ယှဉ်စေလိုသကဲ့သို့ လူတို့၌လည်း ငါအလိုရှိ၏။ ဤစကား၏ အဓိပ္ပါယ်အလုံးစုံကို အကုန် သိကြမည်မဟုတ်၊ တစုံတဦး သိသော်လည်း တစိတ်တဒေသမျှသာ သိမည်။ အားလုံး သိမည်မဟုတ်။

သင်တို့သည်ဤနည်းလမ်းကိုရှုကြလော့၊ ယခုပြောကြားမည့် စကားသည် ကောင်းစွာစီရင်ထားသော နီတိဖြစ်၏။ တစုံတယောက်သည် အကြောင်းမဲ့ အချုပ်အနှောင်, ညှဉ်းပန်း နှိပ်စက်ခြင်းခံရပါလျှင် သူနှင့် အခြားသူ အများအပြားလည်း အလွန်ဆင်းရဲပင်ပန်းခြင်းသို့ရောက်ကြရ၏။ထိုသို့သောအခါ မဇ္ဈိမပဋိပဒါကို အလိုရှိအပ်၏။ အသို့နည်း-ငြူစူခြင်း, အားမထုတ်ခြင်း, ကြမ်းကြုတ်ခြင်း, အဆောတလျင် ပြုလုပ်ခြင်း, မစွမ်းနိုင်ခြင်း, ပျင်းရိခြင်း, အအိပ် ကြူးခြင်းတို့ကြောင့် ပြီးမြောက်ခြင်းမဖြစ်နိုင်၊ ထိုကြောင့် ယင်းတရားတို့ မဖြစ်စေရာ အစဉ် အားထုတ်ခြင်းနှင့်အဆောတလျင် မပြုလုပ်ခြင်းသည် တရားအားလုံးတို့၏ မူလဖြစ်၍ယင်းတို့ကို ပြုလုပ်အား

ထုတ်ရမည်။ မပြတ် မလပ် ကျင့်သွား ကြရမည်။

ထိုတရားဖြင့်သူတပါးတို့အားလည်း''ဒေဝါနံပိယ မင်းသည် ဤသို့ ဆိုး မ၏၊ ထို့ကြောင့် ယင်းတရားကို ကောင်းစွာ အားထုတ်ပါလျှင် အကျိုး ဖြစ် မည်။ ပြည့်စုံစွာ မကျင့်ပါသော် အပြစ်ဖြစ်မည်၊ ဖေါက်ပြန်၍ ကျင့်ပါသော် နတ်ရွာသို့ လားရမည် မဟုတ်၊ မင်းလည်း နှစ်သက်ခြင်းမရှိ၊ ယုံကြည်စွာ ပြုလုပ်ပါသော် နတ်ရွာသို့လားရမည်၊ ကြွေးမြီမှလည်းကင်းမည်''ဟု ပြောဟောကြလော့။

ဤစာကို ဤအကျိုးအတွက် ရေးစေခြင်းဖြစ်၏။ ယင်းစာဖြင့် မြို့အုပ်ချုပ်သူတို့သည် အခါခပ်သိမ်း ဤသို့ယုဉ်ရာ၏။ အကြောင်းမရှိဘဲ မြို့နေလူတို့ကို ချုပ်နှောင်ခြင်း, ညှဉ်းပန်း နှိပ်စက်ခြင်းတို့ မပြုရ။

ဤအတွက် ငါသည် ငါးနှစ်၊ငါးနှစ်မြောက်တိုင်း သိမ်မွေ့သော, အပြစ်ကင်းသော, သနားကရုဏာရှိသော အမတ်တို့ကို စေလွှတ်မည်။ သူတို့သည် ဤအကျိုးအာနိသင်ကို သိမြင်၍ ငါ၏ အဆုံးအမ အတိုင်း ဆောင်ရွက် ကြလိမ့်မည်။

ထို့ပြင် ဥဇ္ဇေနီပြည်၌မင်းသားလည်း ဤအကျိုး အတွက် ဤနည်းလမ်းအတိုင်း အမှုထမ်းတို့ကို စေလွှတ်လိမ့်မည်။ တက္ကသိုလ်ပြည်၌လည်း ဤ အတူပင်တည်း။ အမတ်ကြီး တို့သည် မိမိတို့ ဆောင်ရွက်ရမည့် အလုပ်ကိစ္စကို သိကြပြီးဖြစ်၍ မင်းညွှန်ကြားသည့်အတိုင်း ကြိုးစား အားထုတ် ပြုလုပ်ကြလိမ့်မည်။

# ၂-ဓောလိ

ဒေဝ ါနံပိယ မင်းသည် ဤသို့ မိန့်ကြား၏။ သမာပါမြို့ အမှတ်ကြီးတို့အား မင်း၏စကားဖြင့် ပြောကြားရမည်။ ငါတွေ့မြင်သော အကြောင်း အရာတို့ကို သင်တို့အားသိစေလို၏။ အသို့နည်း ငါသည် ပြုသင့်သော အမှုကို နည်းလမ်း အမျိုး မျိုးဖြင့် စတင်အားထုတ်မည်။ အကျိုးကျေးဇူး ရှိသော နည်းလမ်းကို သင်တို့အား ညွှန်ကြား မည်။ ယင်းသည်အမှန်မုချ ငါအလိုရှိသောနည်း လမ်း ဖြစ်၏။

လူအပေါင်းသည် ငါ၏ သားသမီးများဖြစ် ၏။ အသို့နည်း၊ ငါ၏သားသမီးများကို ပစ္စုပ္ပန် တမလွန်နှင့်စပ်လျဉ်းသော စီးပွား ချမ်းသာကို ယှဉ်စေလိုသကဲ့သို့ လူအပေါင်း၌လည်း ငါအလို ရှိ၏။

နိုင်ငံ၏ အပ အစွန်အဖျား၌နေသူများသည် ငါတို့အပေါ် မင်းဘယ်သို့ အလိုဆန္ဒရှိသနည်း ဟူမှု ထိုအစွန်အဖျား၌ နေသူများအပေါ် ငါ၏ အလိုဆန္ဒဤသို့တည်းဟုပြောကြားရမည်။ "မင်း အလိုရှိသည်မှာ သင်တို့သည်မင်းအားမကြောက် ကြပဲ မင်းသည် ငါတို့၏ချမ်းသာကိုသာဆောင် မည်။ ဆင်းရဲဖြစ်စေလိမ့်မည် မဟုတ်ဟု မင်းအ ပေါ် ယုံကြည်ရန် ဖြစ်၏"

ထို့ပြင်လည်း "မင်းသည် သင်တို့ အပေါ် သည်းခံ နိုင်သမျှ သည်းခံမည်၊ သင်တို့သည် မင်းကို အကြောင်းပြု၍ တရားကျင့်ကြပြီးလျှင် ပစ္စုပ္ပန်၊ တမလွန်လောက၏ စီးပွား ချမ်းသာကို ခံစားကြလော"ဟု ပြောကြားရမည်။

ဤအတွက် သင်တို့အား ငါညွှန်ကြား၏။ ယင်းသို့ ညွှန်ကြားပြီးသော် ငါ၏ အလိုဆန္ဒနှင့် ငါ၏ ပဋိညာဉ် ဝန် ခံ ခြင်း တို့ တည် တံ့ ခိုင်မြဲခြင်းကို သင်တို့အား သိစေသဖြင့် ငါ၏ တာဝန်ကျေခဲ့ပြီ။

နိုင်ငံမှ အပ အစွန်အဖျား၌ နေသူတို့သည် နှစ်သိမ့်ရောင့်ရဲ၍ ငါ၏ အပေါ် ယုံကြည် ကိုး စားရန် သင်တို့ ပြုမူကြလျက် အမှုကိစ္စတို့ကို ဆောင်ရွက်ကြရမည်။ "မင်းသည် ငါတို့၏ အဖ

ဖြစ်၏။ မင်းသည် မိမိကိုယ်ကို မြတ်နိုးသကဲ့သို့ ငါတို့ကိုလည်း မြတ်နိုး၏။ ငါတို့သည် မင်း၏ သားသမီးများ ဖြစ်၏''ဟု ယုံကြည် ကိုးစားစေရမည်။

ယင်းသို့လျှင်သင်တို့အားငါညွှန်ကြား၏။ ငါ၏ အလိုဆန္ဒနှင့် ငါ၏ ပဋိညာဉ် ခံဝန်ချက်တို့ တည်တံ့ ခိုင်မြဲခြင်းကိုလည်းသိစေ၏။ ဤအတွက် အရပ်ဒေသအားလုံးမှာ အရာရှိ များကို ငါခန့်ထားမည်။ သင်တို့သည် နိုင်ငံတော်မှအပ အစွန်အဖျားတို့၌ နေသူတို့၏ နှစ်သိမ့်ရောင့်ရဲမှုနှင့် ပစ္စုပ္ပန် တမလွန်လောက၏ စီးပွားချမ်းသာတို့ကို ဆောင်ရွက်နိုင်၏။ သို့ဖြင့် သင်တို့သည် နတ်ချမ်းသာကိုရ၍ ငါ၏ကြွေးမြီမှလည်း လွတ်တင်းကြပေလိမ့်မည်။

နိုင်ငံတော်မှအပ အစွန်အဖျား၌ နေသူတို့ နှစ်သိမ့် ရောင့်ရဲ၍ တရား ကျင့်ဆောင် စေရန်အတွက် ငါ၏ အမတ်ကြီးများ အစဉ်ကြိုးစားအားထုတ်ကြရန် ဤစာကို ရေးစေခြင်း ဖြစ်၏။ ဤစာကို တလလေးကြိမ် ကြားနာ ကြရမည်။ ဖုသျှနက္ခတ်နှင့်ယှဉ်သော နေ့တို့နှင့် စပ်ကြား နေ့တို့၌လည်း တယောက်ထည်းဖြစ်စေ ကြားနာရမည်။ သို့ဖြင့် သင်တို့သည် ငါ၏ အလိုဆန္ဒ ပြည့်စုံစေရန် ကြိုးပမ်းကြလော့။

ဤကျောက်စာ ၂ ချပ်ကို ကလိင်္ဂအတွင်း ၂ နေရာမှာသာ တွေ့ရ၏။ ထိုနေရာမှာ ဓောလိနှင့် ဇာတိဂံအရပ် ဖြစ်၏။ သို့သော်လည်း ပြည့်စုံစွာရေးထားသဖြင့် ပဓာန ကျောက်စာအတွင်း ထည့်သွင်း ရေတွက်ကြ၏။ အချို့ကလည်း ပဓာန ကျောက်ပြား ၁၄ ချပ်ထက်ပိုလွန်၍ "အတိရေက" ဟု လည်း အမည်ပေးကြ၏။ ကျောက်စာမူရင်း စာအုပ်ကြီးမှာမူ "ဒွေ ကလိင်္ဂသိသာလေခ" ဟု ခေါ်ဝေါ်၏။ အဓိပ္ပါယ်မှာ "ကလိင်္ဂ ကျောက်ပြား ၂ ချပ်" ပင်ဖြစ်၏။ ထိုတွင် ပထမ ကျောက်စာကို တောသလိဟုရင်း, ဒုတိယ ကျောက်စာကို သမာပါဟုရင်း အမည်ပေးသင့်၏၊ သို့သော်လည်း ထိုအရပ်တို့ကို အသေအချာ မညွှန်ပြနိုင်သေး၍ ဓောလိဟုသာခေါ်ဝေါ်ကြ၏။ ဓောလိအရပ်မှာ တွေ့ရသော ကျောက်စာ နှစ်ချပ်ဟု ဆိုလို၏။

တောသလိမှာ ဓောလိအနီးအပါးတွင် ရှိလိမ့်မည်ဟု ယူဆကြ၏။ သမာပါကိုကား ဇာတိဂံ အရပ် အနီး အပါးတွင် ရှိလိမ့်မည်ဟုယူဆကြ၏။

# ကျောက်တိုင် ၇-လုံး

## ၁-ဒေလီတောပရ

ဒေဝါနံပိယ ပိယဒသီမင်းသည်ဤသို့မိန့်ဆို၏။ ငါအဘိသိက်ခံ၍ ၂၆ နှစ်မြောက်၌ဤတရားစာကို ရေးစေ၏။ ခိုင်မြဲစွာ တရားလိုလားခြင်း, ခိုင်မြဲစွာ ဆင်ခြင်ခြင်း, ခိုင်မြဲစွာ ဆည်းကပ်ခြင်း, ခိုင်မြဲစွာ ကြောက်ခြင်း, ခိုင်မြဲစွာ ကြိုးစားခြင်းနှင့် ကင်း၍ လောက သံသရာအကျိုးစီးပွါးဖြစ်ရန် ခဲယဉ်း၏။ သို့သော်လည်း ငါ၏ဩဝါဒကြောင့် တရားကို ထောက်ထား လိုလားခြင်းသည် တနေ့ထက် တနေ့ တိုးတက် ကြီးပွါးလျက်ရှိ၏။ ဆက်လက်၍တိုးတက်ကြီးပွါးဦးမည်။ ငါ၏အမှုထမ်း အကြီး, အငယ်, အလတ်တို့သည် အစဉ်အလာ အစီအရင် မပျက်အောင် ဆောင်ရွက်နေကြ၏။ လျှပ်ပေါ် သူတို့လည်း မကောင်း

မှုမှ ဖယ်ရှားပြီး ကောင်းစွာ ကျင့်ဆောင်ရန် မပြတ် အားထုတ်နေကြ၏။ နယ်စွန် နယ်ဖျား အမတ်များလည်း ဤနည်းအလား ကြိုးစားနေကြ၏။ သူခပ်သိမ်းတို့ တရားဖြင့် မွေးမြူခြင်း တရားဖြင့် စီရင်ခြင်း, တရားဖြင့် ချမ်းသာခြင်း, တရားဖြင့် စောင့်ရှောက်ခြင်း ဟူသမျှလည်း တရားအစီ အရင်တို့ပင်တည်း။

## ၂-ဒေလီတော့ဗရ

ဒေဝါနံပိယ ပိယဒသီမင်းသည် ဤသို့မိန့်ဆို၏။ တရားသည် ကောင်း၏။ တရားဟူသည် အဘယ်နည်း။ မကောင်းမှုမှ ကင်းရှင်းခြင်း, ကောင်းမှု မွါးများခြင်း, သနား ကြင်နာခြင်း, ပေးလှူခြင်း, ဖြောင့်မတ်မှန်ကန်ခြင်း, သန့်ရှင်းဖြူစင်ခြင်းတို့ပင်တည်း။ ငါသည် မျက်စိအလှူကို အမျိုးမျိုးများပြားစွာ ပေးလှူခဲ့၏။ ခြေနှစ်ချောင်း, ခြေလေးချောင်းရှိသော သတ္တဝါတို့အားရင်း၊ အတောင်ရှိသော ငှက်နှင့် ရေ၌ ကျက်စား သော ငါးများ အား ရင်း၊ အထူးထူး အပြားပြား သနားကြင်နာချမ်းသာချမ်းသာ ပေးခဲ့၏။ ဇီဝိတဒါန အစ ရှိ သော ကောင်းမှု အများ အပြား ငါပြုလုပ်ခဲ့၏။ ဤအတိုင်းလိုက်နာ ကျင့်ဆောင်ရန်အတွက် ဤတရားစာကို ရေးစေခြင်းဖြစ်၏။ အဓွန့်ရှည်စွာ တည်ပါစေသတည်း။ ဤနည်းတူစွာ ကျင့်ဆောင်သူတို့သည် ကောင်းမှုပြုသည် မည်လိမ့်မည်။

# ၃-ဒေလီတောပရ

ဒေဝါနံပိယ ပိယဒဿီမင်းသည် ဤသို့မိန့်ဆို၏။ ငါသည် ဤသို့သော ကောင်းမှုကို ပြုခဲ့ပြီဟု မိမိကောင်းမှုကို မြင်တတ်ကြ၏။ ငါသည် ဤသို့သော မကောင်းမှုကို ပြုမိ၏။ ဤကား ငါ၏ အမှားဟု မိမိမကောင်းမှုကို မမြင်တတ်ကြ၊ ယင်းသို့ မြင်ရန် ခဲယဉ်းလှစွာ၏၊ ရက်စက်ခြင်း, ကြမ်းကြုတ်ခြင်း, အမျက် ထွက်ခြင်း, ထောင်လွှားခြင်း, မနာလိုခြင်းတို့သည်ကား အပြစ်ဖြစ်စေတတ်သော တရားတို့ပင် တည်း။ ဤအကြောင်းကြောင့် တရံ တဆစ်မျှ ငါ့အား သူတပါးကဲ့ရဲ့ဖွယ်မဖြစ်သင့်ဟု ရှုရမည်။ သို့ဖြင့် ဤလောက ထိုလောက၌ ချမ်းသာသုခ မုချရလိမ့်မည်ဟု ရှုရမည်။

# ၄–ဒေလီတောပရ

ဒေဝါနံပိယ ပိယဒဿီမင်းသည် ဤသို့မိန့်ဆို၏။ ငါသည် အဘိသိက်ခံ၍ ၂၆ နှစ်မြောက်၌ ဤတရားစာကို ရေးစေ၏။ ငါ၏ ရဇ္ဇုက အမတ်ကြီးတို့သည် သိန်းပေါင်းများစွာသော လူတို့၏ မှီခိုရာ ဖြစ်ကြ၏။ ငါသည် သူတို့အား ချီးမြှောက်ခြင်း, အပြစ်ဒဏ်ပေးခြင်း, မိမိပိုင်ဆိုင်ခွင့်ကို လွှဲအပ်လိုက်၏။ အသို့နည်း ရဇ္ဇုကတို့သည် စိုးရိမ်ခြင်း, ကြောက်ရွံ့ခြင်း မရှိကြဘဲ မိမိဆိုင်ရာ အမှုကိစ္စတို့ကို ပြုလုပ် ဆောင်ရွက်ကြရန် ပြည်သူတို့၏ စီးပွါးချမ်းသာကို အထူးဂရုစိုက် ချီးမြှောက် ထောက်ပံ့ကြရန် ချမ်းသာ ဆင်းရဲခြင်း၏ အကြောင်းကို သိကြ၍ ဘရား၌ ယှဉ်ကြဘို့အတွက် သွန်သင် ဆုံးမရန် ဖြစ်၏။ သို့မှလည်း ဤဘဝ နောင်ဘဝ၏ အကျိုးကို ထိုသူတို့ ခံစားကြရမည်။

ရင္ငှုကတို့သည် ငါ၏ အလို ပြည့်ရန် အားထုတ်ကြလိမ့်မည်။ ပုရိသခေါ် ငါ၏ အရာရှိတို့သည်လည်း ငါ၏အလိုကို ဖြည့်ကြလိမ့်မည်။ သားသမီးကို လိမ္မာသော နို့ထိန်းထံ အပ်နှံပြီးလျှင် နို့ထိန်းသည် ငါ၏ သားသမီးအား ချမ်းသာကိုဆောင်လိမ့်မည်ဟု စိုးရိမ်ခြင်းကင်းသကဲ့သို့ ငါသည်လည်း ပြည်သူတို့ စီးပွားချမ်းသာစေရန်အတွက် ငါ၏ရင္ငှုကတို့ထံ အပ်နှံခြင်းဖြစ်၏။ သို့ကြောင့် ရင္ငှုကတို့သည် စိုးရိမ်ခြင်း၊ ကြောက်ရွံ့ခြင်းမရှိဘဲ တည်တည်ငြိမ်ငြိမ် ရဲရဲဝံ့ဝံ့ မိမိတို့ပြုလုပ်ရမည့် အမှုကိစ္စတို့ကို ကြိုးစား အားထုတ်ကြရမည်။ သို့အတွက် ငါသည် ရင္ငှုကတို့အား ချီးမြှောက်ခြင်း၊ အပြစ်ပေးခြင်း၊ မိမိပိုင်ဆိုင်ခွင့်တို့ကို လွှဲအပ်ခြင်းဖြစ်၏။ အသို့နည်း၊ သို့မှသာ တရားစီရင်ခြင်း၊ အပြစ်ဒဏ်ပေးခြင်း မျှတမှန်ကန်မည်ဖြစ်၏။

ထို့ပြင် ငါသည် ဤအမိန့်ကိုလည်း ထုတ်ပြန်၏။ သေဒဏ်စီရင်ချက် ချပြီးသော အကျဉ်းသားတို့အား စီရင်ချက် ချပြီးနောက် ၃ ရက် အခွင့်ပေးရမည်။ ထိုသူတို့၏ ဆွေမျိုးဉာတကာတို့သည်အသက်ချမ်းသာရန် အထူးဂရုစိုက်ကြလိမ့်မည်။ သေရသည့်တိုင်အောင် တမလွန်လောက

အတွက် အလှူ ဒါနသော်လည်း ပြုကြမည်။
ဥပုသ်သော်လည်း စောင့်ထိန်း ကြလိမ့်မည်။
ငါအလို ရှိသည်မှာ သေခါနီး အခါ၌လည်း
နောင်ဘဝအတွက် လူတို့အားကြိုးစားပြီး အထူး
ထူး အပြားပြား တရားကျင့်သုံးခြင်း၊ စောင့်
စည်းခြင်း၊ ပေးလှူခြင်းတို့ တိုးပွားရန်ဖြစ်၏။

# ၅-ဒေလီတောပရ.

ဒေဝါန်ပိယ ပိယဒသိမင်းသည် ဤသို့ မိန့်ဆို၏။ ငါသည် အဘိသိက်ခံ၍ ၂၆နှစ်မြောက်၌ ဤသတ္တဝါတို့ကိုသတ်ဖြတ်ခြင်းမပြုရန် တားမြစ်ပိတ်ပင်၏။ အဘယ်တို့နည်း- ကျေးသာလိကာ, ဝန်လို, စက္ကဝါက်, ဟင်္သာ, နန္ဒီမုခ, ကြိုးကြာ, လင်းနို့, ခါချဉ်, ရေလိပ်, အရိုးမဲ့ငါး, ဇီဝဇိုး, ဂင်္ဂါရေကြက်, ငါးတန်, ကုန်းလိပ်, ဖြူ, ရှဉ့်, စာမရီ, နွားလား, မျောက်, သမင်, ချိုး, ရွာခို, ခြေလေးချောင်း ရှိသော သတ္တဝါအားလုံးကို မစားသုံးရ။

ပဋိသန္ဓေရှိသော နို့စို့သားငယ်ရှိသော သိုးမ, ဝက်မနှင့် ၆လမပြည့်သေးသော သတ္တဝါငယ်တို့ကို မသတ်ရ၊ ကြက်ဖကိုမသတ်ရ၊ ပိုးမွှားရှိသော ဖွဲပုံကိုမီးမရှို့ရ၊ အချည်းနှီး အကျိုးမဲ့ တောမီးမရှို့ရ၊ သက်ရှိသတ္တဝါဖြင့် သက်ရှိသတ္တဝါကို အစာကျွေးပြီးမမွေးရ။

၄ လစီရှိသော ဥတုဥပါးတို့၏ လဆန်း၁ ရက်တို့၌၎င်း၊ ဖုဿျနက္ခတ်နှင့် ယှဉ်သောနေ့တို့၌ ၎င်း၊ လပြည့်နေ့တို့၌၎င်း၊ ၁၄ရက် ၁၅ရက်နှင့် လဆန်း၊ လဆုတ်၁ရက်ဖြစ်သော **၃နေ့တို့၌၎င်း** ဥပုသ် နေ့တို့၌၎င်း၊ ငါးမသတ်ရ၊ မရောင်းရ ဆင်တောနှင့် တံငါတို့ကျက်စားရာတို့၌ အခြား မည်သည့်သတ္တဝါကိုမျှ မသတ်ရ။

၈ရက်နေ့တို့၌၎င်း၊ ၁၄ ရက်, ၁၅ ရက် လကွယ်လပြည့် နေ့တို့၌၎င်း၊ ပုနဗ္ဗသုနက္ခတ်နှင့် ယှဉ်သောနေ့တို့၌၎င်း၊ ၄လစီရှိသော ဥတုဥပါး တို့၏ လဆန်း၁ရက်တို့၌၎င်း၊ နေ့ထူးနေ့မြတ်တို့ ၌၎င်း၊ နွား၊ဆိတ်၊သိုး၊ဝက် စသော သတ္တဝါ တို့ကို အမှတ်တံဆိပ်မခတ်နှိပ်ရ၊ (သင်းကွပ်ခြင်း မပြုရလည်းဟူ) ဖုဿျနက္ခတ်နှင့် ယှဉ်သောနေ့ ပုနဗ္ဗသုနက္ခတ်နှင့် ယှဉ်သောနေ့ ၄လတကြိမ် ဥတု၏ဆန်းရက်နေ့တို့၌ မြင်း၊နွားတို့အား အမှတ် တံဆိပ်မခတ်နှိပ်ရ။

ငါအဘိသိက်ခံ၍ ၂၆နှစ်အတွင်း၌ ၂၅ကြိမ် တိုင်တိုင် အကျဉ်းသားတို့ကို လွှတ်ခဲ့၏။

## ၆-ဒေလီတောပရ

ဒေဝါနံပိယ ပိယဒသီးမင်း ဤသို့ မိန့်ဆို၏။ ငါသည် အဘိသိက်ခံ၍ ၁၂ နှစ် မြောက်၌ ဤတရားစာကို လောက၏စီးပွားချမ်းသာအတွက် ရေးစေ၏။ ယင်းဖြင့်ထိုလူတို့သည်ထိုထိုအကုသိုလ်ကိုရှောင်ကြဉ်၍ ထိုထိုတရားကြီးပွား တိုးတက်ဆည်းပူးအားထုတ်ကြ၏။ ယင်းသို့လျှင်လောက၏စီးပွားချမ်းသာကို ကြည့်ရှုခဲ့၏။ ငါ၏ ဆွေမျိုးဉာတိတို့နှင့် အလားတူအဝေးအနီး၌နေသူ၊ ဘယ်သူ၏ ချမ်းသာကို ဘယ်မှာမဆောင်ဘဲရှိမည်နည်း၊ ဘယ်မှာမစိုးရိမ်ဘဲရှိမည်နည်း။ ဤအတူ ခပ်သိမ်းသော အဖွဲ့အစည်းတို့၌ ကြည့်ရှုခဲ့၏၊ ခပ်သိမ်းသော ဂိုဏ်းသားတို့ကိုလည်း ငါသည်အထူးထူးအပြားပြားပူဇော်ခဲ့၏။ သို့ရာတွင် ငါသည် မိမိယုံကြည် သက်ဝင်သောတရားကို မုချအားဖြင့်လိုလား၏။

ငါအဘိသိက်ခံ၍ ၂၆နှစ်မြောက်၌ ဤတရားစာကိုရေးစေ၏။

# ၇-ဒေလီတောပရ

ဒေဝါနံပိယ ပိယဒဿီမင်းသည် ဤသို့ မိန့်ဆို၏။

ရှေးအခါက မင်းတို့သည် ဘယ်သို့လျှင် လူတို့အား တရားတိုးပွါးစေရမည်နည်းဟု လိုလားခဲ့ကြ၏။ သို့သော်လည်း လူတို့၌ သင့်လျော်စွာ တရားတိုးပွါးခြင်းမရှိခဲ့။

ဤအကြောင်းကို ဒေဝါနံပိယ ပိယဒဿီမင်းသည် ဤသို့ မိန့်ဆို၏။

ငါသည် ဤသို့ စဉ်းစား၏။ ရှေးကမင်းတို့သည် ဘယ်သို့လျှင် လူတို့အား တရားတိုးပွါးစေရမည်နည်းဟု လိုလားခဲ့ကြ၏။ သို့သော်လည်း လူတို့၌ သင့်လျော်စွာ တရားတိုးပွါးခြင်းမရှိခဲ့၊ သူတို့အား မည်သို့လျှင် တရားကို လိုက်နာကျင့်ဆောင် စေအံ့နည်း။တရား၌ တိုးတက်ကြီးပွါးစေအံ့နည်း။ တရား တိုးတက်ကြီးပွားစေရန် အတွက် မည်သူ့အား မြှောက်စား ချီးမြှင့်ရမည်နည်း။

ဒေဝါနံပိယ ပိယဒသီ မင်းသည် ဤသို့ မိန့်ဆို၏။

ငါ့အား ဤသို့ အကြံဖြစ်၏။ လူတို့အား တရားဟောပြောသည်ကို ကြားနာစေ၍ တရားဖြင့် ဆုံးမသွန်သင်စေမည်။ သူတို့သည် တရားအဆုံးအမ ရပါလျှင် တရားကို လိုက်နာ ကျင့်ဆောင်၍ မြင့်မြတ်ထက်ကြွလာကြပြီးလျှင် တရား၌ အမှန်ပင် တိုးတက် ကြီးပွါးလာလိမ့်မည်။ ဤအတွက် ငါသည် တရားဟောပြောစေပြီးလျှင် တရားဩဝါဒကိုလည်း အမျိုးမျိုးပေးခဲ့၏။ လူအများမှူးခိုရာဖြစ်သော ပုရိသခေါ် အမတ်တို့သည် ငါ၏ တရား အဆုံးအမတို့ကို ဝန်းကျင်ဟောကြားပြန့်နှံ့စေရမည်။ လူအပေါင်းထောင်သောင်းတို့၏ မှူးခိုရာဖြစ်သော ရဇ္ဇုက အမတ်ကြီးတို့အားလည်း တရားနှင့် စပ်လျဉ်း၍ လူတို့ကို ဤသို့ ဤသို့လျှင် ဟောကြား ဆုံးမရမည်ဟု ငါ ပြောကြားထားပြီး ဖြစ်၏။

ဒေဝါနံပိယ ပိယဒသီမင်းသည် ဤသို့ မိန့်ဆို၏။

ဤအကြောင်းကို ဆင်ခြင်၍ ငါသည် တရားတိုင်တို့ကိုလည်း စိုက်ထူခဲ့၏။ တရားအမတ်တို့ကိုလည်း ခန့်ထားခဲ့၏။ တရားနာကြားခြင်းတို့ကိုလည်း စီရင်ခဲ့၏။

ဒေဝါနံပိယ ပိယဒသီမင်းသည် ဤသို့မိန့်ဆို၏။

လူနှင့်တိရစ္ဆာန်တို့ အရိပ်အာဝါသ ဖြစ်စေရန် လမ်းတို့၌ ညောင်ပင်များကို စိုက်ပျိုးစေခဲ့၏။ သရက်, ဥယျာဉ်များကိုလည်း စိုက်ပျိုးစေခဲ့၏။ ရှစ်ကောသတိုင်း၌ ရေတွင်းတို့ကို တူးစေခဲ့၏။ စရပ်,တန်ဆောင်းတို့ကိုလည်းဆောက်လုပ်စေခဲ့၏။ လူနှင့် တိရစ္ဆာန်တို့ သောက်သုံးရန် ရေအိုးစင် များစွာတို့ကိုလည်း ထိုထို အရပ်တို့၌ ဆောက်လုပ်စေခဲ့၏။ ဤအသုံးအဆောင်တို့သည် ကား ပေါ့ပေါ့ပါးပါး ထူးမခြားလှ။ ရှေးကမင်းတို့သည်ရင်း၊ ငါသည်ရင်း လူတို့အားအထူးထူး အပြားပြား ချမ်းသာခြင်းတို့ဖြင့် ချမ်းသာစေခဲ့၏။ စင်စစ်ငါကား ဤတရား ကျင့်ဝတ်ကို အစဉ်လိုက်၍ ကျင့်သုံးစေခြင်းဖြစ်၏။

ဒေဝါနံပိယ ပိယဒသီမင်းသည် ဤသို့မိန့်ဆို၏။

ငါ၏ အမတ်တို့သည် ရဟန်းနှင့် လူတို့အားအထူးထူး အပြားပြားသော ချီးမြှောက်ခြင်းတို့ဖြင့် ချီးမြှောက်လျက်ရှိကြ၏။ သူတို့သည် ဂိုဏ်းအားလုံးတို့၌လည်း ဆောင်ရွက်လျက် ရှိကြ၏။ သံဃာတို့အတွက်လည်း ငါဆောင်ရွက်စေ၏။ ထို့အတူ ဗြာဟ္မဏ, အာဇီဝက, နိဂဏ္ဌနှင့် အယူ

ဝါဒအမျိုးမျိုးရှိသော ဂိုဏ်းသားတို့ အတွက်လည်း သူတို့အား ငါဆောင်ရွက်စေ၏။ ထိုထို အမတ်ကြီးတို့သည် ထိုထို အမှုကိစ္စတို့၌ အားထုတ်လျက်ရှိကြ၏။ ထိုတွင် ငါသည် တရား အမတ်ကြီးကိုသာလျှင် အခြားသော ဂိုဏ်းဂဏအားလုံးတို့၌လည်း စီမံဆောင်ရွက်စေ၏။

ဒေဝါနံပိယပိယဒဿိမင်းသည်ဤသို့မိန့်ဆို၏။

ထိုအမတ်ကြီးတို့နှင့် အခြား များစွာသော ပဓာန အမတ်ကြီးတို့ကို ငါနှင့် မိဖုရားများ ပေးလှူရာတို့ကို စီမံလျက်ရှိကြ၏။ သူတို့သည် ဤပြည်နှင့်တကွ အရပ်မျက်နှာတို့၌ရင်း၊ ငါ၏ နန်းတွင်း၌ရင်း နည်းအမျိုးမျိုးတို့ဖြင့် အမှုကိစ္စ ဆောင်ရွက်ကြပြီးလျှင် ပေးလှူရမည့် အခါနှင့် နှစ်သက်စွာ ပူဇော်ဖွယ်အရပ်ဒေသကို ညွှန်ပြကြ၏။ ထို့ပြင် သူတို့ကို တရား၏ တိုးတက်ကြီးပွားကြောင်းတို့ကို သုတ်သင်ပြီး တရားအတိုင်း ကျင့်စေရန်ရင်း၊ ငါ၏သားများနှင့် အခြားသော မင်းသားတို့ ပေးလှူခြင်း တို့၌ရင်း စီမံ ခန့်ထား၏။

တရား၌ သက်ဝင်ခြင်း, တရားကို ကျင့်သုံးဆောက်တည်ခြင်းတို့ဟူသည်မှာ သနား ကြင်နာခြင်း, ပေးလှူခြင်း, မှန်ကန်ဖြောင့်မတ်ခြင်း, သန့်ရှင်းဖြူစင်ခြင်း, ယဉ်ကျေး သိမ်မွေ့ခြင်း

ကောင်းမြတ်ခြင်းတို့ လောက၌ တိုးတက် ပြန့်ပွားလာခြင်းပင် ဖြစ်၏။

ဒေဝါနံပိယပိယဒဿီမင်းသည် ဤသို့မိန့်ဆို၏။

ငါ ကုသိုလ်ကောင်းမှုပြုသည့်အတိုင်း လူတို့လည်း အစဉ်လိုက်၍ပြုကြ၏။ ဤသို့လျှင် အမိ, အဖ, ဆရာသမားတို့အား ကိုးကွယ် ဆည်းကပ်ခြင်း၊ အသက်ကြီးသူတို့အား ရိုသေ လေးစားခြင်း၊ ရဟန်း,ပုဏ္ဏား, ဆင်းရဲသား,ကိုးကွယ်ရာမဲ့သူ ကျေးကျွန်, သူခစားတို့အား ကောင်းစွာ မြူစု စောင့်ရှောက်ခြင်းတို့ တိုးပွား လာခဲ့၏။ ရှေ့သို့လည်း တိုးပွားဦးမည်။

ဒေဝါနံပိယပိယဒဿီမင်းသည်ဤသို့မိန့်ဆို၏။

လူတို့သည် ဤမျှ တရား၌ တိုးတက်ကြီးပွားလာသည်မှာ သီလနှင့် သမာဓိ တရား နှစ်ပါးကြောင့်ဖြစ်၏။ ထိုတွင် သီလကား လွယ်ကူပေါ့ပါး၏။ သမာဓိသာလျှင် လွန်မြတ်၏။ သီလမှာ ဤသတ္တဝါ-ဤသတ္တဝါတို့ကို မသတ်ရဟု ငါ တားမြစ်ထားသည်။ ထိုနှင့် အခြား များစွာသော သတ်မှတ်ချက်တို့သည် သီလတို့ပင်ဖြစ်၏။ သမာဓိတရားဖြင့်သာ သတ္တဝါတို့အား မညှဉ်းဆဲမနှိပ်စက်, သူ့အသက်ကိုမသတ်ဘဲ လူတို့သည် တရား၌ သာလွန် တိုးတက်ကြီးပွားခဲ့ကြ၏။

ထို့ကြောင့် ဤတရားစာကို ဤအတွက် ရေးစေခြင်းဖြစ်၏။ ငါ၏ သား,မြေး အဆက် ဆက်တို့သည် နေလ တည်သမျှ တည်မြဲကြစေ သတည်း။ လူတို့လိုက်နာကျင့်သုံး၍ ဤလောက ထိုလောက၏ အကျိုးကို ခံစားကြရစေကုန် သတည်း။ ငါသည် ဤတရားစာကို အဘိသိက် ခံ၍ ၂၇ နှစ်မြောက်၌ ရေးစေ၏။ ဒေဝါနံပိယ မင်းမှာကြားသည်မှာ ဤတရားစာကို ကျောက် တိုင်,ကျောက်ပြင်ရှိသော အရပ်တိုင်း၌ အစဉ် တည်မြဲစေရန် ရေးထိုးကြလော့။

ဤသည်တို့ကား သတ္တထမ္ဘလေခခေါ် ပဓာနကျောက် တိုင် ၇ တိုင်တို့ဖြစ်၏။ ယင်းကျောက်တိုင်တို့ကို နေရာပေါင်း ၆ ခုတွင် တွေ့ရ၏။ သို့သော်လည်း ဒေလီတောပရ၌ ထိုကျောက် စာတို့ အလုံးစုံရှိပြီး ယင်းကိုပင် ပြန်ဆို သောကြောင့် ပထမ ဒေလီတောပရ, ဒုတိယဒေလီတောပရ စသည်ဖြင့် မှတ်သားထား ခြင်းဖြစ်၏။

ဤပဓာန ကျောက်တိုင် ၇လုံးတို့ကိုတွေ့ရသော အရပ် တို့မှာ (၁) ဒေလီတောပရ။ (၂) ဒေလီမိရာတ။ (၃) အေလ္လ ဟာဗဒ်ကောသမ်။ (၄) လောရိယာ အရရာဇ။ (၅) လောရိယာ နန္ဒနဂရဟာနှင့်(၆) ရာမပုရဝါတို့ဖြစ်ကြ၏။

(၁) ဒေလီတောပရဟူသည်မှာတောပရအရပ်မှဒေလီသို့ ပြောင်းထားသော ကျောက်တိုင်တို့၏ အမည်ဖြစ်

၏။ တောပရ အရပ်သည် ဒေလီမြို့ မြောက်ဖက် အမ္ဗလဒိစတြိတ်၌ရှိ၏။

(၂) ဒေလီမိရာတ ဟူသည်မှာ မိရာတအရပ်မှ ဒေလီသို့ ပြောင်းထားသော ကျောက်တိုင်တို့၏ အမည် ဖြစ်၏။ မိရာတ အရပ်သည်လည်း ဒေလီမြို့အရှေ့ မြောက်ဖက်၌ရှိ၏။

(၃) အေလ္လဟာဗဒ်ကောသမ် ဟူသည်မှာ ကောသမ္ဗီမြို့မှ အေလ္လဟာဗဒ်သို့ ပြောင်းထားသော ကျောက်တိုင် တို့၏အမည်ဖြစ်၏။ကောသမ္ဗီသည် အေလ္လဟာဗဒ်မြို့ အနောက်ဖက်၌တည်ရှိ၏။

(၄) လောရိယာ အရရာဇဟူသည်မှာ မြောက်ဗိဟာနယ် စမ္ပာရန် ဒိစတြိတ် အရ ရာဇခေါ် ဟိန္ဒူဘုရားရှိခိုး ကျောင်းအနောက်ဖက်တမိုင်ခန့်အကွာ လောရိယာ ရွာ၌ရှိသော ကျောက်တိုင်တို့၏ အမည်ဖြစ်၏။

(၅) လောရိယာနန္ဒနဂရဟ ဟူသည်မှာလည်း လော ရိယာရွာ နန္ဒနဂရဟအမည်ရှိသော ခံတပ်အနီး၌ ရှိသော ကျောက်တိုင်တို့၏ အမည်ဖြစ်၏။

(၆) ရာမ ပုရဝါဟူသည်မှာမြောက်ဗိဟာနယ် စမ္ပာရန် ဒိစတြိတ်ရာမ ပုရဝါရွာ၌ရှိသော ကျောက်တိုင် တို့၏ အမည်ဖြစ်၏။

# ကျောက်တိုင်ငယ်ဖြလုံး

## ၁-လုမ္ဗိနီ

ဒေဝါနံပိယ ပိယဒသိမင်းသည် အဘိသိက်ခံပြီးနောက် အနှစ်၂၀မြောက်၌ သကျမုနိဗုဒ္ဓ ဖွားမြင်ရာ ဤအရပ်သို့ ကိုယ်တိုင်ရောက်လာပြီး ပူဇော်၏။ ဤအရပ်တွင်ဘုရားရှင်ဖွားမြင်သည်ဟု ကျောက်တံတိုင်း ကာရံပြီး ကျောက်တိုင်လည်း စိုက်ထူ၏။ လုမ္ဗိနီရွာ၌လည်း ရှစ်ဖို့- တဖို့အခွန် ကောက်ခံခြင်းမှ လွတ်ငြိမ်းခွင့်ပြု၏။

လုမ္ဗိနီကို ဟိန္ဒီဘာသာမှ ရုမ္မိန္ဒေဆိဟု ခေါ်၏။ယင်းသည် အိန္ဒိယနိုင်ငံ၏မြောက်ဖက် နီပေါနယ်ဘဂဝန်ပုရမြို့၏ မြောက်ဖက်၌ရှိ၏။

## ၂-နိဂလိဝ

ဒေဝါနံပိယ ပိယဒသီမင်းသည် အဘိသိက်ခံပြီးနောက် ၁၄ နှစ်မြောက်၌ ကောဏာဂုံဗုဒ္ဓ၏ ထူပါရုံကို ဒုတိယမြောက်မွန်းမံတည်စေ၏။ အဘိသိက် ခံပြီးနောက် အနှစ် ၂၀ မြောက် ၌ကား ကိုယ်တိုင်လာ၍ပူဇော်ပြီး ကျောက်တိုင်စိုက်ထူ၏။

နိဂလိဝသည် အိန္ဒိယနိုင်ငံ၏ မြောက်ဖက် နီပေါနယ် လုမ္ဗိနီ၏ မြောက်ဖက်၁၃မိုင်ခန့်အကွာ၌ရှိသော ကျေးရွာဖြစ်၏။

## ၃-သာရနာထ

ဒေဝါနံပိယ ပိယဒသီမင်းသည် မိန့်ဆို၏။ ပါဋလိပုတ်ပြည်နှင့်တကွ အခြားမြို့ရွာ အားလုံးတို့၌ မည်သူမျှ သံဃာကို ဂိုဏ်းမခွဲရ၊ ဘိက္ခုဖြစ်စေ, ဘိက္ခုနီဖြစ်စေ၊ သံဃာကိုဂိုဏ်းခွဲလျှင် ထိုသူအား

ပိတ်ဖြူဝတ်စေပြီး ရဟန်းတို့ သိမ်းကျောင်း မဟုတ်သောနေရာ၌ နေစေရမည်။ ဤသို့လျှင် ဤအကြောင်းကို ဘိက္ခုသံဃာနှင့် ဘိက္ခုနီ သံဃာအားလျှောက်ကြားရမည်။ဒေဝါနံပိယမင်း သည် ဤသို့ မိန့်ကြား၏။ ဤစာတစောင်သည် သင်တို့ထံ၌ရှိစေရမည်။ ဤစာကို အစဉ်သတိရ စေရန်ထားရမည်။ ဤအတူ စာတစောင်ကို ဥပါသကာတို့ထံ၌ ထားရမည်။ ထိုသူတို့သည် ဥပုသ်နေ့တိုင်း ဤအဆုံးအမစကားကို သိရန် သွားကြရမည်။ ဥပုသ်နေ့တိုင်းပင် အမတ်ကြီး တယောက်သည် ဥပုသ်စောင့်ရန်၊ ဤအဆုံးအမ ကိုယုံကြည်ကိုးစားကြစေရန်နှင့်ဆင့်ဆိုရန်သွားကြ လိမ့်မည်။ သင်တို့နှင့်သက်ဆိုင်ရာအရပ်ဒေသတိုင်း မှာပင် ဤအကြောင်းကိုအမိန့်အာဏာဖြင့်ဆောင် ရွက်ကြရမည်။ ဤအတူပြည်နယ်အားလုံး၌လည်း ဤအကြောင်းကို အမိန့်အာဏာဖြင့် ဆောင်ရွက် ကြရမည်။

သာရနာထသည် အိန္ဒိယနိုင်ငံမြောက်ပိုင်း ဗာရာဏသီမြို့ မြောက်ဖက်သုံးမိုင်ခွဲခန့်အကွာ မိဂဒါဝုန်ပင်ဖြစ်၏။

## ၄-ကောသမ္ဗီ

ဒေဝါနံပိယမင်းသည် မိန့်ဆို၏၊ ကောသမ္ဗီ၌ အမတ်ကြီးတို့အား ဤသို့မိန့်ကြား၏။ သံဃာ့ အဖွဲ့၌ သံဃာတို့ စီရင်သော ဆုံးဖြတ်ချက်ကို ဖေါက်ဖျက်သော ဘိက္ခု, ဘိက္ခုနီကိုရင်း၊ ထိုမှ တပါး သံဃာကို ကွဲပြားအောင် ပြုလုပ်သော ဘိက္ခု, ဘိက္ခုနီကိုရင်း၊ ပိတ်ဖြူ ဝတ်စေပြီး ရဟန်းတို့ သခ်မ်းကျောင်း မဟုတ်သောနေရာ၌ နေစေရမည်။

ကောသမ္ဗီသည် အေလ္လဟာဗဒ် စီရင်စုအတွင်းမှာ ရှိ၏။ ဤကျောက်စာသည် သာရနာထကျောက်စာနှင့် သဘောချင်း တူ၏။ ဤကျောက်စာတို့မှာ အပျက်အစီးများ၍ ရှေ့နောက်စကားဆက်ကို ကြည့်ပြီးဖြည့်စွက်ထားပါသည်။

# ၅-သာဉ္စိ

ဒေဝါနံပိယ ပိယဒဿိမင်းသည် ဤသို မိန့်ဆို၏။ ဘိက္ခုဖြစ်စေ, ဘိက္ခုနီဖြစ်စေ တစုံတယောက်သည် သံဃာကိုကွဲပြားအောင်ပြုလုပ်ပါလျှင် ထိုသူကိုပိတ်ဖြူဝတ်စေပြီး ရဟန်းတို့သင်္ခမ်းကျောင်းမဟုတ်သောနေရာ၌ နေစေရမည်။ အကြောင်းကား ငါသည်သံဃာလမ်းစဉ်အဓွန့်ရှည်စွာတည်စေရန် အလိုရှိသောကြောင့်ဖြစ်၏။

သာဉ္စိသည် အိန္ဒိယနိုင်ငံအလယ်ပိုင်း ဘိုပါလ်နယ်တွင်နှိ၏။ ရှေးအခါက ယင်းကို ဝေဒိသကမ္မိုဟုခေါ်၏။ ဥဇ္ဇေနီပြည်၏ အရှေ့မြောက်ထောင့်၌ တည်ရှိ၏။ ဤကျောက်စာမှာလည်း စကားလုံးအများအပြားပျက်စီးနေ၍ ရှေ့နောက်ဆက်စပ်ပြီး ဖြည့်စွက်ထားပါသည်။

## ၆-မိဖုရားကျောက်စာ

ဒေဝါနံပိယမင်း၏ စကားဖြင့် အမတ်ကြီးအားလုံးတို့ကို မိန့်ကြား၏။ ငါ၏ဒုတိယမြောက်မိဖုရားလှူသော သရက်ဥယျာဉ်ဖြစ်စေ၊ ပန်းဥယျာဉ်ဖြစ်စေ၊ အလှူဇရပ်ဖြစ်စေ၊ အခြားမည်သည့် အလှူဖြစ်စေ မိဖုရား၏ အလှူဟု သတ်မှတ်ရမည်။ ဤအလုံးစုံကိုတီဝရမင်းသား၏ မယ်တော် ဒုတိယမြောက်မိဖုရား ကာရုဝါကီ၏ ကုသိုလ်ကောင်းမှုဟု သိစေကြရမည်။

ဤမိဖုရား ကျောက်စာကို အေလ္လဟာဗဒ်မြို့ ခံတပ်ရှိ ကျောက်စာတိုင်တွင်ရေးထိုးထား၏။ ဤကျောက်တိုင်စာငယ်နှင့် ကောသမ္ဗီကျောက်တိုင်စာငယ်နှစ်ခုတို့သည်အေလ္လဟာဗဒ်ကောသမ် ကျောက်တိုင်ကြီးမှာပင် ရေးထိုးထား၏။ သို့ကြောင့် သီးခြားကျောက်တိုင်ငယ်မှာ ၄လုံးသာရှိ၏။

## ကျောက်ဂူ ၆-ခု

### ၁-နိဂြောဓဂူ

ပိယဒသီမင်းသည် အဘိသိက်ခံပြီးနောက် ၁၂ နှစ်မြောက်၌ ဤနိဂြောဓ ဂူကို အာဇီဝက တက္ကတွန်းတို့အား ပေးလှူ၏။

### ၂-ခလတိကဂူ

ပိယဒသီမင်းသည် အဘိသိက်ခံပြီးနောက် ၁၂ နှစ်မြောက်၌ ဤ ခလတိကတောင်၌ ရှိသော ဂူကို အာဇီဝက တက္ကတွန်းတို့အား ပေးလှူ၏။

## ၃-သုပိယဂူ

ပိယဒဿီမင်းသည် အဘိသိက်ခံပြီးနောက် ၁၉ နှစ် မြောက်၌ မိုးရွာသောအခါ မိုးခိုရန် အတွက် ခလတိကတောင်၌ ရှိသော သုပိယဂူကို အာဇီဝက တက္ကတွန်းတို့အား ပေးလှူ၏။

## ၄-ဝဟိယကဂူ

ဒေဝါနံ ပိယအမည်ရှိသော ဒသရထမင်းသည် အဘိသိက်ခံပြီးနောက် ဝဟိယတ အမည်ရှိသောဂူကို အရှင်အာဇီဝက တက္ကတွန်းတို့အား နေလတည်သရွေ့ သိတင်းသုံးရန် ပေးလှူ၏

## ၅-ဂေါပိကဂူ

ဒေဝါနံပိယအမည်ရှိသော ဒသရထမင်းသည် အဘိသိက်ခံပြီးနောက် ဂေါပိကဂူကို အရှင်အာဇီဝကတက္ကတွန်းတို့အား နေ လ တည်သရွေ့ သိတင်းသုံးရန် ပေးလှူ၏။

## ၆-ဝဍထိက

ဒေဝါနံပိယ အမည်ရှိသော, ဒသရထ မင်းသည် အဘိသိက်ခံပြီးနောက်ဝဍထိက အမည်ရှိသော ဂူကို အရှင်အာဇီဝက တက္ကဘွန်းတို့အား နေ လ တည်သရွေ့ သီတင်းသုံးရန် ပေးလှူ၏။

ဤကျောက်ဂူစာ ၆ ခုတွင် အသောကမင်းကြီး ရေးထိုးသော ကျောက်စာမှာ သုံးခုဖြစ်၍ နောက်သုံးခုမှာ အသောကမင်းကြီး၏ အဆက်အနွယ်ဖြစ်သော ဒသရထမင်း ရေးထိုးသောစာများဖြစ်၏။ ဒသရထမင်းသည် အသောကမင်းကြီး၏အဆက်အနွယ်ဖြစ်ခြင်း, အာဇီဝက တက္ကတွန်းတို့အား လိုဏ်ဂူပေးလှူမှု တူညီခြင်း, အားလုံးသောဂူတို့သည် ခလတိကတောင်၌ တည်ရှိခြင်း, ဤအချက်သုံးချက်ကြောင့် တပေါင်းတည်း ပူးတွဲဖော်ပြလိုက်ခြင်းဖြစ်၏။ ခလတိက တောင်သည် တောင်ဗိဟာနယ် ဂယာမြို့၏ မြောက်ဖက် ၁၅ မိုင်ခန့် ကွာသော နေရာ၌ ရှိ၏။ ယင်းတောင်ကို ယခုအခါ ဗရဗရတောင်ဟု ခေါ်ကြ၏။

# သီလာလေခ ဆောင်ပုဒ်

သူကောင်းလေ....

ကုန်းဘောင်ရွှေပြည်၊ ထောင်ဦးတည်သား
ဇာနည်ဥက္ကင့်၊ ဘေးလောင်းနတ်မှ
မပြတ်စဉ်ရုံး၊ ပွားမြုံး—ပွားမြုံး
မုတ္တာကုံးသို့၊ မင်းဆုံးနှင်နှင်
ဆဒ္ဒန်ရှင်တွင်၊ သိုက်ဝင်ဒသမ
ကွာပိန္ဒကား၊ စကြွတန္နုန်း
သက္ကဘုန်းဖြင့်၊ ကုန်း-အင်း-ကိုင်း-အ-မ
ငါးဌာနတွင်၊ မ,အက္ခရာ
မန္တလာကို၊ ပထမာဒိက
လက်မွန်စ၍၊ ရာဇနဂရေ

မင်းနေပြည်ကြီး၊ ဖန်ဆင်းပြီးသော်
စောယီးမြတ်စွာ၊ နှ-လေးဖြာဖြင့်
မှာတော်မူခဲ့၊ ပုန်းရှာပဲ့ကို
မြို့မြို့ထင်မြင်၊ ပျူဆင်ခြင်၍
သင်သရာဝင့်၊ လွှတ်ပစေသော
ကျွတ်စေသြဟု၊ မနောပဏီဓိ
ရည်သန်ရှိလျှက်၊ ပကတိငွေရောင်
သလင်းတောင်မှ၊ ယူဆောင်ကျောက်ချပ်
တမော့အပ်၍၊ ပွတ်သပ်ပြီးကာ
သာသနာမူ၊ ဃာနာဝရ
ဂေါဝ့ပုံရေး၊ ဒွေးဒွေးဒွေက
သရဒသဘင်၊ ဦးရက်တွင်၌
ရေးတင်ဆစ်ထု၊ လက်သားစုကို
သုမင်္ဂလာ၊ ဇာဂရာနှင့်
နရိန္ဒာဘိဓဇ၊ အတုလဝိပ်
တံဆိပ်ထစ်မှတ်၊ ပိဋကပ်ကို
ပက်ပက်ရစ်လို့မွ၊ ဇက်နှယ်အိမ့်သား
နှစ်သိမ့်လောက်စွာ၊ ထေရ်သုံးဖြာလျှင်

သေချာဖြတ်တည်း၊ ပြင်ဆင်လည်းသည်
ဝိနည်းဘိဓမ္မာ၊ သုတ္တန္တာဟု
ရာတဆဲ့တစ်၊ နှစ်ရာ့ရှစ်နှင့်
ဇောအက်သုည၊ ပေါင်းလကမ္ဘ
ခုနှစ်ရာ့နှစ်ဆယ်၊ ကိုးသွယ်ချုပ်မှန်
ဓမ္မခန်ရှစ်သောင်း၊ လေးထောင်ပေါင်းကား
ရှင်ကောင်းသာသနာ၊ နှစ်ထောင်သာလျှက်
လေးရာဆဲ့နှစ်၊ သက္ကရာဇ်မူ
တစ်နှစ်သုံးနောက်၊ သုညပေါက်၍
လရောက်ကဆုန်၊ ပုဏ္ဏာဖိတ်နေ့
ပြီးစုံစေ့ရှင့်၊ ချမ်းမြေ့နှစ်သက်
အထက်လေးဖြာ၊ သင်ယနာတွင်
သောလာရှင့်၊ ပဥ္စမသင်္ဂါယနာ
တင်ပြန်လှာသည်၊ ရတနာပုံနန်းတွင်တည့်လေး....
မေတ္တာသက်ဝေ သူကောင်းတို့။

ဆီးဘန်ဒီ ဆရာတော်

# နိဂုံး

ကိုယ်ဘို့ပြည့်စုံ၊ ကျင့်ဝတ်ကုံလျှက်
ရကြုံနေ့ရေ၊ ရောက်ဝေခလို
မညှိုဇကြာ၊ ရတနာဟု
သဒ္ဒါမြှောင့်ကြည်၊ ပုသိဆောက်ကည်၍
သုံးသည်သီတင်း၊ ပြုစင်းလျှင်းဖြင့်
ကိုယ်တွင်းကိုယ်ပ၊ စောင့်နိုင်မှတည့်
လုံ့လရှည်ကြိုး၊ ဘုန်းသစ်နှိုး၍
စိုးမိုးဇကြာ၊ ပိုင်သရာသား....။

ပါရမီတော်ခန်း

# နိဂုံး

မဟာသုဒဿနသုတ် စသည်တို့တွင် စကြာမင်း၏ စကြာရတနာဆိုက်ရောက်ကြောင်း ကျင့်ဝတ်သုံးပါးကို ဖော်ပြထား၏။ ယင်းတို့မှာ (၁) ဒါန (၂) ဒမနှင့် (၃) သံယမတို့ ဖြစ်၏။ စကြာမင်းသည် ဤကျင့်ဝတ်သုံးပါးနှင့် ပြည့်စုံရ၏။ သို့မှစကြာရတနာရ၍ စကြာမင်းဖြစ်မည်။ စကြာမင်းဆိုသည်မှာ ကေရာဇ်ပင်ဖြစ်၏။ သို့သော်လည်း ကေရာဇ်တိုင်း စကြာမင်းမဖြစ်နိုင်ပါ။ အဆိုပါကျင့်ဝတ်သုံးပါးနှင့် ပြည့်စုံသော ကေရာဇ်မှ စကြာမင်းဖြစ်၏။

(၁) ဒါန-ဟူသည်မှာ ပေးလှူခြင်း ဖြစ်၏။ ယင်းဒါနသည်လည်း ပစ္စည်းဥစ္စာကို ပေးလှူခြင်း ဓနဒါနနှင့် တရားကို ပေးလှူခြင်း ဓမ္မဒါနဟု နှစ်မျိုးရှိ၏။ အသောကသည် ဓနဒါနနှင့် ပတ်သက်၍ လွန်စွာပင် ထင်ရှားလှပါသည်။ ဘုရားသခင်လက်ထက်ကပင် သူကဲ့သို့ ပေးလှူခဲ့သူ တစုံတယောက်မျှ မရှိခဲ့ဘူးပါဟု တတိယ သံဂါယနာတင်အရှင်တို့ မိန့်ကြားကြပါသည်။ အသောက ကိုယ်တိုင်လည်း အမှတ် ၂ ကျောက်တိုင်တွင် အလှူအမျိုးမျိုး အများအပြား ပေးလှူခဲ့ကြောင်း ရေးထိုးထား၏။ သို့သော်လည်း ယင်းတို့မှာ အနှစ်သာရနှင့် တိုးတက်ကြီးပွါးခြင်းဟု မယူဆကြောင်း ၉ နှင့် ၁၂ အမှတ်ကျောက်ပြားတို့မှာ ဖော်ပြလျက်ရှိ၏။

အသောကလိုလားနှစ်သက်သော ဒါနမှာ ဓမ္မ

ဒါနဖြစ်၏။ သူ၏ တရားအလှူမှာ ပိဋကတ်စာအုပ်တို့ သာ လှူဒါန်းခြင်း မဟုတ်ပါ၊ ကျေးကျွန် သူခစားတို့အား ကောင်းစွာ ကြည့်ရှုခြင်း, အမိ အဖတို့အား ကောင်းစွာ ဆည်းကပ် ကိုးကွယ်ခြင်း စသည်နှင့် သတ္တဝါတို့အား မသတ်ဖြတ်–မညှဉ်းဆဲခြင်းတို့ ဖြစ်ကြောင်း ၁၁ အမှတ် ကျောက်ပြား၌ ဖွင့်ဆိုထား၏။ သူ၏မွေအဖွင့်မှာလည်း ဆန်းသစ်၍ နှစ်သက်ဖွယ်ကောင်းလှပါသည်။ အမှတ် ၂ ကျောက်တိုင်မှာ ဖွင့်ဆိုထားပါသည်။ သို့ဖြင့်အသောက သည် ဒါနနှစ်မျိုးလုံးနှင့် ပြည့်စုံထွန်းတောက်နေသော ကေရာဇ်ဘုရင်ဖြစ်ကြောင်း သိနိုင်ပါသည်။

( ၂ ) ဒမ–ဟူသည်မှာ ဆုံးမခြင်းဖြစ်၏။ မိမိဣန္ဒြေတို့ကို ဆုံးမ ခြင်းပင်တည်း ယင်းဒမသည်စကြာမင်း၏ ဒုတိယမြောက် ကျင့်ဝတ်ဖြစ်၏။ ဣန္ဒြေတို့မှာ မျက်စိ, နား, နှာခေါင်း, လျှာ, ကိုယ်နှင့် စိတ်ဖြစ်၏။ ယင်းတို့ထင်ရာစိုင်း မဖြစ် စေရန် သွန်သင်ဆုံးမထားခြင်းကို မြန်မာတို့က ဣန္ဒြေ ရသည်ဟု ဆိုကြ၏။ လျှပ်ပေါ် လော်လီမှု မဖြစ်စေခြင်း ပင်တည်း။ မိမိကိုယ်တိုင် သတ္တဝါတို့၏ အသားကို စား ခြင်းမှ ရှောင်ကြဉ်ခြင်းနှင့် တောကစားထွက်ခြင်းအစား တရားခရီးထွက်ခြင်းတို့သည် အသောက၏ ဒမသရုပ်တို့ ပင် ဖြစ်၏။ (အမှတ် ၁ နှင့် ၈ ကျောက်ပြား)

အသောကသည် အမှတ် ၄ ကျောက်ပြား၌ သွန်သင် ဆုံးမမည့်သူကိုယ်တိုင်က တရားမွေ, အကျင့်သီလ၌ တည်လျက် တရားသို့ အစဉ်လိုက်ပြီး သွန်သင်ဆုံးမရမည်ဟု ဆို၏။ စင်စစ်မှာ

ကိုယ်တိုင်က ဆုံးမကျင့်နိုင်ထား၍ ကြိုးနှံနေပြီးမှ သူဘပါးတို့အား ဆုံးမထိုက်သင်ရန်သင့်၏။ သို့ကြောင့် "သတ္တဝါတို့ကို မသတ်ဖြတ် မညှဉ်းဆဲခြင်း၊ ဆွေမျိုးဉာတကာ, ရဟန်း ပုဏ္ဏားတို့အား ရိုသေ ကိုင်းညွှတ်ခြင်း၊ အမိအဖ စကားကို နာယူခြင်း ပညာရှိတို့အား မှီဝဲဆည်းကပ်ခြင်းတို့သည် ရှေးနှစ်ပေါင်းများစွာက မဖြစ်ခဲ့ဘူး၊ ယနေ့ဒေဝါနံပိယ ပိယဒသီမင်း၏ တရား အဆုံး အမ ကြောင့် တိုးပွါးနေ၏" (၄ - အမှတ်ကျောက်ပြား)

( ၃ ) သံယမ-ဟူသည်မှာ စောင့်စည်းခြင်းဖြစ်၏။ ကိုယ်နှုတ် စောင့်စည်းခြင်း ပင်တည်း. ယင်းသည် စကြာမင်း၏ ဒုတိယမြောက် ကျင့်ဝတ်ဖြစ်၏။ ငါးပါး, ရှစ်ပါး, ဆယ်ပါး သီလ တို့ကို ဆောက်တည် ကျင့်သုံး ခြင်းတို့ သည်လည်း သံယမ ပင်တည်း။ အမှတ် ၄ ကျောက် ပြားတွင် "သီလမရှိသူအား အဘယ်မှာ တရားအကျင့် ရှိမည်နည်း"ဟု ဆို၏။ အနုစ်သာရ တိုးပွါးခြင်း အမျိုး မျိုးရှိရာ နှုတ်စောင့်ခြင်းသည် အနုစ်သာရ တိုးပွါးခြင်း ၏ မူလဖြစ်၏ဟု အမှတ် ၁၂ ကျောက်ပြား၌ ဖေါ်ပြ ချက်မှာ မှတ်သားဖွယ် ကောင်းလှပါသည်။ လူတို့သည် လွန်စွာပင် နှုတ်စောင့်နိုင်ခဲ့ကြ၏။

"လူတို့သည် ဤမျှ တရား၌ တိုးတက် ကြီးပွါး လာသည်မှာ သီလနှင့် သမာဓိ တရားနှစ်ပါးတို့ကြောင့် ဖြစ်၏။ ထိုတွင် သီလကား လွယ်ကူပေါ့ပါး၏။ သမာဓိ သာလျှင် လွန်မြတ်၏။ သီလမှာ ဤသတ္တဝါ ဤသတ္တဝါ တို့ကို မသတ်ရဟု ငါအားမြစ်ထားသည်တို့နှင့် အခြား

များစွာသော သတ်မှတ်ချက်တို့သည် သီလပင်ဖြစ်၏။ သမာဓိတရားဖြင့်သာ သတ္တဝါတို့အား မညှဉ်းဆဲ မနှိပ်စက်, သူ့အသက်ကို မသတ်ဘဲ လူတို့သည် တရား၌ သာလွန်တိုးတက်ကြီးပွါး ခဲ့ကြ၏။ (၇-အမှတ် ကျောက်တိုင်)

ဤကား စကြာမင်း ကျင့်ဝတ်သုံးပါးကို အသောက၏ ကျောက်စာတို့ဖြင့် အချုပ်အားဖြင့် သိသာရုံမျှ ဖွင့်ပြခြင်းဖြစ်ပါသည်။ စင်စစ် အသောက၏ ပဓာနကျောက်ပြားနှင့် ကျောက်တိုင်မှ ဩဝါဒတို့သည် စကြာမင်းကျင့်ဝတ်သုံးပါး၏ လေးစားမြတ်နိုးဖွယ်ကောင်းသော အဓိပ္ပါယ်ဖွင့်ဆိုချက်တို့ပင် ဖြစ်၏။ ပါဠိစာပေတို့တွင် ဖော်ပြသော စကြာမင်းစာရင်းဘွင် အသောက မပါဝင်ပါ၊ သို့သော်လည်း သူ၏ ပြုမူ ဆောင်ရွက်ချက်တို့မှာ စကြာမင်းကျင့်ဝတ်နှင့် ညီညွတ်ခြင်းတို့ကို ကျောက်စာများဖြင့် ထင်ရှားလှပါသည်။ သို့ကြောင့်လည်း ကမ္ဘာကြေညည်း မကျေ ဥဒါန်း အစဉ်ထွန်းလင်းတောက်ပနေခြင်းဖြစ်၏။

ဤသို့လျှင် သံဂီတိ, ဓမ္မ ဒူတ, သိလာလေခတည်းဟူသော ရတနာသုံးရပ် တို့ဖြင့် တန်ဆာဆင်အပ်သော သိရိဓမ္မာသောကမင်းတရားကြီး၏ဓမ္မနိုင်ငံတော် တည်ထောင် ပြီးမြောက် အပြီးသို့ရောက်ပါသတည်း၊

ဦးသော်ဇင်

၁၃၃၇ ခု၊ နယုန်လဆုပ် ၄ရက်

၂၈-၆-၇၅



သီရိဓမ္မာသောကမင်းတရားကြီး ၏

ကိုးတိုင်းကိုးဌါန

# ဗုဒ္ဓဓမ္မဒီ



294.3,2-7
A1MMGB009259


ဦးဝေသဇင်
အိန္ဒိယမှာဒေသကာမင်းတရားကြီး၏ကိုးတိုင်ကိုးဌာန
ဗုဒ္ဓရမ္မနိုင်ငံတော်